www.burmeseclassic.com

# ပန်းကျောင်း

တတိယအကြိမ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

သီရိခွေစာအုပ် ၃

# ပန်းကျောင်း

## မင်းလူ

[ တန်ဖိုး - ၄၀၀ ကျပ် ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုအမှတ်

၄၀၃/၂၀၀၂ (၄)

မျက်နှာဖုံးခွင့်ပြုအမှတ်

၅၀၃/၂၀၀၂ (၆)

ပုံနှိပ်ခြင်း

တတိယအကြိမ်

ထုတ်ဝေကာလ

ဩဂုတ်လ၊ ၂၀၀၂ ခုနှစ်

အုပ်ရေ

၁၀၀၀

အဖုံးပန်းချီ

ကိုကိုနိုင်

စာအုပ်ချုပ်

ကိုမြင့်

အတွင်းဖလင်

**Quality**

မျက်နှာဖုံးပုံနှိပ်

ဦးမြသိန်း (၀၁၄၂၇) သိန်းမြင့်ဝင်း ပုံနှိပ်တိုက်
အမှတ် - ၉၆၊ ၁၁လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဦးမြင့်ဦး (၀၁၅၈၃) သိန်းသန်းဦးပုံနှိပ်တိုက်
အမှတ် (၁၂၀)၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးခင်မောင်သန်း (၀၀၄၅၄) သန်းစာပေ၊
အမှတ်-၆၃/ခ၊ ၁-လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးမှတ်တမ်း

ပန်းကျောင်း (တတိယအကြိမ်) စာအုပ်ထုတ်ဝေနိုင်ရန်အတွက် အဖက်ဖက်မှ ကူညီခဲ့ကြသူများအားလုံးနှင့် ... အထူးသဖြင့် အားပေးတိုက်တွန်းသော ကိုဖိုးဇော် (မိလျှံနှာစာပေ) တို့၏ ကျေးဇူးတရားတို့ကို မမေ့မလျော့ မှတ်တမ်းပြုပါသည်။

သိမ်းမွေ့စာအုပ်တိုက်
ကိုသန်းထိုက် (ဖိုးဝင်း)

# ပန်းအကြောင်း ပန်းကျောင်း

(က)

ကျွန်တော့်မေမေသည် ထမင်းမာမာ စားရသောအခါတွင် 'ထမင်းမာမာစားရတော့ ကောင်းတာပေါ့၊ အဆာခံတာပေါ့' ဟု ပြောတတ်ပါသည်။

ထမင်းပျော့ပျော့ စားရသောအခါတွင် 'ထမင်းပျော့ပျော့စားရတာ ကောင်းတာပေါ့၊ အစာကျေလွယ်တာပေါ့' ဟု ပြောတတ်ပါသည်။

မေမေသည် ကျွန်တော့ဝတ္ထုကို ဖတ်ပြီးသောအခါ 'ကောင်းပါတယ်' ဟု ပြောလေသည်။

(ခ)

ကျွန်တော် အသက်ခြောက်နှစ်သားခန့်တွင် ဝတ္ထု စရေးပါသည်။ ဝတ္ထုဟုခေါ်လို့ ရသည် မရသည် မသိပါ။

'ကျွန်တော် ဝတ္ထုရေးထားတယ်၊ ဖတ်ကြည့်ပါ'ဟူ၍ ကျွန်တော့်ဖာသာ ဝတ္ထုအမည်တပ်ထားသော 'စာ'များဖြစ်ပါသည်။ ဗလာစာရွက်နှင့် မျက်နှာ၀က်ခန့် ရှိတတ်ပါသည်။ ကျွန်တော် 'စာ' များထဲမှ ဇာတ်ကောင်များသည် လူကြီးများဖြစ်ကြသည်။ သို့ရာတွင် သူတို့၏ စရိုက်များသည် ကလေးစရိုက်များ ဖြစ်နေကြသည်။ ခြောက်နှစ်သား၏ အတွေးမျိုးတွေး ကြသည်။

www.burmeseclassic.com



ဥပမာ– လင်မယားနှစ်ယောက် ခေါင်းအုံးလုကြရာမှ ရန်ဖြစ်ကြသည်ဟူသော အတွေးမျိုးဖြစ်ပါသည်။

ဆရာမောင်ဖြူး(ဒေါက်တာဗွမ်လျှောင်) သည် ကျွန်တော်၏ 'စာ' များကို တွေ့သောအခါ ထို 'စာ' များကို သိမ်းထားသင့်ကြောင်း ကျွန်တော့်မေမေအား ပြောခဲ့ပါသည်။ မေမေသိမ်းထားသောကြောင့် ယခုရှိသော ကျွန်တော့် 'စာ' များထဲမှ တစ်ပုဒ်ကို ဖော်ပြလိုက်ပါသည်။

မေမေ့ကျောင်းမှ ဆရာဦးလုကြည်က "မဝေးပါရစေနဲ့ အချစ်ရယ်ဆိုတဲ့ ခေါင်းစဉ်နဲ့ ဝတ္ထုတစ်ပုဒ်ရေးစမ်းကွာ"ဟု ခိုင်းသောကြောင့် ရေးထားသောစာ ဖြစ်ပါသည်။ သတ်ပုံစသည်တို့ကို မပြင်ဘဲ မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

မဝေးဘရစေနဲ့ အချစ်ရယ်

ခင်ရေ မောင်ထမင်းစားချင်ဘီဟေ့၊ ဘာဟင်းရှိလဲဟေ့။ ကြက်သားဟင်း ချက်တယ်မောင်ရေ။ အေးစားမယ်၊ အော် . . မောင်လဲ မေ့နေတယ် ဖေဖေဘယ်သွားလဲခင်ရေ။ ဖေဖေမြို့ထဲမှာ ကိစ္စရှိလို့ သွားတယ်မောင်ရေ။ အိတ်ကြစို့။ ဒါငေခါင်းအုံး ဒါမှနင့်ခေါင်းအုံး ပြောပြီးလျှင် ရန်ဖြစ်ကြလေ၏။ ထိုအခါ နံနက်(၄)နာရီအချိန်တွင် မခင်သန်းသည် ပြစ်စီးတွေ အကုံထုပ်ပြီး ထွက်မလိုပ်သောအခါ မောင်လှကြီးသည် မဝေးဘရစေနဲ့ အချစ်ရယ်ဟု ပြောပြီးလျှင် ပြော်ရွှင်စွာနေကြလေ၏။ ပြီးပါပြီ။

(ဂ)

ကျွန်တော် ရှစ်တန်းအောင်သောအခါ ဝတ္ထုတို နှစ်ပုဒ်သုံးပုဒ် ရေးပါသည်။

ကိုယ့်ဟာကိုယ် မကြိုက်ပါ။ ဘယ်သူ့ကိုမှလည်း မပြပါ။

၁၉၇၂ခုနှစ် ကျွန်တော် ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်သောအခါတွင် ဝတ္ထုတိုပေါင်းများစွာကို ရေးပါသည်။

ရေးရင်းမကြိုက်သောကြောင့် ဆက်မရေးသည်လည်း ရှိပါသည်။



ရေးပြီးမှ မကြိုက်သည်လည်းရှိပါသည်။ ရေးပြီး ကိုယ့်ဟာကိုယ် သိပ်ကြိုက်နေသော ဝတ္ထုတိုများလည်းရှိပါသည်။

ထိုဝတ္ထုတိုများကို ကလောင်အမည် အမျိုးမျိုးဖြင့် မဂ္ဂဇင်းတိုက်များသို့ ပို့ပါသည်။

တစ်ခုမျှ မပါခဲ့ပါ။ ယခုနှစ်ပိုင်းအတွင်းတွင်မှ ကျွန်တော်၏ ဝတ္ထုတို ဘစ်ပုဒ်စ နှစ်ပုဒ်စသည် မဂ္ဂဇင်းအချို့တွင် ပါလာခဲ့ပါသည်။

(ဃ)

'ပန်းကျောင်း' ဝတ္ထုသည် ကျွန်တော်ဆယ်တန်းအောင်ပြီးခါစကပင် ရေးချင်နေသော ဝတ္ထုဖြစ်ပါသည်။ စိတ်ကူးထဲတွင်လည်း ခဏခဏ ရေးပါသည်။

ဇာတ်သိမ်းခန်းသည်လည်း ခဏခဏ ပြောင်းသွားတတ်ပါသည်။

အမှန်အားဖြင့် 'ပန်းကျောင်း'သည် ကျွန်တော်ဆယ်တန်းတုန်းက ပေါင်းခဲ့ရသော သူငယ်ချင်းများအကြောင်း ဖြစ်ပါသည်။

'ပန်းကျောင်း' ဆိုသော အမည်သည် ကျွန်တော်ပေးသော အမည် မဟုတ်ပါ။ ရာဘင်ဒြာနသ်တဂိုးရေး၍ မောင်ဖြူး မြန်မာပြန်သော 'စန္ဒသော်တာ ကဗျာများ' ထဲမှ ကဗျာတစ်ပုဒ်၏ အမည်ဖြစ်ပါသည်။

လူငယ်ဆိုသည်မှာ ဖျတ်လတ်သော အစိတ်အပိုင်းဖြစ်ပါသည်။ လူငယ်တစ်ဦးမျှသာဖြစ်သော ကျွန်တော်သည် ဤဝတ္ထုထဲတွင် ကျွန်တော်၏ မကျေနပ်ချက်များကို စိတ်လိုက်မာန်ပါ ဖွင့်အန်ရေးသားထားမိပါလိမ့်မည်။ 'ဒေါသ' သင့်စရာ ဖြစ်ခဲ့သော် ခွင့်လွှတ်တော်မူကြပါ။

မည်သို့ပင်ဖြစ်ပါစေ၊ ကျွန်တော် ဤဝတ္ထုကို ရေးသားရခြင်း၏ ရည်ရွယ်ချက်မှာ တစ်ခုတည်းသာ ရှိပါသည်။

'ကျောင်းနေဘက် သူငယ်ချင်းတွေကို သတိရသောကြောင့် ဤဝတ္ထုကို ရေးပါသည်။'



www.burmeseclassic.com

www.burmeseclassic.com



(င)

'ပန်းကျောင်း'ကို ပုံနှိပ်ထုတ်ဝေဖြစ်သောအခါ ကျွန်တော်ကိုယ် ကျွန်တော် အားရကျေနပ်မိပါသည်။ သို့ရာတွင် . . .

စာရေးဆရာကြီးရွှေစကြာ အိမ်သို့ ကျွန်တော်ရောက်သွားပါသည်။ ဆရာကြီးသည် ထုံးစံအတိုင်း ရှင်းရှင်းဘွင်းဘွင်းပင် ပြောပါသည်။

"နောက်ပေါက်စာရေးဆရာတွေထဲမှာတော့ မင်းအဖေကို ငါအကြိုက်ဆုံးပဲကွ"

ကျွန်တော်လန့်သွားပါသည်။

ကျွန်တော်၏စာပေအဆင့်အတန်းကိုလည်း သေချာစွာနားလည် လိုက်ရပါသည်။ အကြောင်းမှာ ဆရာကြီး ရွှေစကြာက 'နောက်ပေါက် စာရေးဆရာ'ဟု ဆိုလိုက်သော ကျွန်တော့်အဖေသည် အသက်ခြောက် ဆယ်နီးပါးရှိနေပြီဖြစ်သော စာရေးဆရာကြီးဖြစ်နေသောကြောင့်ပါ။

ရိုသေလေးစားစွာ

မင်းလူ

BURMESE CLASSIC .com

## ပန်းကျောင်း

တိမ်မှန်တိုင်းသည် ကောင်းကင်ဝယ် မြိမ်းမြိမ်းမြည်ဟည်းကာ နယုန် မိုးပြေးလာသောအခါ အရှေ့လေစိုသည် လဟာပြင်ပေါ်၌ လမ်းလျှောက် ကာ ဝါးရုံအကြား၌ ပလွေမှုတ်ရန်လာသည်။

ထိုအခါ ပန်းတို့သည် ဘယ်သူမှ ဘယ်အရပ်ကလာသည် မသိ။ အစုလိုက် အစုလိုက် ရုတ်ခြည်းထွက်လာ၍ မြက်ခင်းပေါ်တွင် အပျော် ကြီးပျော်စွာ က, ကြ၏။

မိခင် . . . ပန်းတို့သည် မြေအောက်၌ ကျောင်းတက်သည်ဟု ကျွန်တော် အမှန်ယုံပါသည်။

သူတို့သည် သင်ခန်းစာများကို တံခါးပိတ်လျက် သင်အံသည်။ အချိန်မစေ့မီ အပြင်ထွက်လိုသောသူကို သူတို့၏ဆရာက ထောင့်ကွေးမှာ မတ်တတ်ရပ်စေသည်။ မိုးလာသောအခါ သူတို့ကျောင်းပိတ်သည်။

တောမြိုင်တွင်းဝယ် သစ်ကိုင်းတို့သည် တစ်ကိုင်းနှင့်တစ်ကိုင်း ထိနိုက်၏။ သစ်ရွက်တို့သည် လေထဲ၌ တရှဲရှဲမြည်၏။ မိုးကြိုးတိမ်တို့ လည်း မိမိတို့၏ လက်ဘီလူးများဖြင့် လက်ခုပ်တီး၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းသူငယ်တို့လည်း ဝတ်သစ်လွှင် နီ၊ ဖြူ၊ ဝါဖြင့် ပြေးထွက်လာကြ၏။

မိခင်သိပါစေ။ သူတို့အိမ်ဟာ ကြယ်တွေနေတဲ့ ကောင်းကင်မှာ။ သူတို့သည် ဟိုကို ရောက်ချင်လှသည်ကို မေမေ မမြင်ဘူးလား။ သူတို့ ဘာကြောင့် ဒါလောက် အလျင်စလိုရှိသည်ကို မေမေသိပါစေ။ သူတို့မည်သူ့ထံ လက်လှမ်းနေသည်ကို ကျွန်တော်ရိပ်မိပါသည်။ သူတို့မှာလည်း ကျွန်တော့်လိုပဲ အမေရှိတာပေါ့။

ရာဘင်ဒြာနယ်တကိုးရေး၍
မောင်ဖြူးမြန်မာပြန်သော
ဆံနံ့စသော်တာ ကဗျာများ' မှ

BURMESE CLASSIC .com

[၁] ၇

ကမ္ဘာမကြေ မြန်မာပြည်
ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ။
ကမ္ဘာမကြေ မြန်မာပြည်
ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ။
ပြည်ထောင်စုကို အသက်ပေးလို့ဒို့ကာကွယ်မလေ။
ဒါ ဒို့ပြည် ဒါဒို့မြေ ဒို့ပိုင်တဲ့မြေ
ဒို့ပြည် ဒို့မြေ
အကျိုးကို ညီညာစွာ ဒို့တစ်တွေ
ထမ်းဆောင်ပါစို့လေ
ဒို့တာဝန်ပေ . . . အဖိုးတန်မြေ . . .။

ကျောင်းဆင်းပြီးဖြစ်သည်။ ကျောင်း၏အလယ်လှေကားမကြီးမှ ကျောင်းသား၊ ကျောင်းသူများ တိုး[illegible]ဆင်းလာကြသည်။ ယောက်ျားကလေးနှင့် မိန်းကလေးများရောထွေးလျက်။ တစ်ယောက်နှင့်တစ်ယောက် တိုးမိတိုက်မိသည်လည်းရှိသည်။ ကျောင်းသားနှင့် ကျောင်းသူ အသားချင်းထိမိကြသည်လည်းရှိသည်။ သို့ရာတွင် သူတို့ရင်မခုန်အားကြ။ ကြက်သီးထဖို့လည်းရှိသည်။ သို့ရာတွင် သူတို့ရင်မခုန်အားကြ။ ကြက်သီးထဖို့လည်း

www.burmeseclassic.com

www.burmeseclassic.com



သတိမရကြ။ သူတို့ထမင်းဆာနေကြသည်ကိုသာ သိသည်။ အိမ်ကို မြန်မြန်ရောက်ဖို့သာ စိတ်စောနေကြသည်။ အချို့ကား ကျူရှင်ကိုအမီပြေးဖို့ကြိုးစားနေကြသည်။ မည်သို့ပင်ဖြစ်စေ၊ သူတို့အားလုံးအလျင်စလိုရှိနေကြသည်။ အချို့က ဘတ်စ်ကားမှတ်တိုင်သို့သွားသည်။ အချို့ ခြေလျင်ပြန်ကြမည်။ ကိုယ်ပိုင်ကားဖြင့်လာကြိုသူ လေးငါးဦးရှိသည်။

ကျော်စွာတို့အုပ်စုသည် ဆင်ဝင်အောက်သို့ ရောက်လာသည်။ လှဝင်းဦးသည် သူ့ရှေ့က ကျောင်းသားတစ်ယောက်၏လွယ်အိတ်ထဲသို့ ပြောင်းဖူးရိုးတစ်ခုကို အသာထည့်လိုက်သည်။ ရှေ့မှကျောင်းသားက မသိလိုက်သောကြောင့် လှဝင်းဦး သဘောကျသွားသည်။

ကျောင်းသူတစ်စု ဆူဆူညံညံထွက်လာသည်။ အတန်းထဲမှာ တစ်ချိန်လုံးစကားမပြောခဲ့ရသောကြောင့် ခုမှ အတိုးနှင့်ပြောရခြင်းဖြစ်သည်။ ကျောင်းသားသုံးယောက်သည် သချာပုစ္ဆာအဖြေအတွက် ငြင်းခုန်ရင်း လျှောက်သွားကြသည်။

စောစောအောင်နှင့် စုစုထွက်လာသည်။ အေးမြင့်သောင်း၊ ကျော်စွာနှင့်ချစ်ကိုဝင်းကို လက်ကုပ်၍ပြသည်။ သူတို့သည် စောစောအောင်ကို စိုက်ကြည့်နေကြသည်။ စောစောအောင်က ထီးကိုဖွင့်သည်။ ထီးကြားထဲမှ စက္ကူအပိုင်းအစကလေးများ ထွက်ကျလာသည်။ စောစောအောင်ရှက်သွားသည်။ ခြေလှမ်းသုတ်သုတ်လှမ်း၍ ထွက်သွားသည်။ ချစ်ကိုဝင်းသည် သူ့လုပ်ကြံမှု အောင်မြင်သွားသောကြောင့် ဝမ်းသာနေသည်။

တင်မြဝင့်သည် တစ်ထုမ်းချင်းလျှောက်လာသည်။ အနီရောင်ဖင်မလီယာ ကားကလေးဆီသို့ ညင်သာစွာသွားသည်။ ဒရိုင်ဘာသည် ကားတံခါးကို ဖွင့်ပေးသည်။ တင်မြဝင့်သည် ကားထဲသို့ဝင်ထိုင်လိုက်သည်။ ဒေါသဖြစ်မနေပါဘဲလျက် ကားတံခါးကို အသံမြည်ဟိန်းသွားအောင် တအားဆွဲပိတ်လိုက်သည်။ ကားကလေးသည် ငြိမ့်ကနဲထွက်သွားသည်။

ကား၏နောက်တွင် ဘယ်သူ ကြိုးဖြင့်လာချည်ထားမှန်း မသိရသော



နို့ဆီခွက်အစုတ် တစ်လုံးက ကလုံကလင် ကလုံကလင်မြည်လျက် မြေတွင်ခရွတ်တိုက်ပါသွားသည်။ ကျော်စွာတို့အုပ်စုလည်း ရယ်မောဟားတိုက်ရင်း ကျောင်းဝင်းထဲမှ ထွက်လာကြသည်။ ဇော်ခင်မော်က ကားဒရိုင်ဘာအလစ်တွင် နို့ဆီခွက်သွားချည်ရပုံကို အားပါးတရပြောလာသည်။

ကျော်စွာသည် အိမ်အဝင်ဝကတည်းက ဟင်းကို သဘောကျနေမိဖြစ်သည်။ ငပိဖုတ်နံ့သည် ပုစွန်ဆီနံ့သင်းနေသည်။ သူ့အမေသည် တစ္စန်းရွက် လယ်တောဟင်းနှင့် ငပိထောင်းကို ချက်ပြုတ်နေပြီဟု သူသိလိုက်သည်။ သူဆာနေပြီ။ အိမ်ရှေ့ကရေစည်ပိုင်းကို ငုံ့ကြည့်သည်။ ရေက ဖင်ကပ်လောက်သာကျန်တော့သည်။ လွယ်အိတ်ကို စားပွဲပေါ်ပစ်တင်ပြီး မီးဖိုချောင်ထဲဝင်ခဲ့သည်။

"မေမေ၊ ဘာကူညီရဦးမလဲ"

"မရှိတော့ပါဘူးသားရယ်၊ ကျက်လုပါပြီ"

"ဒါဖြင့်ရင် ကျွန်တော်ရေသွားခပ်လိုက်အုံးမယ်၊ စည်ပိုင်းထဲမှာရေမရှိတော့ဘူး"

"ညကျမှ အေးအေးဆေးဆေး ခပ်ပါလားကွယ်၊ ဟင်းက ..ကျက်တော့မှပဲ၊ သားသိပ်ဆာနေပြီ မဟုတ်လား"

"သိပ်မဆာသေးပါဘူး မေမေ"

"သားကလည်းကွယ် . . ကျောင်းမှာလည်း ပင်ပန်းလာတာ"

"ကျောင်းမှာ မပင်ပန်းပါဘူးမေမေရဲ့၊ အေးအေးဆေးဆေးထိုင်နေတာပဲ။ တစ်နေ့လုံးထိုင်နေရတော့ ညောင်းနေပြီ။ ရေခပ်လိုက်တော့ အညောင်းပြေသွားတာပေါ့။ ပြီးတော့ ထမင်းလဲပိုစားလို့မြိန်တာပေါ့"

ကျော်စွာသည် မေမေ့ပါးကို တစ်ချက်နမ်းသည်။ မေမေ့ပါးသည် မွှေးပါ။ မွှေးစော်နံ့ပါသည်။ သို့ရာတွင် ကျော်စွာ အဆာပြေသွားပါသည်။

ရေဘုံဘိုင်တွင် လူစည်ကားနေလိမ့်မည်။ ရေဘုံဘိုင်ဆိုသည်မှာ လူစည်ကားအပ်သောအရာ ဟုတ်သလား၊ မဟုတ်သလားတော့ ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



မသိပါ။ ရေဘုံဘိုင်ရောက်လျှင် သတင်းစုံ၊ အတင်းစုံကြားရမည်ကိုတော့ သိပါသည်။ သူတို့ရပ်ကွက်ထဲက လူများသည် သူများကောင်းကြောင်း၊ မကောင်းကြောင်းကို ချဲ့ထွင်၍ပြောရန် အလွန်ဝါသနာကြီးကြသူများဖြစ်ကြပါသည်။ သို့ရာတွင်သူတစ်ပါးကိုတော့ တကယ်တမ်း မကောင်းကြံစည်တတ်သူများမဟုတ်ပါ။ သူတစ်ပါး၏ကောင်းရာကောင်းကြောင်းကိုတော့ ဆောင်ရွက်လိုကြပါသလားလည်း မသိရပါ။ အကြောင်းမှာ သူတို့ကိုယ်တိုင်ကပင် မိမိတို့ကြီးပွားရာကြီးပွားကြောင်းကို မလုပ်နိုင်ကြသူများဖြစ်ကြသောကြောင့်ဖြစ်ပါသည်။

ကျော်စွာထင်ထားသည့်အတိုင်းပင်ဖြစ်ပါသည်။ ရေဘုံဘိုင်တွင် ရေပုံးတွေ တန်းစီနေပါသည်။ မိုးဦးနောက်ကျသောကြောင့် ရေအခက်အခဲရှိပါသည်။ ရေအခက်အခဲရှိနေခြင်းကြောင့်ပင် ဤရေဘုံဘိုင်တွင် လူစုမိကြသည်။ ရပ်ရေးရွာရေးကိစ္စများကို ဤနေရာတွင် ပြောဖြစ်ကြသည်။ အထူးစည်းဝေးနေစရာမလိုပါ။

များစွာသောအခါတို့တွင်မူ ရောက်တတ်ရာရာ စကားများ။

"မဖြစ်နိုင်တာတော်၊ ကလေးနဲ့လူကြီး လက်သီးထိုးတာ ကလေးက နိုင်ရတယ်လို့"

"မဟုတ်ဘူးဗျ၊ ကလေးဆိုတာ တကယ့်ကလေးကို ပြောတာမဟုတ်ဘူး"

"ကလေးဆိုပြီး ကလေးမဟုတ်ဘူးလား၊ ဟိုဖရေဇာဆိုတဲ့ကောင်ကကော"

"ဟာ၊ ဒေါ်အေးကြည်ကလည်း ကလေးဆိုဟာ လူနာမည်ဗျ ကပ်ဆီးယပ်ကလေးတဲ့။ မိုဟာမက်အလီလို့လည်းခေါ်တယ်။ အဲဒါ ဂျိုဖရေဇီယာနဲ့ထိုးတာ သူက နိုင်သွားတယ်လို့ပြောတာ။ နှစ်ယောက်စလုံး လူကြီးတွေချည်းပဲ"

လက်ဝှေ့ပွဲအကြောင်း နားစွန်နားဖျား ကြားရာမှ နားမလည်သော မိန်းမကြီးတစ်ယောက်နှင့် ရှင်းပြသော ယောကျ်ားကြီးတစ်ယောက်၏



စကားများ။

"အင်္ဂါဂြိုလ်မှာ သက်ရှိတွေ ရှိချင်ရှိနိုင်တယ်တဲ့"

"ဒါနဲ့အင်္ဂါဂြိုလ်မှာ ရေမရှိဘူးဆို၊ ရေမရှိဘဲနဲ့ ဘယ်လိုလုပ် အသက်ရှင်နိုင်မှာလဲ"

"ဟ . . ဒါတော့ မပြောနိုင်ဘူး၊ ရေမသောက်ဘဲ အသက်ရှင်နိုင်တဲ့ သတ္တဝါတွေ ရှိချင်ရှိနိုင်တာဘဲ"

"အေးဗျာ၊ အင်္ဂါဂြိုလ်မှာ လူတွေသာရှိရင်တော့ ဘယ်လိုပုံစံမျိုးဖြစ်မလဲ မသိဘူး"

"မျက်စိသုံးလုံးနဲ့၊ ခြေထောက်တွေအများကြီးနဲ့ ဖြစ်ချင်ဖြစ်နေမှာပါ"

"သိပ်ရယ်စရာကောင်းမှာပဲနော်"

"ဟော့၊ နေကြဦးကွ၊ အင်္ဂါဂြိုဟ်ကို အာကာသယာဉ်လွှတ်တယ်ဆိုတာ ဖြစ်နိုင်ပါမလား"

"ဖြစ်နိုင်တာပေါ့ ဘကြီးရ"

"သတင်းစာထဲမှာ တွေ့ရတဲ့ အင်္ဂါဂြိုဟ်မျက်နှာပုံက မင်္ဂလာဒုံနားက တောင်ကုန်းတွေလိုပါပဲကွာ။ သူတို့ဆီက တောင်ကုန်းတစ်ခုခုကို ဓါတ်ပုံရိုက်ပြီး ညာတာလား မသိဘူး"

"ဟာ . . . ဒီလောက် သိပ္ပံထွန်းကားနေတဲ့ခေတ်မှာ မဖြစ်နိုင်တာ မရှိပါဘူး။ ပြီးတော့ အမေရိကန်ဆိုတာ ထိပ်တန်းနိုင်ငံကြီးတစ်ခုပဲ။ တကယ်မဟုတ်ဘဲနဲ့တော့ မကြေညာပါဘူး"

"အင်္ဂါဂြိုဟ်ကို တော်တော်ကြာကြာ သွားရမှာပဲနော်"

"ဂျက်လေယာဉ်ထက် အဆပေါင်းများစွာမြန်တဲ့ နှုန်းနဲ့သွားတာတောင် တစ်နှစ်နီးပါးသွားရတယ်"

"ဒါနဲ့ . . . ဟိုကနေ ဒီကမ္ဘာကို ဓါတ်ပုံတွေ ဘယ်လိုလုပ်ပို့သလဲဗျ"

"ရေဒီယိုနည်းနဲ့ ပို့တာပေါ့ဗျ။ အသံလွှင့်ရုံက လွှင့်တဲ့အသံကို ရေဒီယိုကတစ်ဆင့် လေထဲကနေ ဖမ်းယူသလိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ၊ သိပ်အံ့ဩဖို့ကောင်းတာပဲ။ ခေတ်ကြီးကတော့ အရှိန်ကို တိုးတက်နေတော့တာပဲ"

"ဟောတော့ . . . ကျုပ်ရေပုံး ပေါက်သွားပြီ၊ တစ်နေ့ကမှ သံဖြူဆိုင်မှာ သွားဖာလာတာ၊ တော်တော် သောက်သုံးမကျတဲ့ ကောင်တွေ . . ."

ကျော်စွာ စဉ်းစားနေသည်မှာ သူတို့လို မဟုတ်ချေ။ အင်္ဂါဂြိုဟ်မှာ လူရှိချင်မှရှိနိုင်သည်။ သို့သော် ရေမရှိ။ ထိုသူများသည် ရေကိုအသုံးမပြုဘဲ အသက်ရှင်နေနိုင်သည်။ ထိုအခါ ထိုသူများ၌ ရေအခက်အခဲမရှိ။ ရေဘုံဘိုင်တွင် တန်းစီစရာ မလို။ ကံထူးလေစွ။

ရေဘုံဘိုင်မှရေသည် တွန့်တိုစွာ ကျနေသည်။ မိမိအလှည့်ကျ၍ ရေတစ်ပုံးရပြီဆိုလျှင် အိမ်ကို မြန်မြန်ပြန်ထည့်၊ ပြီးတော့ မြန်မြန်ပြန်လာ၊ နောက်ဆုံးက ပြန်စီ။ အလှည့်ကျလျှင် ရေတစ်ပုံးယူ၊ ပြီးတော့ နောက်ဆုံးက ပြန်စီ။ ကျောင်းမှာ သင်ခဲ့ရသည့် ရေသံသရာလည်ခြင်းဆိုသည်မှာ ဒါမျိုးလားမသိပါ။

ကျော်စွာပျင်းလာပြန်သည်။ သူ့စိတ်သည် ဖေဖေ့ထံ ရောက်ရှိသွားလေသည်။ ဖေဖေရှိစဉ့်ကဆိုလျှင် ကျော်စွာတို့မိသားစုသည် အခြေအနေ တော်တော်ကောင်းသည်ဟု ဆိုရပါမည်။ ဖေဖေသည် နာမည်ကျော် စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ ဝင်ငွေလည်း ကောင်းသည်။ အသောက်အစားကင်းသော ဖေဖေသည် ကျော်စွာတို့သားအမိကို တင့်တယ်စွာ ထားနိုင်သည်။ တစ်ဦးတည်းသောသား ကျော်စွာကို ဖေဖေရောမေမေကပါ သိပ်ချစ်ကြပါသည်။ အလိုလည်း လိုက်ပါသည်။ စည်းမဲ့ကမ်းမဲ့ကား မဟုတ်။ စာရေးဆရာ၏သားဖြစ်သော ကျော်စွာသည် သူများထက်ပို၍ အမြင်ကျယ်သည်။ လူမှုရေး နားလည်သည်။ ငယ်စဉ်ကပင် စကားကြီးစကားကျယ်များ ပြောတတ်သည်။ တစ်ခါတစ်ရံ သူ့မေးခွန်းများကို ဖေဖေစာရေးဆရာကပင် လက်မြှောက်ရလေသည်။



"ဖေဖေ၊ နတ်တွေက ထမင်းကို မစားဘူးဆို၊ အငွေ့ပဲ ရှူတယ်ဆို . . ."

"အေး . . ဟုတ်တယ်ကွ"

"ဒါဆိုရင် နတ်တွေက ချေးမပါဘူးပေါ့"

"ဒါပေါ့ကွ"

"သေးလည်း မပေါက်ဘူးပေါ့"

"အင်းပေါ့"

"ဒါပေမယ့် . . အီးတော့ပေါက်မှာပေါ့"

"ဟာကွာ . . သားကလည်း ကတ်သီးကပ်သတ်"

ကျော်စွာ ရှစ်တန်းအောင်သောနှစ်တွင် ဖေဖေဆုံးသည်။ ဖေဖေဆုံးသွားသောအခါ ကျော်စွာတို့သားအမိသည် အခြေယိုင်ခဲ့ရသည်။ ဖေဖေသည် လူ့လောကကို စွန့်ခွာသောအခါ ဘာပစ္စည်းကိုမျှ ယူမသွားခဲ့ပါ။ သို့ရာတွင် ပေးကမ်းစွန့်ကြဲမှု ရက်ရောသော ဖေဖေသည် ကျော်စွာတို့အတွက် များများစားစား မထားနိုင်ခဲ့ပါ။

ထို့ကြောင့် ဖေဖေဆုံးပြီး ခြောက်လခန့်အကြာမှာပင် မေမေသည် ကုန်သည်ဖြစ်ခဲ့ရသည်။ ကုန်သည်ဟုဆိုရာတွင် ငွေကြေးထောင်သောင်းကိုင်ပြီး ကုန်ကူးသော ကုန်သည်ကြီးမျိုးမဟုတ်ပါ။ ပြွန်တန်ဆာ၊ မြို့လှ၊ ချဉ်းမနားစသောမြို့များတွင် ရှားပါးသောကုန်ပစ္စည်းများကို ရထားဖြင့်တင်သွား၊ အပြန်တွင် ရန်ကုန်၌ရှားပါးသော ကုန်ပစ္စည်းကလေးများကို ပြန်တင်လာခြင်းသာဖြစ်သည်။ သို့ရာတွင် မှောင်ခိုကုန်များကား မဟုတ်ပါ။ ထို့ကြောင့်လဲ တန်ဖိုးနည်းသော ကုန်များကိုရောင်းသော အသေးစားကုန်သည်ကလေးသာ ဖြစ်ပါသည်။

ကျော်စွာသည် မေမေ့ကို သနားသည်။ မေမေ့အသက်သည် လေးဆယ့်ငါးနှစ်သာရှိသေးသော်လည်း သွေးတိုးရောဂါရှိသည်။ မေမေ့ကို အလုပ်မလုပ်စေချင်ပါ။ သူက လုပ်ကျွေးချင်ပါသည်။ သို့ရာတွင် ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



အသက်သည် တစ်ဆယ့်ခုနစ်နှစ်ကျော်ရုံကလေးသာ ရှိသေးသည်။ တစ်ခါကတော့ သူ အလုပ်လုပ်ချင်ကြောင်း မေမေ့ကိုပြောမိသည်။ မေမေသည် ဝမ်းနားစွာဖြင့် ပြန်ပြောပါသည်။

"သားလေးရယ် . . သားငယ်ငယ်လေးရှိပါသေးတယ်၊ မေမေ သားဘွဲ့ရတဲ့အထိ လုပ်ကျွေးနိုင်ပါသေးတယ်ကွယ်"

"မေမေပင်ပန်းလှပါတယ် မေမေရယ်"

"အလုပ်လုပ်တာပဲသားရယ်၊ ပင်ပန်းမှာပေါ့၊ နည်းနည်းပင်ပန်းတာနဲ့ များများပင်ပန်းတာပဲ ကွာမယ်။ အလုပ်မှန်ရင် ပင်ပန်းတာချည်းပဲ။ အေး၊ ပညာတတ်တဲ့လူကတော့ နည်းနည်းပဲ ပင်ပန်းမှာပေါ့၊ ဒါကြောင့်သားကို ဘွဲ့ရတဲ့အထိ ပညာသင်ပြီးမှ အလုပ်လုပ်ပါလို့ ပြောတာပေါ့"

"အလုပ်လုပ်ပြီး ညကျောင်းတက်ရင်လဲ ရသားပဲ"

"မဖြစ်ပါဘူး သားရယ်၊ နေ့လယ် အလုပ်လုပ်ရတဲ့အခါ သားပင်ပန်းမယ်၊ ညကျတော့ ကျောင်းစာမှာ အပြည့်အဝ အာရုံမစိုက်နိုင်တော့ဘူး၊ ပြီးတော့ . . စာကျက်ချိန်လဲ ရမှာမဟုတ်ဘူး"

"ဒါပေမယ့် . . "

"တော်တော့သားရယ်၊ ဆက်မပြောပါနဲ့တော့"

မေမေ မျက်ရည်ဝဲလာသည်။ ကျော်စွာ ဆက်မပြောရဲတော့ပါ။ မေမေမငိုစေချင်ပါ။ သို့ရာတွင် ပြင်ပဗဟုသုတအတွက် စာအုပ်များ ဝယ်ဖတ်ရန် ဟူသော အကြောင်းပြချက်ဖြင့် မနက်ပိုင်း သတင်းစာပို့သည့် အလုပ်ကိုတော့ လုပ်ပါရစေဟု တောင်းပန်သည်။ ဒါကိုတော့ မေမေ ခွင့်ပြုပါသည်။ ကျော်စွာသည် ဆယ်တန်းအောင်ပြီးလျှင်တော့ အလုပ်လုပ်ရင်း လုပ်သား ကောလိပ်တက်မည်ဟု စိတ်ထဲက ဆုံးဖြတ်လိုက်ပါသေးသည်။

"ကျော်စွာ . . . နှင့် အလှည့်ရောက်ပြီ"

ကျော်စွာသည် ရေပုံးကို ဘုံဘိုင်ခေါင်းအောက်မှာချ သည်။ ဘုံဘိုင်ရေသည် အင်အားချည့်နဲ့စွာ ကျနေသည်။ အချိန်တန်တော့လည်း ရေပုံးကို ပြည့်သွားစေပါသည်။

●

# [၂]

ယနေ့ အတန်းပိုင်ဆရာမ ကျောင်းမလာချေ။ ကျောင်းခေါ်ချိန်စာရင်း (ရယ်ဂျစ်စတာ) ခေါ်ရန် ကျော်စွာကို တာဝန်ပေးထားခဲ့သည်။ ကျော်စွာသည် နာမည်တစ်ဦးချင်း ခေါ်သည်။ ခုံအမှတ်တစ်ဆယ်အထိ ပြဿနာမပေါ်။ ခုံအမှတ် တစ်ဆယ့်တစ်မှစ၍ ပြဿနာပေါ်လာသည်။ ဖြစ်ပုံမှာ ရယ်စရာ လည်းကောင်းပါသည်။

ခုံအမှတ် တစ်ဆယ့်တစ်မှ တစ်ဆယ့်ခုနစ်အတွင်းရှိ ကျောင်းသား ခုနစ်ယောက်သည် အလောင်းအစားတစ်ခု ပြုလုပ်သည်။ မိမိနာမည် ခေါ်လျှင် မိမိရှေ့မှ ထူးသွားသောသူနှင့် မတူအောင်ထူးရမည်။ တူသွားလျှင် အားလုံးကို လက်ဖက်ရည်တိုက်ရမည်။

"လှဝင်းဦး"

"ရှိပါတယ်"

"အေးမြင့်သောင်း"

"ရှိ"

"ချစ်ဝင်း"

"ရှိသည်"

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာသည် နာမည်ခေါ်ရာမှ ရပ်လိုက်သည်။ ကျောင်းသားကျောင်းသူများသည် ပြုံးစိစိဖြစ်နေကြသည်။ ဆက်ခေါ်သည်။

"လှမြင့်"

"လာပါ၏"

"ထွန်းထွန်း"

"ရှိပ . . . ရှိပ"

"ဇော်ခင်မော်"

"ရှိသဗျို့"

ကျော်စွာ ရပ်လိုက်ရပြန်သည်။ မိန်းကလေးများ ခေါင်းငုံ့လျက်က တခွိုးခွိုး ရယ်နေကြသည်။

"အဲဒီလိုတော့ မနောက်ကြပါနဲ့ကွာ၊ ငါက ဆရာမ တာဝန်ပေးသွားလို့ ခေါ်ရတာပါ"

ကျော်စွာ တောင်းပန်ရတော့သည်။ နတစ်ခါခေါ်လျှင် ချစ်ကိုဝင်းအလှည့် ရောက်ပြီဖြစ်သည်။ သူသည် ကျော်စွာကိုလည်း အားနာသည်။ ရိုးရိုးပင်ထူးလိုက်လို့ ရှေ့ကကောင်တွေနှင့် တူသွားလျှင် လက်ဖက်ရည်တိုက်ရတော့မည်။ သူများထက်ထူးခြားအောင်လည်း ထူးလိုက်ချင်သည်။ ချစ်ကိုဝင်း ခေါင်းကုတ်နေသည်။

"ချစ်ကိုဝင်း"

"ပျို့တို့မောင် လာပြီဗျ"

အတန်းသားအားလုံး 'ဝါးကနဲ' ရယ်ကြတော့သည်။ ကျော်စွာကိုယ်တိုင်ပင် ဣန္ဒြေမဆယ်နိုင်တော့ အားလုံးနှင့်ရော၍ ရယ်လိုက်ရတော့သည်။ ကျောင်းခေါ်ချိန် ခေါ်ပြီးချိန်ကျတော့ သူတို့အားလုံးသည် ကျော်စွာကို တောင်းပန်ကြသည်။ ဒုတိယအချိန်သည် ဓာတုဗေဒအချိန် ဖြစ်သည်။ ဓာတုဗေဒဆရာ ဦးထွန်းတင်သည် သောက်လက်စ ဆေးပေါ့လိပ်တိုကလေးကို အခန်းဝက သံဆန်ခါကြားမှာ ညှပ်ထားခဲ့ပြီး ဝင်လာသည်။

"မင်္ဂလာပါဆရာ"



"မင်္ဂလာပါ၊ ထိုင်ကြပါ"

ဆရာဦးထွန်းတင်သည် အသင်အပြ အလွန်ကောင်းသူဖြစ်သည်။ သူသည် သင်ကြားရာတွင် စာအုပ်ကိုမကိုင်ဘဲ အလွတ်သင်နိုင်သူဖြစ်သည်။ စမ်းတဝါးဝါး မရှိ။ တိကျသည်။ အပိုလည်းမပြော။ အတိုဆုံး၊ အရှင်းဆုံး၊ အလွယ်ကူဆုံးနှင့် မှတ်မိအောင်သင်သည်။ သူသည် ဓါတုဗေဒလောကတွင် နာမည်ကြီးသူဖြစ်သည်။ သို့ရာတွင် သူ ဆင်းရဲသည်။

တက္ကသိုလ်မှာတုန်းက သူနှင့် လည်ပင်းဖက်ပေါင်းလာသူတွေ သူ့လောက် မတော်သူတွေသည် ယခုအခါ နာမည်ကြီးကျူရှင်ဆရာများ ဖြစ်နေပြီ။ တိုက်နှင့်ကားနှင့် ဖြစ်နေပြီ။ ဆရာဦးထွန်းတင်ကား ကျောင်းအနီးရှိ အခန်းကျဉ်းကလေးတစ်ခုမှာ နေရသည်။ ကလေး တစ်ယောက်ပြီး တစ်ယောက် တိုးလာသည်နှင့်အမျှ သူ့စားဝတ်နေရေးသည် ကျပ်တည်းလာသည်။ သို့ရာတွင် သူ၏ သင်ကြားမှုသည် လျော့ကျမသွား။တက်ကြွမြဲ၊ အပင်ပန်းခံမြဲ၊ စေတနာထားမြဲပါ။

"ကဲ . . . ဟိုတစ်နေ့က ကြေးနီဆာလ်ဖိတ်ပြုလုပ်နည်း ပြီးသွားပြီ။ အဲ၊ ဆာလ်ဖိတ်ဆိုလို့ ပြောရဦးမယ်။ မင်းတို့ ဆာလ်ဖိတ်ရယ်၊ ဆာလ်ဖိုက်ရယ် မမှားကြနဲ့နော်"

နောက်ဆုံးတန်းက ဖေမြင့်နှင့် မြင့်အောင်သန်းသည် ပိုက်ဆံကြေးစာအုပ်လှန်နေကြသည်။ ဆရာက တစ်ချက်စိုက်ကြည့်လိုက်မှ ငြိမ်သွားသည်။

"ဒီနေ့တော့ ညီမျှကိန်းအကြောင်းသင်မယ်။ ဒြပ်စင်တစ်ခုရဲ့ ညီမျှကိန်းဆိုတာ ၁.၀၀၈ အလေးချိန်အချိုးရှိတဲ့ ဟိုက်ဒြိုဂျင်၊ ဒါမှမဟုတ် ၈ အလေးချိန်အချိုးရှိတဲ့ အောက်စီဂျင်၊ ဒါမှမဟုတ် ၃၅.၅ အလေးချိန်အချိုးရှိတဲ့ ကလိုရင်းနဲ့ ဓာတ်ပြုနိုင်တဲ့ ဒြပ်စင်ရဲ့အလေးချိန်အချိုးကို ခေါ်တာပဲ။ ဥပမာ ကွာ၊ ၁.၀၀၈ ဂရမ်ရှိတဲ့ ဟိုက်ဒြိုဂျင်ဟာ ၃ ဂရမ်ရှိတဲ့ ကာဗွန်နဲ့ ဓါတ်ပြုတဲ့အတွက် ကာဗွန်ရဲ့ညီမျှကိန်းဟာ ၃ ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးထွန်းတင်သည် အတန်းသားများ နားလည်မလည် အကဲခတ်သည်။ ထို့နောက်မှ ဆက်သင်သည်။

"ကဲ . . . သွပ်ရဲ့ညီမျှကိန်းကို ရှာကြည့်ရအောင် ဖန်ဘူးတစ်ခုကိုယူ။ အေးကွာ။ ပုံမှာ ဖေါ်ပြထားတဲ့အတိုင်း တပ်ဆင်ပြီးပြီဆိုပါစို့။ အလေးချိန်သိပြီးသား သွပ်ကို ဖန်ဘူးထဲမှာထည့်။ ပြီးတော့ . . ."

စန်းမောင်သည် ဆရာကို စိုက်ကြည့်ရင်း နားထောင်နေရာမှ ဆရာ့စကားများကို မကြားတချက်ကြားတချက် ဖြစ်လာသည်။ နောက်တော့ မကြားတော့ချေ။ သူ့အတွေးသည် တစ်နေရာသို့ ရောက်ရှိသွားပါသည်။

သူ့အိမ် သို့မဟုတ် သူ့ဆိုင်။ သူ့အိမ်မှာ ကုန်စုံဆိုင်ကလေး တစ်ခု ဖွင့်ထားသည်။ သူသည် တရုတ်ကပြားဖြစ်သည်။ သူ့အဖေသည် မကျန်းမာတော့။ မျက်စိလည်း မှုန်နေပြီဖြစ်သည်။

သူ့အဖေသည် သူကျောင်းတက်နေသည်ကို သိပ်သဘောမကျလှချေ။ စန်းမောင်ကတော့ ပညာကို ရနိုင်သလောက် သင်ချင်သေးသည်။

စန်းမောင်သည် အဖေ့ကို စိတ်မချချေ။ အဖေသည် မျက်စိမှုန်သောကြောင့် ပစ္စည်းမှားပေးမိမှာ၊ ပိုက်ဆံမှားအမ်းမိမှာ စိုးရိမ်သည်။ တစ်ခါကလည်း အဖေသည် ငါးကျပ်တန်ကို တစ်ဆယ်တန်မှတ်၍ မှားအမ်းမိသောကြောင့် ငွေရှစ်ကျပ်လောက် ပါသွားပြီးပြီ။

"စန်းမောင်၊ သွပ်ရဲ့ညီမျှကိန်း ဘယ်လောက်လဲ"

ဆရာ့အမေးကြောင့် စန်းမောင်လန့်သွားသည်။ ဖြေမိဖြေရာကို ရမ်းပြောလိုက်သည်။

"ရှစ်ကျပ်ပါဆရာ"

"ဝါး . . ဟာ . . ဟား . . ဟား . . ဟား"

အတန်းသားများ၏ ရယ်သံသည် ဆူညံသွားသည်။ ဆရာသည်ပင် ပွားပေါ်အောင်ပြုံးမိသည်။ စန်းမောင် အလွန်ရှက်သွားသည်။ မျက်စိပေကလပ် ပေကလပ် လုပ်သည်။ ခေါင်းကုတ်သည်။ သူသည် အခက်အခဲ



တစ်ခုခုတွေ့လျှင် ခေါင်းကုတ်မြဲဖြစ်သည်ကို သိသော အတန်းသားများက ရယ်ကြပြန်သည်။

"စန်းမောင်၊ မင်း ဆရာသင်တာကို သေသေချာချာ နားမထောင်ဘဲ ဘာတွေ စဉ်းစားနေတာလဲ"

"ကျွန် . . ကျွန်တော် . . ဟိုဒင်း"

စန်းမောင်သည် ခေါင်းကုတ်ပြန်သည်။ ပြီးတော့မှ သူစဉ်းစားနေသည့် အကြောင်းကို မရဲတရဲပြောပြသည်။ ရယ်ကြပြန်သည်။ ဆရာဦးထွန်းတင်က . .

"ဒါ . . ရယ်စရာမဟုတ်ဘူးဟေ့၊ စန်းမောင်ဟာ မင်းတို့လို ကျောင်းစာတစ်ခုတည်းကို အေးအေးဆေးဆေး သင်ရတာမဟုတ်ဘူး။ သူ့အိမ်ရဲ့ စားဝတ်နေရေးအတွက်လဲ အလုပ်လုပ်ရသေးတယ်။ ဒါ လှောင်စရာမဟုတ်ဘူး၊ ချီးကျူးစရာ။ အေး၊ ဒါပေမယ့် စန်းမောင်ကလည်း စာသင်ချိန်မှာ အလုပ်အကြောင်း စဉ်းစားနေတာ မသင့်တော်ဘူး။ ကျောင်းချိန်မှာ ကျောင်းစာကိုပဲ စိတ်ဝင်စားသင့်တယ်။ အလုပ်အကြောင်းကို အလုပ်ချိန်ကျမှ စဉ်းစား ဟုတ်လား။ ကဲ၊ ကဲ . . ထိုင်တော့"

စန်းမောင်သည် ခေါင်းကုတ်ရင်း ထိုင်ချလိုက်သည်။ စန်းမောင်လိုပင် ကျောင်းတက်ရင်း ဈေးရောင်းရသူတစ်ယောက် ရှိပါသေးသည်။ မေရီဖြစ်ပါသည်။ အင်္ဂလိပ်နာမည်ဖြစ်သော်လည်း မြန်မာဆန်သော ကရင်မလေးဖြစ်ပါသည်။ သူသည် မုန့်စားဆင်းချိန်ဆိုလျှင် မုန့်ဈေးတန်းက ခေါက်ဆွဲသုတ်ဆိုင်မှာ အမေနှင့်ကူရောင်းရသည်။ အခြားသူများက မုန့်စားဆင်းချိန်ကို မုန့်စားရန် မျှော်သကဲ့သို့ မေရီကလည်း မုန့်ရောင်းရန်မျှော်သည်။ သို့ရာတွင် ယခုလောလောဆယ်မူ သူ့အာရုံသည် ဆရာ့ဆီမှာသာ ရှိပါသည်။

မည်သို့ပင်ဖြစ်ပါစေ။ ကျော်စွာတို့ ဒသမတန်း (c) သည် ပျော်စရာကောင်းပါသည်။ သိန်းနိုင်တို့အုပ်စုမှလွဲလျှင် ညီညီညွတ်ညွတ် ရှိကြပါသည်။ သူတို့ကတော့ ဆိုးကြပါပေသည်။ ဆရာ၊ ဆရာမတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



လည်း မတည့်။ ကျောင်းသားကျောင်းသူတွေနှင့်လည်း အဆေးမကပ်၊ ကျောင်းစောင့် ဦးမိုးကောင်းတို့၊ ဦးဝင်းနိုင်တို့နှင့်ပင် မတည့်ချင်ကြ။ သူတို့ကလွဲလျှင် ကျော်စွာတို့အတန်းသည် ဘာမျှ ပြဿနာမရှိပါ။

ကျော်စွာတို့အတန်းမှာ ရယ်စရာကောင်းသော အတွဲကလေးများလည်းရှိသည်။ ဥပမာ– သောင်းမြင့်နှင့် မြင့်သန်း။ သောင်းမြင့်သည် ပုပုဝဝဖြစ်သည်။ မြင့်သန်းသည် ပိန်ပိန်ရှည်ရှည်။ နောက်တစ်တွဲ ရှိသေးသည်။ ချိန်ကွန်းနှင့် ပတေး။ ချိန်ကွန်းက တရုတ်အစစ်၊ ပတေးက ကုလားအစစ် ဖြစ်သည်။ အတွဲတွေ အားလုံးထဲမှာ ကျော်စွာတို့အတွဲသည် အညီညွတ် ဆုံးဖြစ်သည်။ ကျော်စွာ၊ အေးမြင့်သောင်း၊ ဇော်ခင်မော်၊ လှဝင်းဦးနှင့် ချစ်ကိုဝင်းတို့ဖြစ်သည်။

ကျော်စွာက တည်ငြိမ်သည်။ စကားကို အချက်အလက်ကျကျ ပြောတတ်သည်။ အေးမြင့်သောင်းက အေးအေးဆေးဆေးနေတတ်သည်။ တစ်ခါ တစ်ရံ ဘယ်သူနှင့်မျှ စကားမပြောဘဲ တစ်ယောက်ထဲ တွေးနေငေးနေတတ်သည်။ ဇော်ခင်မော်သည် ထူးခြားဆန်းပြားသော အကြံအစည်များကို ကြံတတ်သည်။ သူတစ်ပါးကို လုပ်ကြံနောက်ပြောင်ရမည်ဆိုလျှင် အပင်ပန်းခံ၍ တီထွင်နောက်ပြောင်တတ်သည်။ လှဝင်းဦးသည် သဘောကောင်းသည်။ သူငယ်ချင်းတွေ လုပ်ချင်တာရှိလျှင် ဘယ်တော့မှ မငြင်းဘဲ အစဉ် လိုက်လုပ်တတ်သည်။ သူသည် ဂျူဒိုသမားလည်းဖြစ်သည်။ သို့ရာတွင် သူငယ်ချင်းတွေက နောက်ပြောင်ထိုးကြိတ်ပြီဆိုလျှင် အမြဲငြိမ်ခံနေတတ်သည်။ ချစ်ကိုဝင်းသည် ခေါင်းကြီးသည်။ သူသည် အတန်းထဲမှာ အပေါ်ဆုံးဘွဲ့ကို ရထားသူလည်းဖြစ်သည်။ စကားများသည်။ ဆရာလုပ်တတ်သည်။ ပျော်ပျော်နေတတ်သည်။ သူတို့အားလုံး စာတော်ကြသည်။ လိမ္မာကြသည်။ ထို့ကြောင့်ဆရာ၊ ဆရာမများကလည်း ချစ်ကြသည်။ ငယ်တို့သဘာဝ နောက်ပြောင်တတ်သည်တိုတော့ အားလုံးက ခွင့်လွှတ်ထားကြပါသည်။ သူတို့သည် အတန်း၏ ညာဘက်နောက်ဆုံးတန်းမှာ စုထိုင်ကြသည်။

* * *



စောစောအောင် စာကျက်နေသည်။

သူတို့အိမ်သည် နှစ်ထပ်အိမ်ဖြစ်သည်။ ဆင်ဝင်လည်း ရှိသည်။ ဆင်ဝင်၏ ဘယ်ဘက်အခြမ်းသည် စောစောအောင်၏ စာကြည့်ခန်းဖြစ်သည်။ ယနေ့တွင်မူ စောစောအောင် ဆင်ဝင်ရှိ ဝရန်တာသို့ထွက်၍ စာကြည့်သည်။ မျက်စိညောင်းလာသောအခါ အိမ်ရှေ့ပန်းခြံထဲသို့ ကြည့်ပြန်သည်။ သူတို့အိမ်သည် လမ်းမနှင့် ဆယ်ပေလောက်ကွာသည်။ လမ်းမနှင့်အိမ် အကြားတွင် ပန်းခြံရှိသည်။

စပယ်ပန်းကလေးတွေ ပွင့်နေကြပြီ။ အုန်းပင်ကြီးမှာလည်း အုန်းသီးတွေ သီးနေပြီ။ ကောင်းကင်မှာ မိုးသားကင်းစင်သဖြင့် ကြယ်ကလေးတွေကို မြင်ရသည်။

စောစောအောင်သည် သူတို့ မိသားစုတွင် အငယ်ဆုံးဖြစ်ပါသည်။ ကိုကိုကြီးသည် ဘွဲ့ရပြီး၍ အလုပ်ပင်လုပ်နေပြီ။ မမသည်လည်း ဆေးတက္ကသိုလ်မှာ တတိယအမ်ဘီအတန်း ရောက်နေပြီ။ စောစောအောင်သည် ကိုကိုကြီးနှင့် မမတို့ကို အားကျသည်။ စာကြိုးစားသည်။

“ချောမွတ်နေသော ပြင်ညီမျက်နှာပြင်မှ အလင်းပြန်သောအခါ၌ ရိုက်လင်းတန်း၊ ပြန်လင်းတန်းနှင့် မတ်မျဉ်းတို့သည် ပြင်ညီတစ်ခုတည်း၌ တည်ရှိ၏။ ရိုက်ထောင့်မှာ အမြဲတစေ ပြန်ထောင့်နှင့်ညီ၏။”

သူ့မှာ အကျင့်တစ်ခုရှိ၏။ ဘယ်လိုမှ ဖျောက်ဖျက်၍မရသော အကျင့်ဖြစ်သည်။ စာကျက်လျှင် အသံထွက်အောင် အော်ကျက်ရမှ ကျေနပ်ခြင်းဖြစ်သည်။ ထိုကြောင့်လည်း ဆေးတက္ကသိုလ်က မမ အနှောင့်အယှက်မဖြစ်စေရန် ဝရန်တာသို့ ထွက်အော်နေခြင်းဖြစ်သည်။

“စာကျက်နေတဲ့မေ၊ သီချင်းလေးတစ်ပုဒ်တော့ မောင်ဆိုပြမလေ... ကမ္ဘာမကြေ မြန်မာပြည် ဒို့ဘိုးဘွား အမွေစစ်မို့ ချစ်မြတ်နိုး...”

ခြံစည်းရိုးနားမှာရပ်၍ ဆိုနေသောသီချင်းသံကို ကြားရသည်။ သိန်းနိုင်တို့အုပ်စုဖြစ်ကြောင်း သူသိပါသည်။ သူမကြားချင်ယောင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။ စာကိုသာ ဆက်ဆိုသည်။ သို့သော်မရ။ သိန်းနိုင်သည် နောက်ပြောင်နေမြဲ။

"စာကျက်ချင်ယောင်ဆောင်ပြီး . . ရည်းစားစာတွေ ဖတ်နေတဲ့မေ ကမ္ဘာမကြေ မြန်မာပြည် ဒို့ဘိုးဘွား အမွေစစ်မို့ချစ်မြတ်နိုးပေ . . "

စောစောအောင် မတ်တတ်ရပ်လိုက်သည်။ သိန်းနိုင်သည်သူ့ကို စပ်ဖြဲဖြဲကြည့်နေသည်။ စောစောအောင် ဒေါသဖြစ်သွားသည်။

"ဒါ နောက်စရာလား"

"နောက်ဆရာမဟုတ်ပါဘူး ... ဆရာပါပဲ"

"နင် သူများစာကျက်နေတာကို ဘာဖြစ်လို့လာနှောင့်ယှက်ရတာလဲ"

"အံမယ် ငါသိပါတယ်ဟာ၊ စာ ကျက်နေတာမဟုတ်ပါဘူး၊ သမိန့်ပေါသွပ် ဖတ်နေတာမဟုတ်လား"

ထိုအချိန်မှာပင် ကျော်စွာတို့အုပ်စု ရောက်ရှိလာလေသည်။

"ဘာဖြစ်ကြတာလဲ"

စောစောအောင် အားတက်သွားသည်။

"တို့ဟာတို့ စာကျက်နေတာ လာနှောင့်ယှက်တယ်"

ကျော်စွာသည် သိန်းနိုင်ဘက်သို့လှည့်လိုက်သည်။

"သူငယ်ချင်းကလည်းကွာ၊ သူ့ဟာသာ စာကျက်တာ၊ ကျက်ပါစေ"

"မင်းနဲ့ဘာဆိုင်လို့လဲ"

သိန်းနိုင်သည် ကျော်စွာကို ဘုကြည့်ကြည့်သည်။ ကျော်စွာ ပြုံးလိုက်သည်။

"ဘာမှတော့ မဆိုင်ပါဘူးကွာ၊ ဒါပေမယ့် မင်းစာကျက်နေတုန်း အဲဒီလိုလာနှောင့်ယှက်ရင်လည်း မင်းစိတ်ဆိုးမှာပဲ မဟုတ်လား ကိုယ်ချင်းစာကြည့် ပေါ့"

"ကိုယ်ချင်းစာစရာမလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါမှ စာမကျက်ပဲ



"အေးပေါ့ကွာ . . မင်းစာမကျက်ပေမယ့် သူများ စာကျက်တာကို ...တော့ နှောင့်ယှက်ဖို့ မကောင်းပါဘူး၊ ပြီးတော့ မင်းတို့ နောက်ပုံကလည်း ...နိုင်ငံတော်သီချင်းနဲ့၊ နိုင်ငံတော်သီချင်းဆိုတာ သူ့နေရာနဲ့သူ ဆိုမှ တန်ဖိုး ...တယ်၊ မြတ်နိုးရာလဲ ရောက်တယ်၊ ခုလို သူများကိုနောက်ယှက်ဖို့ ...ငံ တော်သီချင်းကို မသုံးသင့်ပါဘူး သူငယ်ချင်း"

"မင်း . . တော်တော်လှုပါးဝတဲ့ကောင်ပဲ" ...ည်။

သိန်းနိုင်သည် သူ့လူတွေကိုခေါ်ပြီး ထွက်သွားသည်။ ကျော်စွာ...လိမ့် ...တို့က ငါးယောက်၊ သူတို့က သုံးယောက်ဖြစ်နေသောကြောင့် ရှောင်ထွက် ...သွားခြင်းဖြစ်သည်။ သို့မဟုတ်လျှင် ထိုနေရာတွင် လက်သီးထိုးပွဲကလေး ...စ်ခုဖြစ်မည် မုချ။ ကျော်စွာသည် စောစောအောင်ကို နှုတ်မဆက်ပဲ ...ထွက်သွားသည်။ ချစ်ကိုဝင်းသည်မူ စောစောအောင်ကို ပြုံးပြရင်း နှုတ်ဆက် ...သည်။

"ကြိုးစားထား၊ ကြိုးစားထား။ ကြိုးစားမှ တိုးပွားမည်၊ မကြိုးစားလျှင် ...လားပဲ ရမည်တဲ့။ ဟဲ . . ဟဲ"

စောစောအောင်ပျော်သွားသည်။ နှောင့်ယှက်ခြင်းနှင့် ရိုးသားစွာ ...နောက်ပြောင်ခြင်းကို သူခွဲခြားတတ်ပါသည်။

"ဟော့ . . ဖိုးကုလား"

ချစ်ကိုဝင်းသည် ကျော်စွာကို နောက်ပြန်သည်။

"ဟော့ကောင် . . ခေါင်းကြီး၊ ဟိုက ကြားသွားဦးမယ်"

"ကြားသွားရင်လဲ ကောင်းတာပေါ့၊ မင်းက ကြိုက်နေတာ သူသိသွား ...ပေါ့"

"ဟာကွာ . . ငါမကြိုက်ပါဘူး"

လှဝင်းဦးက လောင်ပြန်သည်။

"အေးပါ၊ မကြိုက်ဘူးလုပ်နေ၊ တော်ကြာ စောစောအောင်က ...လှဝင်းဦးနဲ့ကြည့်သွားပြီးဆိုမှ ဂိုး ဂိုးနဲ့ ငိုမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါ ဂျူဒိုငပေါကများ။ မင်း စောစောအောင်တို့အိမ်က ခွေးကြီးကိုပဲ နိုင်အောင်သတ်စမ်းပါဦး"

သူတို့သည် ကျော်စွာနှင့် စောစောအောင်ကို ရှစ်တန်းလောက်က တည်းက နောက်ပြောင်လာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ခုထိတော့ စပ်ဖြစ်ဖြစ်ကာက်စလုံး ဘာမှမဖြစ်ကြသေး။ ရိုးရိုးသားသားပါ။ ခုမဖြစ်ကြသေးဟု ဘာကြောင့် နောက်ဖြစ်လာမည်ဟူ၍ မဆိုလိုပါ။ မဖြစ်ဘူးဟုလည်း မဆိုနိုင်ပါ။ စိတ်သည် ဆန်းကြယ်ပါသည်။

* * *

ကျော်စွာ

မနေ့ညက စောစောအောင်ရှေ့မှာ မင်းငါ့ကို အရှက်ခွဲခဲ့တာ မှတ် တယ် မဟုတ်လား။ စောစောအောင်ကို ငါရိုက်နေတယ်ဆိုတာ မင်းသိတယ် မင်းကလည်း စောစောအောင်ကို ရိုက်နေတာပဲမဟုတ်လား။ ဒါကြော မနေ့ညက မင်းငါ့ကိုအပြတ် သိက္ခာချလိုက်တာပေါ့။ မင်းက စောစောအော ရှေ့မှာ အမှတ်တွေရသွားအောင် လုပ်လိုက်တာမဟုတ်လား။ ဂူတစ်ဂူထဲ ခြင်္သေ့နှစ်ကောင် အောင်းလို့မရဘူး၊ ဒီတော့ မင်းနဲ့ငါ တစ်ယောက် အပြတ်ရှင်းချင်တယ်။ မင်းနိုင်ရင် စောစောအောင်ကို မင်းဆက်လုပ်၊ ငါ ရင် မင်းရှောင်ပေးရမယ်။ မင်းလည်း သိုင်းသင်ဖူးတာပဲ။ ငါကလ ကရာတေးသမားပဲ။

လက်ခံရင်အကြောင်းပြန်။ ဒါပဲ။

မင့်ဘော်ဒ

သိန်းနိုင်

မုန့်စားဆင်းချိန်မှာ သိန်းနိုင်တို့အုပ်စုက သန်းကြွယ်သည် ကျော် ကို စာတစ်စောင်လာပေးသည်။ ကျော်စွာသည် စာကို သူငယ်ချင်း ပြလိုက်သည်။ ဂျူဒိုလှဝင်းဦးက



"ချကွာ . . ဒီကောင် သိပ်ထောင်တယ်၊ မင်းလည်း သိုင်းဦးအောင် သောင်း တပည့်ပဲ"

ဇော်ခင်မော်က တစ်စုံတစ်ခုကို တွေးပူနေဟန်ဖြင့် ပြောသည်။

"ချတာတော့ ဟုတ်ပါပြီ၊ မင်းရှုံးသွားရင် ဘယ့်နှယ်လုပ်မလဲ"

ချစ်ကိုဝင်းက ဇော်ခင်မော်စကားကို ရိပ်မိလိုက်သည်။

"မင်းရှုံးရင်တော့ စောစောအောင်ကို လက်လွှတ်လိုက်ရမှာပဲ"

အေးမြင့်သောင်းသည် တစ်ချိန်လုံးငြိမ်နေရာမှ ဝင်ပြောသည်။

"ဒီကိစ္စကို တို့ဆုံးဖြတ်စရာမလိုဘူး၊ ကျော်စွာဖာသာ ဆုံးဖြတ်လိမ့် မယ်။ အေး . . ကျော်စွာ စဉ်းစားဖို့ကတော့ မင်းရဲ့သိက္ခာကို ထိခိုက်၊ မထိခိုက် ဆိုတာပဲကွ"

အေးမြင့်သောင်းအကြံပေးသည်ကို ကျော်စွာလက်ခံသည်။ ခုကိစ္စတွင် သိန်းနိုင်၏ စိန်ခေါ်မှုကို လက်ခံလိုက်လျှင် သူ့အတွက် ထိခိုက်၊ မထိခိုက် ကို စဉ်းစားရမည်။ ကျော်စွာကိုယ်တိုင်ကလည်း ကျောင်းသားအချင်းချင်း ရန်မဖြစ်လိုပါ။ ထိုးကြကြိတ်ကြပြီဆိုလျှင် နာကြမည်ပင်။ ဘယ်သူပင် နိုင်သည်ဖြစ်စေ၊ မကောင်းပါ။ ပြီးတော့ စောစောအောင်ကိစ္စ။ သူက စောစောအောင်ကို ကြိုက်နေသည်ဟု သိန်းနိုင်ကဆိုသည်။ သူ စောစော အောင်ကို ရိုးရိုးပင် ခင်ပါသည်။ မကြိုက်ပါ။ ဒါကိုတော့ သူ့ကိုယ်သူ သေချာသည်။ အကယ်၍ သိန်းနိုင်၏ စိန်ခေါ်မှုကို လက်ခံလိုက်လျှင် သူ စောစော အောင်ကို ကြိုက်နေပါသည်ဟု ဆိုလိုက်သည်နှင့်မခြား ဖြစ်လိမ့်မည်။ မိန်းကလေးတစ်ယောက်အတွက် ရန်ဖြစ်ရမည်ကိုလည်း သူ မလိုလားပါ။ ထို့ကြောင့် စောစောအောင်ကို ရိုးရိုးသားသားပင် ခင်ပါကြောင်း၊ သိန်းနိုင်နှင့် လည်း ရန်မဖြစ်လိုကြောင်း၊ မနေ့ညက ကိစ္စအတွက် သူ တောင်းပန်ကြောင်း၊ သိန်းနိုင်၏ချိန်းဆိုမှုကို လက်မခံနိုင်ကြောင်း အကြောင်း ပြန်ကြားလိုက်သည်။ အေးမြင့်သောင်းတို့ကလည်း သဘောတူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ပြဿနာသည် ထိုမျှဖြင့်မရပ်ပါ။ သိန်းနိုင်ထံမှ နောက်ထပ်စာတစ်စောင် ရောက်လာပြန်သည်။

ကျော်စွာ

မင်း ငါ့ကို မှားသွားပြီမဟုတ်လား။ အေးပေါ့ကွာ။ ငါနဲ့ဖိုက်ရင် မင်းရှုံးမယ်ဆိုတာ သိလို့မဟုတ်လား။ မင်း စောစောအောင်ကို လက်လွှတ်မခံနိုင်လို့ မဟုတ်လား။ ပြီးတော့ မင်းက မုဆိုးမသားဆိုတော့ ဒီပွဲမှာ မင်းသေသွားရင် မင်းအမေကို လုပ်ကျွေးမဲ့သူ မရှိတော့မှာစိုးလို့ မဟုတ်လား။ မင်းကို ငါသိပ်သနားတာပဲကွာ။

သိန်းနိုင်

'မုဆိုးမသား . .'

ကျော်စွာသည် ဒေါသ 'ထောင်းကနဲ' ဖြစ်သွားသည်။ သိန်းနိုင်သည် သူ့ကိုသာမက အမေကိုပါ စော်ကားလာခဲ့ပြီ။ အကယ်၍သာ အတန်းထဲမှာ မဟုတ်ခဲ့ပါမူ ကျော်စွာသည် သိန်းနိုင်ကို ယခုပင် သွားထိုး မိလိမ့်မည်။ ကျော်စွာသည် အရိယသူတော်စင် မဟုတ်ပါ။ လူငယ်တစ်ဦး မျှသာ ဖြစ်ပါသည်။

လူငယ်ဆိုသည်မှာ ဖျတ်လတ်သော အစိတ်အပိုင်း။ ဆုံးဖြတ်လွယ်သည်။ စိတ်နောက်ကို ကိုယ်က ချက်ချင်းလိုက်နိုင်သည်။ မှားသည် မှန်သည်ဆိုသည်မှာ နောက်ပိုင်း။

သို့ရာတွင် ဆုံးဖြတ်ချက်တစ်ခုကို အလျှင်အမြန်ချတတ်သော အကျင့် ကို ကျော်စွာမနှစ်သက်ပါ။ ပြီးတော့လဲ ဆရာမ၏မျက်နှာ။ အကယ်၍ သူသည် သိန်းနိုင်၏ စိန်ခေါ်မှုကိုလက်ခံပြီး သိန်းနိုင်နှင့် ယှဉ်ပြိုင်ထိုးသတ် ကြသည် ဆိုပါစို့။ ထိုအကြောင်းကို ဆရာမသာသိသွားခဲ့လျှင် ရင်ထုမနာဖြစ်တော့မည်။ ကျော်စွာ လူဆိုးကလေးဖြစ်သွားပြီဟုဆိုတော့မည်။ ဒီလိုတော့ အဖြစ်မခံနိုင်ပါ။ ဆရာမသည် သူ့ကို လူလိမ္မာကလေးအဖြစ် သာ မြင်စေချင်သည်။ ထို့ကြောင့် သိန်းနိုင်၏ ဒုတိယအကြိမ် ချိန်းဆိုချက် ကိုလည်း ကျော်စွာ ငြင်းပယ်လိုက်ပြန်သည်။





ကြောက်တယ်ဟုဆိုချင်လည်းဆို ပါစေတော့။ သိန်းနိုင်လိုလူမျိုးက သူ့ကို 'လူကြောက်' ဟု ထင်ခြင်းထက် ဆရာမက သူ့ကို 'လူဆိုး'ဟု ထင်သွားမည်ကို ပို၍ စိုးရိမ်မိပါသည်။

သို့ရာတွင် ပြဿနာသည် အဆုံးမသတ်သေး။

ညနေကျောင်းဆင်းသောအခါ ကျော်စွာ၊ အေးမြင့်သောင်း၊ လှဝင်းဦး၊ ဇော်ခင်မော်နှင့် ချစ်ကိုဝင်းတို့သည် အိမ်သို့ အတူတူလျှောက်၍ ပြန်လာကြသည်။ သချိုင်းထဲက ဖြတ်၍ လာကြသည်။ အိမ်သို့ အမြန်ဆုံးရောက်နိုင်သော ဖြတ်လမ်း။

သင်းချိုင်းအလယ်လောက် ရောက်သောအခါ လူသွားလမ်းကလေးကိုပိတ်၍ ရပ်နေသောသူများကို တွေ့ရသည်။ သိန်းနိုင်နှင့် အပေါင်းပါများ။

"ဒီလမ်းကမှ လာပါမလားလို့ စိုးရိမ်လိုက်ရတာကွာ"

သိန်းနိုင်၏ ခနဲ့သံ။

ကျော်စွာသည် သိန်းနိုင်နှင့် ဆယ်ပေအကွာလောက်သို့ လျှောက်သွားသည်။ ကျော်စွာက ပြောသည်။

"လမ်းဖယ်ပေးပါကွာ၊ ငါတောင်းပန်ပါတယ်"

"ငါ့ကို ကျော်ပြီး သွားနိုင်ရင် သွားလေကွာ။ ငါကတော့ လမ်းဖယ်ပေးနိုင်ဘူး"

"ငါ မင်းနဲ့ရန်မဖြစ်ချင်ဘူး။ ကျောင်းသားအချင်းချင်း ရန်ဖြစ်တာ ကောင်းပါဘူးကွာ"

"လူကြားကောင်းအောင် ဟာစ်မနေစမ်းပါနဲ့ကွာ။ ကြောက်ရင် ကြောက်တယ် ပြောစမ်းပါ"

"ဟေ့ကောင် . . လမ်းဖယ်မယ်ဖြီး၊ မဖယ်ဘူးလား"

လှဝင်းဦး ဒေါသဖြစ်လာပြီ။ သိန်းနိုင်နားသို့ ကပ်ရန် ခြေလှမ်းပြင်သည်။ အေးမြင့်သောင်းက ဆွဲထားလိုက်သည်။ ဇော်ခင်မော်သည်. အသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆတ်ဆတ်တုန်နေသည်။ သို့ရာတွင် ကျော်စွာသည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

"လမ်းမဖယ်ရင်လည်း နေပါကွာ၊ ငါတို့ နောက်ကြောင်းပြန်လှည့်ပြီး တခြားလမ်းက သွားရုံပဲရှိတယ်။ မင်းနဲ့တော့ ရန်မဖြစ်ချင်ဘူး"

ကျော်စွာတို့နောက်ဖက်သို့ ပြန်လှည့်၍ လျှောက်ရန်ပြင်သည်။ သို့ရာတွင် နောက်ကျလေပြီ။ သိန်းနိုင်၏လူများသည် ကျော်စွာတို့ကို နောက်ဖက်မှ ပိတ်ရပ်ထားလိုက်ကြပါပြီ။ မတတ်နိုင်။ ကျော်စွာသည် သိန်းနိုင်ဘက်သို့ လှည့်လိုက်သည်။

"ကောင်းပြီ သူငယ်ချင်း။ မင်းက မလုပ်လို့မဖြစ်အောင် စီစဉ်ထားတာကိုး။ ဒါပေမယ့် မင်းနဲ့ငါနဲ့ နှစ်ယောက်ချင်းပဲ ယှဉ်မယ်။ ဓားလည်းမကူရဘူး၊ လက်နက်မသုံးရဘူး"

"ဒီလိုမှပေါ့ကွ"

သိန်းနိုင်သည် ဘောင်းဘီအနက် ဝတ်ထားသည်။ မြေပုံတစ်ခုပေါ်မှာ မတ်တတ်ရပ်နေသည်။ ကရာတေးသမားတစ်ယောက်အတွက် အမြင့်မှာနေခြင်းသည် တစ်ပန်းသာသည်။

ကျော်စွာသည် ကျောင်းမှာဝတ်သော ပုံစံအတိုင်းပင်။ လုံချည်ကိုတိုတိုဝတ်သည်။ လွယ်အိတ်နှင့် တိုက်ပုံအင်္ကျီကို အေးမြသောင်းတို့ထံ ပစ်ပေးလိုက်သည်။ သူသည် သိုင်းသမားတစ်ယောက်၏ ရပ်ပုံ ရပ်နည်းအတိုင်းနေသည်။ ခြေထောက်ကို နည်းနည်းကား၊ ဒူးကို နည်းနည်းကွေး၊ ကျော်စွာသည် သိုင်းပညာ၏ ခံဝန်ချက်အတိုင်း တစ်ဖက်မစမချင်း သူက မစဟု ဆုံးဖြတ်ထားသည်။

သိန်းနိုင်သည် သူရပ်နေသောမြေပုံရှိ သေသူ၏ အမည်မှတ်တိုင်ကို လက်ဝါးစောင်းဖြင့် ရိုက်လိုက်သည်။ မှတ်တိုင်သည် သိပ်ဆွေးမြည့်နေပြီ မဟုတ်သော်လည်း ထက်ပိုင်းကျိုးသွားသည်။ မှတ်တိုင်သည် သိန်းနိုင်



ကို ဘာမျှပြန်မလုပ်ချေ။ သို့ရာတွင် ကျော်စွာသည် လူသေမဟုတ်။ ကျော်စွာ ပြုံးလိုက်သည်။

တိုက်ပွဲ စလေပြီ။

နေရာသည် ဆင်ခြေလျှော။ သိန်းနိုင်က အထက်ပိုင်းမှာ။ ကျော်စွာက အောက်ပိုင်းမှာ။ ကျော်စွာ ထင်ထားသည့်အတိုင်းပင် သိန်းနိုင်သည် သူ့ထံသို့ ခုန်ပျံ၍ ဝင်လာခဲ့သည်။ ကျော်စွာရှောင်သည်။ သိန်းနိုင်သည် မြေကြီးပေါ်သို့ အနေအထားမှန်မှန် ကျလာသည်။ ယခု ကျော်စွာက အထက်မှာ၊ သိန်းနိုင်က အောက်မှာ။

သိန်းနိုင်သည် ကျော်စွာထံ ပြေးဝင်လာခဲ့သည်။

"ယား . ."

ကျော်စွာသည် ညာခြေထောက်ကို နောက်တစ်လှမ်းဆုတ်သည်။ သူ့ကိုယ်သည် တစ်စောင်းအနေအထား ဖြစ်သွားသည်။ ထိုအနေအထားသည် ရန်သူတိုက်ကွက်၏ ဧရိယာကို ကျဉ်းသွားစေသည်။ ဒါ သိုင်းပညာပါပဲ။

ကျော်စွာသည် ဝင်ရောက်လာသော သိန်းနိုင်၏ လက်သီးကို ဘယ်လက်ဖြင့် ဖယ်လိုက်သည်။ သူ့အရှိန်နှင့်သူ ယိုင်ထွက်သွားသော သိန်းနိုင်၏ ဝမ်းဗိုက်ဆီသို့ ခြေဖြင့် လှမ်းခတ်လိုက်သည်။

"အင့် . ."

သိန်းနိုင် ရှေ့သို့ငိုက်ကျသွားသည်။ ကျော်စွာ လိုက်ဝင်မသွားမိသည်မှာ ကံကောင်းသည်ဟု ဆိုရမည်။ သိန်းနိုင်သည် ရှေ့သို့ငိုက်နေရာမှ ကိုယ်ကို တစ်ပတ်လှည့်ပြီး ဘေးကန်ကန်လိုက်သောကြောင့်ဖြစ်သည်။

ကျော်စွာနှင့်သိန်းနိုင်တို့ ပူးကပ်သွားကြပြန်သည်။ အခြေအနေသည် ရှုပ်ထွေးသွားသည်။ လက်သီးတွေ ရှုပ်နေသည်။ ခြေထောက်တွေ ရှုပ်နေသည်။ လုံချင်း ပြန်ကွာသွားသည်။ ကျော်စွာနှခေါင်းက သွေးတွေကျနေသည်။

လှဝင်းဦးသည် လက်သီးကိုဆုပ်လိုက်သည်။ သူသည် ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကို အားမရတော့ချေ။ သူသည် ဂျူဒိုသမား မဟုတ်လား။ ဖော်ခင်မော်သည် ခြေထောက်အောက်က မြေကြီးခဲကို ဖနှောင့်ဖြင့်ပေါက်သည်။ အေးမြင့်သောင်းသည် ကျော်စွာတိုက်ပုံအကျီကို ဆွဲချေပစ်နေမိသည်။ ချစ်ကိုဝင်းတစ်ယောက်သာ တည်တည်ငြိမ်ငြိမ်ရှိနေသည်။ မည်သို့ပင်ဖြစ်ပါစေ၊ သူတို့အားလုံး ကျော်စွာအတွက် စိတ်ပူနေကြသည်။

ကျော်စွာသည် နှာခေါင်းမှ သွေးများကို လက်ဖမိုးဖြင့် သုတ်လိုက်သည်။ သူ့အတွေးထဲတွင် စောစောအောင်၏ မျက်နှာသည် ဖျတ်ခနဲပေါ်လာခဲ့သည်။ အို . . ဘာဆိုင်လို့လဲ။ သို့ရာတွင် သူ အားတက်လာခဲ့သည်။

နောက်တစ်ကြိမ် လူချင်းပူးကပ်မိပြန်ပြီ။ အခြေအနေသည် ရှုပ်ထွေးသွားပြန်သည်။ ကျော်စွာသည် သိန်းနိုင်ကို သူက ထိုးဖို့ထက် သိန်းနိုင်၏ လက်သီး သူ့ကိုမထိဖို့ ကြိုးစားကာကွယ်နေရသည်။ သိန်းနိုင်၏လက်သီး တစ်ချက်မိလျှင် မသက်သာကြောင်း သူသိခဲ့ပြီ။

ထိုအချိန်မှာပင် သိန်းနိုင်၏ ခြေလှမ်းသည် တစ်ကွက်မှားခဲ့ရလေသည်။ ကျော်စွာသည် သူ၏ညာခြေဖြင့် သိန်းနိုင်၏ဘယ်ခြေကို ရိုက်ချလိုက်သည်။ သိန်းနိုင်၏ ခြေနှစ်ချောင်းသည် လေတွင် လွတ်ထွက်သွားသည်။ သိန်းနိုင် မြေသို့လဲလေပြီ။

"အိပ္ပွန်း"

လှဝင်းဦးသည် ဂျပန်လို လှမ်းအော်လိုက်သည်။ 'တစ်ချက်ကောင်း' ဟူသော အဓိပ္ပာယ်ဖြစ်ပါ၏။ ဂျူဒိုပြိုင်ပွဲမှာ ဆိုလျှင်တော့ ပွဲသိမ်းလေပြီ။ ခုလည်းပွဲသိမ်းခြင်းဖြစ်ပါသည်။ မြေသို့လဲကျသွားသော သိန်းနိုင်ပြန်အထတွင် ကျော်စွာ၏ခြေဖျားသည် သိန်းနိုင်၏မေးဖျားကို ထိထိမိမိကြီး ခတ်မိသွားပါသည်။

ခရာမမှုတ်သော်လည်း ပွဲသိမ်းပြီဖြစ်ကြောင်း အားလုံးသိပါသည်။ သိန်းနိုင်သည် ပြန်မထနိုင်တော့ပါ။



"ဂျောက်"ဟူသော အသံနှင့်အတူ သိန်းနိုင်ဘက်မှ လူတစ်ယောက်သည် နံ့ချပ်ကုကို ထုတ်လိုက်သည်။ ကျော်စွာထံသို့ ပြေးဝင်သွားသည်။ အေးမြင့်သောင်းသည် ခြေထိုးခံပေးလိုက်သည်။ လှဝင်းဦးသည် သူ့လက်ကို အသာအယာချုပ်ကိုင်၍ နန်ချပ်ကုကို လုလိုက်သည်။ ပြီးတော့ တူးလက်စ ကျင်းတစ်ခုထဲသို့ ပစ်ချလိုက်သည်။

"မင်းတို့ ယောကျာ်းမဟုတ်ဘူးလား၊ ဝင်မကူရဘူး၊ လက်နက်ယူမလာရဘူးလို့ ကတိခံထားတယ် မဟုတ်လား"

ဖော်ခင်မော်က ဟောက်လိုက်မှ သူတို့ငြိမ်သွားသည်။ သိန်းနိုင်သည် ခေါင်းထောင်လာသည်။ သူ့လူတွေက သူ့ကိုထူမပေးကြသည်။ သူ့ပါးစပ်က သွေးတွေစီးကျနေသည်။ သူ့မျက်လုံးများမှ ဝင်းဝင်းတောက်လျက်။ ကျော်စွာသည် သိန်းနိုင်ကို ကြည့်ရင်းက ပြောသည်။

"နောက်တစ်ခါ မင်း ငါ့ကို စော်ကားရင် ဟောဟိုကကျင်းဟာ မင်းအတွက်ပဲ"

အပြန်လမ်း၌မူ ကျော်စွာအတွက် စဉ်းစားစရာတွေ ပါလာခဲ့သည်။ ခုကိစ္စတွင် သူမှားသည်ဟု ထင်မိသလိုလို ဖြစ်လာခဲ့သည်။ ဆရာမ၏မျက်နှာ၊ မေမေ့မျက်နှာ၊ ပြီးတော့ ခုကိစ္စကို စောစောအောင်သိလျှင် သူ့ကို ဘယ်လိုထင်ပါမည်နည်း။ သိန်းနိုင်နှင့်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းသည် စောစောအောင်ကြောင့်မဟုတ်ဟု သူ့ကိုယ်သူထင်သည်။ သို့ဖြစ်လျှင် စောစောအောင်ကို ထည့်စဉ်းစားဖို့ ဘာလိုသနည်း။ အို . . ရှုပ်ပဲ ရှုပ်လှပါသည်။

တစ်ချိန်တည်းမှာပင် သူမမှားဘူးဟု ထင်လာပြန်ပါသည်။ ခုကိစ္စကြောင့် သူ့မှာ အတွေ့အကြုံတစ်ခု တိုးလာခဲ့သည်။ သူ့ကို၊ မေမေ့ကို စော်ကားလာသူကို လက်တုံ့ပြန်ခြင်းသာ ဖြစ်သည်ဟုယူဆသည်။ ဒီလိုကောင်မျိုးကို ဒီလိုတုံ့ပြန်မှ ရမည်။ နဂါးမှန်းသိအောင် မျက်စောင်းထိုးပြလိုက်ခြင်းမျှသာဖြစ်သည်။ မမှားပါဘူး။ သို့ရာတွင် အိမ်သို့ပြန်နေသော ခြေလှမ်းများသည် အဘယ်ကြောင့် တုံ့နှေးနေရပြန်ပါသနည်း။ ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

မဆုံးဖြတ်တတ်တော့ပါ။ ထို့ကြောင့် မေမေ့ကို ဖွင့်ပြောပြလိုက်ခြင်းဖြစ်ပါသည်။ မေမေ ဆုံးဖြတ်ပါ။

"သူ့က သားကို မုဆိုးမသားလို့ ပြောတယ်မဟုတ်လား။ ပြီးတော့ သားသေသွားရင် မေမေ့ကို လုပ်ကျွေးမယ့်လူ မရှိတော့မှာကို သားက ကြောက်တယ်လို့ ပြောတယ်မဟုတ်လား။ သူပြောတာ မမှန်ဘူးလား။ အားလုံး မှန်ပါတယ်။ ဒါပေမယ့်သူက သားကိုစော်ကားချင်လို့ ဒီစကားကို ပြောတာပဲ။ ခု သားနဲ့သူနဲ့ ယှဉ်ပြိုင်လို့သားအနိုင်ရခဲ့ပြီနော်၊ အေး၊ သူကသားကိုထပ်ပြီး မစော်ကားတော့ဘူးလို့ ပြောနိုင်ပါမလား။ သူ့ဟာ သားကသူ့ကို နိုင်သွားတာကို အခဲမကျေဖြစ်ပြီး သားကို ထပ်စော်ကားဦးမှာပဲ။ တကယ်လို့များ သားကရှုံးခဲ့ရင်လဲ သူ့ကို အခဲမကျေဖြစ်ဦးမှာပဲ။ ဒီလိုနဲ့ပဲ ဒီရန်စဟာ ပြီးဆုံးနိုင်ပါတော့မလား။ ဒီတော့ မေမေ သားကိုအကောင်းဆုံး အကြံတစ်ခုပေးမယ်။ သူဘာပဲပြောပြော၊ ပြန်မတုံ့ပြန်နဲ့။ ဂရုမစိုက်ဘဲ နေလိုက်ပါ။ သူ့ရဲ့စော်ကားမှုတွေဟာ အလိုလိုရပ်သွားလိမ့်မယ်"

ထို့ကြောင့်ပင် သိန်းနိုင်က နောက်တစ်ကြိမ် စိန်ခေါ်လာသောအခါ ကျော်စွာ လက်မခံခဲ့ခြင်းဖြစ်လေသည်။ ကြာလာတော့လည်း သိန်းနိုင်သည် ဘာမျှမပြောတော့ပါ။ သိန်းနိုင်၏စိတ်ထဲတွင် အကျိတ်အခဲ ရှိသေးသည်၊ မရှိသေးသည် မသိရသော်လည်း ကျော်စွာကိုတော့ ထပ်မံစိန်ခေါ်ခြင်း မပြုလာတော့ပါ။ မေမေ့စကား မှန်ပါသည်။

## [၃]

"နင်ပေါက်တာ"

" You ပေါက်တာ"

"နင့်ဟာနင် အသံမပြည်အောင် ကျိတ်ပေါက်ပြီး အနံ့ထွက်လာမှ သူများကို လိုက်လွှဲမချနေနဲ့"

"အမယ် . . You ဟာ You ဂျီ အီး ဂျီလန့်ဖြစ်နေပြီးတော့ များ . ."

"ဟ . . ဘာတွေများမဲ့နိုက်လို့ ဘာတွေပေါက်လို့လဲ . . ဆူညံဆူညံနဲ့"

ပုနိပ်နဲ့တင်မြဝင့်တို့ ငြင်းခုန်နေရာသို့ ချစ်ကိုဝင်းရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။

"မဲ့နိုက်နေတာ မဟုတ်ဘူးကွ၊ ဒီမှာ ဟိုက်ဒြိုဂျင်ဆာလ်ဖိုဒ် နံ့ထွက်လာလို့၊ အဲဒါ သူပေါက်ပြီးတော့ ငါပေါက်တယ်လို့ လာစွပ်စွဲနေတာ"

"မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဟေ့ . . တင်မြဝင့်ရော၊ ပုနိပ်ရော ငြင်းမနေကြနဲ့၊ ဓီဝကိစ္စ ဆောင်ရွက်တာပဲကွာ၊ ရှက်စရာမဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ၊ သူ့ဟာသူ့ပေါက်ပြီး ငါ့ကို သက်သက်လာပြောတာ။ အနံ့ကလည်း တော်တော်ဆိုးတယ်"

"You နော် You"

ချစ်ကိုဝင်းသည် ဒီကိစ္စကို သူဖြေရှင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

"ကဲ၊ ကဲ . . . ခုတစ်ခါတော့ ရှိပစေတော့။ နောက်ဆိုရင် ဒီလိုလုပ်၊ အနံ့ထွက်လာပြီဆိုရင် အနီးတစ်ဝိုက်မှာရှိတဲ့လူတွေက အိမ်က ဘာဟင်းနဲ့ ထမင်းစားလာတယ်ဆိုတာ ပြောရမယ်။ ပြီးတော့ အနံ့ကို သေသေချာချာ ရှူကြည့်ရမယ်။ ဥပမာကွာ၊ အနံ့က ဘဲဥဆိုပါတော့၊ ဒါဆိုရင် ဘဲဥဟင်းနဲ့ ထမင်းစားလာတဲ့လူ ပေါက်တာပဲ"

"ဟ . . ငါက စုံထောက်မှ မဟုတ်ဘဲကွ။ အနံ့ရှူရုံနဲ့ ဘာဟင်းစားလာပြီး ပေါက်တဲ့အနံ့ဆိုတာ ဘယ်ခွဲခြားနိုင်ပါ့မလဲ"

"ရပါတယ်ကွ"

"အေး . . ကောင်းပြီ။ ဒီလိုဆိုရင် နောက်ကို အနံ့ထွက်လာရင် မင်းကိုလာခေါ်မယ်။ မင်း လာရှူကြည့်ပြီးတော့ ဘာဟင်းဆိုတာ ခွဲခြားပေး"

ချစ်ကိုဝင်း မျက်နှာရှုံ့မဲ့သွားသည်။ သူ့စကားသူ ထိသွားသောကြောင့် ထိုနေရာမှ အမြန်လစ်ထွက်သွားသည်။

ပုနိပ်သည် တင်မြဝင့်ကို ဘယ်လိုနံ့ရမည်နည်းဟု အကြံထုတ်နေသည်။ သူသည် ခေသူမဟုတ်ပါ။ သူ့အမည်ရင်းသည် ပုနိပ်မဟုတ်၊ အေးမြင့်ဖြစ်သည်။ ငယ်စဉ်က အတန်းထဲက ကောင်မလေးတစ်ယောက်ကို လိုက်နောက်သဖြင့် ကောင်မလေးက သူ့ခေါင်းကို ထိုးနှင့်ရိုက်သည်။ သူ့ခေါင်းမှာ အဖုကြီးဖြစ်သွားသည်။ သူ့ခေါင်းက အဖုကြီးကို အတန်းထဲမှာ တစ်ချိန်လုံးနှိပ်နေရသောကြောင့် သူ့ကို 'အဖုနှိပ်' ဟု ဝိုင်းစကြသည်။ 'အဖုနှိပ်'မှသည် 'ဖုနှိပ်'၊ ထိုမှ 'ပုနိပ်'ဖြစ်လာခဲ့ရခြင်းတည်း။ သမိုင်းကြောင်းနှင့် လာသောပုနိပ် ဖြစ်ပါသည်။

"ဟော့ . . တင်မြဝင့်"



"ဘာလဲ"

"ဒီမှာ . သေသေချာချာနားထောင်"

ပုနိပ်သည် 'ဘူကန'အသံမြည်အောင် တစ်ချက်ပေါက်လိုက်သည်။ တင်မြဝင့်ပင် လန့်သွားလေသည်။

"ကဲ . . ကြားတယ်မဟုတ်လား"

"အဲဒါ ဘာဖြစ်သလဲ၊ နင်ပေါက်တာပဲ"

"အေးပါ၊ ငါပေါက်တာပါ။ နောက်ဆိုရင် မှတ်ထား၊ အသံမြည်အောင်ပေါက်ရင် ငါပေါက်တာ။ အသံမမြည်ဘဲ အနံ့ချည်းပဲ ထွက်လာရင်တော့ နင်ပေါက်တာ"

"အမယ် . . ဒီလိုဘယ်ရမလဲ"

"ဒါဖြင့် . . နင်လဲ အသံမြည်အောင်ပေါက်လေ"

"တော်စမ်းပါဟာ"

"မင်္ဂလာပါဆရာမ"

ဆရာမ ဝင်လာသောကြောင့် သူတို့၏ ငြင်းခုံခြင်းကို ရပ်နားလိုက်ကြသည်။

ဆရာမ၏အမည်မှာ ဒေါ်ခင်မေမြင့်ဖြစ်ပါသည်။ ကျော်စွာတို့ အတန်းပိုင်ဆရာမဖြစ်သည်။ မြန်မာစာသင်သည်။ ကျော်စွာ သိရသလောက်ဆိုလျှင် ဆရာမသည် ကျန်းမာရေးမကောင်းပါ။ အလွန်ချူချာသည်။ ရောဂါလည်းစုံသည်။ သို့ရာတွင် ဆရာမသည် ကျောင်းပျက်ခဲလှပါသည်။ နေမကောင်းလျက်ကကျောင်းလာသည်။ စာသင်ဖြစ်အောင် သင်သည်။ လူတို့တွင် အထက်သန်ဆုံး ဝါသနာတစ်မျိုးစီရှိကြသည်ဆိုလျှင် ဆရာမ၏ ဝါသနာသည် စာသင်ခြင်းပင်ဖြစ်ပါလိမ့်မည်။ ဆရာမသည် ကျောင်းစာတစ်ခုတည်းကို မသင်ပါ။ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးတို့ကိုပါသင်သည်။ ကြည့်ပါ။

"ဤတွင်ဆန်းသစ်တယ်ဆိုသော ကောင်းတဲ့အလုပ်တစ်ခုဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့အားလုံး သိပါတယ်။ ဒါပေမယ့် အခြေခံမပါတဲ့ တီထွင်ဆန်းသစ်မှုဟာတော့ အလကားပဲ။ ဥပမာ . . မြန်မာစာပေရဲ့ အခြေခံဟာ ဗျည်းသုံးဆယ့်သုံးလုံး မဟုတ်လား၊ မြန်မာစာပေအရေးအသားဟာ ခေတ်အလိုက်ပြောင်းလဲလာခဲ့တယ်။ ရေးဖွဲ့ဟန်တွေဟာ တစ်မျိုးပြီးတစ်မျိုး တီထွင်ဆန်းသစ်လာခဲ့တယ်။ အဲဒီလို ရေးဟန်တွေတီထွင်ခဲ့ပေမယ့် ကကြီးခကွေးမပါဘဲ စာရေးလို့ ရမလား။ မရဘူးနော်။ နောက် . . ဥပမာတစ်ခု ပြောရဦးမယ်၊ မင်းတို့ရူပဗေဒမှာ စက်အကြောင်း သင်ပြီးခဲ့ပြီမဟုတ်လား။ စက်ရဲ့ အခြေခံအပိုင်းတွေဟာ ဘာလဲ။ ဝက်အူတို့၊ သပ်တို့၊ ချွေးသွားစိပ်တို့၊ ဘီးတို့၊ ဝင်ရိုးတို့ မဟုတ်လား။ အေး . . ခုအချိန်မှာ အသံထက်မြန်တဲ့ လေယာဉ်တို့၊ ကွန်ပျူတာတို့၊ ကုန်ကုန်ပြောမယ်ကွာ၊ မိုင်သန်းပေါင်းများစွာဝေးတဲ့ အင်္ဂါဂြိုဟ်ကို သွားနိုင်တဲ့ယာဉ်အထိတောင် တီထွင်နိုင်နေပြီ၊ အဲဒီအာကာယာဉ်မှာရော စက်ရဲ့ အရိုးဆုံး၊ အခြေခံအကျဆုံးဖြစ်တဲ့ ဝက်အူတို့၊ ချွေးသွားစိပ်တို့ကို ထည့်မသုံးလို့မရဘူး။ ဆိုလိုတာက ဘယ်တီထွင်မှုမှာမဆို၊ အခြေခံကို ပစ်ပယ်လို့မရဘူး ဆိုဟာပဲ၊ ဒီလိုပါပဲကွယ်၊ တို့မြန်မာယဉ်ကျေးမှုရဲ့ အခြေခံဟာ ဘာလဲ၊ ရိုးရာအစဉ်အလာ ဓလေ့ထုံးစံတွေပါပဲ။ တို့တစ်တွေဟာ ခေတ်အခြေအနေအလျောက် နေပုံထိုင်ပုံတွေ၊ ဝတ်စားဆင်ယင်မှုတွေ၊ ဆံပင်ပုံစံတွေ ပြောင်းလဲခဲ့ကြတယ်၊ ခေတ်စကားအရဆိုရင်တော့ တီထွင်ဆန်းသစ်ကြတယ်၊ မိုဒန်ပေါ့ကွယ်။ အေး. .ဒါပေမဲ့ အဲဒီလိုတီထွင်ဆန်းသစ်ကြရာမှာ အခြေခံကို ပစ်ပယ်လို့မရပါဘူး၊ ဆိုလိုတာကတော့ ရိုးရာ အစဉ်အလာ ဓလေ့ထုံးစံကို ပစ်ပယ်လို့မရပါဘူး။ဆက်လက်ထိန်းသိမ်းကြရမယ်။ ဥပမာ . . မင်းတို့ဟာ လုပ်ရှားသွားလာမှု လွယ်ကူအောင်ဘောင်းဘီ ဝတ်ချင်ဝတ်ကြလိမ့်မယ်။ ဒါပေမယ့် လူကြီးသူမတွေရှေ့ကဖြတ်သွားရင် ခေါင်းငုံ့သွားကြရမယ်။ မင်းတို့ဟာ တမလွန်လို့ခေါ်တဲ့ နောက်ဘဝကို ယုံကြည်ချင်မှ ယုံကြည်ကြမယ်။ ဒါပေမဲ့ . . မင်းတို့ကုသိုလ်ကောင်းမှု ပြုကြရမယ်။ မင်းတို့ဟာ နေ့စဉ်နေ့တိုင်း ဘုရားရှိခိုးချင်မှ ရှိခိုးမယ်၊ ဒါပေမယ့် . . မင်းတို့ဟာ မင်္ဂလာတရားတော်ကို အခြေ



တမ်း ကျင့်သုံးကြရမယ်။ နိဂုံးချုပ်အားဖြင့်တော့ မင်းတို့ရဲ့ ဝတ်စားဆင်ယင်ပုံတွေ၊ စကားအသုံးအနှုန်းတွေ ဘယ်လိုပဲပြောင်းပြောင်း၊ တို့ရဲ့မြန်မာ့ရိုးရာအစဉ်အလာ ဓလေ့ထုံးစံရဲ့ အနှစ်သာရကို မပစ်ပယ်ကြဘူးဆိုရင် မြန်မာ့ယဉ်ကျေးမှုဟာ မပြောင်းလဲ မပျက်စီးဘဲ အစဉ်တည်တံ့နေလိမ့်မယ်"

ဆရာမကို ကျော်စွာ လေးစားကြည်ညိုပါသည်။ ဆရာမစကားကို နားထောင်ပါသည်။ ဆရာမသည် ခေတ်ဟောင်းက အတွေးအခေါ်ဟောင်းများကို စွဲမြဲစွာ ဆုပ်ကိုင်မထားပါ။ ခေတ်သစ်အတွေးခေါ်သစ်ကို ကြိုဆိုပါသည်။ သို့ရာတွင် အသစ်တည်ဆောက်ရာ၌ အဟောင်းကအသစ်ကို မပစ်ပယ်သင့်ကြောင်း ထောက်ပြခဲ့ပါသည်၊ ဆရာမလို လူကြီးမျိုး ဘယ်နှစ်ယောက်များရှိပါသလဲ၊ ကျော်စွာမသိပါ။ အများကြီးရှိစေချင်ပါသည်။

"ကဲ . . ဒီနေ့ သဒ္ဒါနေ့မဟုတ်လား၊ စာမေးပွဲမှာ မေးလေ့ရှိတဲ့ သဒ္ဒါအထားအသို မှန်ကန်အောင်စီစဉ်ပါ ဆိုတဲ့ မေးခွန်းအကြောင်း ပြောကြရအောင်၊ အေးလေ . . စာမေးပွဲမေးခွန်းဆိုပေမယ့် မြန်မာစာရေးသားရာမှာ တစ်သက်လုံး ဂရုစိုက်သွားသင့်တဲ့ အချက်အလက်တွေလို့ မှတ်ထားကြပါ"

"မောင်အေးမြင့်တို့ ဘာဖြစ်နေကြတာလဲ"

ဆရာမအမေးကြောင့် ပူနိပ် လန့်ဖျပ်သွားသည်။

"ဟိုဥစ္စာ သူပေါက်တာဆရာမ"

"ကဲ . . ထိုင်တော့၊ သေသေချာချာနားထောင်၊ မင်းတို့ကို ဆရာမဆုံး သတိပေးချင်တာက ကြိယာဝိသေသနနောက်မှာ အသုံးခံပုဒ်မထည့်ရဘူးဆိုဟာကိုပဲ။ ဥပမာ . . သူသည် လျင်မြန်စွာပြေးသည်လို့ပဲ ရေးရမယ်။ လျင်မြန်စွာဖြင့် ပြေးသည်လို့ မရေးရဘူး။ အဲ . . ပြီးတော့ မင်းတို့စာရေးတဲ့အခါ အောက်ဆုံးက လေးစားစွာဖြင့်လို့ရေးတယ် မဟုတ်လား။ အမှန်က လေးစားစွာလို့ပဲ ရေးရမယ်။ ဖြင့်ထည့်ရေးချင် ရင် လေးစားခြင်းဖြင့်လို့ ကြိယာကို ကြိယာနာမ်လုပ်ပေးရမယ်။ ကဲ . . မှာကြည့်ကြ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမသည် ကျောက်သင်ပုန်းပေါ်တွင် စာတစ်ကြောင်းကို ရေးပြသည်။

"ကိုက်မည့်ဟန်ပြင်နေသော သူဌေးကြီး၏ခွေးကို ကြိုးဖြင့် ချည်ထားလိုက်သည်"

ကျော်စွာနှင့်ကျောင်းသားအချို့က ဝါကျ၏သဘောကို နားလည်သဖြင့် ကျိတ်ရယ်ကြသည်။

"ဒီဝါကျကို ကြည့်စမ်းပါဦး၊ အမှန်တကယ် ကိုက်မည့်ဟန်ပြင်နေတာက ဘယ်သူလဲ"

"ခွေး"

"အေး . . ဟုတ်တယ်၊ ဒါပေမယ့် သဒ္ဒါအထားအသိမှားတော့ ကိုက်မည့်ဟန်ပြင်နေတာက ဘယ်သူလို့ အဓိပ္ပါယ်ရောက်သွားသလဲဟေ့"

"သူဌေးကြီး"

"ကြည့်စမ်း၊ သဒ္ဒါအထားအသိမှားတာနဲ့ ဝါကျက ရယ်စရာဖြစ်သွားတယ်"

ဆရာမက ရယ်စရာကောင်းသည်ဟု မပြောခင်ကပင် တဟားဟား တဝါးဝါး ရယ်နေကြပြီဖြစ်သည်။ ဇော်ခင်မော်ကမူ ကျော်စွာကို တိုးတိုးကလေး ကပ်ပြောသည်။

"ဟေ့ကောင် . . မင်းလည်း စောစောအောင်ဆီ စာရေးရင် 'ချစ်လှစွာသော ဦးတင်အောင်၏သမီး စောစောအောင် သို့' လို့ ရေးပါလား ကွ"

"ငြိမ်ငြိမ်နားထောင်စမ်းပါကွာ"

ဆရာမ စာဆက်သင်သည်။

"ပြီးတော့ ရှိသေးတယ်၊ ဝါကျတစ်ခုမှာ ကြိယာဝိသေသနဟာ ကြိယာနဲ့ ကပ်လျက်မှာ ရှိနေရမယ်။ ဥပမာ . . ကျွန်တော် အလွန်ထမင်းဆာသည်လို့ မရေးရဘူး။ ကျွန်တော် ထမင်းအလွန်ဆာသည်လို့ ရေးရမယ်။ ကဲ . . မေးစရာရှိသေးလား"



သိန်းနိုင်သည် မတ်တတ်ထရပ်သည်။ ဆရာမက လှမ်းကြည့်သောအခါ လုံချည်ကို ပြင်ဝတ်ပြီး ပြန်ထိုင်သွားသည်။ ဆရာမသည် သိန်းနိုင်ကို တစ်စုံတစ်ရာ ပြောမည်ဟု ဟန်ပြင်သည်။ ကျော်စွာ မတ်တတ်ထရပ်သောကြောင့် မပြောဖြစ်ချေ။

"ဆရာမ . . ကျွန်တော် တစ်ခုမေးပါရစေ"

"မေးပါ . . မေးပါ"

"ခုနပြောသလို ကြိယာဝိသေသနက ကြိယာနဲ့ကပ်လျက်ရှိရမယ်ဆိုတော့ ဝမ်းမြောက်သည်ကို ဝမ်းအလွန်မြောက်သည်လို့ ရေးလို့ရမလား၊ အလွန်ဝမ်းမြောက်သည်လို့ ရေးရမလား"

"အေး . . ဒီမေးခွန်းဟာ မေးသင့်တဲ့ မေးခွန်းပဲ၊ မြန်မာစာမှာ အနက်ရင်း အနက်ပွားဆိုပြီး အဓိပ္ပါယ်နှစ်မျိုးထွက်တဲ့ စကားလုံးတွေရှိတယ်။ ခုန မောင်ကျော်စွာပြောသလို ဝမ်းမြောက်သည် ဆိုတာဟာ အနက်ရင်းအရ ဆိုရင် ဝမ်းဗိုက်ကအထက်ကိုမြင့်တက်သွားတယ်လို့ အဓိပ္ပါယ်ရတယ်။ ပြီးတော့ အဲဒီစကားလုံးတွေဟာ တွဲစာလုံးတွေပဲ၊ တွဲလျက်ရေးမှ အဓိပ္ပါယ်ပေါက်နိုင်တယ်။ စကားလုံးတစ်လုံးနဲ့တစ်လုံး ခွဲရေးလိုက်ရင် လိုချင်တဲ့ အဓိပ္ပာယ်ကို မရနိုင်ဘူး။ ဒါကြောင့်မို့ 'ဝမ်း' နဲ့ 'မြောက်' ကိုခွဲပြီး ဝမ်းအလွန်မြောက်သည်လို့ မရေးသင့်ဘူး၊ အလွန်ဝမ်းမြောက်သည်လို့ပဲ ရေးသင့်တယ်"

* * *

မိုးသည်ရွာနေ၏။

ဆရာမများအခန်းမှ ကျော်စွာထွက်လာသောအခါ မိုးသည် သည်းထန်တုန်း။ ဆရာမက ကျောင်းခေါ်ချိန်စာရင်းများ လုပ်ခိုင်းနေသောကြောင့် အိမ်အပြန်နောက်ကျသည်။ ကျောင်းဝင်းထဲမှာ ကျောင်းသားတစ်ယောက်မျှ ရှိတော့မည်မထင်။

**သီရိထွေးတဆုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှေ့ ဆင်ဝင်သို့ရောက်သောအခါ စောစောအောင်နှင့် စုစုတို့ မတ်တတ်ရပ်နေသည်ကို တွေ့ရသည်။

"ဟော့၊ မပြန်ကြသေးဘူးလား"

စုစုသည် ကျော်စွာ့ထီးကို လှမ်းကြည့်သည်။

"တို့မှာ ထီးမပါလို့"

"ထီးမပါရင်လဲ နင်တို့အိမ်နားကိုကြုံတဲ့ လူတစ်ယောက်ယောက် ထီးနဲ့ လိုက်သွားရင် ပြီးရော၊ ဒီအချိန်ထိ နင်တို့နှစ်ယောက်တည်း ဒီမှာရပ်နေတာ မသင့်တော်ဘူး"

"မဟုတ်ပါဘူးဟ၊ ငါတို့နှစ်ယောက် အတန်းထဲမှာ စာကူးနေတာ။ တို့ထွက်လာတော့ တို့အိမ်နားကို သွားမယ့်ပုတွေ မရှိတော့ဘူး"

"စာကူးတာများ ဘယ်တော့ကူးကူး ရတာပဲ။ တကယ်လို့ မိုးက ညမိုးချုပ်ထိ ရွာနေရင် နင်တို့ ဘယ်လိုလုပ်မလဲ"

ခုချိန်ထိ စောစောအောင်က စကားတစ်ခွန်းမှ မပြောသေးချေ။ စုစုကသာ ကျော်စွာနှင့် အမေးအဖြေလုပ်နေသည်။ စောစောအောင်သည် ကျော်စွာကို စိတ်ဆိုးမိသည်။ ဒုက္ခရောက်နေသူကို အားပေးကူညီရမည့်အစား သူကပင် အပြစ်တင်စကား ပြောနေသေးသည်။ စောစောအောင်သည် ကျော်စွာကို မကြည့်တော့ဘဲ တစ်ဖက်သို့ လှည့်နေလိုက်သည်။ မိုးသည် ရွာတုန်းပါ။

"ရော့ . . ငါ့ထီးယူသွား၊ ညနေကျမှ နင်တို့အိမ်မှာ ငါလာယူမယ်"

ကျော်စွာအသံကို ကြားရသည်။

"နင်ကကော"

စုစုအသံကို ကြားရသည်။

"ငါက ယောကျာ်းလေးပဲ"

စောစောအောင်သည် ကျော်စွာဘက်သို့ လှည့်ကြည့်သည်။ ဆင်ဝင်အောက်မှာ ကျော်စွာမရှိတော့ပါ။ ကျော်စွာသည် လွယ်အိတ်ကို ပိုက်လျက်



မိုးရွာထဲတွင် လျှောက်သွားနေပြီ ဖြစ်ပါသည်။ စောစောအောင်သည် စုစုလက်ထဲမှ ကျော်စွာ့ထီးကို လှမ်းယူမိသည်။

ကျော်စွာ့ထီးကလေး၏ လက်ကိုင်တွင် K.S ဟူသော စာလုံးကလေးကို မညီမညာထွင်းထားသည်။ ဘလိတ်ဓားနှင့်ထွင်း၍ သဘော်ဆေးအဖြူသုတ်ထားခြင်းဖြစ်ပါလိမ့်မည်။ ထီး၏ခေါင်သည် ပြုတ်ထွက်သွားသောကြောင့် ပြန်ချုပ်ထားခြင်းဖြစ်ပါသည်။ ထီးပိတ်လျက် လမ်းလျှောက်သောအခါ ထီးကို ကတ္တရာလမ်းပေါ်ထောက်ကာ ထောက်ကာ လျှောက်တတ်သောကြောင့် ထီး၏ ထိပ်ကအချွန်သည် ကောက်၍နေပါပြီ။

စောစောအောင်သည် စုံထောက်တစ်ဦး မဟုတ်ပါဘဲလျက် ကျော်စွာ၏ထီးကို အဘယ်ကြောင့် စစ်ဆေးနေရပါသနည်း။

ကျော်စွာ့ထီးကလေးသည် တော်တော်စုတ်နေပါပြီ။ သို့ရာတွင် ဒီနေ့အဖို့တော့ စောစောအောင်ကို အိမ်ရောက်သည်အထိ မိုးဒဏ်မှ ကာကွယ်ပေးနိုင်ပါတော့မည်။ ညနေ ကျော်စွာထီးလာယူလျှင် ကျေးဇူးတင်ကြောင်းတော့ ပြောရမည်ဟု စောစောအောင်စိတ်ကူးမိ၏။

"သွားကြစို့လေ၊ ဘာစဉ်းစားနေတာလဲ"

စုစုကမေးပါသည်။

"ကျေးဇူးတင်ပါတယ်ဟာ"

"ဘာလဲဟ နင်ကလဲ၊ ဘာကျေးဇူးတင်တာလဲ။ ငါက ဘာလုပ်လို့လဲ"

စောစောအောင် ရှက်သွားသည်။ ထီးကို ကမန်းကတန်း ဆွဲဖွင့်သည်။ ရေရချေ။

"ဟေ့ မိစော၊ ပတ်ထားတဲ့ ကြိုးကိုမဖြုတ်ဘဲ ထီးဖွင့်လို့ ဘယ်ရမလဲ"

စောစောအောင် ထပ်ရှက်သွားပြန်ပါသည်။ ရှက်သူတို့ ထုံးစံအတိုင်း သုပ်မိလုပ်ရာလုပ်ရင်း အမှားမှားအယွင်းယွင်းဖြစ်ပြီး ထပ်ရှက်ရခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စောစောအောင်သည် ထီးကို အမြန်ဆုံးဖွင့်၍ ဆင်ဝင်အောက်မှ ထွက်လိုက်သည်။

"ဟော့ . . ငါ့ကိုလဲ ခေါ်ဦးလေဟာ"

စုစုသည် ထီးအရိပ်အောက်သို့ ပြေးဝင်လိုက်လာသည်။

"မီစော၊ နင်ဘာဖြစ်နေတာလဲ၊ အယောင်ယောင်အမှားမှားနဲ့"

"ဘာမှ မဖြစ်ပါဘူးဟာ"

"ငါသိပါတယ်ဟာ၊ နင်ကျော်စွာကို ကျေးဇူးတင်ကြောင်း ပြောချင်နေတယ် မဟုတ်လား"

စောစောအောင် တတိယအကြိမ်ရှက်သွားပြန်သည်။ စုစု၏စကားသည် မှန်နေပါသည် မဟုတ်ပါလား။

"မဟုတ်ပါဘူးဟာ"

"ဒါဖြင့် ကျော်စွာကို ကျေးဇူးမတင်ဘူးပေါ့"

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ သူ့ထီးကိုငှားတာ ကျေးဇူးတင်ရမှာပေါ့"

"အေးလေ၊ ငါကလဲ ဒါကိုပဲ ပြောတာပါ"

သို့ရာတွင် စုစု၏မျက်နှာက မရှိုမချဉ်။ သူ့နှုတ်ခမ်းက ပြုံးစိစိ။

"မိစုနော်၊ ဘယ်လိုဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲဟ"

"ဘာဖြစ်လို့ ပြုံးတာလဲ၊ ရုပ်ကိုက စပ်ဖြဲဖြဲ"

"သြော် . . ရယ်စရာတစ်ခု တွေးမိလို့"

"ဘာရယ်စရာရှိလို့လဲ"

"ဟိုဥစ္စာလေ၊ မိုးရွာနေတာ သိပ်ရယ်ရတာဘဲနော်"

"တော်ပြီ တော်ပြီ၊ နင်နဲ့ စကားမပြောတော့ဘူး"

"ဒါဖြင့် ဘယ်သူနဲ့ပြောမှာလဲ"

"ဘယ်သူနဲ့မှ မပြောဘူး"

"ကျေးဇူးတင်ပါတယ်လို့ မပြောတော့ဘူးလား"



စောစောအောင်သည် စုစု၏ လက်မောင်းကို ဆွဲဆိတ်သည်။

သူသည် ပျော်နေသလိုလိုဖြစ်မိသည်။ ဘာ့ကြောင့်မှန်းတော့ သူ မသိ။ မိုးရွာလို့ပျော်သည် မဟုတ်မှန်းတော့ သိပါသည်။

ညနေကျသောအခါ ကျော်စွာသည် ထီးလာမယူချေ။

ကျော်စွာမိုးမိပြီး ဖျားနေသောကြောင့် ဖြစ်မည်လားဟု၍ တွေးမိသေးသည်။ ကျော်စွာသည် တကယ်ပဲ ဖျားနေပြီဆိုလျှင်တော့ သူစိတ်မကောင်းဖြစ်ရပါမည်။

ည ခုနစ်နာရီကျော်သွားပြီ။ ရေဒီယိုမှ နိုင်ငံခြားသတင်းများပင် ကြေငြာလို့ ပြီးပါပြီ။ ဓာတ်ပြော ဖျော်ဖြေမှုအခန်းမှ ခေတ္တရာစိန်၏ မဟောသဓောတ်ပင် လာနေပါပြီ။ ကျော်စွာသည် တကယ်ပင်ဖျားနေလေပြီလား မသိပါ။

"ဝါယော မပြတ်ရအောင် စာပြောရပ်ကြဦးစို့ရဲ့"

ထိုအသံကြားမှပင် ညရှစ်နာရီထိုးတော့မည်ဖြစ်ကြောင်း သတိထားမိ၏။ ကျော်စွာ၏ထီးကလေးသည် သူ စာကျက်နေကျ ဝရန်တာတွင် ဖွင့်လျက်သားရှိနေသည်။ ထိုညက သူ စာကျက်နောက်ကျပါသည်။

* * *

ကျော်စွာ အိမ်ပြန်ရောက်သောအခါ သူ့တစ်ကိုယ်လုံးရွှဲနစ်လို့နေပါသည်။ ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။ မေမေသည် မီးဖိုချောင်ထဲမှာ ရှိနေပါသည်။

"မေမေ၊ ရေနွေးရှိလား"

"ဆူတော့မယ် သားရေး၊ ခဏလေး၊ ဟဲ့ . . သား၊ တစ်ကိုယ်လုံး ရွှဲလို့ပါလား၊ ထီးကော"

"ထီးလား၊ ဟိုဥစ္စာဖြစ်လို့"

"ကိုင်းကျိုးသွားလို့လား"

"မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပျောက်သွားတာလား"

"မဟုတ်ပါဘူး မေမေရဲ့။ သူငယ်ချင်းတစ်ယောက်ကို ငှားလိုက်လို့"

"အင်း . . ငါ့သားကတော့ကွယ်၊ သူများကို ကူညီချင်တဲ့ နေရာမှာ နှစ်ယောက်မရှိဘူး၊ ကိုယ့်ထီးကို သူများငှားပြီး ကိုယ်ကတော့ မိုးရေထဲ လျှောက်လာတယ်"

ကျော်စွာ ရှက်သွားလေသည်။

"သဘောရိုးနဲ့ကူညီတာပါ မေမေရဲ့"

သူ စကားမှားသွားကြောင်းကို ပြောပြီးမှသိတော့သည်။ သူ ရှက်ရပြန်သည်။

"အေးပါ၊ မေမေက သား ကူညီချင်တဲ့စိတ်ရှိတာကို ချီးကျူးတာပါ။ ကဲ သွား . . . သွား၊ အဝတ်အစား မြန်မြန်လဲ။ တော်ကြာ အအေးမိနေဦးမယ်။ ခေါင်းကိုလဲ ခြောက်အောင်သုတ်နော်"

မေမေသည် စကားကို ဖြတ်လိုက်သောကြောင့် ကျေးဇူးတင်ရသေးသည်။ သို့မဟုတ်လျှင် စကားတွေ မည်မျှဆက်မှားဦးမည်မသိ။ ဆက်၍ ရှက်ရဦးမည်။

ထမင်းစားပြီးသောအခါ ချမ်းစိမ့်စိမ့် ဖြစ်လာပြန်သည်။ စာမကျက် ဖြစ်တော့ဘဲ အိပ်ရာထဲသို့ ဝင်လှဲနေလိုက်သည်။ အိပ်လို့ကား မပျော်သေးပါ။ အိပ်မပျော်သူတို့ ထုံးစံအတိုင်း စဉ်းစားဖို့သာရှိသည်။

စောစောအောင်သည် ထီး အဘယ်ကြောင့်ယူမလာပါသနည်း။ ယူမလာချင်သောကြောင့် ယူမလာခြင်းဖြစ်ကြောင်း အဖြေရသည်။ မေမေ ဘုရားရှိခိုးသံကို ကြားရသည်။

"ဗုဒ္ဓါနံ့ ဓိဝိတဿ န သက္ကာကေနစိ
အန္တရာယော ကာတုံ၊ တထာမေ ဟောတု"

စောစောအောင်သည် သူက ထီးငှားလိုက်သောကြောင့် ကျေးဇူးတင်နေမည်လား မသိပါ။



"ဗုဒ္ဓါနံ့၊ မြတ်စွာဘုရား၏။ ဓိဝိတဿ၊ အသက်၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူသည်။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ၊ မေ၊ အကျွန်ုပ်အား။ ဟောတု၊ ဖြစ်ပေါ်စေသတည်း"

ညနေက စောစောအောင်အိမ်သို့ ထီး သွားမယူဖြစ်ခဲ့ပါ။ သူ ထီးလာမယူသောအခါ စောစောအောင်သည် သူ မိုးမိပြီးဖျားနေသည်ဟုများ ထင်နေမည်လား မသိပါ။ ထိုအခါတွင် စောစောအောင်သူ့ကို သနားနေပါမည်လား။ သူ အိပ်ပျော်သွားလေသည်။

အိပ်မက်မျိုးစုံ မက်နေသည်။ အိပ်မက်ထဲတွင် စောစောအောင်လည်း ပါသည်။ သိန်းနိုင်လည်း ပါသည်။ အေးမြင့်သောင်းတို့လည်း ပါသည်။ စောစောအောင်အိမ်သို့ သူ ထီးသွားယူသောအခါ ခွေးတွေလိုက်ကိုက်သောကြောင့် ထွက်ပြေးရကြောင်းလည်း ပါသည်။ သို့ရာတွင် တစ်ခုမှ ရေရေရာရာမရှိ။ တိတိကျကျ မရှိ။ တစ်ပိုင်းတစ်စ အိပ်မက်များသာ။

အိပ်ရာမှ နိုးသောအခါ သူ့တစ်ကိုယ်လုံး ပူနေသည်။ သူဖျားနေပြီဖြစ်ကြောင်း သိလိုက်ရသည်။ မျက်စိတွေက ပူနေသည်။ ခေါင်းမထူချင်တော့။ သို့ရာတွင် လှဲနေလို့မဖြစ်သေးပါ။ သတင်းစာပို့ဖို့က ရှိသေးသည်။ အားယူ၍ လူးလဲထသည်။ ခေါင်းက မိုက်ခနဲဖြစ်သွားသည်။ လမ်းလျှောက်ကြည့်သည်။ ခြေလှမ်းများက မမှန်။ ယိမ်းထိုးနေသည်။ မျက်စိများက ပြာဝေနေသည်။ အိပ်ရာထဲ ပြန်လှဲနေသည်။ သတင်းစာ ပို့နိုင်တော့မည် မဟုတ်ပါ။

မေမေသည် ငန်းဆေးတစ်ခွက် လာတိုက်ပါသည်။ မေမေ့ကို ခွင့်စာတစ်စောင် ရေးခိုင်းရသည်။ မေမေဈေးသွားရင်း အေးမြင့်သောင်းတို့ အဒေါ်ဆိုင်မှာ ဝင်ပေးခဲ့ပါဟု မှာလိုက်ရသည်။

ဒီနေ့ကျောင်းမတတ်နိုင်သောကြောင့် ကျော်စွာ စိတ်မကောင်းဖြစ်ရသည်။ ကျောင်းစဖွင့်သည်မှ ဒီနေ့အထိ တစ်ခါမျှ ကျောင်းမပျက်ခဲ့ဖူးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့သည် ပထမဆုံးအကြိမ် ကျောင်းပျက်ခြင်းဖြစ်သည်။ ပထမဆုံးအကြိမ်ဆို၍ ဒုတိယအကြိမ်၊ တတိယအကြိမ်တွေရှိဦးမည်ဟု မဆိုလိုပါ။ ခုတစ်ကြိမ်ပျက်ရသည်ကိုပင် ကျော်စွာ မကျေနပ်။ မိုးမိရုံမျှဖြင့် မထနိုင်လောက်အောင် ဖျားရသော မိမိကိုယ်ကို ဒေါသဖြစ်မိသည်။

သူ့ထီးကို သူမေ့နေပြန်သည်။ ထို့အတူ စောစောအောင်ကိုလည်း မေ့နေပြန်သည်။ လောလောဆယ်၌မူ ကျောင်းမတတ်နိုင်သည့် ကိစ္စသာ သူ့ခေါင်းထဲရောက်နေသည်။ လူ့စိတ်ဆိုသည်မှာ အဆန်းသားပါ။ ကိုယ်မလုပ်နိုင်မှန်း သိရက်နှင့် စိတ်ကရောက်ရောက် နေတတ်သည်။ ဒီအချိန်ဆိုလျှင်တော့ မြန်မာစာအချိန် ပြီးပြီ။ ဇီဝဗေဒဆရာ ဝင်တော့မည်။ ဒီနေ့ပလပ်စမိုဒီယမ်ခေါ် ၎က်ဖျားပိုးအကြောင်း သင်မည်ဟု ဆရာက ပြောထားသည်။ စာမေးပွဲအတွက် အရေးကြီးသော အကြောင်းအရာဖြစ်သောကြောင့် လက်မလွတ်သင့်ဟု ကျော်စွာထင်သည်။ သို့ရာတွင် မတတ်နိုင်ပြီ။ မိုးကိုပဲ စိတ်ဆိုးရမလား။ ထီးငှားသွားသူကိုပဲ စိတ်ဆိုးရမလား။ ဟော. . အတွေးထဲသို့ စောစောအောင် ရောက်လာခဲ့ပြန်ပြီ။ သူ ကျောင်းမတက်ကြောင်းသိလျှင် စောစောအောင် မည်သို့ထင်ပါမည်နည်း။

မေမေ အခန်းထဲဝင်လာသည်။ မေမေ့လက်ထဲတွင် ငန်းဆေးခွက်နှင့်ရေနွေးကြမ်းပန်းကန် ပါလာသည်။ ထုံးစံအတိုင်းပင် ကျော်စွာကို နမ်းစမ်းသည်။ ပြီးတော့ ဆေးတိုက်သည်။

"ညနေကျရင် ဆရာမောင်သင်ဆီ သွားလိုက်ရင် ကောင်းမယ်ထင်တယ်"

"အခြေအနေကြည့်သေးတာပေါ့ မေမေရယ်။ ခုတော့ အခြေအနေမဆိုးသေးပါဘူး"

"ဒါပေမဲ့ ညနေကျရင်တော့ ထမင်းမစားနဲ့ဦး။ ဆန်ပြုတ် ကလေးပဲ သောက်နော်"

မေမေထွက်သွားသောအခါ စာအုပ်တစ်အုပ်ကို ယူဖတ်နေမိသည်။ သိန်းဖေမြင့်၏ ကျောင်းသားလူငယ်ပွဲသဘင်များ။ အေးမြင့်သောင်းထံမှ



ငှားလာသောစာအုပ်ဖြစ်သည်။ စာအုပ်ထဲတွင် အေးမြင့်သောင်း မျဉ်းသားထားသောစာပိုဒ်များ ပါသည်။

အချို့နေရာများတွင် လူငယ်တွေနှင့် လူကြီးတွေ စိတ်သဘောထားချင်း အဘယ်ကြောင့်မတိုက်ဆိုင်ကြသနည်းဟု စဉ်းစားကြည့်မိသည်။ သူစဉ်းစားမိသော အချက်များကို သူငယ်ချင်းတွေနှင့်တွေ့မှ ဆွေးနွေးကြည့်ဦးမည်ဟု မှတ်ထားလိုက်သည်။ သူတစ်ယောက်တည်း၏ သဘောထားသည် မှန်ချင်မှန်မည် မဟုတ်လား။ မည်သို့ပင်ဖြစ်ပါစေ။ သေချာသည်ကတော့ တစ်ခုရှိသည်။ အချို့နေရာများတွင် လူကြီးတွေက မှားသည်ဆိုသော အချက်ပင်။

မေမေ ဝင်လာပြန်သည်။ မေမေ့လက်ထဲတွင် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကိုင်ထားသည်။ မေမေ့မျက်နှာသည် တစ်စုံတစ်ခုကို မကျေနပ်သလိုပါ။

"သားရေ၊ ဒီစာပိုဒ်ကလေးကို ဖတ်ကြည့်စမ်းပါဦး"

မဂ္ဂဇင်းတွင်ပါသော ဝတ္ထုတစ်ပုဒ်ထဲမှ စာပိုဒ်တစ်ပိုဒ်ဖြစ်သည်။ အမျိုးသားဇာတ်ဆောင်က အမျိုးသမီးဇာတ်ဆောင်ကို ပြောပြနေသော ဇာတ်ကြောင်းတစ်ခုဖြစ်သည်။

တရံရောအခါ ဒီပင်္ကရာ မြတ်စွာဘုရား ကြွလာတော်မူသည်။ ထိုအခါ သုမေဓာရသေ့သည် ရွှံ့ညွန်ထဲတွင် အလျားမှောက်၍ လမ်းခင်းပေးလေသည်။ ထို့နောက် ဒီပင်္ကရာ မြတ်စွာဘုရားအား ရွှံ့ညွန်ထဲသို့မဆင်းမူဘဲ မိမိ၏ ကျောပေါ်မှ နင်း၍ လျှောက်ပါမည့်အကြောင်း လျှောက်ထား၏။ ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရားက

"အချင်း. . သုမေဓာ၊ သင်သည် ငါ့ကို ဤသို့ညာညာ၍ နင်းခိုင်းနေသည်မှာ နှစ်ကြိမ်ရှိလေပြီ"

မေမေသည် အထက်ပါစာပိုဒ်ကို မကျေမနပ်ဖြစ်နေခြင်း ဖြစ်သည်။

"ဒီစာပိုဒ်ကို အမှတ်တမဲ့ကြည့်ရင်တော့ သာမန် ရယ်စရာတစ်ခုလို့ပဲ ထင်မှာပဲ၊ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်သည်။ မကျေမနပ်ဖြစ်သလိုတော့ ရှိသည်။ ဘယ်လို မကျေနပ်မှန်းကို စဉ်းစားလို့မရပါ။ မေမေက စကားဆက်သည်။

"သေသေချာချာ စဉ်းစားကြည့်ရင် ဘာသာရေးကို_စော်ကားသလို ဖြစ်နေတယ်။ ဒီပက်ရာ မြတ်စွာဘုရားဆိုတာ တကယ်ရှိချင်မှ ရှိမယ်ဆိုတာ မေမေသိပါတယ်။ အေးလေ . . သားတို့ လူငယ်တွေကတော့ မရှိဘူးလို့ ပြောမှာပဲ။ ရှိတယ်ပဲဖြစ်ဖြစ်မရှိဘူးဘဲ ဖြစ်ဖြစ် ဘာသာရေးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုတော့ ပြက်ရယ်ပြုဖို့ မသင့်ဘူး။ တို့နိုင်ငံဟာ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရတဲ့ နိုင်ငံပဲ။ ဘယ်ဘာသာကိုမှ မယုံကြည်ဘဲလဲ နေနိုင်တယ်၊ ဒါပေမဲ့ သူတပါးရဲ့ ယုံကြည်ကိုးကွယ်မှုကို တော့ ပြက်ရယ်မပြုသင့်ဘူးလို့ မေမေထင်တယ်"

"ကျွန်တော် သဘောပေါက်ပါတယ်မေမေ။ စာရေးဆရာတစ်ယောက် အနေနဲ့ ဒီလိုမရေးသင့်ဘူးပေါ့။ ဒီစာကိုသာ နိုင်ငံခြားသားတွေ တွေ့သွားရင် သိပ်ရှက်စရာ ကောင်းမှာပဲ။ မြန်မာလူမျိုးကမှ ဗုဒ္ဓဘာသာကို မလေးစားရင် ဘယ်သူက လေးစားတော့မှာလဲ"

လူငယ်တို့သည် ဘုရားမှန်မှန် မရှိခိုးဘဲ နေချင်နေ၊ ဘုရားကျောင်း ကန် မှန်မှန်မသွားဘဲ နေချင်နေ၊ ဘာသာတရားကိုတော့ လေးစားသင့် သည်၊ ဗုဒ္ဓဘာသာဝင်ဖြစ်ရခြင်းအတွက်တော့ ဂုဏ်ယူသင့်သည်ဟု ကျော်စွာ ထင်ပါသည်။

* * *

ညနေပိုင်းတွင်မူ အဖျားနည်းနည်း ပြန်တက်လာသည်။ စောင်ခြုံ၍ မှိန်းနေလိုက်သည်။ ကျော်စွာစိတ်ထဲမှာ ဆန္ဒမျိုးစုံဖြစ်နေသည်။ ထမင်းလည်း စားချင်သည်။ အပြင်ထွက်ပြီးတော့လည်း လမ်းလျှောက်ချင်သည်။ ဖော်ခင် မော်တို့အိမ်သို့သွားပြီး ဒီနေ့သင်သော စာတွေကိုလည်း ကူးချင်သည်။ ထီးလည်း သွားယူချင်သည်။ စောစောအောင်နှင့်တော့ သိပ်မတွေ့ချင်ပါ။



သို့ရာတွင် ထိုအချိန်မှာပင် စောစောအောင် ရောက်ရှိလာခဲ့ပါသည်။

စောင်ခြုံ၍ မှိန်းနေရင်းက မေမေ့အသံကို ကြားရသည်။

"အေး . . ရှိတယ်ကွယ့်၊ လာကြလေ"

မေးသူ၏အသံကိုတော့ မကြားလိုက်ပါ။ ညနေစောင်းပြီဖြစ်၍ ကျောင်းဆင်းခဲ့ပြီဖြစ်သည်။ ချစ်ကိုဝင်းတို့အဖွဲ့ပင် ဖြစ်လိမ့်မည်ထင်သည်။ စောစောအောင်ဖြစ်လိမ့်မည် ဟူ၍ကား လုံးဝမထင်မိ။ စောစောအောင်သည် သူ့အိမ်ကို တစ်ခါမျှ မလာခဲ့ဖူးပါ။ အခြား မိန်းကလေးသူငယ်ချင်းအချို့ သူ့အိမ်ကို လာဖူးသော်လည်း စောစောအောင်သည် တစ်ခါမျှမလာဖူးခဲ့။ ကျော်စွာနှင့်သူ့ကို နောက်ကြပြောင်ကြသောကြောင့် ရှက်ပြီးမလာခြင်းလည်း ဖြစ်ကောင်းဖြစ်ပါမည်။ ကျော်စွာကတော့ စောစောအောင်တို့အိမ်ကို နံနက်တိုင်း ရောက်တတ်သည်။ သတင်းစာပို့သွားခြင်း ဖြစ်ပါသည်။ သတင်းစာဖိုး တောင်းသည့်နေ့များဆိုလျှင် စောစောအောင်တို့အိမ် ဧည့်ခန်းမှာပင် ဝင်ထိုင်လေ့ရှိသည်။ စောစောအောင်တို့မိဘများသည် ကျော်စွာကို သတင်းစာပို့သည့် ကောင်ကလေးဟု သဘောမထားဘဲ စောစော အောင်၏ သူငယ်ချင်းတစ်ယောက်အဖြစ် ဆက်ဆံတတ်ပါသည်။

"သား သူငယ်ချင်းတွေ ရောက်နေတယ်"

မေမေက လာပြောသည်။

"အထဲကို လွှတ်လိုက်ပါလားမေမေ၊ အပြင်ထွက်ရင် လေစိမ်းတိုက် မှာစိုးရတယ်"

ချစ်ကိုဝင်းတို့ သို့မဟုတ် အခြားယောကျ်ားလေးသူငယ်ချင်းများဟု ထင်သောကြောင့် ဤသို့ ပြောလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် အထဲသို့ ဝင်ခဲ့ရန် ပြောလိုက်ခြင်းသည် မှားသွားကြောင်း သူတို့ဝင်လာမှပင် သိရတော့ သည်။ အကြောင်းကား အခန်းထဲဝင်လာကြသူများသည် စောစောအောင် နှင့်ဆေးတက္ကသိုလ်ကသူ့အစ်မတို့ ဖြစ်ကြသောကြောင့်တည်း။

စောစောအောင်သည် ကျော်စွာထီးကို ကိုင်၍ဝင်လာသည်။ ကျော်စွာ-



www.burmeseclassic.com

www.burmeseclassic.com



သည်လှဲနေရာမှ ထ,ထိုင်ရကောင်းနိုးနိုး၊ မျက်စိကို မှိတ်ထားရကောင်းနိုးနိုးဖြစ်နေသည်။ ဒီကြားထဲက သူ့မျက်နှာသည် ချောင်ကျနေလိမ့်မည်လားဟု တွေးမိသေးသည်။ ဆံပင်ကိုလည်း လက်ဖြင့် သပ်၍ ဖြီးမိပြန်သည်။ မေမေက ဖျာခင်းပေးသည်။ စောစောအောင်တို့ထိုင်ကြသည်။ ကျော်စွာသည် လှဲနေရာမှ ထထိုင်သည်။ စောစောအောင်က ပြောသည်။

"ထီးလာပေးတာ"

"ဩော် . . ဟုတ်လား"

စောစောအောင်က ထီးကိုပေးသည်။ ကျော်စွာက ယူသည်။ ကျော်စွာသည် သူ့ထီးဟုတ်မှန်းသိပါလျက် ထီးကို ဟိုကြည့်ဒီကြည့် လုပ်နေမိသည်။ စောစောအောင် ခေါင်းငုံ့ထားသည်။

"နေမကောင်းဘူးလား"

ဖျားနေမှန်းသိပါလျက် နေမကောင်းဘူးလားဟု မေးသည်။ စောစောအောင်၏ အစ်မက ကျော်စွာ့လက်ကို ကိုင်၍ သွေးတိုးစမ်းသည်။ ကျော်စွာသည် တုံ့ကနဲဖြစ်သွားသည်။ စောစောအောင်၏ အစ်မကတော့မူ ဆရာဝန်လောင်းတစ်ယောက်အနေဖြင့် လူနာ၏လက်ကို ကိုင်ခြင်းသာဖြစ်သည်။ ကျော်စွာကတော့ ရှက်သွားသည်။ ဆရာဝန်အစ်မကို ရှက်ခြင်းမဟုတ်မှန်းတော့ သေချာပါသည်။ စောစောအောင်ကို ရှက်ခြင်းဖြစ်ကောင်းဖြစ်ပါသည်။

"အဖျားရှိသေးတယ်။ ဘာဆေးသောက်ထားသလဲ"

"အေးကွယ် . . ဒေါ်ဒေါ်တော့ ဆေးဝါကြီးပဲ တိုက်ထားတာပဲ"

မေမေက ဝင်ဖြေသည်။

"ရေနွေးတည်ပေးပါ ဒေါ်ဒေါ်"

"ဘာလုပ်ဖို့လဲအစ်မ"

ကျော်စွာက ဝင်မေးသည်။

"ဆေးထိုးရမယ်"

"ခင်ဗျာ"



"ဆေးထိုးရမယ်၊ မင်း ဖျားနေမှန်းသိလို့ ဆေးထိုးဖို့ ယူလာခဲ့တယ်"

"ကျွန်တော် ဆေးမထိုးချင်ဘူး၊ မနက်ဆိုရင် ကောင်းသွားမှာပါ"

"မထိုးလို့မရဘူး၊ ဆေးထိုးလိုက်မှ မနက်ကို မင်း ကျောင်းတက်နိုင်မှာ"

"သားကလည်းကွယ်၊ ထိုးလိုက်ပါ။ ဒါမှ မြန်မြန်နေကောင်းမှာ။ ဒေါ်ဒေါ်တောင်မှ သူ့ကို ဆရာမောင်သင်ဆီသွားဖို့ ပြောသေးတယ်"

ထိုအချိန်မှာပင် အေးမြင့်သောင်း၊ ချစ်ကိုဝင်း၊ လှဝင်းဦးနှင့် ဇော်ခင်မော်တို့ အခန်းထဲဝင်လာကြပြန်သည်။ ချစ်ကိုဝင်းသည် အခန်းထဲမဝင်မီကပင် အော်ကျယ်အော်ကျယ် ပြောလာခဲ့သည်။

"ဟေ့ကောင် . . ကျော်စွာ၊ မင်းကိုတောင် မေးနေသေးတယ်၊ မသေသေးဘူးလားတဲ့၊ စောစော . . အယ် . ."

ချစ်ကိုဝင်းသည် စောစောအောင်ကို တွေ့လိုက်သောကြောင့် စကားကို မဆက်ဘဲ ရပ်လိုက်ရသည်။

"ဘာလဲကွယ့် မောင်ချစ်ကိုရဲ့၊ ဘယ်သူက မေးလို့လဲ"

"အာ . . ဟိုဥစ္စာပါ၊ စောစောတုန်းကတောင် ကိုစိန်ထွေးက မေးသေးတယ်လို့ ပြောတာပါ"

"ဟာ . . ဟေ့ကောင်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ အလကားပါ ဒေါ်ဒေါ်ရယ်၊ ဒီကောင် အရူးထပြီး တွေ့ကရာ လျှောက် ပြောနေတာ"

အေးမြင့်သောင်းက ဝင်၍ စကားဖြတ်လိုက်ရသည်။ ကိုစိန်ထွေးဆိုသည်မှာ ခေါင်းရောင်းသူဖြစ်ကြောင်း သိသော စောစောအောင်ကမူ ကျိတ်၍ ရယ်နေသည်။ မေမေက ရေနွေးတည်ရန် ထွက်သွားသည်။ ချစ်ကိုဝင်းသည် စောစောအောင်တို့ဘက်သို့ လှည့်လိုက်ပြန်သည်။

"ဘယ်တုန်းက ရောက်နေကြသလဲ . . ဟဲဟဲ"

"သိပ်မကြာသေးပါဘူး"

ကျော်စွာက သိပ်မနောက်ပြောင်ရန် မျက်နှာရိပ် မျက်နှာကဲပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင်မှ ပိုဆိုးတော့သည်။ ဇော်ခင်မော်က

"ဘာလဲကွ ကျော်စွာ၊ ညှော်သည်တွေကို လက်ဖက်ရည်တိုက်မလို့လား၊ ပေးလေ . . ပိုက်ဆံ၊ ငါသွားဝယ်ပေးမယ်"

"နေပါစေဟယ် . . မသောက်တော့ပါဘူး၊ ငါတို့ ခုပဲ ထမင်းစားလာကြတာ"

စောစောအောင်၏ အစ်မက ဘုမသိ ဘမသိ ဝင်ပြောသည်။ စောစောအောင်ကတော့ ခေါင်းငုံ့ရင်း ရယ်နေသည်။

"ဩော် – ဩော် . . ထမင်းတောင် စားပြီးကြပြီကိုး၊ ဒီအိမ်မှာစားတာလား၊ ဘာဟင်းနဲ့လဲ၊ စားလို့ကောင်းကြရဲ့လား"

"ဟော့ကောင်တွေ တော်တော့ကွာ၊ ဒီမှာ အစ်မကို အားနာဖို့ကောင်းတယ်"

အေးမြင့်သောင်းက အတည်ပေါက်နှင့် ဝင်ဟောက်လိုက်ပြန်သည်။ ခုချိန်ထိ ကျော်စွာနှင့်စောစောအောင်သည် ဘာကိုမျှ ဝင်မပြောသေးချေ။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် ရှက်နေကြသောကြောင့်ဖြစ်ပါသည်။ ဒါကိုသိသော လှဝင်းဦးက ဝင်လောင်ပြန်သည်။

"စောစောအောင်ရယ်၊ နင်မို့လို့ ဒီကောင်ထီးကို ယူဆောင်းတယ် ထီးက သိပ်သန့်တာမဟုတ်ဘူး"

"အောင်မယ် . . ထီးက မသန့်ဘူးဆိုတော့ ရောဂါပိုးတွေဘာတွေများကပ်နေလို့လား"

၁ "မဟုတ်ပါဘူးကွ၊ ထီးမှာ ရွံ့တွေပေနေလို့ မသန့်ဘူလို့ ပြောတာပါ၊ ဟဲ ဟဲ . . . ကျော်စွာမှာ ရောဂါမရှိပါဘူး၊ အေးလေ . .စိတ်ရောဂါတော့ ရှိချင်ရှိမှာပေါ့"

"ဟုတ်လား၊ ဒီလိုဆိုရင် စိတ်ရောဂါကုဆေးရုံကို မြန်မြန်ပို့မှပဲ"

"ဟာ . . အဲဒီ စိတ်ရောဂါမဟုတ်ဘူး၊ ဟိုဥစ္စာကွာ၊ ဟိုဟာလေ"

"တော်တော့်ကွာ၊ ဟိုမှာ မေမေလာပြီ"



မတတ်နိုင်တော့သည့်အဆုံး ကျော်စွာက ဝင်တားရတော့သည်။ မေမေသည် ရေနွေးဇလုံကိုကိုင်၍ ဝင်လာသည်။ ချစ်ကိုဝင်းသည် အရှိန်မသတ်နိုင်သေးပါ။

"ဟာ . . . ဒေါ်ဒေါ်က လက်ဖက်ရည်တောင် ဖျော်လာခဲ့ပြီကိုး။ ကျွန်တော်တို့မသောက်တော့ပါဘူး"

"လက်ဖက်ရည် မဟုတ်ပါဘူးကွယ်၊ ရေနွေးပါ။ ဘာလဲ၊ လက်ဖက်ရည်သောက်ချင်လို့လား"

"မဟုတ်ပါဘူးဒေါ်ဒေါ်။ ကျွန်တော်တို့ ခုပဲ ထမင်း စားလာကြတာပါ။ ဒါနဲ့ ရေနွေးက ဘာလုပ်ဖို့လဲ"

"ကျော်စွာကို ဆေးထိုးဖို့လေကွယ်"

"ကောင်းတယ်၊ ကောင်းတယ်။ ဒီကောင့်ကို စိတ်ငြိမ်ဆေး ထိုးပေးရမယ်"

ကျော်စွာသည် ဒီကောင်တွေကို တားလို့မရတော့မှန်းသိ၍ အရှုံးပေးလိုက်တော့သည်။ စောစောအောင်၏ အစ်မသည် ဆေးထိုးအပ်နှင့်ပြွန်ကို ရေနွေးထဲစိမ်လိုက်သည်။ ထိုးဆေးပုလင်းကလေး၏ သိမ်နေသော အပိုင်းကို လွှမားသေးသေးလေးဖြင့် ဖြတ်သည်။ ထို့နောက် ပုလင်း၏ထိပ်ပိုင်းကို လက်ဖြင့်တောက်၍ ဖြတ်လိုက်သည်။ ဆေးထိုးပြွန်တွင် အပ်ကိုတပ်၍ ဆေးကိုစုပ်ယူသည်။ ကျော်စွာသည် သူလုပ်သမျှကို ငေးကြည့်နေမိသည်။ ဆေးထိုးရန် အဆင်သင့်ဖြစ်နေတော့မှ ပျာပျာသလဲပြောလိုက်သည်။

"လက်မောင်းကို ထိုးလို့မရဘူးလား အစ်မ"

"မရဘူး၊ လက်မောင်းကို ထိုးရင် နာလိမ့်မယ်"

"မနာပါဘူး အစ်မရဲ့၊ ရပါတယ်"

"မရဘူး၊ ကဲ . . မှောက်လိုက်"

ကျော်စွာက အင်တင်တင်လုပ်နေသည်။ စောစောအောင်သည်



www.burmeseclassic.com

www.burmeseclassic.com

ဆက်ထိုင်နေရမလား၊ ထသွားရ ကောင်းမလားမသိ ဖြစ်နေသည်။ ရေသွား သောက်သလိုလို ထသွားလျှင် ရမည်ထင်သည်။ သို့ရာတွင် အေးမြင့်သောင်း နှင့်ဇော်ခင်မော်တို့က အခန်းပေါက်ဝကို ပိတ်၍ ထိုင်နေသောကြောင့် လက်လျှော့လိုက်ရသည်။

"ဟော့ကောင်၊ မောက်လေကွာ။ မင်းကလဲ ဆေးလာထိုးပေးရတဲ့လူကို အားနာပါဦး"

အေးမြင့်သောင်းက ပြောသည်။ ကျော်စွာ မောက်လိုက်ရလေသည်၊ ဆရာဝန်အစ်မက ဆေးထိုးသည်။ အလေ့အကျင့် နည်းသေးလို့လားမသိ၊ သူဆေးထိုးတာ နည်းနည်းနာသည်။ သို့ရာတွင် ကျော်စွာ အောင့်ခံနေလိုက် သည်။

"ကျော်စွာ . . နာလားကွ"

ရှက်ရသည့်ကြားထဲ ချစ်ကိုဝင်းက ဝင်နောက်ပြန်သည်။ ကျော်စွာ ပြန်ထိုင်လိုက်သည်။ သူသည် စောစောအောင်ကို မကြည့်ရဲ။ စောစောအောင် ကလည်း သူ့ကို မကြည့်ရဲ။

"ကျွန်မတို့ ပြန်တော့မယ်ဒေါ်ဒေါ်

"ပြန်တော့မလို့လား၊ အကျွေလေးဘာလေး ထည့်သွားကြဦးလေ"

"နင်သေမှ ထည့်တော့မယ်"

"ကျေးဇူးပါပဲကွယ်၊ ဒေါ်ဒေါ်ကလည်း အလုပ်များနေတာနဲ့ သားတို့ သမီးတို့ကို ဘာမှမကျွေးလိုက်ရဘူး"

"ဟာ . . ကိစ္စမရှိပါဘူး ဒေါ်ဒေါ်။ ကျွန်တော်တို့က ကျော်စွား မျက်နှာကို မြင်လိုက်ရရင် အဆာပြေသွားတာပါပဲ"

စောစောအောင်သည် ချစ်ကိုဝင်းကို မျက်စောင်းထိုးသည်။ ထို့နောက် မေမေ့ကိုနှုတ်ဆက်၍ ပြန်သွားကြသည်။

"ဟော့ကောင် . . ကျော်စွာ"

"ဘာလဲကွ"



"မင်းတင်ပါးက အမာရွက်တွေကို စောစောအောင် မြင်သွားပြီကွ"

"တော်စမ်းပါကွာ၊ ငါ့မှာ အမာရွတ်မရှိပါဘူး၊ အဲဒါက အရေးမကြီး ဘူး၊ မင်းတို့ကို သိပ်လွန်လွန်းတယ်"

"ဘာကိုလဲ"

"မင်းတို့ကဲ လူရှေ့မရှောင်၊ သူရှေ့မရှောင် နောက်တာကိုးကွ။ သူ့အစ်မ ကို အားနာဖို့ကောင်းတယ်"

"အရေးမကြီးပါဘူးကွာ၊ မင်းအကြောင်းကို သူ့အစ်မကလဲ သိချင် သိနေမှာပါ"

"ဘာ . . ငါ့အကြောင်းလဲ"

"ဩော် . . . မင်းတင်ပါးက အမာရွတ်တွေအကြောင်းလေကွာ"

"တော်ပါတော့ကွာ"

"မင်း နက်ဖြန် ကျောင်းတက်မှာလား"

"အေး"

●

www.burmeseclassic.com

www.burmeseclassic.com

[၄]

ကျော်စွာ နေကောင်းသွားပြီဖြစ်သည်။ ဒီနေ့ ကျောင်းတက်နိုင်မည်။ မနက်ပိုင်းကတော့ သတင်းစာပို့ရမည်။ ဒီနေ့ အလုပ်နည်းနည်းရှုပ်သည်။ သတင်းစာယူသည့် အိမ်များကို မနေ့က လာမပို့နိုင်သည့်အတွက် တောင်းပန်ရသည်။ ခွင့်လွှတ်တတ်သူများရှိသလို မကျေမနပ်ပြောဆိုသူများလည်း ရှိပါသည်။

စောစောအောင်တို့အိမ်ရှေ့တွင် စက်ဘီးကို ရပ်လိုက်သောအခါ ပန်းခြံထဲတွင် လမ်းလျှောက်နေသော ဦးတင်အောင်ကို တွေ့ရသည်။ ကျော်စွာကို တွေ့သောအခါ ခြံဝင်းတံခါးနားသို့ လျှောက်လာခဲ့သည်။

"ဦးလေးလည်း သတင်းစာစောင့်နေတာပဲကွ"

"ဟုတ်ကဲ့၊ ဒီမှာပါဦးလေး၊ ကျွန်တော်မနေ့က ဖျားနေလို့ သတင်းစာမပို့နိုင်တာကို . ."

"အမယ်လေးကွာ၊ တောင်းပန်စရာမလိုပါဘူး၊ နေမကောင်းလို့ လာမပို့တာပဲ ဦးလေးခွင့်လွှတ်ပါတယ်၊ မင်းနေမကောင်းတဲ့ အကြောင်းကိုလည်း သမီးကပြောလို့ ဦးလေးသိပြီးပါပြီ၊ ဒါနဲ့မင်းက ထီးကို မိစောကို ပေးလိုက်ပြီး မိုးရွာထဲလျှောက်ပြန်လို့ မိုးမိပြီးဖျားတာဆိုကွ"

"မိုးမိတာတစ်ခုတည်း မဟုတ်ပါဘူးခင်ဗျ။ ကျွန်တော်ကိုယ်တိုင်ကလဲ ကိုယ်ခံအား နည်းနေလို့ပါ"



"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မိစောမှာ တာဝန်မကင်းဘူးလို့ ဦးလေးထင်တယ်။ ဒါကြောင့် မနေ့က ညနေက မင်းဆီလွှတ်လိုက်တာ"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ဒါနဲ့ . . . မင်းခု နေကောင်းသွားပြီးလား"

"ကောင်းပါပြီ ဦးလေး၊ အစ်မ ဆေးထိုးပေးလို့ပါပဲ၊ ကျွန်တော်လည်း မနေ့က သတင်းစာပို့ပျက်ခဲ့လို့ အိမ်တွေကို လိုက်တောင်းပန်နေရတယ်"

"ဦးလေးတို့ကတော့ နားလည်ခွင့်လွှတ်တတ်ပါတယ်ကွာ"

"ဟုတ်ကဲ့ . . တစ်ချို့အိမ်တွေကတော့ မကျေနပ်ကြဘူး"

"တင်မြဝင့်တို့အမေမှ ပါရဲ့လားကွယ်"

စောစောအောင်တို့ အမေက ဦးတင်အောင်အနီးတွင် ဝင်ရပ်ရင်းမေးသည်။

"ဟုတ်ကဲ့၊ သူတို့အိမ်ကလည်း မကျေနပ်ဘူးတဲ့"

"အေးကွာ . . လူတွေကလည်း ခက်ပါတယ်။ ကိုယ့်အတွက် တစ်ခုတည်း ကြည့်တတ်ကြတယ်၊ သူများဘက်က ဘယ်လိုအခက်အခဲ ရှိတယ် ဆိုတာ မကြည့်ချင်ကြဘူး"

"သူ့တို့ဘက်ကလည်း မလွန်ပါဘူးခင်ဗျာ၊ သတင်းစာဆိုတာက ဒီနေ့ထွက်တာကို ဒီနေ့ဖတ်ရမှ ကောင်းတာ။ သတင်းစာဖတ်ရတာ တစ်ရက်နောက်ကျရင် ကမ္ဘာကြီးနဲ့ တစ်ရက်အဆက်ပြတ်တာပဲလို့ စာအုပ်ထဲမှာ ဖတ်ဖူးပါတယ်"

ဦးတင်အောင်သည် ကျော်စွာ၏ ပခုံးကို ရင်းနှီးစွာဖက်လိုက်သည်။

"မောင်ကျော်စွာစကားကိုတော့ ဦးလေး သိပ်သဘောကျသွားပြီဟေ့၊ မောင်ကျော်စွာ ကြိုးစားကွာ၊ မင်း တစ်နေ့နေ့ကြီးပွားမှာပဲ"

ကျော်စွာ ဝမ်းသာသွားသည်။ လူကြီးတစ်ယောက်က ချီးကျူးသောကြောင့် ဝမ်းသာခြင်းလား၊ စောစောအောင်၏ ဖခင်က ချီးကျူးသောကြောင့် ဝမ်းသာခြင်းလားတော့ သူ မသေချာ။

www.burmeseclassic.com

www.burmeseclassic.com



စောစောအောင်သည် ကျော်စွာတို့ စကားပြောနေရာသို့ လျှောက်လာသည်။ ကျော်စွာကို မေးသည်။

"နေကောင်းသွားပြီလား"

"ကောင်းသွားပြီ၊ အစ်မကော"

"ကျောင်းသွားပြီ"

"အစ်မကို ကျေးဇူးတင်တယ်လို့ ပြောလိုက်ပါ"

"တို့ကသာ ထီးငှားတဲ့အတွက် ကျေးဇူးတင်ရမှာပါ"

"ကိစ္စမရှိပါဘူး"

ကျော်စွာသည် စောစောအောင်နှင့် သူ့မိဘများကို နှုတ်ဆက်၍ ထွက်လာခဲ့သည်။ ဒီနေ့ စက်ဘီးနင်းရသည်မှာ အဘယ့်ကြောင့် ပေါ့ပါးနေရပါသနည်း။

ကျောင်းတက်သောအခါ စာတွေကို အချိန်ရသလောက် ကူးရသေးသည်။ ဓီဝဗေဒ လက်တွေ့ချိန်တွင် သူတို့ ဖားခွဲကြရလေသည်။ ကျောင်းသားကျောင်းသူတစ်ယောက်လျှင် ဖားတစ်ကောင်စီယူခဲ့ကြရသည်။ ချစ်ကိုဝင်းဆိုလျှင် ဖားငါးကောင်ယူလာခဲ့သည်။ သူသည် ဖားခွဲရမည်ကို ပျော်နေသည်။ သူသည် ဆေးတက္ကသိုလ်သွားချင်သူ မဟုတ်ပါလား။ ချစ်ဝင်းကတော့ ဖားပြုတ်ရှာမရလို့ ဆိုပြီး ဖားခုံညင်းတစ်ကောင် ယူလာခဲ့သည်။ ဆရာက အခန်းပြင်မှာ သွားလွတ်ခိုင်းရလေသည်။ မိန်းကလေးတစ်ချို့သည် ဖားမဖမ်းရဲ သောကြောင့် တစ်ကောင်မျှ ယူမလာကြ ချေ။ ချစ်ကိုဝင်းက သူ့မှာပိုနေသော ဖားလေးကောင်ကို ပေးမည်၊ မုံ့ဝယ် ကျွေးရမည်ဟု ဆိုသည်။ နောက်ဆုံး ဖားလေးကောင်ကို မုံ့ဟင်းခါးတစ်ခွက် နှင့် ဈေးတည့်သွားကြသည်။

ဒီကြားထဲ ပြဿနာတစ်ခု တက်လာသေးသည်။ ဖားခွဲရာတွင် အရေးအပါဆုံးဖြစ်သော မေ့ဆေးပုလင်း ကျကွဲသွားခြင်းဖြစ်သည်။ အစကတည်းကမှ နည်းနည်းသာရှိသော မေ့ဆေးများ သမဲတလင်းထဲသို့ စိမ့် ဝင်ကုန်သည်။



"ကဲ . . မောင်သိန်းဝင်း၊ ဆရာ့အိမ်ကို ပြေးစမ်းပါဦးကွာ။ ဆရာ့မိန်းမကို ပြော၊ စားပွဲပေါ်က ကလိုရိုဖောင်းလို့ ရေးထားတဲ့ပုလင်း ဆေးလိုက်ပါလို့"

"ဟုတ်ကဲ့ ဆရာ"

သိန်းဝင်းသည် အပြေးကလေးထွက်သွားလေသည်။ ဆရာ့ အိမ်သည် ကျောင်းနှင့်သိပ်မဝေးသော ရပ်ကွက်ထဲမှာ ဖြစ်သည်။ ခပ်သုတ်သုတ်သွားလျှင် အသွားအပြန် ဆယ်မိနစ်အလွန်ဆုံး။ ထို့ထက်ပို၍ မကြာနိုင်။ သို့ရာတွင် ဆယ့်ငါးမိနစ်ခန့်ကြာသည့်တိုင် သိန်းဝင်း ပြန်မရောက်သေးပါ။

"ဒီကောင် ဆရာ့အိမ်သွားရင်း ကွမ်းယာဆိုင်ကကောင်မလေးကို ဝင်ရိုက်နေတာဖြစ်ရမယ်"

"လမ်းမှာ ကားတိုက်ပြီး သေသွားတာလည်း ဖြစ်နိုင်တယ်"

"မဟုတ်မှလွဲရော၊ ဒီကောင် ဆရာ့အိမ် ရှာမတွေ့ဘူးနဲ့တူတယ်"

"ဒါနဲ့သူက ဆရာ့အိမ် သိတယ်ဆိုကွ"

"ဟာ၊ ဒီသိမ်ချောင်းသားက အူတူတူနဲ့ပါကွာ"

သို့နှင့် လှမြင့်သည် သိန်းဝင်းနောက်သို့လိုက်ရလေသည်။ ဆယ်မိနစ်ငါး ကြာသောအခါ လှမြင့်နှင့်သိန်းဝင်းတို့ ပြန်ရောက်လာသည်။ လှမြင့်ကပြောသည်။

"ဆရာ၊ ဒီကောင် ဆရာ့အိမ်ကို ရှာမတွေ့လို့ ယောင်လည်လည် ဖြစ်နေတာ"

"ဟ၊ ဒါနဲ့ ဆရာ့အိမ်ကို ကျွန်တော်သိပါတယ်ဆိုကွ မောင်သိန်းဝင်းရ"

"ကျွန်တော် သေသေချာချာ မှတ်ထားတာပဲဆရာ"

"မင်းက ဘယ်လိုမှတ်ထားတာလဲ"

"အရင်တစ်ခါက ဆရာ့အိမ်ကို ကျွန်တော်လိုက်လာတုန်းက ဆရာ့အိမ်ရှေ့မှာ လုံချည်တွေ လှန်းထားတယ်လေ။ အဲဒီလုံချည်တွေကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ မှတ်ထားတာ။ ခုတစ်ခါ သွားတော့ လုံချည်လှန် ထားတဲ့ အိမ်ကို ရှာမတွေ့တော့ဘူး"

"သေလိုက်ပါတော့ကွာ"

ဝိုင်းရယ်ကြလေသည်။ သိန်းဝင်းက မကျေနပ်။

"မဟုတ်ဘူးဆရာ၊ ကျွန်တော် သေသေချာချာမှတ်ထားတာပါ။ လုံချည် သုံးထည်၊ တစ်ထည်က အပြာကွက်။ တစ်ထည်က"

"တော်ပါတော့ကွာ၊ တော်ပါတော့။ မင်းကလည်း အ,လိုက်တာ၊ ဟိုကောင်တွေပြောလည်း ပြောစရာပဲ"

ဖားကလေးများသည် လူတို့ စမ်းသပ်ဖို့ အတွက် အသက်အသေခံရန် အသင့်ဖြစ်နေကြပြီ။ ခွဲစိတ်ကိရိယာ မလုံလောက်။ ရှိတာက သုံးစုံတည်းပါ။ ကျောင်းသားကျောင်းသူက ငါးဆယ့်ကိုးယောက်။ ထို့ကြောင့် ခြောက်ယောက်လျှင် တစ်ဖွဲ့ကျ ခွဲကြရမည်။ အုပ်စုခေါင်းဆောင်က ဦးဆောင်၍ခွဲမည်။ ဆရာက အုပ်စုခေါင်းဆောင်တွေကို ရှေ့ဦးစွာခေါ်၍ ခွဲစိတ်နည်းကိုပြသည်။

ကဲ . . စ၍ ခွဲကြတော့မည်။ မေ့ဆေးပေးရာတွင်လည်း ပြဿနာ တစ်ခု။ ဖားတွေက ငြိမ်ငြိမ်မနေကြ။ လက်ထဲကနေ ခုန်ခုန်ထွက်ကြသည်။ စားပွဲပေါ်တွင် ဟိုပြေး သည်ပြေး၊ ဟိုခုန် သည်ခုန်။ မိန်းကလေးတွေဘက် ရောက်သွားလျှင် လန့်အော်ကြသည်။ တင်မြဝင့်၏ စူးရှသော အော်သံသည် တစ်ခန်းလုံးညံနေသည်။ ဖားတွေက လျှောက်ခုန်။ ကျောင်းသားတွေက လိုက်ဖမ်း။ တစ်ခန်းလုံး ရုန်းရင်းဆန်ခတ်။ ပျော်စရာ။

စောစောအောင်တို့အုပ်စု၏ ခေါင်းဆောင်သည် လှဝင်းဦးဖြစ်သည်။ သူသည် ဂျူဒိုသမားဖြစ်သော်လည်း ဖားကို ကြောက်သည်။ လူတစ်ယောက်ကို တုံးကနဲ ကိုင်ပေါက်နိုင်သော်လည်း စားပွဲပေါ်မှာ လျှောက်ပြေးနေသော ဖားကိုတော့ မဖမ်းရဲချေ။ စောစောအောင်သည် သူ့ရှေ့ရောက်လာသော ဖားကို ဖတ်ကနဲဖမ်းလိုက်သည်။ ပြီးတော့ ကလိုရိုဖောင်းဆွတ်ထားသော ဂွမ်းစကို ဖား၏နှာဝမှာ တေ့ထားလိုက်သည်။ စက္ကန့်အနည်းငယ်ကြာ



သောအခါ ဖားကလေးသည် အပြာရောင်လောကကြီးကို မျက်ကွယ်ပြု၍ မေ့မြောသွားလေတော့သည်။

ကျော်စွာသည် မေ့မြောနေသော ဖားကလေးကို ခွဲစိတ်လင်ပန်းပေါ်တွင် ပက်လက်လှန်၍ တင်လိုက်သည်။ ခြေလက်လေးဘက်တို့ကို ပင်အပ်ဖြင့် စိုက်ထားလိုက်သည်။ ဒီဖားကလေးဟာ မကြာခင် သေတော့မှာပါကလားဟု သနားမိပြန်သည်။ သို့ရာတွင် မတတ်နိုင်ပြီ။ ဖား၏ ဝမ်းဗိုက်ရှိအရေပြားကို ညှပ်ဖြင့်ဆွဲလိုက်သည်။ ကပ်ကျေးဖြင့် ညှပ်သည်။ အတွင်းက အမြှေးပါးကလေးကျန်အောင် သတိထား၍ ခွဲရသည်။

ဝမ်းဗိုက်တွင်းက ကလီဇာတွေကို အကုန်မြင်ရသည်။ နှလုံးကလေးသည် တလှုပ်လှုပ်။ ဩော် . . ဖားမှာလည်း နှလုံးသားနဲ့ ပါကလား။ အဆုတ်သည် ပိန်ချည်ဖောင်းချည်ဖြစ်နေသည်။ အို . . ဒီအဆုတ်က ဆက်ပြီး အလုပ်လုပ်နေတော့ကော ဒီဖားက ပြန်ရှင်လာဦးမှာတဲ့လား။ အဆုတ်ကလေးက လှုပ်နေတာကိုက စိတ်မချမ်းသာစရာပါ။ ဒီအဆုတ်ကို ထိုးဖောက်လိုက်မှ အလုပ်ဆက်လုပ်လို့ဖြစ်မှာပဲ။ သို့ရာတွင် ကျော်စွာသည် အဆုတ်ကိုဖောက်ပစ်ရန် ဝန်လေးနေပြန်သည်။ ဖားကလေးတစ်ကောင်ခွဲတာတောင် ဒါလောက်မေတ္တာကရုဏာထားနေလျှင် ဆရာဝန်တစ်ယောက်ဖြစ်မလာနိုင်ဟု သူ့ကိုယ်သူ ဆုံးဖြတ်လိုက်သည်။

"ဟာ . . ဥတွေဟေ့ ဥတွေ၊ ဖားက အမကြီးဟ"

ချစ်ကိုဝင်း၏ စူးစူးရှရှအော်သံကို ကြားရသည်။ ဖားခွဲတာကို စိတ်ဝင်စားစွာကြည့်နေသူများ လန့်ကုန်ကြသည်။ အေးမြင့်သောင်းကတော့ သူ့အလုပ်ကိုသာ စိတ်ဝင်စားနေသည်။ သူသည် ဖားတစ်ကောင်ကို ခွဲစိတ်ကိရိယာမပါဘဲ ဘလိတ်ဓါးဖြင့် ခွဲနေသည်။

ဒီနေ့သူတို့လေ့လာရမည်မှာ ဖားပြွတ်၏ အစာလမ်းကြောင်းဖြစ်သည်။ အစာလမ်းကြောင်းကို ရှာရသည်။ ပုံဆွဲရသည်။ ပြီးတော့ ပုံနှိပ်စာအုပ်ထဲကပုံနှင့် တူမတူ ပြန်ကြည့်ရသည်။ တူသည့် လူတွေလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းကွဲပြားသည့် လူတွေလည်း ရှိသည်။ အများကြီးကွဲပြားသည့် လူတွေလည်း ရှိသည်။ မည်သို့ပင်ဖြစ်ပါစေ၊ ဒီနေ့ဖားခွဲသည့် အစီအစဉ်သည် အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါသည်။ ပိုနေသောဖားများကို ပြန်လွှတ်လိုက် ကြသည်။ သေနေ့မစေ့သေးသော ဖားများသည် ခုန်ဆွခုန်ဆွလုပ်၍ မြက်တောထဲသို့ ဝင်ပြေးသွားကြလေသည်။

သို့ရာတွင် ကံဆိုးသောဖားတစ်ကောင် ရှိပါသေးသည်။ သူသည် တစ်နေရာတွင် ပိတ်မိနေသည်။ တင်မြဝင့်၏ မုန့်ဗူးထဲမှာ။ တင်မြဝင့်သည် ကျောင်းသို့ မုန့်ဗူးယူလာလေ့ရှိသည်။ ကျောင်းမှာရောင်းသော မုန့်များသည် ကျန်းမာရေးနှင့် မညီညွတ်ဆိုပြီး သူ မစားချေ။ ပုနိပ်ခေါ် အေးမြင့်သည် လက်တွေ့ခန်းတွင် ဖားခွဲနေကြချိန် အသာလစ်ထွက်ခဲ့သည်။ အတန်းထဲသို့ ပြန်လာပြီး တင်မြဝင့်၏မုန့်ဗူးထဲမှ ပေါင်မုန့်ထောပတ်သုတ်များကို စားပစ်သည်။ ထို့နောက် မုန့်ဗူးထဲတွင် ဖားအရှင်တစ်ကောင်ကို ထည့်ထားခဲ့ပြီး လက်ရာမပျက် ပြန်ထားခဲ့သည်။

မုန့်စားဆင်းချိန်ရောက်သောအခါ တင်မြဝင့်သည် မုန့်ဗူးကို ဖွင့်ပြီး သူ့ဘေးက မဝင်းစွံကို စကားပြောနေလက်စဖြစ်သောကြောင့် မုန့်ဗူးထဲသို့ မကြည့်တော့ပဲ လက်ဖြင့်နှိုက်လိုက်သည်။ ဖားကို ကိုင်မိသောအခါ ငယ်သံပါအောင် အော်တော့သည်။ ပုနိပ်သည် ဣန္ဒြေမဆည်နိုင်တော့ဘဲ တဟားဟားရယ်သည်။ တင်မြဝင့်နှင့်ပုနိပ်တို့ ရန်ဖြစ်ကြပြန်သည်။

"တော်ပြီ၊ ယူနဲ့ဖက်ပြီး စကားမပြောချင်တော့ဘူး"

"ငါကလဲ နင်နဲ့ဖက်ပြီး စကားမပြောချင်ပါဘူး၊ နင့်ကိုယ်က နံလွန်းလို့ . . ."

"ဘာပြောတယ်"

"ဘာပြောရမလဲ၊ နင်နဲ့ဖက်ပြီး စကားမပြောချင်ပါဘူးလို့၊ ခပ်ဝေးဝေးကပဲ ပြောမယ်"

တင်မြဝင့်က ဆရာမနှင့်သွားတိုင်သည်။ ဆရာမက ပုနိပ်ကိုခေါ်မေးသည်။ ပုနိပ်က သူမလုပ်ပါဘူးဟု ဘူးကွယ်သည်။ ပြဿနာသည်



တရားခံမပေါ်ဘဲပြီးသွားလေသည်။ တင်မြဝင့်က မကျေနပ်။ ပုနိပ်ကတော့ တင်မြဝင့်ကို မကြားတကြား စ,သည်။

"ဖားပြုပ်ထောပတ်သုတ် စားလို့ကောင်းရဲ့လား"

* * *

ကျော်စွာတို့အတန်းတွင် ကျောင်း၏ စာပေဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အတွက် အမှုဆောင်တွေ ရွေးသည်။ ဆရာမဒေါ်ခင်မေမြင့်သည် ဥက္ကဋ္ဌဖြစ်သည်။ ဆရာမက သူ၏စိတ်ကြိုက် လူများကိုရွေး၍ အမှုဆောင်အဖွဲ့ ဖွဲ့ရန်ဖြစ်သည်။ ဆရာမသည် အတွင်းရေးမှူးနေရာကို ကျော်စွာအား ရွေးချင်သည်။ သူ့မှာ သူကြိုက်နှစ်သက်သူကို တိုက်ရိုက်ရွေးပိုင်ခွင့်ရှိသော်လည်း အတန်းသူ အတန်းသားများ၏ ဆန္ဒကို သိချင်သေးသည်။

"ဆရာမတို့ကျောင်းရဲ့ စာပေဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အမှုဆောင်တွေကို ရွေးဖို့ရှိတယ်၊ ရွေးတဲ့နေရာမှာလည်း စာပေကို ဝါသနာပါတဲ့လူ၊ တကယ်လည်း ရေးလက်စရှိတဲ့လူ၊ တကယ်အလုပ်လုပ်နိုင်မယ့် လူပဲ ဖြစ်စေချင်တယ်၊ ကဲ . . ဒီတော့ ဒုဥက္ကဋ္ဌ နေရာရွေးကြရအောင်"

ရဲမြင့်ကို ဒုဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးလိုက်ကြသည်။ ဒီအထိပြဿနာမပေါ်သေး။ စည်းရုံးရေးမှူးအဖြစ် တင်မောင်ဆွေနှင့် မစင်နွဲ့ကို ရွေးလိုက်ခြင်းတွင်လည်း ပြဿနာမပေါ်ခဲ့။ အတွင်းရေးမှူးနေရာတွင်မှ ပြဿနာပေါ်ခဲ့ရသည်။

"အတွင်းရေးမှူးနေရာ"

မည်သူမျှ ဆန္ဒမပြုကြ။ ဆရာမပဲ ရွေးလိုက်ပါဆိုသော တီးတိုးသံ အချို့ ထွက်လာသည်။

"မင်းတို့မရွေးဘူးဆိုရင် ဆရာမပဲ ရွေးပေးရမလား"

"ဆရာမ အနေနဲ့တော့ မောင်ကျော်စွာကို ရွေးချင်တယ်။ သဘောတူလား"

www.burmeseclassic.com

www.burmeseclassic.com



"တူပါတယ်"

"ကန့်ကွက်ချင်တဲ့လူ ရှိသေးလား"

မည်သူမျှ ဘုတ်တုတ်မလှုပ်ကြချေ။

"ကန့်ကွက်မယ့်လူ ရှိသေးလား"

သိန်းနိုင်သည် မတ်တတ်ထရပ်လိုက်သည်။ ကျောင်းသားကျောင်းသူအားလုံးလိုလို သူ့ကို ကြည့်နေကြသည်။

"ကျွန်တော် ကန့်ကွက်တယ်"

တီးတိုးရေရွတ်သံများ ထွက်ပေါ်လာသည်။ ကန့်ကွက်မှုကို မကျေနပ်သည့် အသံများသာ။ ဆရာမက သိန်းနိုင်ကို မေးသည်။

"မောင်သိန်းနိုင်က ဘာဖြစ်လို့ ကန့်ကွက်တာလဲကွယ်"

"ဆရာမက အရွေးခံရတဲ့လူဟာ ကိုယ်တိုင် ရေးလက်စရှိသူ ဖြစ်ရမယ်လို့ ပြောတယ်မဟုတ်လား။ ကျော်စွာ စာရေးသလား၊ မရေးဘူးလားဆိုတာ ကျွန်တော် မသိဘူး"

"မနှစ်က နံရံကပ်စာစောင်မှာ မောင်ကျော်စွာရဲ့ ကဗျာနဲ့ ဆောင်းပါးတွေ ပါသားပဲ"

"ကျွန်တော် မဖတ်လိုက်ရဘူး"

"မောင်သိန်းနိုင်က မောင်ကျော်စွာကို သဘောမကျဘူးဆိုရင် ဘယ်သူ့ကို တင်ချင်သလဲ"

"ကျွန်တော့်ကိုယ်ကျွန်တော် တင်ချင်တယ်"

"ဝါး . . ဟား . . ဟား . . ဟား"

ရယ်သံတွေ ထွက်လာသည်။ လှောင်ရယ်ရယ်သံက ပို၍ များသည်။ ဆရာမက ဝင်၍တားရသည်။

"မရယ်ကြပါနဲ့ကွယ်။ စည်းကမ်းအရဆိုရင် ကိုယ့်ကိုယ်ကို တင်ပိုင်ခွင့်ရှိပါတယ်"



"စာလုံးပေါင်းတောင် မှန်အောင်မရေးနိုင်တဲ့ လမ်းသရဲကများ စာပေအသင်း အတွင်းရေးမှူး လုပ်ချင်သေးတယ်။ ငါတော့ ဒီနေရာဟာ ကျော်စွာနဲ့အလိုက်ဆုံးလို့ ထင်တာပဲ"

စုစုက စောစောအောင်ကို တိုးတိုးကလေးပြောသည်။ စောစောအောင်က စုစုစကားသည် အနှောင့်အသွားမလွတ်ကြောင်း သိနေသည်။ မကြားချင်ယောင် ဆောင်နေလိုက်သည်။ ဆရာမက စကားဆက်ပြန်ပါသည်။

"ကဲ . . မောင်သိန်းနိုင်ကလဲ အမှုဆောင်အဖွဲ့ထဲ ပါချင်တယ်ဆိုတော့ အတွင်းရေးမှူးနေရာမှာ နှစ်ယောက်ဖြစ်နေတယ်"

ကျော်စွာ မတ်တတ်ရပ်လိုက်သည်။

"ဆရာမ၊ သိန်းနိုင်ကိုပဲ အတွင်းရေးမှူး တင်လိုက်ပါ။ ကျွန်တော် ဖယ်ပေးပါမယ်"

"ဘယ်ဖြစ်မလဲ"

ယောကျ်ားလေးအုပ်စုမှ အသံထွက်လာသည်။

ဆရာမက

"ကဲ၊ ဒီလိုလုပ်ပါ၊ မဲစနစ်နဲ့ ရွေးကြရအောင်၊ ပြောင်မဲ စနစ်ပေါ့ဟုတ်လား။ ကျော်စွာကို တင်ချင်တဲ့လူ မတ်တတ်ရပ်ပါ"

သိန်းနိုင်တို့အုပ်စုမှလွဲ၍ အားလုံး မတ်တတ်ရပ်ကြသည်။ အားလုံး ငါးဆယ့်တစ်ယောက်။

"မောင်သိန်းနိုင်ကို တင်ချင်တဲ့လူ"

သိန်းနိုင်တို့အုပ်စု မတ်တတ်ရပ်ပါသည်။ ငါးယောက်။ သိန်းနိုင်၏မျက်နှာသည် နီရဲနေသည်။ သူသည် ခေါင်းငုံ့ထားသည်။

"ကဲ၊ မဲအရေအတွက်အရ မောင်ကျော်စွာက များတယ်။ ဒါကြောင့် မောင်ကျော်စွာကိုပဲ အတွင်းရေးမှူးအဖြစ် ရွေးပါတယ်"

လက်ခုပ်သံများသည် တစ်တန်းလုံးဆူညံသွားသည်။ လှဝင်းသည် ကျော်စွာကို တိုးတိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် . . မင်းကို စောစောအောင်က ထောက်ခံတယ်ကွ"

ထို့နောက် တွဲဖက်အတွင်းရေးမှူးနေရာ ရွေးသည်။ ချစ်ကိုဝင်းက ရရှိသွားလေသည်။ မနှစ်က နံ့ရုံကပ်စာစောင်တွင် သူ၏ ဟာသကဗျာများသည် လူကြိုက်များသည်မဟုတ်လား။

ကျောင်းဆင်းချိန်သို့ ရောက်လာခဲ့သည်။ ကျော်စွာတို့အုပ်စုသည် မပြန်ကြသေးဘဲ ကျောင်းရှေ့ကွက်လပ်ထဲက ကုက္ကိုပင်အောက်မှာ ထိုင်နေကြသည်။ နေ့လယ်က အတွင်းရေးမှူးရွေးပွဲအကြောင်းကို ပြန်ပြောနေကြသည်။ အေးမြင့်သောင်းက

"အလကားပါကွာ၊ သိန်းနိုင်ဆိုတဲ့ကောင်က သက်သက်ဝင်ရှုပ်တာပါ။ တခြားလူကို တင်မယ်ဆိုရင် ဒီကောင် ဘာမှ ပြောမှာမဟုတ်ဘူး၊ မင်းကိုတင်မယ်ဆိုလို့ ဝင်ရှုပ်တာ"

"ဝင်ရှုပ်တော့ အရှက်ကွဲတာပေါ့ကွ။ ဒီကောင့် ထောက်ခံမယ့်လူက သူ့အုပ်စုက ငါးယောက်တည်းရှိတာ မဟုတ်လား"

"အေးကွာ၊ ဒီကောင့်မျက်နှာကို နီရဲနေတာပဲ။ ဒီတစ်ခါတော့ ကောင်းကောင်းမှတ်သွားပြီ"

ဇော်ခင်မော်တို့က ဝင်၍ ပြောကြသည်။ စောစောအောင်နှင့်စုစုတို့ သူတို့နား ရောက်လာသည်။

"မပြန်သေးဘူးလား"

စောစောအောင်က ကျော်စွာကို မေးသည်။ လှဝင်းဦးက ဝင်ပြောသည်။

"မပြန်သေးဘူးဟ၊ တို့မှာ ထီးပါမလာလို့"

စောစောအောင်သည် ဘာမှမပြောတော့ဘဲ ထွက်သွားသည်။ ကျော်စွာက လှဝင်းဦးကို အပြစ်တင်သည်။

"မင်းကလည်းကွာ၊ သိပ်မနှောက်ပါနဲ့"

"ခဏခဏ နောက်ပေးမှ မင်းကိုသူက အမြဲတမ်း သတိရနေမှာပေါ့ကွ"



"တော်စမ်းပါကွာ၊ သူသတိရနေတော့ ငါက ဘာလုပ်ရမှာလဲ"

"အောင်မာ၊ မင်းကလေ၊ တကယ် မဂ်လာယှ်တဲ့ကောင်။ မင်းအတွင်းစိတ်ကို ငါမသိဘူးများ၊ မှတ်နေသလား"

"ငါ့အတွင်းစိတ်က ဘာဖြစ်နေလို့လဲ"

"ခုအချိန်မှာ မင်းရဲ့အတွင်းစိတ်က"

"ဘာဖြစ်သလဲ"

"ဩော်၊ မင်း ထမင်းဆာနေပြီ မဟုတ်လားလို့ ပြောမလို့ပါ"

"ဟော့ကောင်တွေ၊ ဟိုမှာ ကုဋ္ဌေတစ်သန်းလာနေပြီ"

ချစ်ကိုဝင်းက ဝင်ပြောသည်။ အမှန်ပါ။ တင်မြဝင့်သည် ခြေတစ်လှမ်းကို ကုဋ္ဌေတစ်သန်းတန်အောင် လျှောက်၍လာနေပါသည်။ သူသည် ကျော်စွာတို့ရှေ့မှ ဖြတ်လျှောက်သွားသည်။ ချစ်ကိုဝင်းက

"အေးကွာ၊ ဒီလမ်းတွေချိုင့်နေတာ ဘာကြောင့်လဲလို့ စဉ်းစားနေတာကြာပြီ။ ခုမှပဲ အဖြေပေါ်တော့တယ်"

တင်မြဝင့်သည် ချစ်ကိုဝင်းကို မျက်စောင်းထိုးသည်။ ခြေကိုဆောင့်၍ လမ်းလျှောက်သည်။

"ဟ . . လျှောင်လှုပ်တယ်ဟ၊ လျှောင်လှုပ်တယ်"

တင်မြဝင့်သည် သူ့အိမ်ကကားအတွင်းသို့ ဝင်လိုက်သည်။ တံခါးကို ကျိုင်းကနဲမြည်အောင် ဆောင့်ပိတ်သည်။ ကားမောင်းသူသည် စက်နှိုးလိုက်သည်။ မရချေ။ နောက်တစ်ခါနှိုးသည်။ မရချေ။ နောက်တစ်ကြိမ်။ နောက်တစ်ကြိမ်။ မရပြန်ချေ။ ကားမောင်းသူ အောက်ဆင်းသည်။ စက်ဖုံးဖွင့်သည်။ ဘက်ထရီအိုးက ဓာတ်ကြိုးတွေကို ပြုပြင်သည်။ စက်ပြန်နှိုးသည်။ မရပါ။ တင်မြဝင့်သည် ကားမောင်းသူကို ကြိမ်းနေသည်။ ကျော်စွာတို့သည် တင်မြဝင့်တို့ကားနားသို့ လျှောက်သွားကြသည်။

"ဘာကူညီရမလဲ"

"မလိုပါဘူး"


www.burmeseclassic.com

www.burmeseclassic.com

တင်မြဝင့်က ဖြေသည်။ ကားမောင်းသူက

"ငါ့တူတို့ နည်းနည်းတွန်းပေးရင်တော့"

"ဟာ . . ရပါတယ်"

သူတို့ ကားကိုတွန်းရန် ဟန်ပြင်သည်။ တင်မြဝင့်က ကားပေါ်မှ မဆင်းချေ။ ကျော်စွာက သွားပြောသည်။

"ဟေ့ . . တင်မြ၊ တို့က ကူညီပြီး တွန်းပေးနေတာ၊ နင်က ကားပေါ်ကတောင် မဆင်းဘူး၊ နင်မတွန်းချင်လည်း နေပေါ့၊ ဒါပေမယ့် ကားပေါ်ကတော့ ဆင်းပေးမှပေါ့"

"တို့က ကားကိုပဲ တွန်းချင်တာ၊ နင့်ကို တွန်းချင်တာမဟုတ်ဘူး"

"ကားပေါ်မှာနေချင်လည်း ကားပေါ်ကနေ တွန်းပေါ့"

လှဝင်းဦးတို့က ဝင်၍ လောင်သည်။ တင်မြဝင့် မနေသာသောကြောင့် ဆင်းလိုက်ရသည်။ သူတို့ ကားကိုတွန်းသည်။ တင်မြဝင့် ကတော့ မတွန်းချေ။ ချစ်ကိုဝင်းသည် ဇော်ခင်မော်ကို မျက်စိမှိတ်ပြလိုက်သည်။

"ကားကလေးက စုတ်လိုက်တာ ပြောစရာရှိဘူး"

"ညအခါ လသာသာကိုယ်တော်သုံးတယ် လေပုန်းကမြူး၊ ဟာဘာဆိုင်လို့လဲ"

ကားစက်နိုးသွားလေသည်။ တင်မြဝင့်၏ မျက်နှာသည် ပြုံးလာသည်။ သူသည် ပိုက်ဆံအိတ်ကို ဖွင့်၍ ငါးကျပ်တန်တစ်ရွက်ထုတ်လိုက်သည်။ ကျော်စွာကို ပေးသည်။

"ရော့ . . နင်တို့ လက်ဖက်ရည်သောက်ဖို့"

"ဘာပြောတယ်"

ကျော်စွာအသံသည် နည်းနည်းမာသွားသည်။ တင်မြဝင့် လန့်သွားသည်။

"ဟို၊ ဟို . . မဟုတ်ပါဘူး၊ နင်တို့က ငါ့ကို ကူညီလို့"

"မလိုပါဘူး"





"နင်တို့ မောနေကြပြီ မဟုတ်လား"

"ဒီမှာ . . တင်မြ၊ တို့က အတန်းသူ အတန်းသားချင်းမို့လို့ ကူညီတာ၊ ပိုက်ဆံလိုချင်လို့မဟုတ်ဘူး။ တို့ကို ပိုက်ဆံပေးပြီး ခိုင်းလို့မရဘူး။ သိရဲ့လား"

ကျော်စွာ ခပ်တည်တည်ပြောလိုက်သည်။ တင်မြဝင့် မျက်နှာငယ်သွားသည်။

"စိတ်မဆိုးပါနဲ့ဟယ်။ ငါက ပိုက်ဆံပေးပြီး ခိုင်းတဲ့သဘောမဟုတ်ပါဘူး။ နင်တို့ကို မုန့်ဝယ်ကျွေးတဲ့ သဘောပါ။ ငါတောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး"

"ကျေးဇူးတင်ပါတယ်ဟာ။ ငါသွားမယ်နော်"

တင်မြဝင့်ကား ထွက်သွားသည်။ ချစ်ကိုဝင်းက ကျော်စွာကို ပြောသည်။

"မင်းကလည်းကွာ။ သူပေးတဲ့ပိုက်ဆံ ယူထားလိုက် ပြီးရော"

"ဘာလုပ်ဖို့လဲ"

"လက်ဖက်ရည်သောက်ရတာပေါ့ကွ"

"မလိုပါဘူးကွာ"

"တင်မြအဖို့ ပိုက်ဆံငါးကျပ်ဟာ ဘာမှ တန်ဖိုးမရှိပါဘူးကွာ"

"အေး . . မှန်တယ်၊ ဒါပေမယ့် တို့တစ်တွေဟာ ဘာကောင်တွေလဲဆိုတာ သူ သိသွားစေချင်လို့ ငါမယူလိုက်တာ။ တို့တစ်တွေဟာ ဆင်းရဲပေမယ့် သူများကို ကူညီတတ်တယ်။ တို့ကောင်တွေကို ပိုက်ဆံပေးပြီး ခိုင်းလို့ မရဘူးဆိုတာ ပြလိုက်တာပဲကွ"

●

www.burmeseclassic.com

www.burmeseclassic.com

[၅]

အာတပ္ပနဗေဒင် လက္ခဏာဆရာ
ကျားကြီး ကျော်ဝင်း
ရှေ့ဖြစ် နောက်ဖြစ် အလယ်ဖြစ် ဟောသည်။
(မှတ်ချက်။ ။မိန်းကလေးများကို အခမဲ့ ဟောသည်။)

ချစ်ကိုဝင်းသည် ကျော်ဝင်း၏ထီးတွင် ဖြေဖြေဖြင့် အထက်ပါစာကိုရေးသည်။ ပြီးတော့ ထီးကိုပြန်ပိတ်ထားသည်။ ကျော်ဝင်းကတော့ မသိချေ။ သူသည် ဗေဒင်ဟော၍ ကောင်းတုန်း။ မိန်းကလေးတွေနှင့် တရှန်းရှန်း။ ကျော်ဝင်းသည် မဟာဘုတ်တိုင်ထူတတ်သည်။ လက္ခဏာ နည်းနည်းပါးပါးတတ်သည်။ ချစ်ကိုဝင်းက မိန်းကလေးများကို အခမဲ့ဟောသည်ဟု ရေးထားသော်လည်း အမှန်မှာ ထိုသို့မဟုတ်ချေ။ မိန်းကလေးများဆိုလျှင် မုန့်ဝယ်ကျွေးမှ ဟောတတ်သည်။ ယောကျ်ားကလေးများဆိုလျှင်တော့ အခမဲ့ ဟောပေးတတ်ပါသည်။ သူဟောတာ မှန်သည်ဖြစ်စေ မမှန်သည်ဖြစ်စေ ပျော်ကြရသည်တော့အမှန်ပါ။ သူ့အမည် ကျော်ဝင်းကနေ ကျားကြီးကျော်ဝင်းဟူ၍ အဘယ့်ကြောင့်ဖြစ်လာမှန်း မည်သူမှ မသိကြချေ။

ကျားကြီးကျော်ဝင်းသည် စောစောအောင်ကို ဗေဒင်ဟောပေးနေသည်



"တစ်ကြွင်းတယ်ဆိုတော့ . . အောင်၊ လံ၊ ထူ၊ စစ်၊ သုံ၊ ကြီး၊ ပွဲ၊ ဟာ . . နှင်က သိုက်ဖွားပဲ၊ ပြီးတော့ . . အင်္ဂါသိုက်ရတယ်ဆိုတော့ အိမ်ထောင်ရေး ကောင်းတယ်၊ အိမ်ထောင်လည်းမြဲမယ်"

"ဟယ် . . ငါအဲဒါတွေ မသိချင်ပါဘူး၊ ပညာရေးပဲသိချင်တယ်"

"ပညာရေးလည်းကောင်းတာပဲ၊ ကြာသပတေး အဓိပတိမဟုတ်လား"

"ဗေဒင်ဆရာ လာပါဦးဗျို့၊ ကျွန်တော်တို့ကိုလည်း ကြည့်ပေးပါဦး"

လှဝင်းဦးက လှမ်းအော်သည်။ ကျားကြီးကျော်ဝင်းသည် သူတို့ဆီကို လျှောက်လာခဲ့သည်။ မလာလို့လည်း မရ။ တစ်ခါခေါ်လို့ မလာလျှင် လောင်တော့မည်ကို သူသိသည်။ လှဝင်းဦးကို စ၍ဟောသည်။

"ဗေဒင်မတွက်နဲ့ကွာ။ လက္ခဏာကြည့်ပေး"

"ဟာ . . မင်းကလည်း မဟာဘုတ်တိုင် ထူကြည့်ပါဦးကွ"

"ဘာလဲ . . မင်းက ယောကျ်ားလေးမို့လို့ လက္ခဏာကြည့်မပေးဘူးပေါ့။ အေးပေါ့ကွာ၊ ယောကျ်ားလေးလက်ဆိုတော့ ကိုဗလို့ ဘယ်ကောင်းမလဲ"

"ဟေ့ကောင်၊ မင်းအဲဒီလိုမပြောနဲ့။ ငါက မိန်းကလေးတွေကို လက္ခဏာကြည့်ရင် ဘယ်တော့မှ လက်မကိုင်ဘူး။ ငါကနေ့တိုင်း စိပ်ပုတီးစိပ်တဲ့ကောင်ကွ"

"ထားပါတော့ . . ထားပါတော့။ ကဲ . ငါ့ကို လက္ခဏာကြည့်ပေးကွာ"

"အင်း . . ဒီလိုင်းကလေး ဘာပါလိမ့်"

"ဆယ့်သုံးလိုင်းလေကွာ"

ဇော်ခင်မော်က ဝင်လောင်ပြန်သည်။

"လှဝင်းဦး၊ မင်းကို လူမျိုးခြား မ,စမယ့်ကိန်းရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်လိုက်လေ ဆရာရယ်။ မနက်ကပဲ စက္ကူဝယ်တဲ့ ကုလားလာလို့ စာအုပ်တွေ ပီသာချိန်နဲ့ ရောင်းလိုက်သေးတယ်"

"တော်ပြီကွာ၊ မင်းသိပ်နောက်တဲ့ကောင်။ လာ . . ကျော်စွာကို ဟောပေးမယ်"

ကျားကြီးကျော်ဝင်းသည် စက္ကူတစ်ရွက်ပေါ်တွင် အကွက်ချသည်။ ကျော်စွာ၏မွေးသက္ကရာဇ်ကိုယူ၍ မဟာဘုတ်တိုင်ထုသည်။

"ဟာ၊ ကျော်စွာက သောကြာထွန်းတယ်။ မိန်းမကောင်းကောင်း ရမယ်"

ဇော်ခင်မော်က ကျားကြီးကျော်ဝင်းကို မျက်စိမှိတ်ပြသည်။

"ဒါနဲ့ နေပါဦးကွ ကျားကြီးရ၊ ကျော်စွာက ဘယ်လိုမိန်းမမျိုး ရမှာလဲ"

"စာတော်မယ်ကွာ၊ လှမယ်ကွာ၊ သိက္ခာရှိမယ်ကွာ။ အဲဒါမျိုး ရမယ်၊ ဒါနဲ့ ကျော်စွာက အင်္ဂါသားနော်"

"အေး . . ဟုတ်တယ်"

"အင်း . . အင်္ဂါသားဆိုတော့၊ မင်းလက်ပြစမ်း။ ဟာ . . ဟုတ်ပြီ။ မင်း အင်္ဂါသမီးနဲ့ပဲရမယ်"

ကျားကြီးကျော်ဝင်းကလည်း အလိုက်သင့်ပြောပေးသည်။ ချစ်ကိုဝင်သည် အကွက်ဝင်လာပြီကို သိသည်။

"အင်္ဂါသမီးဆိုတော့"

"စ၊ ဆ၊ ဇ၊ ဈ၊ ည ပေါ့ကွ"

"အဲ . . အဲဒါဆို စိန်၊ စန်း၊ စု၊ စော ဟုတ်ပြီ . . ဟုတ်ပြီ၊ စောစောအောင်လည်း အင်္ဂါသမီးပဲ မဟုတ်လား"

"အစစ်ပေါ့ကွ၊ နနပဲ စောစောအောင်ကို ငါဗေဒင်ဟောခဲ့သေးတာပဲ"

"တော်ကြစမ်းပါကွာ။ မင်းတို့ကလည်း သူ့ကို ငါနဲ့ပဲ စ,နေကြတာပဲ။ ဟိုကကြားသွားလို့ စိတ်ဆိုးနေဦးမယ်"



"အဲမယ်လေးကွာ၊ ဟိုက စိတ်ဆိုးမှာမဟုတ်ဘူး။ မင်း ဘယ်နေ့ ကောား စမလဲလို့ စောင့်နေတာ"

"ဟေ့ကောင် ကျားကြီး၊ ငါ့ကိုလည်း ကြည့်ပေးစမ်းပါကွာ။ ငါနဲ့ ဗုဒ္ဓဟူးသမီးနဲ့ ယှဉ်လို့ဖြစ်ပါ့မလား"

ပွန်ပိုက ဝင်မေးပြန်သည်။

"ဘယ်သူလဲကွ။ ဗုဒ္ဓဟူးသမီးက"

"မင်းတို့မသိပါဘူး"

"တင်မြဝင့်ကလဲ ဗုဒ္ဓဟူးမဖြစ်နိုင်ဘူး"

"ဟာ . . ဒီဟာမဟုတ်ပါဘူး"

"မင်းက ဘာနေ့သားလဲ"

"စနေ"

"ဟာ . . ကောင်းတာပေါ့ကွ။ စနေနဲ့ ဗုဒ္ဓဟူး"

"ဟုတ်တယ်၊ ဟုတ်တယ်။ မင်းမကြားဖူးဘူးလား။ စနေနဲ့ ဗုဒ္ဓဟူး အရှုံးတောင် စိတ်ရောဂါကုဆေးရုံရောက်တယ်ဆိုတာ"

"မင်းကလဲ။ စနေနဲ့ ဗုဒ္ဓဟူး အရှုံးတောင် ကျောင်းဆောက်ရ ပါတယ်ကွာ"

မုန့်စားလွှတ်ထားသော ထိုအချိန်မှာပင် ဆယ်တန်း (F) အခန်းဘက်မှ ရုတ်ရုတ်သဲသဲ အသံများကို ကြားရသည်။ ကျော်စွာတို့အုပ်စု ပြေးထွက်သွားကြသည်။ ဆယ်တန်း (F) ထဲသို့ဝင်လိုက်သောအခါ . .

ကျောင်းသားတစ်ယောက်ကို အခြားကျောင်းသားနှစ်ယောက်က ချုပ်ကိုင်ထားသည်။ အချုပ်ခံထားရသူကို အခြားကျောင်းသားတစ်ယောက်က လက်သီးနှင့်ထိုးမည့်ဟန် ပြင်သည်။ သူ့ကို ကျော်စွာက ပြေး၍ဆွဲသည်။ သို့ရာတွင် နောက်ကျသွားလေပြီ။ "ခွပ်"။

နောက်တစ်ချက် မထိုးနိုင်မီမှာပင် ကျော်စွာက လက်သီးနှင့်ထိုးသော ကျောင်းသားကို ဝင်ဖက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ကြတာလဲ မောင်လွင်ရာ"

"ဒီကောင် သူခိုးကွ"

ကျော်စွာသည် သူခိုးဆိုသော အထိုးခံထားရသည့် ကျောင်းသားကို ကြည့်လိုက်သည်။ သူ့နှာခေါင်းမှ သွေးတွေယိုကျနေသည်။ သူ့မျက်လုံးများမှာ မျက်ရည်ဝဲလျက်။

"ငါတို့ လက်တွေ့ခန်းထဲ သွားနေလို့ အတန်းထဲမှာ ဘယ်သူမှ မရှိတုန်း ဒီကောင်ကဝင်ခိုးတာ။ ငါတို့လက်တွေ့ပြီးလို့ ပြန်လာရင်း လက်ပူးလက်ကြပ်မိတာပဲ။ တောက် . . ငါကွာ"

မောင်လွင်က ရှန်းကန်ပြန်သည်။ ကျော်စွာက အတင်းဖက်ထားရင်းက ပြောလိုက်သည်။

"ကဲပါ မောင်လွင်ရာ . . .။ တကယ်ခိုးတာဆိုရင်လည်း ဆရာကြီးက စီစဉ်ဆုံးမလိမ့်မှာပေါ့။ လာကြကွာ ဆရာကြီးရုံးခန်းကို သွားမယ်"

ဆရာကြီး၏ ရုံးခန်းသို့ခေါ်သွားကြသည်။ ဆရာကြီးကို တွေ့လျှင်တွေ့ချင်း မောင်လွင်က တိုင်သည်။

"သူခိုး မိလာလို့ ဆရာကြီး၊ ကျွန်တော်တို့ အတန်းထဲ ဝင်ခိုးတယ်"

ဆရာကြီးက စစ်ဆေးသည်။ ခိုးသည်ဆိုသော ကျောင်းသားသည် ဆယ်တန်း(B) မှဖြစ်ပါသည်။ သူ့နာမည် ဘခက်။ ဆယ်တန်း (B) အတန်းပိုင်ဆရာမလည်း ရောက်ရှိလာသည်။ ဆရာကြီးက မေးသည်။

"ကဲ . . မောင်ဘခက်က အတန်းထဲမှာ လူမရှိတုန်း ပစ္စည်းတွေ ဝင်ယူတယ်ဆိုတာ ဟုတ်သလား"

"ဟုတ် . . ဟုတ်ပါတယ် ဆရာကြီး"

ဘခက်က ဝန်ခံသည်။ သူ့အသံသည် ငိုသံပါနေသည်။ ဟုတ်သည်။ သူငိုနေပြီ။

"ဘာတွေ ဝင်ယူတာလဲကွာ"

"စာအုပ်ပါ ဆရာကြီး"

"ဟော . ."



ခိုးစရာ ရှားသလား။ စာအုပ် ဝင်ခိုးတယ်တဲ့။

"ဟုတ် . . ဟုတ်ပါတယ် ခင်ဗျာ၊ စာအုပ် ဝင်ခိုးတာပါ၊ သင်္ချာဗေဒ ပုံနှိပ်စာအုပ်ပါ။ ကျွန်တော် မုဆိုးမသားပါခင်ဗျာ။ အမေက လည်း နေမကောင်းလို့ ဈေးမရောင်းနိုင်တာ သုံးရက်ရှိပါပြီ။ ကျွန်တော်နဲ့ညီမလေးသုံးယောက် ဒီနေ့မနက်စာ မစားရသေးပါဘူး။ စာအုပ်ဝယ်ဖို့ ဆိုတာတော့ စိတ်ကူးထဲတောင် မထည့်ရဲပါဘူး။ ဒီစာအုပ်ကလဲ မရှိရင် မဖြစ်လို့ ဒီလို လုပ်မိတာပါခင်ဗျာ။ ဆရာကြီးရယ် . . ကျွန်တော် မှားပါတယ်။ ကျွန်တော့်ကို ကျောင်းမထုတ်ပါနဲ့။ ဆရာကြီး ရိုက်ချင်ရင် ကြိုက်သလောက် ရိုက်ပါခင်ဗျာ"

ဘခက်သည် စားပွဲပေါ်တွင် မျက်နှာအပ်၍ ရှိုက်ကြီးတငင်ငိုသည်။ ဒေါသဖြစ်နေသော ကျောင်းသားများ စိတ်မကောင်းဖြစ်သွားကြသည်။ မောင်လွင်ပင် ဝမ်းနည်းလာသည်။

ဆရာကြီးသည် သက်ပြင်းတစ်ချက်ကို ဟူးကနဲမှုတ်ထုတ်လိုက်ပါသည်။

* * *

တင်မြဝင့် ကျောင်းမတက်တာ သုံးရက်ရှိပြီ။ အမှန်မှာ သုံးရက်ထက်ပို၍ ကျောင်းပျက်လျှင် ခွင့်စာပို့ရမည်ဖြစ်သည်။ ခုတော့ ခွင့်စာလည်း မပို့၊ လူလည်း ရောက်မလာ။ အစကတော့ အားလုံး အမှတ်တမဲ့ပင်။ တင်မြဝင့် ကျောင်းပျက်သည်မှာ သိပ်အဆန်းမဟုတ်။ သူသည် သူဌေးသမီးပီပီ မကြာခဏ နေမကောင်းဖြစ်တတ်သည်။ ဘာမျှ မဖြစ်ဘဲနှင့်လည်း ကျောင်းမတက်ဘဲ နေချင်နေတတ်သည်။ သို့ရာတွင် ဒီတစ်ခါ ကျောင်းပျက်ခြင်းကတော့ ဆန်းသည်ဟု ဆိုစရာဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တင်မြဝင့် အမေသည် ဆရာများအခန်းထဲ၌ ဆရာမ ရှိချိန်တွင် လာတွေ့လေသည်။ ထိုအချိန်တွင် ဆရာမအနီးတွင် မကြည်မြင့်လည်းရှိနေသည်။ တင်မြဝင့် အမေပြောပြသော တင်မြဝင့်၏သတင်းများကို မကြည်မြင့်က ပြန်လည်ဖြန့်ဖြူးလေသည်။

တင်မြဝင့်သည် သူ၏ချစ်သူနှင့် ခိုးရာလိုက်ပြေးပြီ ဟူသောသတင်းပင် ဖြစ်ပါသတည်း။ ထိုသတင်းသည် အုံ့ဩစရာ သိပ်မကောင်းပါ။

အုံ့ဩစရာကောင်းသည်မှာ တင်မြဝင့်နှင့်အတူ ပူနိုပ်ခေါ်အေးမြင့်ပါ ပျောက်နေခြင်းပင်ဖြစ်ပါသည်။ ပူနိုပ် ကျောင်းမတက်သည်မှာလည်း သုံးရက် ရှိခဲ့ပြီဖြစ်သည်။ တင်မြဝင့်သည် ပူနိုပ်နှင့်ပင် ခိုးရာလိုက်သွားခြင်းဖြစ်လေသလားဟု ထင်စရာရှိသည်။ သံသယဖြစ်နိုင်လောက်သော အကြောင်းကလည်း ရှိနေပါသည်။

လွန်ခဲ့သော ငါးရက်ခန့်က ဖြစ်ပါသည်။ တင်မြဝင့်တို့အိမ်ကကား ပျက်နေသောကြောင့် လမ်းလျှောက်၍ပြန်ရသည်။ တင်မြဝင့်တို့အိမ်သည် ကျောင်းနှင့်မဝေးလှပါ။ သို့ရာတွင် ကားဖြင့် လာကြိုနေကျဖြစ်ပါသည်။ ဒီနေ့တော့ လမ်းလျှောက်၍သာ ပြန်ရပါမည်။ ပူနိုပ်သည် ဘယ်အချိန်က အကွက်ချောင်းနေသည်မသိ။ တင်မြဝင့်နောက်သို့ လိုက်သွားသည်။ ခင်မောင်လွင်ကို အဖေါ်အဖြစ် ခေါ်သွားသည်။ ဒီလိုနေရာမျိုးမှာ ခင်မောင်လွင်ကို ခေါ်သွားသင့်ကြောင်း သူသိသည်။ ခင်မောင်လွင်သည် ဒီကိစ္စမျိုးမှာ ဆရာကြီး။ တင်မြဝင့်ဘေးတွင် အဖေါ်တစ်ယောက်ရှိနေပါသည်။ မဝင်းစိုး ဖြစ်သည်။ ဒီတရုတ်မတော့ ခေါက်ထားလိုက်ဟု ခင်မောင်လွင်က ဆိုသည်။ သူတို့သည် တင်မြဝင့်တို့နောက်က လိုက်သွားကြသည်။ လူရှင်းသောနေရာတွင် ခင်မောင်လွင်က အခါတော်ပေးလေသည်။

ပူနိုပ်သည် တင်မြဝင့်တို့အနားသို့ ကပ်သွားလေသည်။

"ဟေ့ . . တင်မြ"

"ဘာလဲ"

"နင့်ကို ငါချစ်တယ်"



"ဘာပြောတယ်"

နိဒါန်းမပျိုးဘဲ ပြောလိုက်သော ပူနိုပ်စကားကြောင့် တင်မြဝင့်လန့်သွားသည်။

"နင်နားလေးနေသလား . . နင့်ကို ငါချစ်တယ်လို့ပြောတာ"

"အောင်မာ . . ပူနိုပ်စုတ်ကများ၊ ပါးကျိုးသွားချင်လို့လား"

ပူနိုပ်သည် ကုပ်ကုပ်ကလေး ပြန်လှည့်လာခဲ့ရသည်။ ခင်မောင်လွင်ကို ပြန်ပြောပြသည်။

"ဟေ့ကောင် . . ပါးကျိုးသွားမယ်လို့ ပြောတယ်ကွ"

နောက်တစ်နေ့တွင် တင်မြဝင့်က ဆရာကြီးကို တိုင်သည်။ ဆရာကြီးက ပူနိုပ်ကို ခေါ်မေးသည်။ ပူနိုပ်က နောက်တာပါဟုဖြေသည်။ ဆရာကြီးက နောက်ဆုံးအကြိမ်အဖြစ် သတိပေးသည်။ သူငယ်ချင်းတွေက မေးသောအခါ

"အလကားပါကွာ။ ဒီကောင်မလေး မာနကြီးလွန်းလို့ သက်သက်လိုက်ပြီး လှောင်တာပါ"

ထိုအချိန်တုန်းက ပူနိုပ်တကယ်နောက်တာပဲ ထင်ခဲ့ကြသည်။ ခုတော့ . .။

ခုတော့ ဆရာမကိုယ်တိုင်ပင် သံသယဖြစ်ခဲ့ရပြီ။ တင်မြဝင့်၏အမေကိုယ်တိုင်ပင် သူ့သမီး ဘယ်သူနှင့်လိုက်သွားမှန်း မသိရ။ တချို့ကလည်း ပူနိုပ်နှင့်တော့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဟုယူဆကြသည်။ တချို့ကလည်း ပူနိုပ်နှင့်ပင် ဖြစ်ရမည်ဟုထင်ကြသည်။

"ဟ တင်မြဝင့်က ပူနိုပ်ကို ကြိုက်ပါ့မလားကွ"

"အေးလေကွာ၊ ပူနိုပ်က ဗလါတောတော ကြောင်တောင်တောင်နဲ့ဥစ္စာ၊ ဖြစ်နိုင်ပါ့မလား"

"ချစ်ခြင်းမေတ္တာဆိုတာ ပေါ်တာ၊ ကြောင်တာနဲ့မဆိုင်ပါဘူးကွ။ နှလုံးသားနဲ့ပဲ ဆိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တာကတော့ ပွန့်ပ်ကို ဆရာကြီးကခေါ်ဆူတာကို တင်မြက သနားပြီး လိုက်သွားတာဖြစ်နိုင်တယ်"

မည်သို့ပင်ဖြစ်စေ၊ ဆရာမကိုယ်တိုင်ကပင် ညနေကျောင်းဆင်းလျှင် ပွနိပ်တို့အိမ်သို့ဝင်၍ စုံစမ်းရန် ကျော်စွာတို့ကို တာဝန်ပေးရလေတော့သည်။

ကျောင်းဆင်းသောအခါ ကျော်စွာတို့သည် ပွနိပ်တို့အိမ်ဘက်သို့ သွားရလေသည်။

"မင်းတို့ ဘယ်လို သဘောရသလဲ"

"မပြောနိုင်ဘူးကွ။ အချစ်ဆိုတာကလည်း ခက်သားပဲ"

"အေးကွ၊ ဒီကောင့်ကိုလည်း မတွေ့တာ သုံး လေးရက်ရှိပြီ။ ခါတိုင်းဆို ညနေကျရင် ဒီကောင့်ကို နွားနို့သွားယူတာ တွေ့နေကျပဲကွ။ တို့အိမ်ရှေ့က ဖြတ်ဖြတ်သွားတာပဲ"

"ငါတို့လည်း အမှတ်တမဲ့မို့ သတိမထားမိဘူး"

"တင်မြဝင့်တော့ ကံဆိုးမိုးမှောင်ကျပြီထင်တာပဲ။ ပွနိပ်က ငပေါကွ"

"မင်းတို့ကလည်း အရမ်းလျှောက်ပြောမနေစမ်းပါနဲ့၊ ငါတော့ ဟုတ်မယ်မထင်ပါဘူး"

ပွနိပ်တို့အိမ် ရောက်လာသည်။ ချစ်ကိုဝင်းက အော်ခေါ်သည်။

"ပွနိပ်ရေ . . ဟေ့ကောင် ပွနိပ်"

ပွနိပ်တို့အမေ ထွက်လာသည်။

"ဒေါ်ဒေါ် . . ပွနိပ် . . ဟို . . အေးမြင့်ရှိလား"

"ရှိတော့ ရှိတယ်ကွဲ့၊ နေမကောင်းလို့ အိပ်နေတယ်"

ကျော်စွာတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ဘယ်လိုလဲ၊ အဘွားကြီး ညာနေတာဖြစ်ရမယ်။

"ကျွန်တော်တို့ အရေးကြီးလို့ပါ၊ ဆရာမက မေးခိုင်းလို့"

"အထဲကို ဝင်ကြဦးလေကွယ်"



အဘွားကြီး အိမ်ပေါ်တက်သွားသည်။ မကြာမီကပင် ပွနိပ်သည် စောင်ကြီးခြုံ၍ ဆင်းလာတော့သည်။

"ဟင် . . ပွနိပ်"

"မင်း ရှိသေးတယ်နော်"

"မရှိလို့ ငါက သေရမှာလားကွ"

"မဟုတ်သေးဘူးကွ၊ ဒီလိုဟေ့ . . ဒီလို"

ဖြစ်သမျှအကြောင်းကို ပွနိပ်အား ပြောပြလိုက်ကြသည်။

"ဟင် . . ဒီလိုဆို ကျောင်းမှာ တင်မြဝင့်နဲ့ငါနဲ့ နိုးပြေးကြပြီဆိုပြီး သတင်းကြီးနေတာပေါ့"

"အေးပေါ့ကွာ"

"ဝမ်းသာလိုက်တာကွာ"

"ဘာဝမ်းသာတာလဲ"

"ဩော် . . ငါတကယ်မရပေမယ့် ခဏလောက်တော့ နာမည်ကြီးလိုက်ရတာပဲ မဟုတ်လား"

"အောင်မာ၊ တင်မြအမေကြီးက အေးမြင့်နဲ့တော့ မပေးစားဘူး၊ ခွေးကို အမြီးဖြတ်ပေးစားမယ်လို့ ပြောနေတယ်"

"ဩော် . . . ဒါကြောင့် လှဝင်းဦး အမြီးပြတ်နေတာကိုးကွ"

●

www.burmeseclassic.com

www.burmeseclassic.com

## [၆]

'သိပ္ပံ ဆောင်သစ် အုတ်မြစ်ချပွဲနှင့်
ဆောက်လုပ်ရေး လုပ်အားပေးပွဲ'

ဝင်းမြင့်အေးနှင့် မြင့်အောင်သန်း တို့သည် အထက်ပါစာ ရေးထားသော ကျောက်သင်ပုန်းကိုမ, လာကြသည်။ လုပ်အားပေးပွဲ ပြုလုပ်မည့် ကွက်လပ်တွင်လာ၍ချထားသည်။ ထိုဆိုင်းဘုတ်၏ လက်ရာရှင်ကား ချစ်နိုင်။ ချစ်နိုင်သည် ကျော်စွာတို့ အတန်းထဲတွင် လက်ရေးအလှဆုံး၊ ပန်းချီဆွဲ အကောင်းဆုံးဖြစ်သည်။ သူသည် မနက်မိုးလင်းကပင် ရောက် နေခဲ့သည်။ ရောင်စုံမြေဖြူများနှင့် စိတ်ရှည်လက်ရှည် ရေးနေခဲ့ရာ ခြောက် နာရီထိုး မှပင် ပြီးတော့သည်။ လုပ်အားပေးပွဲသည် ခြောက်နာရီခွဲတွင် စ, မည်ဖြစ် သည်။ ဤလုပ်အားပေးပွဲသို့ ရှစ်တန်းမှဆယ်တန်းထိ ကျောင်းသား ကျောင်းသူများ လာကြမည်ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မနေ့ကပင် ဆရာကြီးဦးသူတော်က ကျောင်းခန်းမတွင် စကားပြောခဲ့သည်။

"နက်ဖြန်မှာ ဆရာကြီးတို့ကျောင်းရဲ့ သိပ္ပံဆောင်သစ် စတင်ဆောက် လုပ်ပွဲအတွက် မင်းတို့ လုပ်အားပေးကြရမယ်။ ဒါပေမယ့် မင်းတို့မလာ မနေရ လာရမယ်လို့တော့ အတင်းအကျပ် မပြောလိုပါဘူး။ မင်းတို့ထဲက ဒုလာညောင်းကျ ဖြစ်နေတဲ့လူတွေ၊ မီးယပ်ပိန်မီးယပ်ခြောက် ဖြစ်နေတဲ့ လူတွေကတော့ မလာဘဲ နေနိုင်ပါတယ်။ ဆရာကြီး ခွင့်လွှတ်တယ်"



ဆရာကြီးသည် အတင်းအကျပ် လာစေခြင်းမျိုးလည်းမဖြစ်အောင်၊ မလာပဲလည်း မနေနိုင်ကြအောင် ဟာသနှော၍ ပြောခဲ့လေသည်။

ခြောက်နာရီခွဲပြီ။ ဂျော်ကောင်စီ အတွင်းရေးမှူး မင်းနိုင်ဦးသည် ပြည်ထောင်စုအလံကို လွှင့်ထူလိုက်သည်။ ကျောင်းဝင်းတစ်ခုလုံး အိုးစည် ဒိုးပတ်သံများ ဆူညံသွားသည်။ ဒိုးပတ်အဖွဲ့ ခေါင်းဆောင်သည် သင်းဒွေး ဖြစ်သည်။ ကျောင်းသားများသည် ဆရာကြီး၏စကားကို သံယောင်လိုက် ရင်း နောက်ပြောင်နေကြသည်။

"ထွန်းရွှေ မရောက်သေးပါလားကွ"

"ဒီကောင် မီးယပ်ချုမ်းထနေလို့ မလာတာထင်တယ်"

"ဟေ့ကောင်တွေ ငါရောက်လာပါပြီကွ၊ ဘယ်ကလာ မီးယပ်ဖြစ် ရမှာလဲ၊ ယောက်ျားမှာ ဒူလာကွ"

"ဘယ်သူလဲကွ၊ အဖွဲ့ဒူလာဆိုတာ ပတေးအဖေလား"

"ဟေ့ကောင်တွေ၊ ငါ့အဖေက အဖွဲ့ဒူလာ မဟုတ်ဘူးကွ၊ ယွန့်နွှတ်"

ရွေးချယ်ထားသော နေရာတွင် ဆရာကြီး ဦးသူတော်က ရှေးဦးစွာ အုတ်မြစ်ချလေသည်။ လက်ခုပ်သြဘာသံများသည် ကျောင်းနံ့ရုံကို ပွဲတင် ထပ်သွားသည်။

သိပ္ပံဆောင်သစ်ကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ကြခြင်း ဖြစ်သည်။ ဒီသိပ္ပံဆောင်ပြီးလျှင် ကျောင်းသားကျောင်းသူများအတွက် ဆော်တော် အဆင်ပြေသွားမည်ဖြစ်သည်။ လက်ရှိ သိပ္ပံခန်းသည် ကျပ်ကျပ် တည်းတည်း ရှိလှသည်။ စာသင်ခန်းတခန်းကို နှစ်ခြမ်းကန့်၍ ပြုလုပ် ထားရခြင်းဖြစ်သည်။ ဓာတုဗေဒတစ်ခန်း၊ ရူပဗေဒတစ်ခန်း၊ ဇီဝဗေဒ အတွက်ဆိုလျှင် အခန်းပင်မရှိပါ။ ယင်းအခန်းနှစ်ခန်းကို လှည့်၍အသုံး ပြုနေရသည်။ သိပ္ပံဆောင်ပြီးလျှင်တော့ တစ်ခန်းစီရကြမည်ဖြစ်သည်။

ဒီနေ့ လုပ်အားပေးရမည့် အစီအစဉ်မှာ သိပ္ပံဆောင်ဆောက်လုပ်မည့် နေရာကို ရှင်းလင်းရန်နှင့် မြေကြီးကိုညှိရန် ဖြစ်သည်။ မြက်ပင်ချုံပင်များကို



www.burmeseclassic.com

www.burmeseclassic.com



ခုတ်လွှင်သူက ခုတ်လွှင်၊ မို့မောက်နေသော နေရာကို ဖြိုချသူက ဖြိုချ၊ ချိုင့်နေသည့် နေရာကို ဖို့သူကဖို့၊ မြေကြီးသယ်သူကသယ်။ ဓားခုတ်သံ၊ ပေါက်တူးပေါက်သံ၊ အားပေးသံ၊ အော်ဟစ်နောက်ပြောင်သံ ဆူညံနေသည်။ ပျော်စရာ၊ အားတက်စရာ။

"စိုးပါနဲ့မေရယ် မိုးကြယ်မို့လား
ဒီတောင်ကို မောင်ဖြိုပါမယ်
မြင်းမိုရ်မို့လား"

"ဘေးကို၊ ဘေးကို"

"ဟေ့ကောင်တွေ၊ ပေါက်တူးပေါက်တာ ဘယ်လိုပေါက်တာလဲကွ"

"ဘယ်လိုပေါက်ပေါက် မင်းအပူလား"

"မဟုတ်ပါဘူးကွ၊ မင်းတို့ပေါက်တာမှန်တယ်၊ ဆက်ပေါက်လို့ ပြောမလို့ပါကွ"

ချစ်ကိုဝင်းသည် ဟိုပြေးဒီပြေး ဩဘာလိုက်ပေးနေသည်။ ဆရာတစ်ဦး ကခေါ်၍ အမှိုက်များ မီးပုံရှို့နိုင်းထားလိုက်မှ ငြိမ်သွားသည်။ ကိုအောင်သည် မှတ်တမ်းတင်ဓါတ်ပုံများ တဖျပ်ဖျပ်ရိုက်နေသည်။ လှဝင်းဦးတို့ နားသို့ ကိုအောင်ရောက်သွားသည်။ ဓါတ်ပုံရိုက်ရန် ကင်မရာဖြင့် ချိန်သည်။ လှဝင်းဦးက ကင်မရာဘက်လှည့်၍ ပြုံးပြသည်။ ကိုအောင်က

"ဟေ့ကောင် . . သိပ်ပြုံးမနေနဲ့။ ဒါဟောပြောပွဲ မဟုတ်ဘူးကွ"

မိန်းကလေးအချို့သည် လုပ်အားပေးနေသူများကို ရေလိုက်တိုက် နေကြသည်။ စောစောအောင်သည် ကျော်စွာတို့နားသို့ရောက်လာသည်။ ကျော်စွာကို ကြည့်၍ မေးသည်။

"ရေသောက်ပါဦးလား"

"ကျေးဇူးပါပဲ"

ဇော်ခင်မော်က ဝင်၍ပြောသည်။

"ငါ့ကိုလည်း မေးဦးလေ"

"မေးမလို့ပါပဲ . . မေးမလို့ပါပဲ၊ ရေသောက်တော်မူပါဦး"



"သောက်တော်မူမှာပေါ့ ဒကာမလေးရဲ့"

ဇော်ခင်မော်က ရေခွက်ကို ယူ၍ သောက်သည်။ အေးမြင့်သောင်းကပါ တစ်ခွက်ခပ်သောက်လိုက်ပြီး

"အံ့မယ်လေး . . အမောကို ပြေသွားတာပဲ၊ ကျော်စွာ မင်းကော အမောပြေမသွားဘူးလား"

"ပြေပါတယ်ကွာ"

"အင်း . . ကျော်စွာကတော့ကွာ"

"ဘာလဲ . . ဘာလဲ"

"ဩော် . . ကျော်စွာကတော့ သိပ်ကြိုးစားတာပဲလို့ ပြောမလို့ပါဟာ"

"နင့်တို့ကလေ၊ အကောင်းလည်း ရေလာတိုက်ရသေးတယ်၊ နောက် ဖို့ပဲ တတ်တယ်"

စောစောအောင်ထွက်သွားသည်။ ဇော်ခင်မော်က မကြားတကြား ဆိုသည်။

"ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ၊ အမောပြေအောင်တိုက်ပါ့မယ်"

ခဏနားနေကြချိန်တွင် ကောက်ညှင်းပေါင်းစားကြသည်။ ကောက်ညှင်းပေါင်းကို ဦးဘိုးသာ၊ ဒေါ်စိန်နွဲ့တို့က လှူခြင်းဖြစ်သည်။

"ကျန်းမာပါစေဗျာ၊ ချမ်းသာပါစေ၊ ကျွန်တော်တို့ကို ကောက်ညှင်း ပေါင်းကျွေးတဲ့ ဦးဘိုးသာနဲ့ ဒေါ်စိန်နွဲ့တို့ သက်တော်ရာကျော်ရှည်ပါစေ"

"ဟေ့ကောင် . . ချစ်ကိုဝင်း၊ မင်းကလေ အလကားရတိုင်း နင်းကန်စားနေ"

"ဟေ့ . . စားရမယ်ကွ၊ များများစားမှ များများလုပ်နိုင်မှာ၊ ဒီ ဘားပုံတောင်ရှိသေးတယ်၊ အူမတောင့်မှ မီးကင်းစောင့်နိုင်မတဲ့"

"အူမတောင့်မှ သီလစောင့်နိုင်မယ်ပါကွ"

နာရီဝက်ခန့် နားပြီး လုပ်အားပေးပွဲ ပြန်စပါသည်။ ကျော်စွာသည် တမူတစ်ခုကို ပေါက်တူးဖြင့် ဖြိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်စွာ၊ မင်းမောရင် ငါ့တစ်လှည့် ပေးဦးလေ"

သူ့နောက်မှ အသံကြား၍ လှည့်ကြည့်မိသည်။ သိန်းနိုင်သည် သူ့ကို ပြုံးကြည့်နေသည်။ ကျော်စွာက ပြန်ပြုံးပြလိုက်သည်။

"မင်းမောနေရင် ငါတစ်လှည့်ပေါက်ဦးမယ်"

"ရပါတယ်ကွာ၊ ငါမမောသေးဘူး"

"ငါတော့မောပြီကွာ၊ ဟူး . . အလုပ်လုပ်ရတာ ကောက်ညှင်းပေါင်း စားရတာလောက် မကောင်းပါလားနော်"

ဖော်ခင်မော်က ဝင်ပြောသည်။ သိန်းနိုင်သည် ဖော်ခင်မော့် ဆီက ပေါက်တူးကို ယူ၍ ဝင်ပေါက်သည်။ သိန်းနိုင်က ကျော်စွာကို ပြောလေသည်။

"ကျော်စွာ . . အရင်တုန်းကကိစ္စတွေ မေ့လိုက်ပါတော့ကွာ"

"ငါအရင်ကတည်းက ဘယ်လိုမှ သဘောမထားပါဘူး"

"အေးကွာ၊ အရင်ကိစ္စတုန်းက ငါမှားတာပါ"

"ငါလည်း မှားတာပဲ"

"ဒီနေ့ကစပြီး ဖော်ကွာ"

"ငါသိပ်ဝမ်းသာတယ် သူငယ်ချင်း"

တစ်စုံတစ်ခုသောရည်မှန်းချက်ဖြင့် စုပေါင်းအလုပ်လုပ်ကြခြင်း ဆိုသည်မှာ မတည့်သူများကို တည့်အောင်၊ မပြေလည်သူများကို ပြေလည် အောင်ဖန်တီးပေးသော အရာပါတကား။

"ကြက်ခြေနီ . . ကြက်ခြေနီ"

စောစောအောင် အသံကြားကြားချင်း ဆေးသေတ္တာကိုဆွဲ၍ ပြေးထွက်လာခဲ့သည်။ လူတွေစုရုံးရာနေရာသို့ မြန်မြန်လာခဲ့သည်။ ကျော်စွာ အလုပ်လုပ်နေသော နေရာမှာပါလား။ ကျော်စွာ မဖြစ်ပါစေနှင့်ဟု ဆုတောင်း မိသလားဟု သူ့ကိုယ်သူ မသေချာ။ ဝိုင်းကြည့်နေသူများကို တိုး၍ ဝင်သည်။

"ဟယ် . . ကျော်စွာ"

သိန်းနိုင်သည် ကျော်စွာ၏ ခြေထောက်ကို ဆုပ်ကိုင်ထားသည်။ ကျော်စွာ၏ခြေဖျားမှာ သွေးတွေရွှဲနေသည်။ ဘယ်လိုဖြစ်တာလဲဟု မေး



ဖို့ အချိန်မရ။ ဒဏ်ရာကို ရေဆေးဖို့ စီစဉ်ရသည်။ ကျော်စွာက အားနာ နေပြန်သည်။ သူ့ခြေထောက်ကို စောစောအောင် မကိုင်စေလိုပါ။

"သိပ်မများပါဘူး၊ နေပူလို့ သွေးထွက်များတာပါ"

"ငြိမ်ငြိမ်နေစမ်းပါကွာ"

စောစောအောင်သည် ကျော်စွာ၏ဒဏ်ရာကို ဆေးကြောပေးသည်။ အတွေ့အကြုံရင့်ပြီးသော ကြက်ခြေနီမကလေးသည် အဘယ်ကြောင့် လက်တုန်နေပါသနည်း။ ဆရာဝန်များသည် မိမိနှင့်ရင်းနှီးသော လူနာများကို ကိုယ်တိုင်ခွဲစိတ်ရန် ဝန်လေးတတ်ကြသည်ဟု ကြားဖူးပါသည်။ အို . . ဆိုင်ပါဘူး။

ကျော်စွာသည် သူ့ခြေထောက်ပေါ်မှာ ရွေ့လျားနေသော လက်ကလေးကို ကြည့်နေမိသည်။ စောစောအောင်၏လက်ကလေးများသည် ဖြူသွယ်သွယ်ကလေးတွေပါ။ သူ့လက်ကလေးမှာ အမွေးနုနုကလေးတွေ နှင့်ပါ။ ရွှေရောင်။ ဒီလောက် လှပ နုနယ်သည့် လက်ကလေးသည် သွေးရည်စိုပေတ်နေသော သူ့ခြေထောက်ကို မရွံ့မရှာ ကိုင်တွယ်ဆေးကြော ပေးရှာပါသည်။ ပြီးတော့လည်း အတွေ့အထိသည် နူးညံ့လေစွ။ သူ့ရင်ကို တုန်းကနဲ ဒိုင်းကနဲ ခုန်လာအောင် နူးညံ့လေစွ။

"အောင်မယ်လေးဗျ"

စောစောအောင်က တင်ချာဆေးရည်ဆွတ်ထားသော ဂွမ်းစဖြင့် ဒဏ်ရာပေါ်တို့လိုက်သောကြောင့် ကျော်စွာ လန့်အော်မိခြင်းဖြစ်ပါသည်။

"သိပ်စပ်သွားသလား ဟင်"

"အင် . . အင်၊ ဟို . . မစပ်ပါဘူး"

"အေးကွာ၊ တင်ချာကို မစပ်ဘူးလို့ ပြောတဲ့လူ မင်းတစ်ယောက်ပဲ ရှိသေးတယ်၊ ဆေးထည့်ပေးတဲ့လူကလည်း တော်လို့လားမသိဘူး"

ချစ်ကိုဝင်းက ဝင်လောင်သည်။ ကျော်စွာ ရှက်သွားသည်။ သို့သော်လည်း ကြာကြာရှက်ဖို့ အချိန်မရလိုက်ပါ။ စောစောအောင်သည် တီးကို



www.burmeseclassic.com

www.burmeseclassic.com



လျင်မြန်သွက်လက်စွာ စည်းနှောင်ပြီးသွားပြီဖြစ်ပါသည်။

"မင်း အိမ်ပြန်ရင်ကောင်းမယ်"

ဆရာမက ပြောပါသည်။

"ကျွန်တော် ဘာမှမဖြစ်ပါဘူး"

"မရဘူး၊ အိမ်မပြန်ချင်ရင်လဲ ငြိမ်ငြိမ်ထိုင်နေ"

လုပ်အားပေးပွဲသည် နံနက်ဆယ့်တစ်နာရီခွဲတွင် ပြီးဆုံးသွားလေသည်။ နောက်အပတ်များတွင်လည်း တနင်္ဂနွေနေ့တိုင်း အလှည့်ကျ လုပ်အားပေးကြမည်ဖြစ်ပါသည်။

ညနေပိုင်းတွင် စောစောအောင်တို့ ညီအစ်မသည် ကျော်စွာတို့အိမ် လာခဲ့သည်။ ကျော်စွာသည် စောစောအောင်၏အစ်မကို မြင်ကတည်း နေပြီဖြစ်သည်။

"သက်သာရဲ့လား"

စောစောအောင်က မေးသည်။

"သက်သာပါတယ်"

ကျော်စွာက ဖြေသည်။

"သက်သာပေမယ့် ဆေးထိုးရမယ်"

စောစောအောင် အစ်မကပြောသည်။

"ဟာ . . အစ်မကလဲ၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး"

"မဖြစ်ပေမယ့် တိုက်တာနပ်စ်ဝင်မှာ စိုးရတယ်"

"ဆေးထိုးလိုက်တော့ စိတ်ချရတာပေါ့သားရဲ့"

မေမေကပါ ဝင်၍ပြောသည်။ ကျော်စွာ ဆေးထိုးခံလိုက်ရလေသည်။ မေမေသည် စောစောအောင်တို့ညီအစ်မကို လက်ဖက်သုပ်နှင့် ရေနွေးကြမ်း တိုက်ကျွေးသည်။ မေမေသည် စောစောအောင်တို့ညီအစ်မနှင့် စကားကောင်း နေပြန်သည်။ စောစောအောင်ကသာ မေမေနှင့် ဒိုင်ခံစကားပြောသည်။ သူ့အစ်မကမူ တစ်ခါတစ်ခါမှ ဝင်ပြောသည်။ သူသည် အိမ်ခေါင်မိုးကို ကြည့်လိုက်၊ ကြမ်းပြင်ကိုကြည့်လိုက်၊ ထရံကိုကြည့်လိုက်၊ ကျော်စွာကမူ



ဝင်မပြောဘဲ စာအုပ်တစ်အုပ်ကို ဖတ်နေသည်။ သို့ရာတွင် စာအုပ်ထဲ စိတ်မဝင်စားပါ။ စောစောအောင်၏ အသံကိုသာ ကြားနေရသည်။

"သမီးကို မေးရဦးမယ်၊ အိမ်ရှင်မကောင်းတစ်ယောက် ဟုတ် တ်ဆိုတာ သိချင်ရင် မီးဖိုချောင်ထဲက ဆားအိုးကို ကြည့်ရတယ်ဆို ဘာဖြစ်လို့လဲ သိလား"

"သိပါတယ် အမေ"

စောစောအောင်သည် ကျော်စွာ့အမေကို 'အမေ'ဟု ခေါ်မိသောကြောင့် သလိုလိုဖြစ်သွားသည်။ ကျော်စွာဘက်သို့ မသိမသာကြည့်သည်။ စွာက မကြားဟန်ဆောင်နေသည်။

"ကျွန်မတို့အမေလည်း ခဏခဏပြောဖူးပါတယ်။ ဆားအိုးထဲမှာ တွေဝင်ပြီး ဆားတွေက ဝါနေရင် အိမ်ရှင်မကောင်း မပီသဘူးတဲ့"

"အေး၊ ဟုတ်တယ်ကွဲ့။ အိမ်ရှင်မ တော်တော်များများဟာ နနွင်း ကို လက်နဲ့နှိုက်ပြီးရင် လက်မဆေးဘဲ ဆားအိုးကို ထပ်နှိုက်တတ် အဲဒီတော့ ဆားအိုးထဲ နနွင်းတွေဝင်ပြီး ဆားတွေပါ ဝါကုန်တော့တာပဲ"

"ဟုတ်တယ်အမေရဲ့"

ကျော်စွာသည် တစ်ဖက်သို့လှည့်၍ ပြုံးသည်။ အမေ တဲ့။ အမေ ခင်းလေ . . အမေအရွယ်မို့ အမေခေါ်တာ ဘာဖြစ်သလဲ။

"ဟုတ်တယ် အမေရဲ့။ တကယ်တော့ နနွင်းအိုးကို သူ့ဇွန်းနဲ့ သပ်သပ်ထားတာ ကောင်းတယ်"

"အေး . . ငါ့သမီးက တော်သားပဲ။ တချို့ မိန်းကလေးတွေက ဘူး"

ဟော . . သမီး တဲ့။ သမီး တဲ့။ အင်းလေ . . သမီးအရွယ်မို့ ခေါ်တာ ဘာဖြစ်သလဲ၊ စောစောအောင်သည် ဝမ်းသာသလိုဖြစ်မိသည်။ ၏အမေက သူ့ကို ချီးကျူးခြင်းကြောင့် ဝမ်းသာခြင်းဖြစ်သလား မသေချာ။

စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

[၇]

ပထမအစမ်းစာမေးပွဲ နီးပြီဖြစ်ပါသည်။ ပထမအစမ်းစာမေးပွဲသည် သူတို့ကို ဆယ်တန်းအောင်စေရုံးစေသော အရည်အချင်းမရှိပါ။ ပွဲမဝင်ခင် အပြင်က လေ့ကျင့်သော သဘောမျှသာဖြစ်သည်။ သို့ရာတွင် အစိုးရက စစ်ဆေးမည့် အတန်းတင် စာမေးပွဲကို တနည်းအားဖြင့်တော့ အထောက်အကူပြုမည်။ ဒီစာမေးပွဲတွင် အစိုးရစစ် စာမေးပွဲ မေးခွန်းပုံစံအတိုင်း မေးမည်။ ထို့ကြောင့်ဒီစာမေးပွဲတွင် ရရှိမည့် အမှတ်များသည် အစိုးရစစ်တွင် ရရှိနိုင်မည့်အမှတ်များနှင့် နီးစပ်ပါသည်။ မိမိ၏ အခြေအနေကို ပထမဆုံးအကြိမ် မှတ်ကျောက်တင်ကြည့်ခြင်းဖြစ်သည်။

ကျော်စွာတို့ အုပ်စုသည် ညဘက်ကျလျှင် ကျော်စွာတို့အိမ်မှာစုစာကျက်ကြသည်။ စာကျက်ရတာ ငြီးငွေ့လာလျှင် တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကြသည်။ မေမေသည်လည်း လက်ဖက်သုတ်ပေးရ၊ ရေနွေးအိုးတည်ပေးရ၊ ထမင်း ကြော်ပေးရနှင့် အေးအေးမနေရရှာပါ။ တခါတရံ စောစောအောင်နှင့်စုစု သူတို့ဆီ ရောက်လာတတ်သည်။ မရှင်းလင်းသော ပုစ္ဆာများ လာမေးကြခြင်းဖြစ်သည်။ ထိုအခါမျိုးတွင် ချစ်ကိုဝင်းတို့သည် စောစောအောင်ကို မနောက်ပြောင်ကြရ... သူတို့သည် လူငယ်ပီပီ စည်းကမ်းရှိကြပါသည်။



အစမ်းစာမေးပွဲဖြေဆိုပြီး သူတို့ မပေါ်ဆကြပါ။ ကြိုးစား၍ကျက်မှတ်ကြသည်။ ပင်လည်း ပင်ပန်းကြပါသည်။ စာမေးပွဲဖြေကြရသောအခါ ပင်ပန်းကျိုးနပ်သည်။ သူတို့အားလုံး ဖြေနိုင်ကြသည်။ စာမေးပွဲပြီးသောအခါ သီတင်းကျွတ်ကျောင်းပိတ်ရက် စလေသည်။ သူတို့သည် သုံးလေးလမျှ ကျောင်းတက်လိုက်၊ စာကျက်လိုက်လုပ်နေကြရရာမှ အနားရကြသည်။ ကျောင်းစာတွေကို ခဏမေ့ထားကြသည်။ နားသင့်သည့် အချိန်မှာ နားထားမှ။ နောက်ပိုင်းတွင် ပင်ပန်းစရာတွေ ရှိသေးသည်မဟုတ်လား။

သီတင်းကျွတ်ပွဲတော် ရက်အတွင်းမှာ မီးထွန်းပွဲ လျှောက်ကြည့်ကြသည်။ တစ်ချို့လည်း အရုပ်ဇာတ်စင်ပေါ် တက်လာကြသည်။ မြဝင်းသည် သူတို့ရုပ်ကွက် ပြဇာတ်ဖြစ်သော သူနိုးကြီး တေတ်ပြားဇာတ်လမ်းတွင် တေက်ပြားအဖြစ် သရုပ်ဆောင်သည်။ ထိုအချိန်မှစ၍ မြဝင်း၏ အမည်သည် တေက်ပြား တွင်လေတော့သည်။

ကျော်စွာတို့အုပ်စုလည်း ကျောင်းပိတ်ရက်များအတွင်း ညတိုင်းလိုကြသည်။ တခါတရံလည်း ဂစ်တာလေးခေါက်၊ သီချင်းဝိုင်းဖွဲ့ဆိုကြ၊ တခါတရံလည်း ရောက်တတ်ရာရာ စကားပြောကြ။ လူငယ်တွေ ညဘက်အပြင်ထွက် လည်ပတ်ကြသည်ကို လူကြီးမိဘတွေက သိပ်မကြိုက်ကြပါ။ အပျော်သည် မကောင်းမှုလုပ်ရန် အားပေးတတ်သည်ဟု ယူဆတတ်ကြသည်။ လူငယ်များကမူ ညကို နှစ်သက်ကြသည်။ သီတင်းကျွတ်ပြီးမို့ ...ကလည်း မရွာတော့။ မိုးရွှေလမင်းကြီး၏ အလင်းရောင်အောက်တွင် ...ရင်း ထွေရာလေးပါး စကားပြောကြသည်မှာ အဘယ်မျှ ကြည်နူးဖွယ် ...ကောင်းကြောင်းကို လူငယ်တိုင်း သိကြပါလိမ့်မည်။ ဒီလို စကားဝိုင်းကလေး ...မှာ အစပြုကာ တစ်နေ့သောအခါ သူတို့သည် စည်းဝေးပွဲကြီးများဆီ ... တက်ရောက်ကြပါလိမ့်ဦးမည်။

ဖော်ခင်မော်သည် ဂစ်တာတီးခြင်းကို ခဏ ရပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သီချင်းတွေလည်း စုံလှပြီ။ စိုင်းထီးဆိုင် သီချင်းလည်း တ
မှ မကျန်တော့ဘူး"

"အေးကွာ၊ တို့ကလည်း သီချင်းတွေသာ ဆိုနေတယ်။ ရည်
ချက်လဲ မရှိဘူး"

အေးမြင့်သောင်းက ပြောသည်။ လှဝင်ဦးက မေးသည်။

"ဟ၊ သီချင်းဆိုတာ ရည်ရွယ်ချက်ရှိရမှာလားကွ"

"ရည်ရွယ်ချက် တစ်ခုခုနဲ့ဆိုရင် ပိုပြီး ဗီလင်ရှိတာပေါ့ကွ။
ကျော်စွာကွာ"

"ကျော်စွာက ဘာရည်ရွယ်ချက် ရှိလို့လဲ"

"ရှိတာပေါ့ကွ။ ကျော်စွာက တစ်ယောက်ယောက်ကို ရည်ရွ
သီချင်းဆိုတာ။ ဒီကြောင့်မှာ ဗီလင်အပြည့်ရှိတယ်"

"တော်ကြစမ်းပါကွာ၊ မင်းတို့မလည်း စကားပြောရင် စောစော
မပါလို့ မပြီးဘူး"

ချစ်ကိုဝင်းသည် ငြိမ်ချက်သား ကောင်းလှသည်။ သူသည် ဘ
နှင့်မျှ စကားမပြော။ ထိန်ထိန်သာသော လမင်းကြီးကိုသာ မော့
နေသည်။ သူသည် စကားနည်းနေသည်ကို ကျော်စွာတို့က သတိ
မိသည်။

"ချစ်ကို၊ မင်း ဘာတွေ ဗီလင် အပြတ် ဝင်နေတာလဲကွ
လှချည်လား"

"ငါ တစ်ခု စဉ်းစားနေတာကွ"

"ဘာလဲ"

ချစ်ကိုဝင်းသည် တစ်စုံတစ်ခုကို လေးနက်စွာ တွေးနေသလို
ငြိမ်နေသေးသည်။ ပြီးတော့မှ

"လကြီးက ဘာဖြစ်လို့ ဝိုင်းနေတာလဲလို့ စဉ်းစားနေတာ

"ချီးတဲ့မှပဲ၊ ငါတို့က အကောင်းမှတ်လို့"

"အလကား နောက်တာပါကွာ။ ငါစဉ်းစားနေတာက တို့



တွေ ဆံပင်ရှည်ထားတာကို လူကြီးတွေက ဘာဖြစ်လို့ မကြိုက်တာလဲ လို့ စဉ်းစားနေတာ"

"သောက်မြင်ကပ်လို့ ဖြစ်မှာပေါ့ကွာ"

"ဒီလိုလဲ မဟုတ်သေးပါဘူးကွာ"

ဇော်ခင်မော်သည် ဂစ်တာကို ဘေးမှာ အသာချထားလိုက်
ဒီ ဆံပင်ရှည်ပြဿနာကို သူလည်း စိတ်ဝင်စားသည်။ လှဝ
နေရာကို ပြင်ထိုင်လိုက်သည်။ သူလည်း စိတ်ဝင်စားသည်။ တက
ဆံပင် ရှည်ပြဿနာသည် လူငယ်တိုင်းစိတ်ဝင်စားသော ပြဿန
မဟုတ် လား။ ကျော်စွာက စ၍မေးသည်။

"လူငယ်တွေ ဆံပင်ရှည်ထားတာ အပြစ်ရှိသလား"

"မရှိဘူး"

အားလုံးက သံပြိုင်ဖြေကြသည်။

"ဒါပေမယ့် လူကြီးတချို့ကတော့ တကယ့်ပြစ်မှုကြီးတစ်ခု ကျူးလွန်နေသလိုပဲ သဘောထားကြတယ်"

"တို့လူငယ်တွေ ဆံပင်ရှည်တာ တိုင်းပြည်ကို ဘာများထိခိုက်သွားလို့လဲကွာ"

"အေးလေ၊ ကုန်ဈေးနှုန်းကြီးမြင့်တာနဲ့ လူငယ်တွေဆံပင်ရှည်တာ ဘာဆိုင်လို့လဲ"

"တူရကီမှာ ငလျင်လှုပ်တာနဲ့ ဆီဈေးတက်တာနဲ့က ဘာမှ မဆိုင်သလိုပေါ့ကွ"

"ဆံပင်ရှည်ထားတာ ကျန်းမာရေးထိခိုက်တယ်လို့ ပြောတယ်ကွ"

"အံမယ် . . ဆံပင်တိုတော့ကော ကျန်းမာလို့လားကွ။ အာဟာရပြည့်ဝမှ၊ ဆေးဝါးပြည့်စုံမှ ကျန်းမာမှာပါ"

"စာရေးဆရာကြီးတစ်ယောက်က ရေးတယ်ကွ၊ ဆံပင်ရှည်ထားတာ နိုင်ငံခြားယဉ်ကျေးမှုကို အတုခိုးတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ အဲဒီဆရာကြီးက သျှောင်ထုံးကြီးနဲ့လား"

"အခု မြန်မာပြည်မှာ ထားနေကြတဲ့ ဆံပင်ပုံစံတွေ အားလုံးဟာ နိုင်ငံခြားက ပုံစံတွေချည်းပဲ။ ခေါ်တာတောင်ကြည့်လေ၊ 'ဘိုကေ'တဲ့"

"တကယ့်တကယ် ပြောကြစတမ်းဆိုရင် ဆံပင်ရှည်တဲ့လူက ဆံပင် ဲ့လူထက် ပိုပြီး မြန်မာပီသတယ်"

"ဟာ . . . ရှင်းစမ်းပါဦး"

"ဒီလိုလေ၊ ရှေးတုန်းက မြန်မာတွေရဲ့ ဆံပင်ဟာ သျှောင်ထုံးလို ဲ့အထိ ရှည်တယ်။ နောက်တော့ အင်္ဂလိပ်လူမျိုးတွေကို တုပြီး ဆံပင် ကိုညှပ်ကြတယ်။ ခုပြန်ရှည်လာတာ ရှေးတုန်းက မြန်မာတွေနဲ့ ပြန်တ ာတာပဲကွ၊ ကပ်သပ်ပြောကြစတမ်းဆိုရင် ပြောတာပါ"

"ဆံပင်ရှည်တာဟာ ဘာမှ အကျိုးမရှိဘူးလို့ပြောကြသေးတယ်"

"ဒါဆိုရင် ပြန်မေးလိုက်ရုံရှိတာပဲ၊ ဘီယာသောက်တာ ဘာအကျ ရှိသလဲလို့။ လောကမှာ အဓိပ္ပါယ် မယ်မယ်ရရ မရှိဘဲနဲ့ လူတွေလုပ်နေကြ တဲ့အလုပ်တွေ အများကြီးပါကွာ၊ ဘယ်သူ့ကိုမှ မထိခိုက်ဘူးဆိုရင် ပြီးတာ

အသက်လေးဆယ်ခန့် လူကြီးတစ်ဦးသည် ဒယီးဒယိုင် လျှော လာသည်။ သူ အရက်မူးလာဟန်တူသည်။

"ဟော့ကောင်တွေ၊ ဘယ်သူမှ မကြောက်လို့ အရက်သောက်တာကွ

ထိုလူကြီး ပြန်သွားမှ စကား ပြန်စဖြစ်ကြသည်။

"တကယ်တော့ သရုပ်ပျက်တယ် မပျက်ဘူး၊ ယဉ်ကျေးတယ် မယဉ်ကျေးဘူးဆိုတာ ဆံပင်နဲ့လဲ မဆိုင်ဘူး၊ အဝတ်အစားနဲ့လဲ မဆိ ဘူး စိတ်ဓါတ်နဲ့ပဲဆိုင်တယ်။ မြန်မာလူမျိုးတွေမှာ ရှိသင့်တဲ့ စိတ်ဓါ ရှိမယ်ဆိုရင် ဆံပင်တိုတိုရှည်ရှည် သရုပ်မှန်တယ်လို့ ဆိုရမှာပဲ"

"ငါ တစ်ခုပြောမယ်၊ တို့လူငယ်တွေဟာ ဆံပင်ရှည်ပေမယ့် လူ သူမတွေရှေ့က ဖြတ်သွားရင် ခေါင်းငုံ့ပြီးသွားကြတာပဲ။ လူငယ်တွေ ဘောင်းဘီဝတ်ကြပေမယ့် ဘတ်စကားပေါ်မှာ သက်ကြီးရွယ်အို



တက်လာရင် နေရာဖယ်ပေးကြတာပဲ။ ဒါ မြန်မာ့ရိုးရာစိတ်ဓါတ်ပဲ။ ပြီးတော့ မဟာဗန္ဓုလဟာ ခါးတောင်းကျိုက်ပြီး နယ်ချဲ့ကို တော်လှန်တယ်။ ခုခေတ် မြန်မာ့တပ်မတော်ဟာ ဘောင်းဘီဝတ်ပြီး ကျူးကျော်သူကို တော်လှန်တယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ကျူးကျော်စော်ကားသူကို တွန်းလှန်တာဟာ မြန်မာ့ စိတ်ဓာတ်ပဲကွ။ မြန်မာမှာ မြန်မာ့စိတ်ဓာတ်ရှိဖို့သာ ပဓာနပဲ။ ဝတ်စားဆင် ယင်မှုက သာမညပဲ"

"တပေ ဟောပြောပွဲတစ်ခုမှာ စာရေးဆရာ တစ်ယောက်က ပြောဖူး တယ်ကွ၊ ဝတ်စားဆင်ယင်မှုဟာ ယဉ်ကျေးမှုနဲ့မဆိုင်ဘူးတဲ့။ လူနေမှု အဆောက်အအုံနဲ့သာ ဆိုင်တယ်တဲ့။ ရိုးရာအစဉ်အလာ ဓလေ့ထုံးစံနဲ့ ပတ်သက်တဲ့ အပြုအမူတွေသာ ယဉ်ကျေးမှုနဲ့ ဆိုင်တယ်တဲ့။ ဝတ်စားဆင်ယင်မှုဟာ ခေတ်ကိုလိုက်ပြီး အမျိုးမျိုး ပြောင်းလဲနေမှာပဲတဲ့။ လူနေမှုအဆောက်အအုံဟာလည်း ပြောင်းလဲနေမှာပဲတဲ့။ ဒါပေမယ့် ယဉ် ကျေးမှုမပြောင်းလဲဖို့ကတော့ ရိုးရာအစဉ်အလာ ဓလေ့ထုံးစံတွေကို မပယ် ဖျက်ဖို့ပဲ တဲ့ကွ"

"ဆရာမ တစ်ခါက ပြောဖူးသလိုပေါ့ကွ၊ တို့လူငယ်တွေဟာ တမလွန်လို့ခေါ်တဲ့ နောက်ဘဝကို ယုံကြည်ချင်မှ ယုံကြည်ကြမယ်။ ဒါပေမယ့် တို့တစ်တွေ ကုသိုလ်ကောင်းမှု ပြုကြရမယ်။ တို့ဟာ နေ့တိုင်း ဘုရားရှိခိုးချင် မှ ရှိခိုးဖြစ်ကြမယ်။ ဒါပေမယ့် တို့ဟာ မင်္ဂလာတရားတော်ကို အမြဲကျင့် သုံးကြရမယ်"

"အဲဒါကိုတော့ ငါတို့လည်း လက်ခံတယ်ကွ"

"အေးကွ . . စဉ်းစားကြည့်လေ။ မင်္ဂလာတရားတော်ရဲ့ ထိပ်ဆုံး စာကြောင်းကို ကြည့်ပါလား။ လူမိုက်ကို မပေါင်းသင်းရာ . . တဲ့။ ဘယ်လောက်ကောင်းသလဲ"

"အေးကွာ၊ တို့တစ်တွေဟာ ဆံပင်ရှည်ထားကြပေမယ့် ယဉ်ကျေး သိမ်မွေ့ကြတယ်ဆိုတာ သိကြစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဟာ ဆံပင်ရှည်ကြတယ်၊ တိုင်းပြည်ကိုလည်း ချစ်ပါတယ် ဆံပင်ရှည်တာနဲ့ တိုင်းပြည်ချစ်တာနဲ့ တစ်ခြားစီပဲ။ ဆံပင်ရှည်တာက တို့ရဲ့ အပေါ်ယံဆင်သမှု၊ တိုင်းပြည်ကိုချစ်တာက တို့ရဲ့ အတွင်းစိတ်ဓါတ် တိုင်းပြည်ကသာ အလိုရှိတယ်ဆိုရင် တို့လူငယ်တွေဟာ အချိန်မရွေ နေရာမရွေး အသင့်ရှိနေကြမှာပဲ"

"ဒါနဲ့ငါမေးပါရစေဦး။ တို့ ဆံပင်ရှည်ထားတာကို တစ်ယော ယောက်က အတင်းအကျပ် ညှပ်ပိုင်ခွင့်ရှိသလား"

"လုံးဝမရှိဘူး"

"ဟုဘ်ပါ့မလားကွ၊ တစ်ချို့နေရာတွေမှာ"

"ဒီမှာ သူငယ်ချင်း၊ ငါရှင်းပြမယ်။ ဆံပင်ဆိုတာ တို့အသေ အသားက ဖြစ်လာတာမဟုတ်လား။ တို့ကိုယ်ကထွက်လာတဲ့ အ အစိတ်အပိုင်းတစ်ခု မဟုတ်လား၊ တို့ရဲ့ဆံပင်ကို အတင်းလာညှပ် တို့ရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ချွတ်ယွင်းအောင်လုပ်တာနဲ့ အတူတူ

"ဟုတ်ဟုယ်ကွ၊ တို့ဆံပင်ကို တို့ပိုင်တယ်။ တစ်ခြားသူတွေ မထိနိုက်ဘူးဆိုရင် တို့ဆံပင်ကို တို့ကြိုက်သလို ထားနိုင်တယ်"

"ဒါပေမယ့် လူကြီးတစ်ချို့ကတော့ ကြည့်လို့မရဘူးလို့ ပြော ကြတာပဲ"

"ကြည့်လို့မရရင် မကြည့်နဲ့ပေါ့ကွ၊ ဒါ တို့ရဲ့လွတ်လပ်ခွင့်ပဲ"

"အေး . . . လွတ်လပ်တယ်ဆိုပေမယ့် စည်းကမ်းတော့ ရှိရမ ကွ။ လွတ်လပ်တယ်ဆိုပြီး လက်သီးကို ထိုးချင်တဲ့နေရာ ထိုးလို့ရတယ် ဒါပေမယ့် သူများနှာခေါင်းပေါက်ထဲအထိ သွားထိုးဖို့တော့ မသင့် ဆိုတာလိုပေါ့။ ဆံပင်ရှည် ထားချင်ထားပါ၊ ဒါပေမယ့် အပြုအမူတော မဖောက်ရမ်းဖို့၊ ယဉ်ကျေးသိမ်မွေ့ဖို့တော့ လို့တယ်"

"ခက်တာက တစ်ချို့ လူကြီးတွေဟာ ဆံပင်ရှည်တာနဲ့ ရမ်းကာ တာတွေကို မခွဲခြားချင်ကြဘူး။ ဆံပင်ရှည်တဲ့ တစ်ချို့ လူငယ်တွေ



ရမ်းကားမှုကိုကြည့်ပြီး ဆံပင်ရှည်တဲ့သူအားလုံးဟာ ရမ်းကားတယ်ဆိုပြီး ဝါးလုံးရှည်နဲ့ သိမ်းရမ်းချင်ကြတယ်"

"လူကြီးတွေဟာ ကိုယ်ချင်းမစာတတ်ကြဘူး"

"ဘယ် ကိုယ်ချင်းစာတတ်မလဲကွ၊ သူတို့မှ ဆံပင်ရှည် မထား ဖူးကြပဲ"

"အေး၊ အဲဒါ ဟုတ်တယ်။ လေယာဉ်ပျံစီးရတဲ့ အရသာကို လေယာဉ် ပျံစီးဖူးတဲ့လူမှ သိသလို ဆံပင်ရှည်ထားရတဲ့ အရသာကိုလည်း ဆံပင်ရှည် ထားဖူးတဲ့ လူမှ သိမှာပဲ"

"မော်စီတုန်းက ပြောဖူးတယ်ကွ၊ သွားကိုက်တဲ့ ဝေဒနာကို ကိုယ်တိုင် ခံစားဖူးမှ သွားကိုက်နေတဲ့လူကို ကိုယ်ချင်းစာကြည့်နိုင်တယ်တဲ့"

"တစ်ခုတော့ရှိတယ်ကွ၊ လူကြီးတွေဟာ လူငယ်တွေအပေါ် ကိုယ်ချင်း စာကြည့်ဖို့ ကောင်းတယ်။ ကိုယ်ချင်းစာကြည့်လို့လဲ ရတယ်။ ဘာဖြစ် လို့လဲဆိုတော့ သူတို့ဟာ တစ်ချိန်က လူငယ်တွေဖြစ်ခဲ့ကြလို့ပဲ။ လူငယ် တွေ ဖြစ်ခဲ့ဖူးလို့ပဲ။ လူငယ်တွေကတော့ လူကြီးတွေရဲ့ နေရာကနေ ဝင်ကြည့် လို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူငယ်တွေဟာ လူကြီးဘဝကို မရောက် ဖူးကြသေးလို့ပဲ"

"ဒီလိုဆိုရင် တို့တစ်တွေ လူကြီးဖြစ်လာရင်တော့ လူကြီးတွေရဲ့ နေရာကနေ ဝင်ကြည့်ကြရတော့မှာပဲ။ အဲဒီအခါကျရင်ကော၊ လူကြီးဖြစ်နေတဲ့ တို့တစ်တွေဟာ လူငယ်တွေအပေါ်မှာ ကိုယ်ချင်းစာနိုင်ပါမလား မသိဘူး"

* * *

ကျောင်းပြန်ဖွင့်ပြီ ဖြစ်ပါသည်။ ပထမ အစမ်းစာမေးပွဲတုန်းက ရရှိသည့် အမှတ်များကို ဘာသာရပ်အလိုက် ထုတ်ပြန်သည်။ ဒီအချိန် တွင် မိန်းကလေးအချို့၏ ဝါသနာကို သိရသည်။ သူတို့သည် အတန်းထဲ မှာ စာအတော်ဆုံးလူ ဆယ်ယောက်ခန့်၏ ခုံနံပတ်များကိုမှတ်ထားသည်။

သိဂိုဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဘာသာအတွက် အမှတ်စာရင်းကို ကြေညာတိုင်း ထိုသူများ၏အမှတ်ကို လိုက်မှတ်ထားသည်။ လေးဘာသာလောက်သိပြီးလျှင် မည်သူပထမရမည်ကို ခန့်မှန်းကြသည်။ ပညာရည်တိုးတက်မှု မှတ်တမ်း မထုတ်ပေးမီမှာပင် မည်သူကပထမ၊ မည်သူဒုတိယရကြောင်းကို သူတို့က သိနေပါပြီ။ ငါးဘာသာအတွက် အမှတ်များသိပြီးချိန်တွင်တော့ ချစ်ကိုဝင်းက ပထမ၊ ကျော်စွာက ဒုတိယ၊ စောစောအောင်က တတိယဖြစ်သည်။ နောက်ဆုံးကျန်သည့် ဘာသာ သင်္ချာ။ ကျော်စွာကတော့ အဖြေကို သိပြီးပါပြီ။ သူသည် သင်္ချာဘာသာတွင် အားနည်းသည်။ ခုနစ်ဆယ်ကျော်ရုံသာရမှာဟု တွက်ထား သည်။

သူထင်သည့်အတိုင်းပင် ဖြစ်ပါသည်။ သင်္ချာတွင် သူ ခုနစ်ဆယ့်ခြောက်မှတ်သာ ရသည်။ ချစ်ကိုဝင်းက ရှစ်ဆယ့်ငါး၊ စောစောအောင်က ရှစ်ဆယ့်ရှစ်မှတ်။ နောက်ဆုံးအမှတ်ပေါင်းတော့ ချစ်ကိုဝင်းက ပထမ၊ စောစောအောင်က ဒုတိယ၊ ကျော်စွာကတတိယ ဖြစ်သွားလေသည်။ ကျော်စွာ ကျေနပ်ပါသည်။ သူ့ထက်သာသွားသူမှာ စောစောအောင်ဖြစ်နေခြင်းကြောင့် ကျေနပ်ခြင်းဖြစ်သလားတော့ သူ့ကိုယ်သူ မသေချာ။

စုစုသည် စောစောအောင်ကို စလေသည်။

"မိစော၊ ကျော်စွာက နင့်ကို တမင်လျှော့ပေးလိုက်တာလား မသိဘူး"

"တော်စမ်းပါ၊ မဖြစ်နိုင်တာပဲ"

"ဖြစ်နိုင်တာပေါ့ဟ၊ ကျော်စွာ သနားပါတယ်ဟယ်၊ ကျေးဇူးဆပ်တဲ့ အနေနဲ့ နင်ကျော်စွာကို . ."

"မိစုနော် . ."

စောစောအောင်က စုစုကို ဆွဲဆိတ်သည်။ တစ်ခုခုကို ရှက်သွားလျှင် အနီးရှိလူကို ဆွဲဆိတ်တတ်သည်မှာ စောစောအောင်၏ ဝါသနာပါ။ ဒါကို ကျော်စွာတို့ကလည်း သိသည်။ ခုလည်း သူ စုစုကိုဆွဲဆိတ်သည်ကို ဖော်ခင်မော်က တွေ့သွားလေသည်။



"ဟော့ . . ဟော့ . ကျော်စွာ၊ စောစောအောင်က စုစုကို ဆွဲဆိတ်နေပြီ"

"အဲဒါ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲ၊ မင်းတော့ စောစောအောင်ဆွဲဆိတ်တာကို တစ်သက်လုံး ခံသွားရတော့မှာပဲ၊ မလွယ်ဘူးကိုယ့်လူ"

"မင်းတို့ကလည်း ငါနဲ့သူနဲ့ကိုပဲ စနေတာပဲ"

"မင်း . . . မဟုတ်လို့လား"

"မဟုတ်ပါဘူးကွာ"

"ထားပါတော့၊ ထားပါတော့"

"စောစောအောင်ကတော့ကွာ၊ ဆယ်တန်းအောင်လို့ တက္ကသိုလ်ရောက်ရင် ဆိတ်ပညာ အဓိကယူဖို့ ကောင်းတယ်"

"ဟိုဟာက စိတ်ပညာပါကွာ"

ပညာရည်တိုးတက်မှု မှတ်တမ်းများကို ထုတ်ပေးသည်။ သို့ရာတွင် သုံးဘာသာထက်ပို၍ ကျရှုံးသူများကိုတော့ မိဘကိုယ်တိုင်လာထုတ်မှ ပေးမည်ဖြစ်ပါသည်။ သဘောမှာ သုံးဘာသာထက်ပို၍ ကျရှုံးသူများ၏ ပညာရေးအခြေအနေအတွက် မိဘများနှင့် ဆွေးနွေးလိုခြင်းဖြစ်ပါသည်။

လှရှိအတွက် ပြဿနာတက်နေပြီ။ သူသည် ငါးဘာသာကျလေသည်။ မြန်မာစာ တစ်ခုတည်းသာ လေးဆယ့်နှစ်မှတ်ဖြင့် အောင်သည်။ ပညာရည်တိုးတက်မှုမှတ်တမ်း ရဖို့အတွက် သူ့အဖေကို ကျောင်းသို့ခေါ်လာရမည်။ ဆရာမနှင့် တွေ့ပေးရမည်။ သူ့အဖေသည် အရိုက်အနှက်ကြမ်းစွ။ အရိုက်ကြမ်းတာကို သူခံနိုင်သည်။ အတန်းသူ အတန်းသားတွေရှေ့မှာ အော်ကြီးဟစ်ကျယ် လုပ်မှာကိုသာ သူစိုးရိမ်သည်။ ရှက်စရာ ကောင်းလိမ့်မည်။ သူ အကြံထုတ်ရသည်။

ဟုတ်ပြီ။ အဖေနှင့်အမြွှာညီအစ်ကိုဖြစ်သော ဦးလေးရှိသည်။ ဈေးရှေ့မှာ ဆိုက်ကားနင်းသည်။ ဦးလေးသည် အဖေနှင့် ရုပ်ချင်းတစ်ထေရာတည်းဖြစ်သည်။ တစ်ခုပဲ ပြဿနာရှိသည်။ အဖေက ဆံပင်ရှည်နှင့်။ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



က ကတုံး။ သို့ရာတွင် ဆရာမသည် အဖေ့ကို မြင်ဖူးတာမှ မဟုတ်ဘဲ။ အတန်းသားတစ်ချို့ကတော့ သိကြသည်။ ဆရာမ မသိရင် ပြီးတာပဲ။

ဦးလေးနှင့် သွားဆွေးနွေးရသည်။ ဦးလေးကလည်း နည်းနည်း ဈေးကိုင်ပြန်သည်။ အရက်ဖိုးလေးဘာလေး ပေးမှတဲ့။ အပြန်အလှန် ဆွေးနွေးကြပြီးနောက် ငါးကျပ်နှင့်ဈေးတည့်သွားကြလေသည်။ သို့ဖြင့် ဦးလေးကို အဖေ့ကိုယ်စား ဆရာမရှေ့သို့ ခေါ်လာခဲ့လေသည်။

လှရီ၏ဦးလေး အခန်းထဲဝင်လာကတည်းက အကြောင်းသိသော တန်းသားအချို့က ကျိတ်ရယ်နေကြပြီ။ လှရီကတော့ ရင်တထိတ်ထိတ်။ ဆရာမသည်လည်း အံ့သြနေသည်။ ဘယ့်နှယ်လဲ၊ လှရီအဖေနာမည် 'ဦးဘိုကေ' ခုလာတော့ ခေါင်းတုံးကြီးနဲ့ပါလား။ ဆရာမကမေးသည်။

"မောင်လှရီအဖေ ဦးဘိုကေဆိုတာ"

"ဟုတ် . . ဟုတ်ပါတယ်။ ကျွန်တော်ပါပဲ"

လှရီဦးလေးက ဖြေသည်။ မောင်မောင်အေးသည် မအောင့်အည်းနိုင်တော့သဖြင့် သူ့ရယ်သံထွက်လာသည်။ ဆရာမက သူ့ကိုလှမ်းကြည့်သည်။ သူ့မျက်နှာ ပြန်တည်သွားသည်။ လှရီ၏ဦးလေးသည် ဦးဘိုကေဟူသော အမည်နှင့် သူ့ခေါင်းတုံးနှင့်မလိုက်ကြောင်းကို သိလိုက်သည်။ သူကလည်း လူလည်ပဲ။

"ကျွန်တော်လည်း ဒုလ္လဘရဟန်းခံပြီး ထွက်လာတာ မကြာသေးဘူး ဆရာမရဲ့၊ ဟဲ၊ ဟဲ"

"သြော် . . ဟုတ်ကဲ့ရှင့်"

ဆရာမက လှရီကိုလှမ်းခေါ်သည်။ လှရီသည် ဆရာမနားမှာ ကုပ်ကုပ်ကလေး သွားရပ်သည်။ ဆရာမသည် လှရီ၏ ဦးလေးကို လှရီ ငါးဘာသာကျသည့်အကြောင်း၊ ဒီပုံစံအတိုင်းဆို စာမေးပွဲကြီးတွင် အခက်အခဲရှိနိုင်ကြောင်း၊ အိမ်တွင် စာမှန်မှန်ကြည့်ရန် တိုက်တွန်းပေးစေလိုကြောင်း ပြောသည်။ လှရီ၏ ဦးလေးကလည်း မှင်သေလှသည်။

"ဟော့ကောင် လှရီ၊ မင်းတော့ အိမ်ကျရင် မလွယ်ဘူးသာမှတ်။ ...က်အကြောင်း မင်းသိတယ်မဟုတ်လား"



ဆရာမကလည်း တကယ်ယုံသည်။ လှရီ၏ဦးလေးကို ကလေးအား ...က်နှက်မဆုံးမရန် တောင်းပန်လိုက်သေးသည်။ ဦးလေးထွက်သွားမှပင် ...ရီသည် သက်ပြင်းချနိုင်တော့သည်။ အကြောင်းသိသော အတန်းသား ...စ်ချို့ကား ကျိတ်၍ ရယ်ရလွန်းသဖြင့် အူတက်မတတ်ရှိနေပြီ။

ဆရာမသည် စာစသင်ရန် ဟန်ပြင်သည်။ ထိုအချိန်မှာပင် လှရီ၏ ...ေ ဦးဘိုကေအစစ်သည် အတန်းထဲသို့ ဝင်လာလေတော့သည်။ သူသည် ...ရီစာမေးပွဲကျကြောင်းသိ၍ လာခြင်းမဟုတ်။ လှရီ အိမ်မှာစာမကျက် ...ာင်းကို ဆရာမအား လာတိုင်ခြင်းသာဖြစ်ပါသည်။ ဆရာမသည် သူ့ကို ...သောအခါ အလွန်အမင်း အံ့သြနေရသည်။ ခုနလာတုန်းက ခေါင်းတုံးနဲ့၊ ...တော့ ဆံပင်နဲ့။ ဦးဘိုကေသည် ဆံပင်အတုတပ်၍ နောက်တစ်ခေါက် ...လာခြင်းလည်း မဖြစ်နိုင်ပါ။ အတန်းသားများသည် တစ်ဝုန်းဝုန်း ရယ်နေ...ပြီ။ ဆရာမသည် ဘာပြောရမှန်း မသိမီမှာပင် ဦးဘိုကေသည် ဆရာမ နှုတ်ဆက်လေသည်။

"ဆရာမ၊ ကျွန်တော့်သားအကြောင်း တိုင်ပင်ချင်လို့ပါ"

ဆရာမသည် ကြောင်အအ ဖြစ်နေရှာသည်။ ပြီးတော့မှ . .

"ဒါနဲ့ . . ဦးလေးက"

"ကျွန်တော် လှရီအဖေပါ"

"ရှင်"

ဦးဘိုကေသည် အတန်းထဲမှာ လှရီကို လိုက်ရှာသည်။ လှရီက ...က်မှာ ဝင်ပုန်းနေသည်။ ဆရာမသည် မယုံကြည်နိုင်စွာ ထပ်မေး...ည်။

"ဦးလေးက ဦးဘိုကေလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဟို . . ဒါဖြင့် ခုနလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဆရာမ ဘယ်သူလာတာလဲ"

ဆရာမက ရှင်းပြရလေသည်။ ခုန ဦးဘိုကေနှင့် ဟင်ထေရာတည်း တူသော လူတစ်ယောက်လာကြောင်း၊ လှရီ၏အဖေဟု ဆိုကြောင်း။

"အဲဒီကောင်က ခေါင်းတုံးနဲ့မဟုတ်လားဆရာမ"

"ဟုတ်ကဲ့ရှင့်"

"တော်က်၊ အဲဒါ ကျွန်တော့ရဲ့ အမြွှာညီ ဖိုးလုံးဗျ ဆရာမရဲ့။ ဒါ လှရီရဲ့ အကြံဉာဏ် ဖြစ်မှာပဲ။ လှရီ ဘယ်မှာလဲ၊ လှရီ ဟေ့ကောင် . . လာခဲ့၊ ဒီကို"

လှရီသည် ခုံအောက်မှာ ပုန်းနေတုန်းပါ။ ဆရာမက လှမ်းခေါ် ပည်။

BURMESE CLASSIC .com

"မောင်လှရီ"

လှရီသည် မတတ်သာတော့သဖြင့် ထွက်လာရသည်။ သူ့မျက်နှာ က ငိုမဲ့မဲ့။ ဦးဘိုကေသည် သူ့အကျီလက်ကို ခေါက်တင်လိုက်သည်။

"အဖေကို အရှက်ခွဲတဲ့ကောင်၊ ဘိုကေ့အကြောင်း ပြရသေးတာပေါ့"

* * *

နက်ဖြန်ဆိုလျှင် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်ပါသည်။ နက်ဖြန် တွင် ကျော်စွာတို့ကျောင်း၏ ဘုံကထိန်ပွဲ ကျင်းပမည်ဖြစ်သည်။ ဒီနေ့ည ကျောင်းရှေ့ကွက်လပ်တွင် ချက်ကြပြုတ်ကြမည်ဖြစ်သည်။ ယောက်ျားကလေး များကတော့ တစ်ညလုံးနေကြမည်။ မိန်းကလေးများကိုတော့ ဆရာကြီးက ညရှစ်နာရီ အထိသာ နေခွင့်ပြုသည်။ မနက်ကျမှ စောစော ပြန်လာရမည် ဖြစ်သည်။ ဆရာကြီးသည် ညနေကပင် ကျောင်းခန်းမထဲ၌ ကထိန်အကြောင်း ဟောပြောခဲ့ပါသေးသည်။ ကထိန်ဆိုတာ 'ကထိန' ဆိုသော စကားက လာကြောင်း၊ အချိန်ကာလ အပိုင်းအခြားတစ်ခုအတွင်း လှူရသော သင်္ကန်း မျိုးဖြစ်ကြောင်း၊ အလွန် မွန်မြတ်ကြောင်း၊ ထို့နောက် ကုသိုလ်အကြောင်း

"ကုသိုလ်ဆိုတာ လူတွေ ထင်နေကြသလို နောက်ဘဝမှာ ချမ်းသာ ဖို့၊ သူဌေးဖြစ်ဖို့အတွက် မဟုတ်ဘူးကွယ့်။ နိဗ္ဗာန်ကို ရချင်တယ်ဆိုရင် အလှူလှူရုံ တစ်ခုတည်းနဲ့ မရဘူး။ ကိုယ်တိုင် ကျင့်ကြံအားထုတ်မှ ရတယ်။ လှူတယ်ဆိုတာဟာလဲ ကိုယ့်ဖို့မဟုတ်ဘူး၊ သူများဖို့။ လှူရတဲ့ သူ့အဖို့ဘာမှ အကျိုးမရှိဘူး။ အလှူခံရတဲ့ လူအတွက်သာ အကျိုးရှိနိုင်တယ်။ အေး . . . ဒါပေမဲ့ လှူတယ်ဆိုတာ စွန့်လွှတ်တာပဲ။ သဒ္ဓါထက်သန်စွာ စွန့်လွှတ်လိုက်ရလို့ ရရှိလာတဲ့ ကြည်နူးမှုဟာတော့ ဘယ်အရာနဲ့မှ မတူ အောင် အဖိုးတန်လှပါတယ်။ ပုဗ္ဗ၊ မုဥ္စ၊ ပရဆိုတဲ့ မလှူမီ၊ လှူနေစဉ်၊ လှူပြီးကာလတွေမှာ 'ယူကြပါစေ၊ ယူကြပါစေ'လို့ အသန့်စင်ဆုံး၊ အကြည်လင်ဆုံး လောဘ၊ ဒေါသ၊ မောဟ အကင်းဆုံးစိတ် ဖြစ်ပေါ်လာတာ ဟာ ကုသိုလ်ရတာပါပဲ။ အဲဒီနောက် လောဘ၊ ဒေါသ၊ မောဟစိတ်တွေ ပြန်ဝင်လာတယ်ဆိုရင် ကုသိုလ်ဆိုတာလည်း မရှိတော့ဘူး။ ဒါကြောင့် ကုသိုလ် အမြဲတမ်းရချင်ရင် အလှူအတန်း အမြဲတမ်းလုပ်ကြပါ။ ကြီးကြီး ကျယ်ကျယ်လှူမှ အလှူဖြစ်တယ်လို့ မဆိုလိုပါဘူး။ ပေးကမ်းစွန့်ကြဲခြင်း၊ သူတစ်ပါးအတွက်၊ အများအတွက် မိမိအကျိုးကို စွန့်လွှတ်ခြင်းတွေ လုပ်ရပ် တွေဟာ ကြီးတယ်ငယ်တယ်မဟူ အလှူမြောက်တာပါပဲ၊ ကုသိုလ်ရတာပါ ကွယ်"

ဆရာကြီး၏ ဟောပြောချက်ကို ကျောင်းသား ကျောင်းသူများက သက်ဝင်စွာ နားထောင်ကြလေသည်။ ထို့ကြောင့်ပင် ဒီကထိန်ပွဲမှာ ကျောင်း သားကျောင်းသူများ ခြိမ့်ခြိမ့်သဲ ပါဝင်ကြသည်မဟုတ်လား။

ညနေစောင်းကပင် ကျောင်းရှေ့ကွက်လပ်မှာ ကျောင်းသား ကျောင်းသူများ ရောက်နေကြသည်။ နက်ဖြန်အလှူပွဲအတွက် ချက်ကြ ပြုတ်ကြမည်။

ရေခပ်သူခပ်၊ ကြက်သားခုတ်သူကခုတ်၊ ကြက်သွန် အခွံနွှာသူ နွှာ၊ ငရုတ်သီးထောင်းသူကထောင်း။ ဟိုဟာ လုပ်သလိုလို၊ ဒီဟာ



www.burmeseclassic.com

www.burmeseclassic.com

ကိုင်သလိုလို ယောင်စိန်တွေလည်း ရှိသည်။ ယောင်စိန်တွေရှိနေခြင်းကြောင့်လည်း သူတို့ မပျင်းကြခြင်းဖြစ်ပါသည်။ ချစ်ကိုဝင်းသည်လည်း ယောင်စိန်။ ကြက်သား ခုတ်နေရာကထပြီး ရေသွားခပ်မလိုလိုနှင့် ဟိုသွားဒီသွား၊ ဟိုလိုက်ပြောင် ဒီလိုက်နောက်။ မည်သို့ပင်ဖြစ်ပါစေ၊ ပျော်စရာ ကောင်းသည်တော့ အမှန်ပါ။

ကျော်စွာ ကြက်သားခုတ်သည့်နေရာနှင့် စောစောအောင် ကြက်သွန်အခွံသင်သည့် နေရာသည် မဝေးလှပါ။ ချစ်ကိုဝင်းသည် ကျော်စွာနားသို့ ရောက်လာသည်။

"ကျော်စွာရေ . . ခုကတည်းက လေ့ကျင့်ထားကွ၊ နောက်ဆိုရင်တော့ ရုံးမသွားခင် မီးဖိုထဲမှာ ချွေးတလုံးလုံးနဲ့နေမှာ မြင်ယောင်သေးတယ်ကွာ"

ကျော်စွာ ပြုံးသည်။ စောစောအောင်ကို လှမ်းကြည့်သည်။ စောစောအောင်သည် ချစ်ကိုဝင်း၏စကားကို ကြားသည်။ သူတို့ကို စောင်းပြောမှန်းသိပါသည်။ သို့ရာတွင် သူ မကြားဟန်ဆောင်နေသည်။ သူသည် ကြက်သွန်မွှန်သောကြောင့် မျက်ရည်တွေထွက်လာသည်။ အင်္ကျီလက်မောင်းဖြင့် မျက်ရည်သုတ်သည်။ ချစ်ကိုဝင်းက တွေ့သွားလေသည်။

"ဟာ . . စောစောအောင် ငိုနေတယ်ဟုတ်လား၊ ဘာဖြစ်လို့လဲ ဘယ်သူက စိမ်းကားသွားလို့လဲ။ ငါစိတ်မကောင်းပါဘူးဟာ"

"တော်စမ်းပါဟာ၊ ဘယ်ကလာ ငိုရမှာလဲ၊ ဒီမှာ ကြက်သွန်မွှန်လို့ဟဲ့"

မောင်မောင်ခင်နှင့်စိန်မြင့်သည် ရေစည်လှည်းကို တွန်းလာသည်။ လှည်းထိပ်ပေါ်တွင် ချစ်ဝင်းသည် ခွထိုင်ရင်း အော်လာသည်။

"သင်္ဃန်းကျွန်း ဘီအိုစီ၊ သင်္ဃန်းကျွန်း ဘီအိုစီ . . ဆယ့်သုံး . . အောက်ဆိုက်ကားနော်၊ အနည်းဆုံး တမတ်ပဲ၊ လိုက်ချင်လိုက် မလိုက်ချင်နေ . . ဒါပဲ"

ဖော်ခင်မော်က ချစ်ဝင်းကို လှမ်းအော်လိုက်သည်။

"ဝါရှင်တန်သွားချင်လို့၊ ဘယ်လောက်လဲ"



"ဝါရှင်တန်တော့ မရောက်ဘူး၊ မင့်နမအိမ်ပဲ ရောက်မယ်"

ချစ်ဝင်းက ပြန်လောင်သည်။ ချစ်ဝင်းကို သူတို့က 'မောင်လေးမုတ်ဆိတ်' ဟုခေါ်ကြသည်။ ချစ်ဝင်းကို သူ့ထက် အသက်ကြီးသော အစ်မကြီးတစ်ယောက်နှင့် ဝိုင်းစကြသည်။ ပြီးတော့ သူ့မေးစေ့မှာလည်း မုတ်ဆိတ်မွေး တစ်ပင်နှစ်ပင်ရှိသည်။ ထို့ကြောင့်သူ့ကို မောင်လေးမုတ်ဆိတ် ဟု ခေါ်ကြခြင်းဖြစ်ပါသည်။

သိန်းနိုင်သည် ခေါက်ဆွဲတောင်းကြီးကို မနိုင့်တနိုင် မ,လာသည်။ လှဝင်းဦးနှင့်အေးမြင့်သောင်းတို့က သူ့ကို ကူညီ၍ မ,ပေးကြသည်။

လုပ်ရင်းကိုင်ရင်းနှင့်ပင် ခုနစ်ရီခွဲပြီးသွားပြီ။ မိန်းကလေးအချို့ပြန်ကြသည်။ တစ်ချို့လည်း အိမ်ကလာကြိုသည်။ တစ်ချို့လည်း ကျောင်းသားတွေက လိုက်ပို့ကြသည်။ စောစောအောင်နှင့်စုစုသည် အိမ်ပြန်ဖို့ပြင်သည်။ သူတို့အိမ်က လာမကြိုကြပါ။ တစ်ယောက်ယောက်က လိုက်ပို့ရမည်ဖြစ်သည်။ အကွက်ချောင်းနေသော လှဝင်းဦးက

"ကျော်စွာ . . . မင်းစောစောအောင်တို့စုစုတို့ကို လိုက်ပို့လိုက်ကွာ"

"ဟာကွာ၊ ငါဒီမှာ ကြက်ကိုင်နေတယ်၊ မအားဘူး။ သိန်းနိုင် လိုက်ပို့လိုက်ကွာ"

သိန်းနိုင်ကို လိုက်ပို့ခိုင်းသဖြင့် စောစောအောင် မျက်နှာပျက်သွားသည်။ ကျော်စွာကို ကြည့်သည်။ ကျော်စွာက စောစောအောင်ကို ကြည့်သည်။ သူ မကျေနပ်ဘူးလား။ စောစောအောင်က

"လိုက်မပို့ပါနဲ့ဟာ၊ ငါတို့ဟာသာပြန်မယ်။ ကိစ္စမရှိပါဘူး"

သိန်းနိုင်သည် စောစောအောင်က သူ့ကို မလိုလားကြောင်းသိသည်။ ထို့ကြောင့်

"ကျော်စွာကလည်းကွာ၊ မင်းပဲ လိုက်ပို့လိုက်ပါ၊ ငါ ကြက်သားခုတ်မယ်။ ငါလည်း သိပ်လမ်းမလျှောက်ချင်ဘူး။ ခြေထောက်နာနေလို့"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ လက်ဆေးလိုက်သည်။ ဇော်ခင်မော်သည် ချစ်ကိုဝင်းကို တိုးတိုးပြောသည်။

"ဒီကောင်က မင်္ဂလာယူနေတာကွ၊ အမှန်က လိုက်ပို့ချင်နေတာ"

ကျော်စွာက ချေးကိုင်ပြန်သည်။

"တစ်ယောက်ယောက်တော့ လိုက်ခဲ့ကြဦးလေကွာ၊ ငါတစ်ယောက်တည်း"

"ဘာလဲ၊ မင်းက ကြောက်လို့လား။ မင်းကို ဘယ်သူက ဘာလုပ်မှာမို့လို့လဲ"

စောစောအောင်က ချစ်ကိုဝင်းကို မျက်စောင်းထိုးသည်။ အေးမြင့်သောင်းက ဝင်ထောင်ပြန်သည်။

"တစ်ယောက်လိုက်သွားရင် ပြီးတာပဲ။ ဒီမှာက ဘယ်သူမှ အားကြတာ မဟုတ်ဘူး။ တော်ကြာ အလုပ်မပြီးဘဲ နေမယ်"

ကျော်စွာသည် ဘာမျှ ထပ်မပြောတော့။ စောစောအောင်တို့ကို သူတစ်ယောက်တည်းပင် လိုက်ပို့လေသည်။

လ ထွက်ခါစဖြစ်သည်။ ကျော်စွာသည် တစ်စုံတစ်ခုကို ခံစားမိသည်။ ကြည်နူးသလိုလို၊ ဘာလိုလို။ စောစောအောင်ကတော့ မည်သို့နေမည်မသိပါ။ စုစုသည် အိမ်ရောက်ချင်စောနှင့် ခြေလှမ်းသွက်သွက်လှမ်းသည်။ လမ်းတစ်ဝက်ကျိုးသည်ထိ ဘာစကားမျှ မပြောဖြစ်ကြ။ တစ်ခုခုတော့ ပြောဖို့ကောင်းသည်ဟု ကျော်စွာ စဉ်းစားမိသည်။ ဘာပြောရမှန်းလည်း မသိ။ သူသည် စောစောအောင်တို့နှင့် လေးငါးလှမ်းအကွာမှ သားချင်းယှဉ်လျှောက် လာသည်။ စုစုကို အရင်ဝင်ပို့ရသည်။ စုစုတို့အိမ်ပြီးလျှင် ရှေ့ခါတ်တိုင် နှစ်တိုင်လောက် အကွာမှာမှ စောစောအောင်တို့လမ်းကလေး။

ခုအချိန်မှာ ကျော်စွာနှင့် စောစောအောင်တို့နှစ်ယောက်တည်း တစ်လမ်းလုံးမှာ နှစ်ယောက်တည်းတော့ မဟုတ်ပါ။ တန်ဆောင်တိုင် မီးထွန်းပွဲ လျှောက်ကြည့်သူတွေလည်း ရှိပါသည်။ တချို့နေရာတွေမှာ



အရုပ်ဇာတ်စင်ကလေးတွေရှိသည်။

"မီးထွန်းပွဲ လျှောက်မကြည့်ဘူးလား"

ကျော်စွာက မေးသည်။

"ဟင့်အင်း၊ မကြည့်ဘူး။ နက်ဖြန်မှ ကြည့်တော့မယ်။ ဒီနေ့အိမ်မှာ အစ်ကိုမရှိဘူး။ တို့ကို လိုက်ပို့မယ့်လူ မရှိဘူး"

"ငါလိုက်ပို့မယ်လေ" ဟု ပြောသင့်သည်ဖြစ်၏ဟု ကျော်စွာ စဉ်းစားမိပါသည်။ သူလိုက်ပို့မည်ဆိုလျှင် စောစောအောင်၏အစ်မနှင့် စုစုပါမည်ဆိုလျှင်၊ စောစောအောင်၏မိဘများက ခွင့်ပြုမည်အမှန် ဖြစ်ပါသည်။ သူတို့သည် ကျော်စွာကိုယုံ ကြည်စိတ်ချကြပါသည်။ ခုလိုညအချိန် နှစ်ယောက်တည်းပြန်လာသည်ကိုပင် ဘာမျှ သံသယဖြစ်ကြမည်မဟုတ်ပါ။ သို့ရာတွင်ကျော်စွာက ဘာမျှမပြောချေ။

စောစောအောင်တို့ အိမ်ရှိသော မြေနီလမ်းကလေးကို ချိုးဝင်မိကြပြီ။ ဒီနေရာသည် လူနည်းနည်းပြတ်သည်။ စောစောအောင်သည် ကျော်စွာ ယုံကြည်ပါသည်။ သို့ရာတွင် သူသည် အဘယ့်ကြောင့် ရင်ခုန်ရပြန်ပါသနည်း။ လမင်းကြီးသည် ဝါးရုံပင်ထိပ်ဖျား ရောက်နေပါပြီ။

* * *

ကသိုလ်ရေးမို့ကြိုးစားပါ
တို့တစ်တွေမှာ ချွေးတစ်လုံးလုံး။
ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ
အမောပြေအောင်တိုက်ပါမမ။

ဘုံကထိန် လှည့်လည်ပွဲဖြစ်ပါသည်။ ကျောင်းကထိန်ဆိုတော့လည်း စည်းကားလှသည်။ လူတန်းကြီးသည် ရှည်လျားလှပါသည်။ ပဒေသာပင် တွေကလည်း အများကြီး။ ပဒေသာပင်တွေနောက်က ကျောင်းသူကလေးများ နောက်က အိုးစည်းဒိုးပတ်ဝိုင်း။

...ဆိုင်းဆရာအပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒိုးကလေး ဒိုကလေး
နိုင်ငံကျော်တဲ့ ဒိုးကလေး။
ဒိုးကလေးက လက်သံပြောင်
မိုးထိလျှံအောင် တီးမယ့် ယောက်ျား။
ဆရာကြီး ဆရာကြီး
နိုင်ငံကျော်တဲ့ ဆရာကြီး။
ဆရာကြီးက လက်သံပြောင်
အသားနီလန်အောင် ရိုက်မယ် ယောက်ျား။

ဇော်ခင်မော်သည် ခေါင်းစွပ်ကလေးကို စွပ်ထားသည်။

ဆရာကြီးနှင့်တူအောင် နှုတ်ခမ်းမွေးဆွဲထားသော အရုပ်ခေါင်းစွပ်ကြီးဖြစ်ပါသည်။ သူ့လက်မှာလည်း ကြိမ်လုံး တစ်ချောင်းကို ကိုင်၍ ဝှေ့ရမ်းနေသည်။ ဆရာကြီးသည် ကျောင်းသားများက နောက်ပြောင်နေကြောင်းသိသော်လည်း တပြုံးပြုံး။ သူ့ကိုချစ်လို့ နောက်ပြောင်ကြောင်း သူသိပါသည်။

အမေရယ်တဲ့ အမေရယ်
အမေရယ်တဲ့ အမေရယ်
အ-ထ-က ဝိုင်းတော်နား
သွားပါရစေ အမေရယ်။
မသွားလေနဲ့ သမီးရယ်
မသွားလေနဲ့ သမီးရယ်
နေ့ပွဲဆို တော်တော်ရှိရဲ့
ညပွဲဆို မှောင်မိုက်ထဲ
လူဆွဲတတ်တယ်။
အမေရယ်တဲ့ အမေရယ်
အမေရယ်တဲ့ အမေရယ်
အ-ထ-က ဝိုင်းတော်နား



သွားပါရစေ အမေရယ်။
မသွားလေနဲ့ သမီးရယ်
မသွားလေနဲ့ သမီးရယ်
ခါတရံ သူစိတ်ဆိုး
ပြောကောက်ကြီးနဲ့ ထိုးတတ်တယ်။
ကောင်းတယ်လို့ ဘယ်သူကပြော
ကောင်းတယ်လို့ ဘယ်သူကပြော။

ကျော်စွာသည် ပဒေသာပင်ကို ထမ်းလာသည်။ လမ်းတစ်ဝက်ရောက်သောအခါ ခင်ကျော်ငြိမ်း ရောက်လာသည်။

"ကျော်စွာ၊ ငါ တစ်လှည့်ထမ်းဦးမယ်၊ မင်းကို ဒိုးပတ်အဖွဲ့က ခေါ်နေတယ်ကွ"

ကျော်စွာသည် လူတန်း၏နောက်သို့ လျှောက်လာခဲ့သည်။ ကျောင်းသူကလေးများအနီးသို့ ရောက်လာသည်။ တစ်စုံတစ်ယောက်ကို ရှာနေမိသည်။ စိတ်ကရှာချင်လို့ မဟုတ်ဟု ထင်သော်လည်း မျက်စိက အလိုလိုရှာမိသည်။ သူ့မျက်စိသည် တနေရာတွင် ရပ်သည်။

အို . လှလိုက်တဲ့ စောစောအောင်ရယ်၊ စောစောအောင်သည် ဆံပင်ကို ခါတိုင်းကဲ့သို့ ဖားလျားချမထားပါ။ ဆံပင်ကို နှစ်ဖက်ခွဲရျည်၍ ပခုံးတစ်ဖက်တစ်ချက်စီမှာ ချထားသည်။ အင်္ကျီအဖြူလက်ရှည်။ ချာကလက်ရောင်နှင့် အနက်ရောင်ချိုပ်ထဘီ။ ပြောင်လက်တောက်ပခြင်းရှိပါဘဲလျက် ရိုးရိုးနှင့် ယဉ်သော အရောင်အသွေးပါ။ ပြီးတော့ သူ့မျက်နှာ နှုတ်ခမ်းနီ ဆိုးမထားပါ။ သူ့မျက်ခမ်းမှာ အမည်းရောင်မရှိပါ။ သူ့မျက်ခွံ အပြာရောင်မရှိပါ။ သို့ရာတွင် သူ့မျက်နှာတွင် မှုန်မှုန်ကလေးလှနေသည်။ စောစောအောင်သည် ဒီနေ့သိပ်လှနေပါသည်။ ဒီနေ့ သိပ်လှသည်ဆို၍ ကျန်တဲ့နေ့တွေမှာ မလှဘူးဟု မဆိုလိုပါ။ နေ့တိုင်းပင် လှပါသည်။ အို . ပရမတ္ထ အလှပါပဲ။

ဒီဇိုင်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



စောစောအောင်သည် ကျော်စွာကို မြင်သောအခါ ပြုံးပြလေသည်။ ကျော်စွာသည် သူ့ကိုပြန်၍ ပြုံးမပြနိုင်ဘဲ ငေး၍သာကြည့်နေမိပါသည်။ ထိုအချိန်မှာပင် . .

ဟိုနားက ယောင်ယေ ယောင်ပေ

သွားတစ်ယောက် အဖေ

ဟောဟိုနားက ယောင်ပေ ယောင်ပေ

သွားတစ်ယောက် အဖေ။

လူပျိုပုံ လာမလုပ်နဲ့

ရွာရှုပ်သတော့

လူပျိုပုံ လာမလုပ်နဲ့

ရွာရှုပ်သတော့။

ပျို့အိမ်က ခွေးပိန်မနဲ့

ညားစေမယ်ပ

ပျို့အိမ်က ခွေးနက်မနဲ့

ညားစေမယ်ပ။

ချစ်ကိုဝင်း၏ အသံပြဲကြီးကို ကြားရလေသည်။ ဒိုးပတ်ဝိုင်းသည် သူ့ကို လှမ်းနောက်လိုက်ခြင်းဖြစ်သည်။ အေးမြင့်သောင်းသည် လင်းကွင်းကြီးကို 'ချမ်းကနဲ' နေအောင် တီးလိုက်သည်။ သင်းဌွေးသည် ဒိုးပတ်ကို ဆူညံစွာတီးသည်။ လှဝင်းဦးသည် ကွေးနေအောင် ကလေတော့သည်။

ကျော်စွာ ရှက်သွားသည်။ စောစောအောင်ကို လှမ်းကြည့်သည်။ စောစောအောင်က ခေါင်းငုံ့ထားသည်။ စုစုက စောစောအောင်ကို ဘာတွေ တိုးတိုးတိုးတိုး ပြောသည်မသိ။ စောစောအောင်က စုစုကို ဆွဲဆိတ်သည်။ ပြီးတော့ ရယ်သည်။ ကျော်စွာသည် ဒိုးပတ်ဝိုင်းနားသို့ လျှောက်သွားသည်။ သူ့မျက်နှာက ပြုံးတုံးတုံး။ ဒိုးပတ်အဖွဲ့က သီချင်းတစ်ပုဒ် ဆိုပြန်သည်။



ကလေးရှက်တော့ ငိုသတဲ့ဗျို့

လူကြီးရှက်တော့ ရယ်သတဲ့ဗျို့။

ကျော်စွာလေး ကျော်စွာရှက်တော့

အလိုဗျာ . .

စောစောအိပ်လို့ စောစောထလို့

စောစော ချစ်လိုက်ကြပါစို့။ ။

မည်သို့ပင်ဖြစ်ပါစေ ဒီနေ့တော့ ကျော်စွာသည် စောစောအောင် သိပ်လှကြောင်း သူ့ကိုယ်သူ ဝန်ခံလိုက်ရလေသည်။ လှတယ်ဟု ဝန်ခံရုံပဲလား။ ဒီထက်ပိုသလား၊ မပိုဘူးလားတော့ သူ့ကိုယ်သူ မသေချာ။

●

www.burmeseclassic.com

www.burmeseclassic.com

## [၈]

လေးဆယ့်နှစ်ယောက်စီး ဟီးနိုးကားကြီးသည် တရိပ်ရိပ်ပြေးနေသည်။ ရန်ကုန်- ပဲခူးလမ်းပေါ်မှာ စပါးခင်းများ ဝင်းမှည့်နေကြပြီ။ ကုက္ကိုပင်များသည် ကားနံဘေးမှ ရိပ်ကနဲ ရိပ်ကနဲ ဖြတ်သွားကြသည်။

ဒုတိယအစမ်းစာမေးပွဲ ပြီး၍ ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း ကျော်စွာတို့အတန်းက ပဲခူးသို့ ပျော်ပွဲစားထွက်ကြခြင်းဖြစ်ပါသည်။ မည်သို့ပင် ဖြစ်ပါစေ၊ ပျော်စရာကောင်းသည်တော့ အမှန်ပါ။ သီချင်းသံသည် တညံညံ။

ငယ်ငယ်တုန်းက တို့ဘဝအရွယ်။
ပျော်စရာကောင်းလို့ အောက်မေ့တယ်။
ပေါင်းဖော်သဟာရွှေ မာစေကြောင်းလို့
ဆုတောင်းပါတယ်။
သူငယ်ချင်းတို့ အဝေးကကွယ်
လာလာ်လားလာ့ လားလာ့လာ။
"ဟေ့ကောင်၊ ဆက်ဆိုလေကွာ"
"မေ့သွားပြီကွာ"
"ဟား၊ ဟား၊ ဟား၊ ဟား"



ကျော်စွာသည်ကား ပြတင်းပေါက်မှ နေ၍ အပြင်သို့ ငေးကြည့်နေသည်။ ချစ်ကိုဝင်းသည် အေးမြင့်သောင်းကို လက်ကုတ်ပြသည်။ သူတို့ သံပြိုင်ဆိုလေသည်။

တွေးမနေနဲ့ ရဲဘော်
ငေးမနေနဲ့ ရဲဘော်
ငြိမ်းချမ်းရေးအတွက် ရည်မျှော် . .

ကျော်စွာက ပြုံးသည်။ စောစောအောင်က စုစုကို ဆွဲဆိတ်သည်။

အို . . ဘာတဲ့
စောစောအိပ်လို့ စောစောထလို့
စောစောချစ်လိုက်ကြပါစို့။

ပဲခူးမြို့သည် သူတို့ကို ဆီးကြိုလေသည်။ ရွှေမော်ဓောဘုရားသို့ အရင်ဝင်ကြသည်။ ထို့နောက်ဟင်္သာကုန်း၊ ရွှေသာလျောင်း၊ ရွှေဂူလေး၊ ကိုးသိန်းကိုသန်း။

ရွှေဂူလေးဘုရားနားက ချောင်းကလေးမှာ သူတို့စခန်းချကြသည်။ အစီအစဉ်တစ်အရ ပျော်ပွဲစားကစားနည်းများ ကစားကြရန်။ ကစားနည်းတွေက ပျော်စရာလည်းကောင်းသည်၊ ရယ်စရာလည်းကောင်းသည်။ ပူဖောင်းပေါ်သို့ ဖင်ချ၍ ခွဲရသော ကစားနည်းမှာ အရယ်ရဆုံးဖြစ်သည်။

ခွဲထားသော အုပ်စုလေးစုမှ လူတစ်ယောက်စီထွက်ရသည်။ သူတို့၏ ရှေ့ ပေနှစ်ဆယ်အကွာတွင် လေမှုတ်ပြီး ပူဖောင်းလေးလုံးကို ချထားသည်။ ထို့နောက် သူတို့လေးယောက်၏ မျက်နှာကို အဝတ် စီးပေးလိုက်သည်။ ပြိုင်ပွဲစလျှင် သူတို့သည် ပူဖောင်းများဆီသို့ မမြင်မကန်း သွားကြသည်။ စည်းကမ်းအရ ပူဖောင်းများကို လက်ဖြင့် မစမ်းရ။ ပူဖောင်းပေါ်တည့်တည့် ထိုင်ချမိပြီး ပူဖောင်းကွဲသွားလျှင် အနိုင်။ ပူဖောင်းကို အရင်ဆုံး ခွဲနိုင်ဖို့ ကြိုးစားရမည်။



www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာတော့ ကောင်းသည်။ တင်စိုးသည် ပုဖောင်းရှိရာသို့ မှန်း ၍သွားသည်။ ပုဖောင်းနေရာသို့ တန်းတန်းမတ်မတ်ရောက်ပါသည်။ သို့ရာတွင် ပုဖောင်းကို သူ့ခြေဖြင့် ခတ်မိသွားသည်။ ပုဖောင်း လွင့်ထွက်သွားသည်။ သူသည် ဘယ်လိုက်ရှာရမည်မသိ၊ ယောင်ချာချာဖြစ်နေသည်။

ချစ်ကိုဝင်းက ပို၍ဆိုးသည်။ သူသည် ပုဖောင်းနားရောက်ခါနီးတွင် လေတိုက်သဖြင့် ပုဖောင်းက လွင့်သွားသည်။ သူကတော့ မသိ။ အပိုင်ထိုင်ချလိုက်သည်။ မြေပေါ်သို့ ဖင်ထိုင်လျက်ကျသည်။ ရယ်သံမောသံ ဆူညံသည်။

ကစားလို့ မောကြတော့ ထမင်းစားကြသည်။ ပတေးကိုယ်တိုင် လည်ညှိ၍ ချက်ထားသော ကြက်သားနှင့်အာလူးဟင်း။ မိန်းကလေးများနှင့် ယောကျ်ားကလေးများ မျက်နှာချင်းဆိုင် နှစ်တန်းထိုင်၍ စားကြမည်။ ဆရာမကတော့ ထိပ်ဆုံးက။

သူတို့ရှေ့မှာ ငှက်ပျောဖက်တွေခင်း၍ ထမင်းတွေပုံထားသည်။ ကျော်စွာက ဟင်းလိုက်ထည့်ပေးသည်။ ခရမ်းချဉ်သီးငါးပိချက်ကို အောင်ဝင်းက တာဝန်ယူထည့်ပေးရသည်။

ကျော်စွာသည် စောစောအောင်၏ ထမင်းပုံထဲသို့ ဟင်းခတ်ထည့်ပေးသည်။ မရည်ရွယ်ပါဘဲလျက် အသည်းဖတ်ပါသွားလေသည်။ စုစုက ပြုံးသည်။ မဝင်းစိုးက မျက်နှာကို ရှုံ့မဲ့လိုက်သည်။ သူက တောင်ပ ရှိုး ရသည်ကိုး။ စောစောအောင်၏ မျက်နှာချင်းဆိုင်မှာ အေးမြင့်သောင်း။ ကျော်စွာက သူ့ကို ဟင်းထည့်ပေးသောအခါ လည်ချောင်းရိုး ပါသွားလေသည်။

အေးမြင့်သောင်းက

"ဟင် . . ငါ့ကျတော့ လည်ချောင်းကြီး"

"စကားမများနဲ့ ကိုယ့်လူ၊ ကျရာပဲ"

"ကျပဲကျနိုင်လွန်းတယ်။ သူများကျတော့ အသည်းဖတ်ကြီး"

စုစု၏ရယ်သံ 'ခိကနဲ' ထွက်လာသည်။ စောစောအောင်က အေးမြင့်သောင်းကို မလုံမလဲ ပြောလိုက်သည်။



"ငါ့ဆီက အသည်းဖတ်ယူပါလား။ နင်စားချင်ရင်"

"ဟာ . . နေပါစေ၊ ကိုယ့်ကံနဲ့ ကိုယ် သူထည့်ပေးတာ စားရတာပဲ။ ပြီးတော့ ငါက အသည်းမကြိုက်ဘူး၊ ဟဲ . . ဟဲ"

ထမင်းစားပြီးကြတော့ ခဏတဖြုတ် နားကြသည်။ ပြီးတော့မှ ပျော်စရာအကောင်းဆုံး ကစားနည်း။ ပျော်ပွဲစား၏ အသက်ဖြစ်သော ကစားနည်း။ စာရွက်ကလေးတွေကို မိန်းကလေးတစ်လှည့် ယောကျ်ားလေးတစ်လှည့် အပြန်အလှန်ပေး၍ စာရွက်ပေါ်တွင် ညွှန်ကြားထားသည့်အတိုင်း သရုပ်ဆောင်ပြရသော 'ပါဆယ်ဂိမ်းစ်'။ ဒိုင်လူကြီးအဖြစ် ကျော်စွာက တာဝန်ယူရလေသည်။ ပထမဆုံးစာရွက်ကို ဆရာမက ကျောင်းသား တစ်ယောက်သို့ပေးရမည် ဖြစ်ပါသည်။ ဆရာမသည် သူ့နားမှာရှိနေသော လှဝင်းဦးကို ပေးလိုက်လေသည်၊ စာရွက်ပေါ်တွင် ရေးထားတာက "မျောက်တစ်ကောင်လမ်းလျှောက်ပုံမျိုးဖြင့် တစ်ပတ်လျှောက်ပြပါ" လှဝင်းဦး၏ သရုပ်ဆောင်ပုံသည် မျောက်နှင့် တကယ်ပင်တူပါသည်ဟု ချီးကျူးကြပါသည်။ ဒုတိယစာရွက်ကို လှဝင်းဦးက အမျိုးသမီးတစ်ဦးကို ပေးရမည် ဖြစ်သည်။ လှဝင်းဦးသည် မိန်းကလေးများ၏ မျက်နှာကို တစ်ယောက်စီ လိုက်ကြည့် သည်။ ပြီးတော့မှ မမြင့်ကြည်ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွား ပြီး စာရွက်ကို ပေးလိုက်လေသည်။

မမြင့်ကြည်သရုပ်ဆောင်ရန်မှာ ငါးစိမ်းသည်မအသွင် ဖြစ်သည်။ သူက အစတော့ ရှက်နေသေးသည်။ နောက်တော့မှ

"ဘာ၊ အလေးမပြည့်ဘူး ပြောချင်လို့လား။ ပါးကျိုးသွားမယ်၊ ဘာမှတ်နေသလဲ"

မမြင့်ကြည်သည် တကယ်လည်း ခပ်စွာစွာမို့ သူသရုပ်ဆောင်တာ သည်း ကောင်းပါသည်။ ပွဲအကျဆုံးမှာ ချစ်ဝင်းခေါ်မောင်လေးမှတ်ဆိတ် သရုပ်ဆောင်ပုံဖြစ်ပါသည်။ သူ သရုပ်ဆောင်ရမှာက မိန်းကလေးတစ်ယောက် ကို ရည်းစားစကားလိုက်ပြောရန်။ မောင်လေးမှတ်ဆိတ်သည် သူ့နှုတ်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ပေါ်မှာ ဝဲကျနေသော ဆံပင်ကို သပ်လိုက်သည်။ သူ စ၍ သရုပ်ဆောင်ပါသည်။

"ဒီမှာညီမ၊ လက်ဖက်တမတ်ဖိုးလောက်ပေးပါ။ အဲ . . မဟုတ်ပါဘူး၊ ညီမနာမည်လေးက ဘယ်လိုခေါ်ပါသလဲကွယ် . . ဩော် . . မသိဘူးတဲ့လား . . နာမည်က ဆန်းတယ်နော် . . မသိဘူးဆိုတော့ ဦးလှဘူးရဲ့ မမီးထင်တယ်။ ဒီလိုပါ . . ဒီလိုပါ၊ အသေဝနာစဗာလာန် ဆိုသလို မကို မြင်မြင်ချင်း ကိုယ်ချစ်မိလို့ပါ"

သူက ပရိသတ်ဘက်လှည့်၍ ပြုံးပြသည်။

"ညီမရယ် ကိုယ့်ကိုတော့ မီးပွိုင့်လို မစိမ်းလိုက်ပါနဲ့။ စိမ်းလိုက်ရင် ကိုယ် မောင်းထွက်သွားမိလိမ့်မယ် . . တကယ်တော့ ညီမနဲ့ ကိုယ့်ရဲ့ ဘဝဟာ နှစ်ချောင်းဆက်မှ တစ်ခုဖြစ်တဲ့ နမ်ချပ်ကူလို ဘဝမျိုးပါ"

ပရိသတ်က ရယ်ကြသည်။ သူ အားတက်သွားလေသည်။

"ဒီမှာ ညီမ၊ အိုင်တွေ့တိုင်း ခြေဆေးတတ်တဲ့လူမျိုး၊ ရေဘုံဘိုင်တွေ့တိုင်း ရေဝင်ရေတတ်တဲ့ နွားနို့ကုလားမျိုးတော့ ကိုယ့်ကို မထင်လိုက်ပါနဲ့။ ဖြူကယ် မည်းတယ်ဆိုတာ ပြတ်ပြတ်သားသား သိပါရစေ။ ဖြူတယ်ဆိုရင်တော့ ကိုယ်ဆက်မလျှော်တော့ပါဘူး။ အဲ . . ပင်မင်းဆိုင်နဲ့ ရောသွားပြီ"

ဒုတိယနောက်ဆုံးစာရွက်ကို ရသူက ကျော်စွာပါ။

စာရွက်ပေါ်တွင် 'ပျော်ပွဲစားထွက်သူများထဲမှ အလှဆုံးဟု သင်ထင်သော အမျိုးသမီးတစ်ယောက်အား အောက်ပါစာရွက်ကို ပေးပါ'

ကျော်စွာသည် စာရွက်ပေါ်က စာကို ဖတ်ပြသောအခါ မိန်းကလေးများသည် ခေါင်းငုံ့သွားကြလေသည်။ ကျော်စွာ စဉ်းစားသည်။ ဘယ်သူ့ကို ပေးရပါ့မလဲ။ အမှန်တကယ် သူအလှဆုံးဟု ထင်သူကတော့ စောစောအောင်ပါ။ သို့ရာတွင် သူ မပေးရဲ။ အလိုလိုကမှ အကောင်တွေက နောက်ချင်ပြောင်ချင်ရတဲ့အထဲ။ ဘယ်သူ့ကို ပေးရမလဲ။ ကျော်စွာသည် မိန်းကလေး



တစ်ယောက်စီကို လိုက်ကြည့်နေမိသည်။ စောစောအောင်လောက် ဘယ်သူ့မှ မလှဘူးဟုထင်သည်။

"ကြာတယ်ဟေ့"

ယောက်ျားလေးတွေက အော်သည်။ ချစ်ကိုဝင်းတို့ အုပ်စုဘက်မှ 'စောစောအောင်ကိုပေးလေကွာ' ဟု တိုးတိုး အသံထွက်လာသည်။ ပေးလို့ ဖြစ်ပါဘူးဟု သူ ထင်မိပြန်သည်။ သို့ရာတွင် သူ့ခြေလှမ်းများသည် စောစောအောင်ဆီသို့ အဘယ့်ကြောင့် ဦးတည်သွားမိပါသနည်း။

စောစောအောင်သည် ခေါင်းငုံ့ထားလျက်က သူ့ဆီသို့ ကျော်စွာ လာနေကြောင်းကို သိနေသည်။ သူရှက်သည်။ သူ့ရင်သည် 'တဒိတ်ဒိတ်' ခုန်နေသည်။ ကျော်စွာက သူ့အား စာရွက်ကလေးကို ပေးသည်။ သူခေါင်း ခါဖို့ ကြိုးစားသည်။ သို့ရာတွင် စာရွက်ကလေးကို သူယူလိုက်သည်။ စာရွက်ပေါ်ကစာကို ဖတ်သည်။ သူ လန့်သွားလေသည်။

"အချောဆုံးအခန့်ဆုံးဟု သင်ထင်သော အမျိုးသားတစ်ယောက်ကို အောက်ပါစာရွက်ကလေး ပေးပါ"

သူ ဘာလုပ်ရမှန်းမသိပါ။ စုစုကို ဆွဲဆိတ်ပြန်သည်။ သူ ခေါင်း မော့ရဲ။ ကျော်စွာသည် သူ့ရှေ့မှာ ရပ်နေသည်။ သူ့ကို ကျောင်းသား ကျောင်းသူအားလုံးက ဝိုင်းကြည့်နေကြသည်။ သူ ရှက်နေသည်။

"မြန်မြန်ရွေးပါဗျို့"

စောစောအောင်သည် ရှက်စိတ်နှင့်မို့ ဘာလုပ်မိမှန်း မသိလိုက်ပါ။ သူသည် အနားမှာရပ်နေသော ကျော်စွာ့လက်ထဲသို့ စာရွက်ကလေးကို ထည့်လိုက်မိပါသည်။ ကျော်စွာသည် စောစောအောင်နားမှာ ရပ်နေမိတာ ပြီဟု ထင်လိုက်သည်။ သို့ရာတွင် သူဝမ်းသာသွားသည်။ သူ့လက်ထဲ က စာရွက်ကလေးပေါ်က စာကို ဖတ်ကြည့်သည်။ သူလန့်သွားလေသည်။

"ဖတ်ပြပါဗျို့"



www.burmeseclassic.com

www.burmeseclassic.com

ဖော်ခင်မော်က အော်သည်။ သူ့လက်ချက်ပင်ဖြစ်ကြောင်း ကျော်စွာ သိလိုက်ပါသည်။ မတတ်သာသဖြင့် ဖတ်ပြလိုက်ရသည်။

"အချောဆုံးအမျိုးသားနှင့် အလှဆုံးအမျိုးသမီးတို့ တွဲ၍ သီချင်း တစ်ပုဒ် ဆိုပြပါ"

လက်ခုပ်တီးကြသည်။ သူတို့နှစ်ယောက်စလုံး ရှက်နေကြလေသည်။ ကျော်စွာသည် ခါးထောက်ရမလို၊ လက်ပိုက်ထားရမလို၊ လက်နောက်ပစ် ထားရမလို ဖြစ်နေသည်။ စောစောအောင်သည် ထိုင်ရာမှ မထချေ။ ခေါင်းငုံ့ ထားသည်။ စုစုသည် သူ့ကို မတ်တတ်ထရန် တိုက်တွန်းနေသည်။

"ကြာတယ်ဟေ့၊ မြန်မြန်ဆိုပါ"

ကျော်စွာက နှစ်ယောက်တွဲသီချင်းတွေ မရဘူးဟု ဆိုသည်။ စောစောအောင်က ခေါင်းကိုသာ တွင်တွင်ခါသည်။ သီချင်းမဆိုတတ်ဘူး ဟု ပြောသည်။

"မယုံဘူး၊ မယုံဘူး။ စောစောအောင်သီချင်းဆိုတာ တွေ့ဖူးတယ်"

"ဘယ်မှာလဲ"

"အတန်းထဲမှာ၊ ကမ္ဘာမကြေ ဆိုတယ်"

ဆရာမကိုယ်တိုင်ကပင် သူတို့ကို သီချင်းဆိုရန် တိုက်တွန်းလေ သည်။ မတ်တတ်သာသည့် အဆုံး စောစောအောင် မတ်တတ်ရပ်လိုက် ရသည်။ ကျော်စွာနှင့်စောစောအောင်သည် မြေကွက်လပ်၏ အလယ်တွင် မတ်တတ်ရပ်နေရသည်။ စောစောအောင်က ကျော်စွာကိုမေးသည်။

"ဘာဆိုရမှာလဲဟ"

"ငါလည်းမသိဘူး"

သီချင်းရွေးနေတာက တော်တော်ကြာသွားပြန်သည်။ နောက်ဆုံး တော့ 'ပန်းညိုစုံတွဲ' သီချင်းဆိုရန် သဘောတူကြသည်။ သို့ရာတွင် တော်တော်နှင့် မဆိုကြပြန်။ ရှက်နေကြသည်။ အားလုံးက ထပ်မံတိုက် တွန်းမှပင် ဆိုလေတော့သည်။



"လေပြည်ငယ်သုတ်ပါလို့။ ရွှေဘုတ်ကယ်အိုးအိ
အဲ့မှိုင်းငယ်ရီ၊ နေမှိအောင် တခို လှမ်းခဲ့ရ
ကောက်ငန်းက သူပြန်ပုံမှာ
ခတ္တာငုံ ပန်းနှစ်ဆင့်ငယ်နှင့်
ပန်းဝင့်လို့ရွာကိုဝင်၊ အမြင်ဆန်းပါဘိတယ်လေး . . ."

စောစောအောင်က အရင် စဆိုရလေသည်။ သူရှက်လေသောကြောင့် အသံတုန်လေသည်။

"စောင့်နေတဲ့ ပျို ဖျို့ဖျို့၊ မောင့်ရွှေမယ့်ကိုယ်ဒို မလို
ချစ်တဲ့သူ တကယ်ပြော လယ်တောဆင်းနေရသကို"
"အို . . အို သွားစမ်းပါဆို"
"ပျို ပျိုစကားရမ်းတာကို စိတ်ကောက်တော်မမူပါနဲ့"

ကျော်စွာသည် အမှုအရာအလုပ်ရန် ကြိုးစားသည်။ မရချေ။ ရှက်နေသည်။

"အို . . .အို . . ကြည့်ပါလားလို့"
"ပျို ပျို တမိကညာ တစ်ပါးမို့ ညာတာသနား
ချစ်အားတွေမို့၊ တကယ် မငြင်းလိုက်ပါနဲ့
သူငယ်ချင်း . . သူငယ်ချင်းပျို ပျို"
"ခုမှတော့ ချော့လာပါနဲ့၊ ငေါ့တော့တော့
ဘာကလို ကိုကို"
"ကြည့်စားတာပျို့ ရှိုးရှိုး"
"အို ဆုတ်ပါ တဖက်သို့ . . ."

ရက်ရက် ကြောက်ကြော . ့မို့ သီချင်းစာသားတွေက မှား၊ အသံ တွေက မမှန်။ သို့ရာတွင် ဆိုလို့တော့ ပြီးသွားသည်။

လက်ခုပ် သြဘာသံများသည် ဆူညံသွားလေသည်။ စောစောအောင် သည် မိန်းကလေးများအကြားသို့ ဝင်ပြေးလေသည်။ သူသည် စုစုနောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်၍ ထိုင်လေသည်။ သူ့မျက်နှာကို စုစု၏ကျောပေါ်မှာ အပ်ထားလိုက်သည်။ သူရှက်နေပါသည်။ ကျော်စွာသည် ဇော်ခင်မော်၏ ဘေးမှာ ဝင်ထိုင်သည်။ သူ့မျက်နှာသည် ရှက်စိတ်ဖြင့် နီရဲနေပါသည်။

အပြန်လမ်းခရီးမှာတော့ ကျော်စွာသည် ငေးငိုင်နေရပြန်သည်။ ကားပြတင်းပေါက်မှ အပြင်ရှုခင်းကိုသာ ကြည့်မောရင်း လိုက်ပါလာသည်။

စောစောအောင်သည် တလမ်းလုံး ခေါင်းကို ငုံ့၍သာနေသည်။ စုစုကိုလည်း စကားမပြောတော့။

အားလုံးပျော်ရွှင်နေကြသည်။ ကားတစ်စင်းလုံးမှာ ငေးငိုင်နေသူဟူ၍ သူတို့နှစ်ယောက်သာ ရှိပါသည်။ ကျန်သူများသည် သီချင်းတကျော်ကျော်။

နောင်နှစ်ကိုလည်း လာဦးမယ်လေ။

နောက်နှစ်ကိုလည်း လာဦးမယ်လေ။

သူတို့နှစ်ယောက်ကို အားလုံးက ဝိုင်းကြည့်နေကြသည်ဟု ထင်သည်။ စကားတစ်ခွန်းပြောလျှင် သူတို့ကို စောင်းပြောသည်ဟု ထင်သည်။ သီချင်းတစ်ပုဒ်ဆိုလျှင် သူတို့ကို စောင်းဆိုသည်ဟု ထင်သည်။

သူငယ်ချင်းတစ်ယောက်နှင့် သူငယ်ချင်းတစ်ယောက် သီချင်းတွဲဆိုရသည်မှာ ဘာဆန်းသနည်း။ ဘာရှက်စရာလိုသနည်း။ သို့ရာတွင် သူတို့ သူငယ်ချင်းများမဟုတ်ကြတော့ပြီ။ သူငယ်ချင်းမဟုတ်ဟု ဆို၍ ရန်သူများဟု မဆိုလိုပါ။ ချစ်သူများဟုလည်း မဆိုနိုင်သေးပါ။

မည်သို့ပင်ဖြစ်ပါစေ။ ဒီနေ့ဒီအချိန်မှစ၍ ကျော်စွာသည် စောစောအောင်ကို သူငယ်ချင်းတစ်ယောက်ထက်ပိုသော အချစ်ဖြင့် ချစ်မိနေပြီဖြစ်ကြောင်းပါ။ သူသည် စောစောအောင်ကို ချစ်သူတစ်ယောက်လို ချစ်နေမိကြောင်း သူ့ကိုယ်သူ ဝန်ခံလိုက်ပါသည်။

စောစောအောင်ဘက်ကကော ဘယ်လိုပါလဲ မသိပါ။ စောစောအောင်သည် တစ်စုံတစ်ခုသော ဝေဒနာကို ခံစားရမိသည်။ နာကျင်ခြင်းမဟုတ်သော်လည်း အခံရခက်သောဝေဒနာပါ။ သူသည် ဝိ[illegible]ကလေးဗိုဗိ



[illegible]ကျွန်ုပ်ဆည်ရမည်။ သူများကို မဟုတ်ပါ။ မိမိကိုယ်ကို ဣန္ဒြေဆည်[illegible]ခြင်းဖြစ်ပါသည်။ မိမိကိုယ်ကို မိမိပြန်၍ ဟန်ဆောင်ရခြင်းသည် [illegible]ကြီးစွာသော ဒုက္ခ။ သူ့စိတ် အတွင်းမှာ လွန်ဆွဲနေကြသည်။ သူ့ကိုယ်သူ [illegible]မေးသည်။ သူ့ကိုယ်သူ ဖြေသည်။ "အို . . မဟုတ်ဘူး" ဟု ငြင်းသည်။ [illegible]တ်သက်သာရာရသလိုလို အရှိုသားပါ။ သို့ရာတွင် ကျော်စွာကို အဘယ့်ကြောင့် ခိုးကြည့်မိပြန်ပါသနည်း။

"ကျော်စွာရယ် နှင်ငါ့ကို ဘာဖြစ်လို့ နှောက်ယှက် ရတာလဲ[illegible]တယ်။"

* * *

ဒိဇင်ဘာနှင်းတို့သည် ကျနေကြသည်။ ကောင်းကင်သည် နှင်းဖြူတို့[illegible]ကြောင့် အပြာနုရောင်ဖြစ်နေသည်။ လမ်းမီးမီးတိုင်သည် ဝါဖျော့ဖျော့။

ဇော်ခင်မော်သည် သီချင်းတစ်ပုဒ်ကို ဆွဲဆွဲငင်ငင်ဆိုနေသည်။ [illegible]အေးမြင့်သောင်းသည် ခေါင်းကိုငုံ့လျက် ဂစ်တာကို ခေါက်နေသည်။ [illegible]ကိုဝင်းသည် သူ့ပေါင်ကိုပုတ်ရင်း စည်းလိုက်နေသည်။ လှဝင်းဦးကတော့ [illegible]ချင်းသွားအတိုင်း လေချွန်သည်။ ကျော်စွာသည် သီချင်းကို စိတ်မဝင်စား[illegible] သူတို့ထိုင်နေသောနေရာနှင့် ခါးလွယ်ခုတ်လောက်မှာရှိသော နှစ်ထပ်[illegible]ကြီးကို ငေးကြည့်နေသည်။

"ကျော်စွာ၊ မင်းဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူးကွာ"

"ဘာမှမဖြစ်ဘူး ဆိုပေမဲ့ မင်းကြည့်ရတာ ခုတစ်လော သိပ်ငိုင်တာပဲ"

"ဖိလင်ဝင်နေလို့ဖြစ်မှာပေါ့ကွ"

"ကျော်စွာကတော့ကွာ၊ သီချင်းလေးတစ်ပုဒ် တွဲဆိုရသေးတယ်[illegible]ဘ်ခိုက်နေပြီလားကွ"

"မဟုတ်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရင် မင်းဘာဖြစ်လို့ ဆွေးနေတာလဲ"

"မဆွေးပါဘူး"

"မညာချင်စမ်းပါနဲ့ သူငယ်ချင်းရာ၊ မင်းနဲ့ ငါတို့နဲ့က အိမ်ကပိုက်ဆံခိုးပြီး ခေါက်ဆွဲကြော်ဝယ်စားတဲ့ အရွယ်ကတည်းက ပေါင်းသင်းလာတာပါ"

"ကဲကွာ၊ ရှင်းရှင်းမေးမယ်။ မင်း စောစောအောင်ကို ခိုက်နေပြီ မဟုတ်လား"

အေးမြင့်သောင်း၏ အမေး။ ကျော်စွာက မဖြေပါ။

"မိမိငြင်းကြောင်းလို့ ပြောဦးမလို့လား။ ဒီမှာ သူငယ်ချင်း၊ မင်းမှာ တိုင်ပင်စရာဆိုလို့ ငါတို့ပဲရှိတယ်။ မင်းစိတ်ထဲမှာ ရှိတာကို ငါတို့ကိုတော့ အသိပေးဖို့ ကောင်းပါတယ်ကွာ"

သူငယ်ချင်းတွေကို ဖွင့်ပြောလျှင် ကောင်းမည်လားဟု စဉ်းစားမိသည်။ ပြောသင့်သည်လို့လည်း ထင်သည်။ ဝေဒနာဆိုသည်မှာ ဝမ်းထဲမှာ ကျိတ်ထားတာထက် တစ်ယောက်ယောက်ကို ဖွင့်ပြောလိုက်ရလျှင် နည်းနည်းတော့ သက်သာစေသည် မဟုတ်ပါလား။ သို့ရာတွင် သူရှက်နေပြန်၏။ အိမ်ကြီးဆီသို့ သူကြည့်ပြန်၏။ အိမ်ကြီးထဲမှာ မီးတွေလင်းနေတုန်းပါ။ စောစောအောင် စာကျက်နေသလား။ သို့မဟုတ် သူ့အကြောင်းကို စဉ်းစားနေပါသလား။

'မိစောရယ် ငါဘယ်လိုပြောရမလဲဟယ် . . '။

"ငါ စောစောအောင်ကို ချစ်နေပြီကွာ"

သူ ဖွင့်ဟဝန်ခံလိုက်ပါသည်။

"ကောင်းတယ်"

"ငါသဘောတူတယ်"

"ဖြစ်သင့်တာကြာပြီ"

"လုပ်ရင်လဲ မြန်မြန်လုပ်ကွာ၊ စာမေးပွဲ နီးပြီ"



"သူ ငြင်းလိုက်မှာ ကြောက်တယ်ကွ"

သူ စိုးရိမ်သွားပြန်သည်။

"ဒါတော့ကွာ၊ သူ မကြိုက်ရင် ငြင်းမှာပေါ့"

"ငြင်းတယ် မငြင်းဘူးဆိုတာ သူ့အလုပ်ပါကွ"

"စောစောအောင်က မင်းကို ကြည်မှာပါကွာ"

သူတို့က အားပေးကြပါသည်။ ကျော်စွာက ဂစ်တာကို သူ့ပေါင်ပေါ်မှာ တင်လိုက်သည်။

"ကျော်စွာ . . သီချင်းဆိုကွာ"

"ဘာဆိုရမလဲ"

"ခုအချိန်မှာ မင်းနဲ့အလိုက်ဆုံးသီချင်းကတော့ ပိတ်ထားသော တံခါးများနှင့် ဖွင့်ထားသော တံခါးများ"

"ကောင်းတယ်"

"ဘာကီးလဲ"

"မင်းအသံနဲ့ဆို အေမိုင်နာနဲ့လိုက်တယ်"

ကျော်စွာသည် ဂစ်တာကို စ,ခေါက်သည်။ အင်ထရိုခေါ် ပဏာမတီးလုံး။ ထို့နောက် ကျော်စွာ၏အသံသည် ငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်။ ဂစ်တာသံသည် တညက်ညက်၊ သူ့အသံသည် တငြိမ့်ငြိမ့်။

ဟောင်းနွမ်းနေတဲ့ ဂစ်တာကလေး

အသည်းကွဲနေတဲ့ ကောင်ကလေး

ပိတ်ထားတဲ့ တံခါးလေး

ချစ်သူ့အိမ်ရှေ့မှာ

ဂစ်တာလို့ခေါ်တဲ့ ကိရိယာလေးနဲ့

အဆွေးသီချင်းတွေ ဆိုမယ်

ပိတ်ထားတဲ့ တံခါးကလေး ဖွင့်လိုက်ပါလားကွယ်။

လေနတ်သားရယ် . . .



www.burmeseclassic.com

www.burmeseclassic.com



မောင့်အသံကို
ချစ်သူဆီပို့ပေးပါလားကွယ် . . .။
အို . . . တံခါးတွေ ပိတ်ထားသတဲ့လား
ချစ်သူရဲ့ အသည်းတံခါးကလေးကကော
ပိတ်ထားတုန်းပဲလား။
အို . . . အရှင် အချစ်ဘုရား
ဂစ်တာသံအကြား
ပိတ်ထားသော တံခါးများ
ပွင့်ပါစေသား။
အို . . . အရှင် အချစ်ဘုရား
မောင့်တေးသံအကြား
ပိတ်ထားသော အသည်းတံခါး
ပွင့်ပါစေသား။

စောစောအောင် စာကျက်လို့ မရတော့ပါ။ သီချင်းသည် ကျော်စွာ အသံဖြစ်ကြောင်း သူသိပါသည်။ ဒီအသံကို သူမမှတ်မိဘဲ နေပါရိုးလား။ ပျော်ပွဲစားခရီးမှာတုန်းက သီချင်းအတူတူ တွဲဆိုခဲ့ရသူ၏ အသံပါပဲ မဟုတ်ပါလား။ ပြတင်းတံခါးကို ဖွင့်လိုက်ချင်သည်။ အို . . တံခါး မဖွင့်ပဲလျက်နှင့်လည်း လေနတ်သားဆိုသူသည် သူ့ထံ ရောက်လာတာပါပဲ။ အသည်းတံခါးကို ဖွင့်ချင်ပါသလားဟု သူ့ကိုယ်သူ မသေချာ။ အို . . အသည်းတံခါး မဖွင့်ဘဲလျက်နှင့်လည်း မြားနတ်မောင်ဆိုသူသည် သူ့ အသည်းနှလုံးကို စိမ့်ဝင်၍ . . ။

* * *

'ကျော်စွာရယ် . . နင် ငါ့ကို ဘာဖြစ်လို့ နောက်ယှက်ရပြန်တာ လဲဟယ် . . .'



ကျောင်းပြန်ဖွင့်ပြီ ဖြစ်ပါသည်။ ဒုတိယ အစမ်းစာမေးပွဲမှ အမှတ်စာရင်းတွေ ထုတ်ပြန်သည်။ ပညာရည်တိုးတက်မှု မှတ်တမ်းတွေ ပေးသည်။ ဒီတစ်ခါတော့ ကျော်စွာက ပထမရသွားသည်။ စောစောအောင်က ဒုတိယ၊ ချစ်ကိုဝင်းက တတိယ။

စောစောအောင် ကျေနပ်ပါသည်။ သူ့ထက်သာသွားသူမှာ ကျော်စွာ ဖြစ်သောကြောင့် ကျေနပ်ခြင်းဖြစ်သလားဟုတော့ သူ့ကိုယ်သူ မသေချာ။ မသေချာခြင်းလည်း ဖြစ်ချင်မှဖြစ်မည်။ သူ့ကိုယ်သူ လိမ်ညာခြင်းလည်း ဖြစ်နိုင်ပါသည်။

ချစ်ကိုဝင်းသည်လည်း ကျေနပ်ပါသည်။ သူ့ထက်သာသွားသူမှာ ကျော်စွာနှင့် စောစောအောင်ဖြစ်နေခြင်းကြောင့် ကျေနပ်ခြင်းဖြစ်သည်ဟု သူ့ကိုယ်သူ သေချာသည်။

ဆရာ၊ ဆရာမများသည် အချိန်မှန်မှန် စာသင်ကြသည်။ ကျောင်းသား ကျောင်းသူများသည် ကြိုးစား၍ မှတ်သားနာယူကြသည်။ တနင်္ဂနွေနေ့ ဆိုလျှင် ကျောင်းပိတ်၏။ နေ့လယ် ဆယ့်နှစ်နာရီ ကျောင်းတက်၍ ညနေ ငါးနာရီမတ်တင်း ကျောင်းဆင်း၏။ ကျောင်းကြီးတစ်ခုလုံး ဘာမျှ မထူးခြားပါ။ သို့ရာတွင် ထူးခြားသူနှစ်ဦး ရှိပါသည်။ ကျော်စွာနှင့် စောစောအောင် ပါပဲ။

ကျော်စွာသည် ခုတလော တက်ကြွမှု မရှိလှ။ စာမေးပွဲတွင် ပထမ ရခဲ့သည်ကိုပင် သိပ်ဝမ်းသာပုံ မပြပါ။ သူ့လှုပ်ရှားမှုသည် လေးလံထိုင်းမှိုင်းလှသည်။ များစွာသော အခါတို့တွင် သူသည် တွေဝေငေးငိုင်နေတတ်သည်။ ဆရာ ဆရာမတွေ စာသင်သည်ကို စိတ်ဝင်စားမှု လျော့လာသည်။ တစ်ခါ တစ်ရံ ဆရာတွေ စာသင်နေသည်ကို ကြည့်နေသော်လည်း သူ့စိတ်သည် အတန်း၏ လက်ဝဲဘက်ရှေ့ဆုံးခုံတန်းသို့ ရောက်နေတတ်သည်။ ထိုနေရာ သည် စောစောအောင်ထိုင်နေသော နေရာမဟုတ်ပါလား။ ကျော်စွာထိုင် သော နေရာသည် အတန်း၏ လက်ယာဘက် နောက်ဆုံးခုံတန်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ၏ နေရာမှသည် စောစောအောင်၏နေရာနှင့် ထောင့်ဖြတ်ဖြစ်သည်။ ထို့ကြောင့် စောစောအောင်၏ မျက်နှာကို သေချာစွာမမြင်ရ။ များသောအားဖြင့် စောစောအောင်၏ ကျောဘက်၊ ဆံပင်နှင့် ပါးတစ်ခြမ်းကိုသာ မြင်ရသည်။ တစ်ခါတစ်ရံမှသာ ဖြောင့်စင်းသော နှာခေါင်းကလေး၊ ကော့နေသော မျက်တောင်ကလေး။ အကယ်၍ စောစောအောင်၏ရှေ့တည့်တည့်တွင် မှန်ကလေးတစ်ချပ် ရှိနေခဲ့လျှင် အဘယ်မျှ ကောင်းလိုက်လှပါမည်နည်း။

ကျောင်းပိတ်ရက်တုန်းက အဖြစ်တစ်ခုကို ကျော်စွာ သတိရမိသည်။ စောစောအောင်တို့ အိမ်ရှေ့မှာ ညဘက် သီချင်းသွားရောက်ဆိုပြီး နောက်တစ်နေ့တွင် ဖြစ်ပါသည်။

နံနက်စောစော နေထွက်ပြီ ဖြစ်သော်လည်း နှင်းမကွဲသေးပါ။ ကျော်စွာသည် စက်ဘီးပေါ်မှ ဆင်းလိုက်သည်။ လက်ကိုင်ရှိလွယ်အိတ်ထဲမှ ကြေးမုံသတင်းစာတစ်စောင်ကို ထုတ်ယူလိုက်သည်။ အိမ်ကြီးကို ကြည့်သည်။ ခြံဝင်းကြီးထဲကို ကြည့်သည်။ လူမတွေ့ရပါ။ ကျော်စွာ ပြုံးလိုက်ပါသည်။ ညကပင် သူသည် ဒီအိမ်ရှေ့မှာ သီချင်းဆိုခဲ့ပါသေးသည်။ ခုလို နံနက် အချိန်ကြီးမှာသာ သူသည် ဂစ်တာတစ်လက်နှင့်သီချင်းလာဆိုလိုက်လျှင် ဘယ်လောက် ရယ်စရာကောင်းလိုက်လှပါမည်နည်း။

"သတင်းစာဖိုး ခင်ဗျ"

နှင်းဆီပန်းပင်တွေ ကြားထဲမှာ လှုပ်ကနဲဖြစ်သွားသည်။ စောစောတည်းက သူရှိနေပါကလား။ သူသည် ပန်းရောင်အင်္ကျီနှင့် ထဘီကို ဝတ်ထားသည်။ ပန်းရောင်ဆိုသည်မှာ နှင်းနှင့်အလိုက်ဆုံး အရောင်ပါပဲ။ နှင်းဆီပင်တွေကြားမှာ၊ နှင်းဆီပွင့်တွေကြားမှာ ပန်းရောင်နှင်းဆီပွင့်ကလေးတစ်ပွင့်ရှိနေကြောင်းကို ကျော်စွာ စောစောက မသိခဲ့ပါ။ ဟုတ်တာပေါ့။ သူ့မျက်နှာမှာလည်း ပန်းရောင်သမ်းနေလိုက်တာပါပဲ။ ပန်းရောင်နှင်းဆီပွင့်ကလေးသည် သူ့ထံသို့ လျှောက်လာလေသည်။ ကျော်စွာက သူ့ကို ပြောသည်။



"နှင်းဆီ . . အဲ မဟုတ်ပါဘူး။ သတင်းစာဖိုး ပေးတော့မလား"

သူ ရယ်လေသည်။ ပြုံးခြင်းထက် လွန်သည်ဆိုရုံမျှ ရယ်ခြင်းပါ။ ကျော်စွာ ရှက်သွားသည်။ ကျော်စွာ ရှက်သွားကြောင်း သူသိသည်။ သူလည်းရှက်သွားလေသည်။ သူ့မျက်နှာကို ပြန်တည်လိုက်သည်။

"ခဏနေဦး"

သူ လှည့်ထွက်သွားသည်။ ကျော်စွာသည် သူ စကားမှားသွားခြင်းအတွက် ရှက်နေသည်။ ခုပင် ဒီနေရာမှ ထွက်သွားလိုက်ချင်သည်။ ရိုင်းရာကျမည်စိုး၍ စောင့်နေရလေသည်။ သူ ပြန်လာသည်။ ကျော်စွာကို ပိုက်ဆံပေးသည်။

"ကျေးဇူးတင်ပါတယ် . . သွားဦးမယ်"

ကျော်စွာစက်ဘီးရှိရာသို့ ပြန်လှည့်သည်။

"သတင်းစာ ပေးသွားဦးလေ"

ဒီတော့မှပင် သူ့လက်ထဲက သတင်းစာကို သတိရတော့သည်။ သတင်းစာမှ မပေးရသေးဘဲ။ ကျော်စွာ ရှက်သွားပြန်လေသည်။ သတင်းစာကို ပေးသည်။ သူ့မျက်နှာကို ကျော်စွာ မကြည့်ရဲ။ သူက ပြောလေသည်။

"နင်က အသံကောင်းသားပဲ"

သူ ထွက်သွားသည်။ ကျော်စွာသည် ငေးကြောင်၍ ကျန်ရစ်သည်။ ဘာတဲ့။ အသံကောင်းတယ်တဲ့။ ပျော်ပွဲစားမှာ ဆိုတာကို ပြောတာလား။ မနေ့ညက ဆိုတာကို ပြောတာလား။ စောစောအောင်သည် ဘာရည်ရွယ်ချက်နှင့် ဒီစကားကို ပြောတာလဲ။ သူ့ကို စိတ်ဝင်စားဟန် ပြတာလား။ သူ့ကို လမ်းခင်းပေးတာလား။ သူ့ကို စ တာလား၊ လှောင်တာလား စောစောအောင်ရယ်။

ကျော်စွာသည် စက်ဘီးပေါ်သို့ တက်၍ ခြေနင်းကို တစ်အားနင်းချလိုက်သည်။ ချိန်းကြိုး ပြတ်ထွက်သွားလေသည်။ ကျော်စွာသည် အိမ်ကြီးဆီသို့ ပျာပျာသလဲကြည့်သည်။ ဘယ်သူမှ မရှိ။ စောစောအောင်သည်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာမှ သူ့ကို ချောင်းကြည့်ရင်း ရယ်မောနေပါလိမ့်မည်လား မသိပါ။ ကျော်စွာ ပြုံးလိုက်သည်။

"ဟေ့ကောင် . . ဘာပြုံးတာလဲ"

ချစ်ကိုဝင်း၏ အသံကိုကြားမှ သူ့အတွေးစကို အလျင်အမြန် ရပ်သိမ်းလိုက်သည်။ ချစ်ကိုဝင်းက မေးသည်။

"ဘာကြောင်တာလဲ၊ တစ်ယောက်တည်း"

"ဘာမှ မဟုတ်ပါဘူးကွာ၊ ဟာသပုံပြင်တစ်ခု စဉ်းစားမိလို့ပါ"

သူက အရက်ပြေပြောလိုက်ပါသည်။ ထိုအခါမှ ပိုဆိုးတော့သည်။

"ဘာပုံပြင်လဲကွ၊ ပြောပါဦး"

"ဟို . . ဟိုဥစ္စာကွာ"

"ဟေ့ . . "

"ဟိုဥစ္စကွာ"

"ဟေ့ကောင် ဖိန့်မနေနဲ့ . . . မင်း စောစောအောင်အကြောင်း စဉ်းစားနေတာ မဟုတ်လား"

တိုက်ရိုက်လာထိနေတော့လည်း သူ အနေရခက်သွားသည်။ ချစ်ကိုဝင်းက ပြောသည်။

"စဉ်းစားနေရုံနဲ့ မပြီးဘူးနော"

စောစောအောင်သည် သူ့ကိုယ်သူ မကျေနပ်ဖြစ်မိသည်။ သူသည် ဟိုတစ်နေ့တုန်းက ကျော်စွာ့ကို အသံကောင်းသည်ဟု ပြောခဲ့မိသောကြောင့် ဖြစ်ပါသည်။ ထိုနေ့က သူသည် မရည်ရွယ်ဘဲလျက် ထိုစကားကို ပြောမိခြင်းဖြစ်သည်။ ဒီတုန်းက ကျော်စွာရှက်သလို သူလည်းရှက်နေပါသည်။ ထို့ကြောင့် ပြောမိပြောရာ ပြောလိုက်ရာက ထိုစကားထွက်သွားခြင်း ဖြစ်သည်။ ထိုစကားကြောင့် ကျော်စွာ သူ့ကို အထင်သေးသွားမည်ကို စိုးရိမ်မိသည်။ ထိုစကားကြောင့် ကျော်စွာ့သီချင်းသံကို သူနားထောင်နေခဲ့ကြောင်း သိသာသွားစေနိုင်သည်။ သူက ကျော်စွာ့ကို စိတ်ဝင်စားနေသည်ဟု



ထင်သွားနိုင်သည်။ တကယ်ကော စိတ်မဝင်စားဘူးလား။ မဝင်စားပါဘူးဟု သူ့ကိုယ် သူဖြေသည်။ သို့ရာတွင် သူသည် ကျော်စွာနှင့် အဘယ့်ကြောင့် မျက်နှာ ချင်းမဆိုင်ရဲ ဖြစ်နေရပါသနည်း။

မုန့်စားလွှတ်ချိန်တွင် စောစောအောင် အတန်းထဲက ထွက်လာသည်။ အတန်းပေါက်ဝတွင် ကျောင်းသားတစ်ယောက်နှင့် တိုက်မိမလိုဖြစ်သွားသည်။ ကျောင်းသားကို မော့ကြည့်သည်။ ကျော်စွာပါ။ ကျော်စွာသည် သူ့ကို ငုံ့ကြည့်သည်။ စောစောအောင်သည် မျက်လွှာကို အမြန်ဆုံးပြန်ချလိုက်သည်။

"ကျော်စွာရယ် . . နင့်အကြည့်ကို ငါမခံနိုင်ပါဘူးဟယ်"

●

www.burmeseclassic.com

www.burmeseclassic.com

## [၉]

'အချစ်'ဆိုသော အရာသည် ဘယ်လိုမှန်းလည်းမသိပါ။

သူသည် ဘယ်လိုကဘယ်လို ရောက်လာသည်မသိ။

နွေရောက်တော့မည် ဆိုလျှင် ဥသြငှက်က ကြိုတင် သတင်းပေးတတ်ပါသည်။ မိုးရွာတော့မည်ဆိုလျှင် မိုးသားတိမ်လိပ်တို့က ကြိုတင် သတိပေးတတ်ပါသည်။ ဆောင်းလာတော့မည်ဆိုလျှင် နှင်းတို့က ကြိုတင် သတိပေးတတ်ပါသည်။

သူ့ကျတော့ သည်လိုမဟုတ်ပါ။ ကြိုတင် အသိမပေးပါဘဲလျက် နှလုံးသားထဲသို့ တိတ်တဆိတ်ရောက်လာသည်။ နေသားကျပြီ ဆိုမှ ဘွားကနဲ ပေါ်လာတတ်ပါသည်။

အချစ်ဆိုသည်မှာ ဘယ်လိုကဘယ်လို ရောက်လာပါသလဲ မသိပါ။ အသက်ရှူရင်းက အောက်စီဂျင်နှင့်အတူ ပါလာသလား။ ရေသောက်ရင်းက ရေနဲ့အတူ မျောပါလာသလား။ အစာစားရင်းက အစာတွင် ကပ်ပါလာသလား။

အချစ် ဘယ်ကစခဲ့ပါသနည်း။

ဗြဟ္မာကြီးလေးဦးကဟု ဆိုမှာလား။ အာဒမ်နှင့် ဧဝဟုဆိုမှာလား။ မြားနတ်မောင်ကဟု ဆိုမှာလား။ သိပ္ပံနည်းအရ၊ ခန္ဓာဗေဒနည်းအရ ဆိုလျှင်



တော့ ပိကျူထရီဂလင်းက စသည်ဟု ဆိုနိုင်ဖွယ်ရှိ၏။ ပိကျူထရီသည် ဦးနှောက် အောက်တွင်ရှိသော အကျိတ်တစ်ခုဖြစ်၏။ အရွယ်သည် ကုလားပဲစေ့လုံးခန့်ရှိပြီး အလေးချိန်မှာ ဂရမ်တစ်ဝက်မျှသာ ရှိလေသည်။ ဤမျှသေးငယ်သော အကျိတ်ကလေးသည် လူတစ်ကိုယ်လုံးကို နိုင်းစေလျက် ရှိ၏။ အသားအရောင်ကို ဖြစ်ပေါ်စေလေသည်။ ဆီးဝမ်းတို့ကို ထိန်းညှိပေးသည်။ လိုအပ်သော အချိန်တွင် အရပ် ရှည်ထွက်စေသည်။ အမွေးအမှင်များပေါက်စေသည်။ ပြီးတော့ ဆန့်ကျင်ဘက်လိင်ကို တပ်မက်စေခြင်းဟူသော 'အချစ်'ကိုဖြစ်ပေါ်စေသည်။ ပိကျူထရီသည် တော်တော်ရှုပ်သည့် အကောင်ပေကပဲ။

ကျော်စွာသည် သူ လူပျိုပေါက်ဖြစ်ခဲ့စဉ်က အကြောင်းတွေကို ကောင်းစွာ သတိမထားမိခဲ့။ ခုနစ်တန်း၊ ရှစ်တန်းတုန်းက ဖြစ်ပါသည်။ သူ့အသံ ဩလာခဲ့ခြင်း၊ အရပ် ရုတ်တရက်ရှည်ထွက်လာခဲ့ခြင်း၊ သူ့ကိုယ်တွင် အမွေးအမှင်များ ပေါက်လာခဲ့ခြင်းကို သတိမပြုမိခဲ့ပါ။ 'အချစ်'ကျတော့ သတိမပြုလို့ မရတော့ပါ။ 'အချစ်'သည် ပြင်းထန်သော အရှိန်ဖြင့် သူ့နှလုံးသားကို ဝင်ဆောင့်သောအခါ သူ ထိတ်လန့်စွာ အသိအမှတ်ပြုခဲ့ရပါသည်။

စောစောအောင်သည် သူ့မမက သူ့ကို 'နင်အပျိုဖြစ်ပြီ'ဟု ပြောခဲ့သော လွန်ခဲ့သည့် သုံးနှစ်ခန့်ကာလက ဘာမျှမဖြစ်သလို နေခဲ့၏။ သူ့ကိုယ်ခန္ဓာ အချိုးအစား ပြောင်းလဲဖွံ့ဖြိုးလာခြင်းကို သတိမမူဘဲ နေခဲ့၏။ 'အချစ်'ကျတော့ သတိမမူလို့ မရတော့ပါ။ 'အချစ်'သည် ပြင်းထန်သော အရှိန်ဖြင့် သူ့နှလုံးသားကို ဝင်ဆောင့်သောအခါ သူ ထိတ်လန့်စွာ အသိအမှတ်ပြုခဲ့ရလေသည်။

အချစ်သည် ဘယ်လိုနည်း။ တစ်ခါတစ်ရံ သွက်လက်စေ၏။ တစ်ခါတစ်ရံ လေးလံထိုင်းမှိုင်းစေ၏။ တစ်ခါတစ်ရံ ဝမ်းသာစေ၏။ တစ်ခါတစ်ရံ ဝမ်းနည်းစေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာသည် တည်ငြိမ်သည်မှာ မှန်ပါ၏။ သူ့အတွေးအခေါ်၊ သူ့စကားတို့သည် အရွယ်နှင့် မလိုက်အောင် လေးနက်သည်မှာ မှန်ပါ၏။ စောစောအောင်သည် ဣန္ဒြေရှိသည်မှာ မှန်ပါ၏။ သူ၏လှုပ်ရှားမှုများသည် အရွယ်နှင့်မလိုက်အောင် တည်ငြိမ်သည်မှာ မှန်ပါ၏။

လူငယ်များဖြစ်ကြသည်။ သူတို့၏ ဦးနှောက်သည် လန်းဆန်းသည်။ သူငို့၏ အတွေးအခေါ်သည် ဖြူစင်သည်။ သူတို့၏ သွေးသည် ပူရှင့်သည်။ သို့ရာတွင် သူတို့၏ နှလုံးသားက မရင့်ကျက်ကြသေးပါ။ ထိုနှလုံးသားများသည်ပင် ဝမ်းနည်းမှတ်တမ်းများ၊ ဝမ်းမြောက်ဖွယ် သတင်းများကို ဖြစ်ပေါ်စေလေသည်။

* * *

"ကျော်စွာရေ၊ စဉ်းစားနေရုံနဲ့မပြီးသေးဘူး။ လက်တွေ့အကောင်အထည်ဖော်မှနော်"

သူငယ်ချင်းတွေက တိုက်တွန်းလာကြသည်။ သူကလည်းအကောင်အထည် ဖော်ချင်လှပါပြီ။ သို့ရာတွင် သူ တွေဝေနေဆဲပါ။

"စာမေးပွဲကလဲ နီးပြီကွာ၊ စာမေးပွဲပြီးမှပဲ"

"ဟေ့ကောင်၊ လုပ်မနေနဲ့။ စာမေးပွဲ နီးတာက နီးတာပဲ။ ဒီလိုကိစ္စမျိုးက အချိန်ဆွဲနေလို့ ရတာမဟုတ်ဘူး။ ကြားထဲက တစ်ကောင်ကောင်က ဖြတ်ခုတ်သွားရင် မောကျောပဲ။ 'ကြားဘဲ' တွေကို ကြောက်ရတယ်နော်။ ပြီးတော့ စာမေးပွဲပြီးရင် စောစောအောင်နဲ့ တွေ့ရဖို့ သိပ်မလွယ်ဘူး။ အခွင့်အရေးရတုန်း လုပ်ထား"

"တက္ကသိုလ်ရောက်ရင် လုပ်လို့ရတာပဲ"

"ဟ ကောင်ရ၊ တက္ကသိုလ်ရောက်တော့ မင်းနဲ့သူနဲ့ တက္ကသိုလ် တစ်ခုတည်းမှာ ကျချင်မှ ကျမှာပေါ့ဟ။ ပြီးတော့ မင်းက အလုပ်လုပ်ပြီး လုပ်သားကောလိပ်တက်မှာဆို။ အဲဒါဆို မင်း သူနဲ့တွေ့ဖို့ သိပ်မလွယ်တော့ဘူး"



ကျော်စွာ စိုးရိမ်သွားပြန်သည်။ စာမေးပွဲ မဖြေခင်အတွင်း ဖြစ်အောင်လုပ်လိုက်လျှင် ကောင်းမည်လားဟု စဉ်းစားမိပြန်သည်။ သို့ရာတွင် သူ မရဲပြန်ပါ။ စောစောအောင် စိတ်ဆိုးသွားမည်ကို စိုးရိမ်မိပြန်သည်။

"သူ စိတ်ဆိုးချင် ဆိုးမှာကွ။ ပြီးတော့ ဆရာမကို သွားတိုင်ရင် အရှက်ကွဲမှာ"

"စိတ်ဆိုးရင်လဲ ဆိုးပေစေပေါ့ကွာ၊ ဆရာမကို သူ မတိုင်ရဲပါဘူးကွာ။ တိုင်လိုက်ရင် သူ့အရှက်ကွဲမှာပေါ့"

"မဖြစ်သေးပါဘူးကွာ၊ ငါ့အကြောင်းလည်း မင်းတို့ သိသားပဲ၊ ငါက ငါ့သိက္ခာကို သိပ်ထိန်းတာ"

"ဟေ့ကောင်၊ အရက်သမားဖြစ်မှတော့ မူးမှာကို ကြောက်နေလို့ ရဘူးဆိုသလိုပဲ။ မင်းသိက္ခာတွေ ခဏခေါက်ထားလိုက်။ ပြီးတော့ စောစောအောင်ကလည်း မင်းကို ကြည်ပါတယ်ကွာ။ မင်းလိုကောင်မျိုးကို မကြည်ရင် ဘယ်သူ့သွားကြည်မှာလဲ".

သူတို့ပြောတာတော့ ဟုတ်တော့ ဟုတ်သလိုလိုထင်ရပြန်ပါသည်။ ပြီးတော့လည်း စောစောအောင်အမူအရာတွေ။ ခုတစ်လော စောစောအောင်၏ အမူအရာတွေ ပြောင်းလဲနေသည်။ ကျော်စွာ့မြင်လျှင် ရှက်သလိုလို၊ ကြောက်သလိုလို။ ဒါ သူ မရိုးသားလို့ပါပဲ မဟုတ်ပါလား။ မည်သို့ပင် ဖြစ်ပါစေ။ နည်းနည်းတော့ အစပျိုးစမ်းသပ်ချက် လုပ်ကြည့်မည်ဟု စဉ်းစားမိသည်။ သို့ရာတွင် စောစောအောင်နှင့် တကယ့်တကယ်တွေ့တော့လည်း သူ နှုတ်ဆွံ့နေမိပြန်သည်။ ကြည့်ပါလေ။

စောစောအောင်တို့ ကျောင်းကအပြန် သူတို့ ငါးယောက်နောက်က လိုက်သွားကြသည်။ လူရှင်းသောနေရာတွင် ကျော်စွာ့ကို သူငယ်ချင်းများက ခေါ်တော်ပေးလေသည်။ စောစောအောင်အနီးသို့ ချဉ်းကပ်ရန် ကျော်စွာ တွန့်ဆုတ်တွန့်ဆုတ်လုပ်နေပြန်သည်။ ချစ်ကိုဝင်းက သူ့ကို အတင်း တွန်းလွှတ်သည်။ မော်ခင်မော်က



www.burmeseclassic.com

www.burmeseclassic.com



"သွားလေကွာ၊ သိပ် ရုတ်ရုတ်ရုတ်ရုတ်မလုပ်နဲ့။ ဘေးလူတွေ သိကုန်လိမ့်မယ်"

"ကဲ . . . သွားကွာ။ ကြာတယ်"

လှဝင်ဦးက တွန်းလွှတ်လိုက်သည်။ သူတို့က နောက်ချန်နေရစ်သည်။ ကျော်စွာသည် ခြေလှမ်းအမှားမှား လျှောက်သွားသည်။ စောစောအောင်တို့နောက် ဆယ်ပေခန့်အကွာတွင် သူ့ခြေလှမ်းများက နှေးသွားလေသည်။ သူ ကြောက်နေပြန်သည်။ နောက်ကို လှည့်ကြည့်သည်။ သူငယ်ချင်းတွေက ဆက်လုပ်ရန် အချက်ပြသည်။ သူ စောစောအောင်တို့အနားသို့ကပ်မိသည်။

"ဟော့ . . ဟော့"

သူက မရဲတရဲခေါ်သည်။ စောစောအောင်က သူ့ကို လှည့်ကြည့်သည်။ ကျော်စွာ့ကိုမြင်တော့ အံ့သြသွားသည်။ ကျော်စွာသည် စောစောအောင်နှင့် မျက်လုံးချင်း အဆုံလိုက်မှာပင် ပြောမည်ဟု စဉ်းစားထားသော စကားလုံးများ မေ့ပျောက်ကုန်လေသည်။ သူ နှုတ်ဆွံ့ရလေပြီ။ စောစောအောင်သည်လည်း ကျော်စွာက ခေါ်ပြီးမှ ဘာမှ မပြောသောကြောင့် ကြောင်ကြောင်အအ ဖြစ်နေသည်။ စုစုက ကြားဝင်ရလေတော့သည်။

"ဟဲ ကျော်စွာ၊ ဘာပြောမလို့လဲ"

"ဟို . . ဟိုဥစ္စာ"

"ပြောလေဟာ"

"ဟို . . ထမင်းစားပြီးပြီလား"

"ဘယ်စားရဦးမှာလဲဟ။ ခုမှ ကျောင်းက ပြန်လာတာ နင်သိသားပဲ"

စောစောအောင်က 'ခစ်ကနဲ' ရယ်သည်။ ကျော်စွာ ရှက်သွားလေသည်။

"အေး . . ဟုတ်သားပဲ"

"နင် အဲဒါမေးမလို့ လိုက်လာတာလား။ တခြား ဘာကိစ္စရှိသေးလဲ"



"အေးဟာ . . အဲဒါ မေးမလို့ပါ"

"ကြောင်လှချည်လား"

စုစုက လောင်လွှတ်လိုက်လေသည်။ ကျော်စွာ ကုပ်ကုပ်ကလေး ပြန်ခဲ့ရသည်။ သူငယ်ချင်းတွေနား ရောက်သောအခါ အေးမြင့်သောင်းက စမေးသည်။

"ဘယ်လိုလဲကွ။ ဓေရဲ့လား"

"ဓေပါတယ်ကွာ"

"ဟ၊ တယ်ပိုင်ပါလား"

"ဒါကြောင့် ငါပြောတာပေါ့ကွ စောစောအောင်က မင်းကို ကြည့်ပါတယ်လို့"

"ဒါနဲ့ . . မင်းက ဘယ်လိုစပြောသလဲ"

"ထမင်းစားပြီးပလားလို့"

"ဟာကွာ . . မင်းကလဲ"

"နေစမ်းပါဦးကွ၊ အဲဒီတော့ . . သူက"

"သူက ဘာမှမပြောဘူး၊ စုစုက ခုမှ ကျောင်းကပြန်လာတာ ဘယ်စားရဦးမလဲလို့ ပြောတယ်"

"ပြီးတော့"

"ဒါပဲလေ"

"ဟင် . . နောက်ထပ် မင်းက ဘာမှ မပြောတော့ဘူးလား"

"ဟင်အင်း . . ဘာမှ မပြောတော့ဘူး"

"ခွီးတဲ့မှပဲ၊ ဒါ ဓေတာလားကွ"

"ဓေတာပေါ့ကွ၊ ကောမှ မကောတာပဲ"

"ကြောင်ပါပေ့ကွာ"

ကျော်စွာ ထွက်သွားပြီးနောက် စုစုသည်လည်း စောစောအောင်ကို မေးမြန်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိစော၊ ကျော်စွာလိုက်လာတာ မရှိဘူးနော်"

"ဘာမရှိတာလဲ"

"လာတုန်းကတော့ တစ်ခုခုပြောမလို့ထင်တယ်၊ အနားရောက်မှ မပြောရဲလို့ စကားလွှဲချတာဖြစ်မှာ"

"သက်သက် လိုက်နောက်တာ ထင်ပါတယ်ဟယ်"

"ကျော်စွာ ဘယ်တုန်းက အဲဒီလိုနောက်ဖူးလို့လဲ၊ နင် သတိထားနေနော်"

"မဖြစ်နိုင်ပါဘူးဟာ"

သို့ရာတွင် စိတ်ထဲကတော့ ဖြစ်နိုင်သည်ဟု ထင်နေသည်။ သူလှည့်ကြည့်လိုက်တော့ ကျော်စွာ ရှက်ကိုးရှက်ကန်းဖြစ်သွားပုံသည် နိုးထုပ်နိုးထည်နှင့် မိသည့်ပုံမျိုး။ ပြီးတော့လည်း ကျော်စွာ့မျက်လုံးများသည် မရိုးသားပါ။ သူ့မျက်လုံးများကကော၊ ကျော်စွာ့ကိုကြည့်ရာတွင် ရိုးသားပါရဲ့လားဟု စိုးရိမ်မိပြန်သည်။

'ကျော်စွာရယ်၊ နင့်ကို ငါ ရိုးရိုးပဲ ခင်ပါရစေဟယ်'

* * *

ကျော်စွာသည် သူ့ကိုယ်သူ မကျေမနပ်ဖြစ်မိသည်။ စောစောအောင်ရှေ့မှာ သူ ဘာဖြစ်လို့ ကြောက်ရပါသနည်း။ ဘာဖြစ်လို့ မပြောရဲခဲ့ရပါသနည်း။ သတ္တိနည်းလှသည်ဟု သူ့ကိုယ်သူ မချင့်မရဲဖြစ်ရသည်။ တစ်ချိန်တည်းမှာပင် သူ မပြောဖြစ်ခဲ့တာ ကောင်းသည်ဟု ထင်မိပြန်သည်။ အကြောင်းမှာဆယ်တန်းမအောင်ခင် အချစ်အကြောင်း မစဉ်းစားသင့်ဘူးဟု သူ ထင်မြင်လာပြန်သောကြောင့် ဖြစ်ပါသည်။ ပြီးတော့လည်း သူ့သိက္ခာ။

ကျော်စွာသည် ကျောင်းနေစဉ်ကာလတစ်လျှောက် နာမည်ပျက်မရှိခဲ့ဖူးပါ။ ဆရာ ဆရာမတိုင်း၏ ချစ်ခင်ခြင်းကိုလည်း ခံခဲ့ရသည်။ ကျောင်းသူ ကျောင်းသားအချင်းချင်း၏ လေးစားခြင်းကိုလည်း ခံခဲ့ရသည်။ အကယ်၍များ သူက စောစောအောင်ကို ချစ်ရေးဆိုသဖြင့် စောစောအောင်က



ဆရာ ဆရာမများကို တိုင်ကြားခဲ့လျှင် တစ်သက်လုံး ထိန်းလာသမျှ အလကားဖြစ်ရတော့မည်။ ဆယ်တန်းအောင်၍ ဒီကျောင်းက ထွက်ရခါနီးမှ ထွက်ခတ်ခတ်ရမည့် အဖြစ်မျိုးကို သူ မလိုလားပါ။ သို့ရာတွင် သူငယ်ချင်းများကမူ တိုက်တွန်းဆဲ။

"နောက်တစ်ကြိမ် ထပ်ကြိုးစားဦးလေကွာ"

"ငါ မကြိုးစားချင်တော့ဘူးကွာ"

"ဟ . . ဘယ်လိုဖြစ်သွားတာလဲ၊ စောစောအောင်ကို မနိုက်တော့ဘူးလား"

"အဲဒီလိုတော့ မဟုတ်ပါဘူးကွာ၊ ဒါပေမယ့်"

"ဒါပေမယ့်မနေနဲ့၊ စာမေးပွဲဖြေရဖို့က တစ်လလောက်ပဲ လိုတော့တာ၊ စာကြည့်ဖို့ ကျောင်းပိတ်မှာနဲ့ဆို အရက်နှစ်ဆယ် ကျော်ကျော်ပဲ လိုတော့တယ်။ အချိန်မရှိတော့ဘူး"

"အဲဒါကြောင့် မကြိုးစားချင်ဘူးလို့ ပြောတာ၊ စာမေးပွဲနီးနေတဲ့ အချိန်မှာ အဲဒါတွေ မစဉ်းစားတာ ကောင်းပါတယ်ကွာ၊ တော်ကြာ စာမေးပွဲကို ထိနိုက်နေလိမ့်မယ်"

"မဟုတ်သေးဘူးကွ။ ဖွင့်ပြောလိုက်လို့ ကြည်ရင်ကြည်တယ်၊ မကြည်ရင် မကြည်ဘူးပြတ်ပြတ်သားသား သိလိုက်ရတော့ စိတ်အေးအေးနဲ့ စာမေးပွဲဖြေနိုင်တာပေါ့။ ဖွင့်မပြောဘဲနေတော့ တအုံ့နွေးနွေးနဲ့ ရင်ထဲမှာ မရှင်းမလင်းဖြစ်နေရင် မကောင်းဘူး"

"ငါတော့ မလုပ်ချင်သေးဘူးကွာ"

"ဒါဖြင့်ရင် မင်း ဒီလိုပဲ ရင်ထဲမှာကျိတ်ပြီး ဆွေးနေမလား"

"ဒါပေါ့"

"မင်း နေနိုင်လို့လား"

"နေလို့ရအောင် နေရမှာပေါ့ကွာ"

သို့ရာတွင် သူ စာတစ်စောင်ကို ရေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# [၁၀]

ပထမဦးဆုံးပြဿနာမှာ စောစောအောင်ကို ဘယ်လို ခေါ်ဝေါ်သုံးစွဲမည်နည်း ဆိုခြင်းပင်ဖြစ်ပါသည်။ သူ အမျိုးမျိုးစဉ်းစားကြည့်သည်။

'စော' ဟု သုံးနှုန်းမည်လား။

သိပ်မကြိုက်။

'အစော'

ရိုးလွန်းသည်။

'စောစော'

စိတ်သိပ်မတွေ့သေး။

'အောင်'

ခေါ်ရတာ ယောင့်နေသည်။

'အောင်အောင်'

အို . . ဘယ်လောက်လှလိုက်သည့် အသုံးအနှုန်းကလေးပါလဲ။ 'အောင်အောင်'တဲ့။

ဒုတိယပြဿနာ။ ဘယ်လိုကဘယ်လို စရေးရမှန်း မသိခြင်းဖြစ်ပါသည်။ ကျော်စွာသည် ရည်းစားစာ တစ်ခါမှ မရေးဖူးပါ။ သို့ရာတွင် ကျော်စွာဆိုတာ စာပေဝါသနာပါသူပဲ။ စာအုပ်တွေ အများကြီး ဖတ်ဖူးတာပဲ၊ ပြီးတော့လည်း ခံစားချက်က စေ့ဆော်နေပြီပဲ။ သူ ရေးလေသည်။



အောင်အောင် -

ဒီစာဟာ ဘယ်အကြောင်းအရာကို ဦးတည်တယ်ဆိုတာ 'အောင်အောင်' သိပြီးဖြစ်မှာပါနော်။

ဒီစာဟာ 'အောင်အောင်'ကို အနှောင့်အယှက် တစ်စုံတစ်ခုဖြစ်စေမယ်ဆိုရင် 'ကို' ကြိုတင်တောင်းပန်ပါတယ်။ 'အောင်အောင်' မှာ ရည်မှန်းထားတဲ့လူ ရှိပြီးသားဆိုရင်တော့ ဒီစာကို ဆက်ဖတ်ဖို့ မလိုတော့ပါ။ ချစ်သူတွေကြားထဲမှာ ဝင်ပြီးနှောင့်ယှက်တဲ့ အလုပ်မျိုးကို 'ကို' ဘယ်တော့မှ မလုပ်ပါ။

ရည်မှန်းထားတဲ့သူ မရှိသေးဘူးဆိုရင်တော့ ဒီစာကို ဆက်ဖတ်ဖို့ တောင်းပန်ပါတယ်။

'အောင်အောင်' ယုံချင်ရင်ယုံရအောင် 'ကို' ပြောပြပါမယ်။ 'ကို့'မှာ အချစ်နဲ့ပတ်သက်တဲ့ အတွေ့အကြုံ မရှိသေးပါဘူး။ ဒီတစ်ခါ ပထမဆုံးအကြိမ်ပါပဲ။ ပြီးတော့ နောက်ဆုံးအကြိမ်ပါပဲ။ ဘာလို့ဆို . . 'ကို' ဟာ 'အောင်အောင်'တစ်ယောက်တည်းကိုသာ တစ်သက်လုံး ချစ်သွားမှာမို့ပါ။ 'အောင်အောင်' ကို ချစ်နေခဲ့တာကြာပါပြီ။ ဒါပေမယ့် မပြောရဲခဲ့ပါဘူး။ ဘာလို့ဆို . . 'အောင်အောင်' ဟာ သိပ်မာနကြီးတယ်လို့ သတင်းကြီးခဲ့တယ် မဟုတ်လား။ 'အောင်အောင်' ဟာ တကယ်ပဲ မာနကြီးသူကလေးလားလို့ 'ကို' စိုးရိမ်မိပါတယ်။

ဒါပေမယ့် 'အောင်အောင်' ရယ်၊ ချစ်တဲ့ အခါကျရင် ဘယ်သူကများ ကြာရှည် မျိုသိပ်ထားနိုင်လိမ့်မှာလဲ။

စိတ်တော့ မဆိုးလိုက်ပါနဲ့ 'အောင်အောင်' ရယ်။ လူတွေဟာ ကိုယ့်ချစ်သူ စိတ်ဆိုးမှာကို ကြောက်တတ်ကြတယ် မဟုတ်လား။ 'အောင်အောင်' ဟာ 'ကို့'ချစ်သူပါ။ 'ကို'က တစ်ဖက်သတ်ချစ်နေတဲ့သူပါ။ 'အောင်အောင်'နဲ့ မျက်လုံးချင်း ဆုံမိတဲ့အခါ 'ကို' ရင်ခုန်ရပါတယ်။ လူတွေဟာ ချစ်သူကိုတွေ့တဲ့အခါ ရင်ခုန်တတ်ကြတယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ . . ရှက်လည ်း ရှက်မိပါတယ်။ ဘာလို့ဆို . . 'အောင်အောင်' က 'ကို့'ကို သူငယ်ချင်းတစ်ယောက်လို ရိုးရိုးသားသား ခင်ခဲ့ပေမယ့် 'ကို' က 'အောင်အောင့်' ကို သူငယ်ချင်းတစ်ယောက်ထက် ပိုတဲ့ အချစ်နဲ့ ချစ်မိခဲ့ပါတယ် မဟုတ်လား။ ဒါပေမယ့် 'အောင်အောင်' ရယ် . . ချစ်တဲ့အခါကျရင် ဘယ်သူကများ ကြာရှည်မျိုသိပ်ထားနိုင်လိမ့်မှာလဲ။ စာမပြန်ဘဲတော့ မနေလိုက်ပါနဲ့ 'အောင်အောင်' ရယ်။ 'ကို့'ကို မချစ်နိုင်ဘူး-ဆိုရင်တောင် 'မချစ်နိုင်ဘူး၊ မုန်းတယ်'လို့ ရေးလိုက်ပါ။ 'မုန်းတယ်' ဆိုတဲ့စာ ပြန်လာရင်တောင် အဲဒီစာကို 'ကို့'တစ်သက်လုံး အမြတ်တနိုးသိမ်းထားပါ့မယ်။ "ချစ်တယ်"ဆိုရင်တော့ . . ။

'ကို' သိပ်ပျော်ရမှာပါ။ ဂျိန်းဖောတေးဟောင်းကလေး တစ်ပုဒ်ရှိတယ်။ 'သစ်ခွပန်းကို ပင်ယံမြင့်မှာ တွေ့နိုင်တယ်။ ရွှေမှုန့်ကို မြစ်ကမ်းပါးမှာ တွေ့နိုင်တယ်။ တောင်ဆိတ်ကို တောင်ကုန်းပေါ်မှာ တွေ့နိုင်တယ်။ သစ်ခွပန်းလိုလှပြီး ရွှေမှုန့်လို အဖိုးတန်တဲ့ မိန်းကလေးရယ်၊ တောင်ဆိတ် လိုများ အပြေးမြန်နေလေရော့ သလားကွယ်'' ။ဒါပေမယ့် . . 'စောစောအောင်' ရယ် . . "ချစ်တယ်"လို့ ပြောပါနော် . . ။

ကျော်စွာ

ရေးလိုက်၊ စဉ်းစားလိုက်၊ စိတ်ကြိုက်မတွေ့လို့ ဆုတ်ပစ်လိုက်။ စဉ်းစားလိုက်၊ ရေးလိုက်။ စာတစ်စောင် ပြီးစီးသွားလေသည်။ ထိုစာကို အချောပြန်ကူးသည်။ စာအောက်ဆုံးမှာ လက်မှတ်ထိုးရာတွင် ပြဿနာ။ ရှေးဦးစွာ စာရွက်လွတ်တစ်ခုပေါ်တွင် လက်မှတ်တွေ အများကြီး ထိုးကြည့်သည်။ တကယ့်စာပေါ်မှာ ထိုးသည့်အခါ မလှဘဲနေမည်စိုး၍ လေ့ကျင့်ခြင်းဖြစ်ပါသည်။ စိတ်ကြိုက်ဖြစ်အောင် လေ့ကျင့်ပြီးမှ တကယ့်စာပေါ်မှာ လက်မှတ်ထိုးလိုက်သည်။ လက်တုန်သွားသောကြောင့် လက်မှတ်မှာ မလှတော့ပါ။ နောက်ဆုံးစာမျက်နှာကို အသစ်ပြန်ရေးသည်။ လက်မှတ်ထိုးသည်။ တစ်ခေါက်ပြန်ဖတ်သည်။ ပြီးတော့ . . စာအိတ်ပြာကလေးထဲမှာ ထည့်၍ ပိတ်လိုက်သည်။



အကြမ်းရေးထားသောစာကို သူငယ်ချင်းတွေအားပြကြည့်သည်။ အေးမြင့်သောင်းက ဖတ်ကြည့်ပြီး . . .

"ဟ . . မိတယ်ဟေ့၊ စောစောအောင် မပြောနဲ့၊ ငါတောင် မင်းကို နိုက်ချင်လာပြီ"

"ကျော်စွာကို နိုက်ရအောင် မင်းက ဂျိုပုန်းကြီးမို့လို့လား" ဇော်ခင်မော်က ဝင်လောင်သည်"။

ချစ်ကိုဝင်းက

"ငါသာ စကစ်ကလေးတစ်ယောက်ကို ကြိုက်နေရင် ကျော်စွာ့ကို ရေးခိုင်းမှာပဲ"

"အဲဒါ ထားစမ်းပါဦး၊ မင်း ဒီစာကို ဘယ်လိုလုပ်ပေးမှာလဲ"

လှဝင်းဦးက မေးသည်။ ကျော်စွာ မဖြေတတ်။

"မသိဘူး"

"ကျောင်းကအပြန် လိုက်ပေးပေါ့"

ချစ်ကိုဝင်းက အကြံပေးသည်။

"ဟာ . . ရှက်ရှက်ရက်ရက်ဖြစ်မယ်၊ ဣန္ဒြေပျက်တယ်"

လှဝင်းဦးက ကန့်ကွက်သည်။ ဇော်ခင်မော်က အကြံတစ်ခု ထပ်ပေးပြန်သည်။

"ဒီလိုလုပ်ကွာ၊' စောစောအောင်ဆီက စာအုပ်တစ်အုပ် ငှားကွာ၊ စာကူးချင်လို့ ဆိုပြီး။ ပြန်ပေးတော့ စာထည့်ပေးလိုက်"

"မကောင်းဘူး၊ ကျော်စွာက ကျောင်းမှ မပျက်ဘဲ၊ စာကူးစရာမလိုဘူး ဆိုတာ စောစောအောင် သိမှာပေါ့။ ပြီးတော့ စာကူးချင်ရင် ငါတို့ဆီက စာအုပ်ငှားလို့ ရတာပဲ။ ယုတ္တိမရှိဘဲ ဖြစ်နေမယ်"

ကျော်စွာကလည်း ထိုအကြံကို မကြိုက်ပါ။ စာကူးချင်သည်ဟု ငှားပြီး စာထည့်ပေးခြင်းသည် လိမ်လည်ခြင်းဖြစ်သည်ဟု သူထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့်ထိုစာသည် မပေးဖြစ်ခဲ့ပြန်။ စာထည့်ထားသော စာအုပ်အဖုံး ညစ်ပတ်သွားသောကြောင့် အဖုံးအသစ်လဲလိုက်ရသည်။

ထိုအတောအတွင်းတွင် စာကို အမြန်ဆုံးပေးဖြစ်ရန် အကြောင်းတစ်ခုဖြစ်လာလေသည်။ ဆယ်တန်း ဂျီက ကျောင်းသားတစ်ယောက်က စောစောအောင်ကို စကားလိုက်ပြောသောသတင်း ဖြစ်ပါသည်။ စောစောအောင်က စကားတခွန်းမျှ ပြန်မပြောသောကြောင့် ထိုကျောင်းသား တပ်လန့်ခဲ့ရသည်ဟုဆိုသည်။ သို့ရာတွင် သူ နောက်တစ်ကြိမ် ကြိုးစားဦးမည်အမှန်။ ကျော်စွာ စိုးရိမ်လာသည်။

"မိစောရယ် . . ငါစွန့်စားရတော့မှာပေါ့ဟာ"

* * *

အတန်းသူ အတန်းသားအားလုံး လက်တွေ့ခန်းထဲ ရောက်နေကြပြီ ဖြစ်ပါသည်။ ကျော်စွာသည် လက်တွေ့ခန်းထဲမှ အသာလစ်ထွက်ခဲ့သည်။ အတန်းရှိရာသို့ ပြန်လာခြင်းဖြစ်ပါသည်။ လက်တွေ့ချိန်ပြီးလျှင် အတန်းထဲသို့ ပြန်လာကြရဦးမည် ဖြစ်သဖြင့် အတန်းသူ အတန်းသားများသည် သူတို့၏ လွယ်အိတ်များကို အတန်းထဲမှာပင် ထားခဲ့ကြသည်။ ဒါ ကျော်စွာ့အတွက် အခွင့်အရေးပါ။ အတန်းထဲမှာ ဘယ်သူမှ မရှိချိန်တွင် စောစောအောင်၏ စာအုပ်တစ်အုပ်ကြားသို့ စာညှပ်ထည့်ပေးလိုက်မည်။ ဘယ်လောက်ကောင်းသည့် အကြံဉာဏ်ပါနည်း။

ကျော်စွာ အတန်းထဲသို့ဝင်ခဲ့သည်။ အတန်းထဲမှာ ဘယ်သူမျှ မရှိပါ။ လူရိပ်လူခြည် ကြည့်သည်။ စင်္ကြံလမ်းကို ကြည့်သည်။ ဘယ်သူမျှ မလာ။ စောစောအောင်တို့ ထိုင်ခုံတန်းဘက်သို့ လာခဲ့သည်။ သူ့ရင်တွေ ခုန်နေလေသည်။ ဒီလောက် စိတ်ချလက်ချလုပ်ကိုင်ရပါလျက် သူ့ ရင်တွေ ဘာကြောင့်ခုန်ရပါသနည်းဟု သူ့ကိုယ်သူ ပြုံးမိပြန်သည်။ စောစောအောင်၏ လွယ်အိတ်ကိုခုံထဲမှ ဆွဲထုတ်ရန် ဟန်ပြင်သည်။ ထိုအခိုက်မှာ

"ဟေ့ကောင်၊ ဘာလုပ်နေတာလဲ"



ကျော်စွာ လန့်သွားသည်။ အသံရှင်ကို လှည့်ကြည့်သည်။ သိန်းနိုင်ဖြစ်ပါသည်။ သိန်းနိုင်က မေးသည်။

"ဘာလုပ်နေတာလဲကွ"

"ဟို၊ ဘာမှ မဟုတ်ပါဘူးကွာ။ ငါ့ဖောင်တိန် ကျပျောက်သွားလို့ လာရှာတာ"

"ဟုတ်လား။ ဖောင်တိန်က စောစောအောင်လွယ်အိတ်ထဲမှာတော့ ရောက်မနေနိုင်ပါဘူး"

"ဟာကွာ . . မင်းကလဲ"

"ငါသိပါတယ် ကျော်စွာရယ်"

"မဟုတ်ပါဘူးကွာ၊ ဒါနဲ့ မင်းက ဘာလာလုပ်တာလဲ"

ကျော်စွာ စကားကိုလွှဲပစ်ဖို့ ကြိုးစားသည်။

"ငါလား၊ စိန်မြင့် စာအုပ်တွေနဲ့ မောင်မောင်ခင် စာအုပ်တွေကို လွယ်အိတ်ချင်း လဲထည့်ထားမလို့"

"ဒါဖြင့်လဲ လုပ်လေကွာ"

"မလုပ်တော့ပါဘူးကွာ၊ မင်းသာ လုပ်စရာရှိတာ ဆက်လုပ်ပါ။ ငါ ဘယ်သူ့မှ မပြောပါဘူး။ ငါ့ကို စိတ်ချပါ"

သိန်းနိုင် ထွက်သွားလေသည်။ ကျော်စွာသည် ဆက်လုပ်သင့်၊ မလုပ်သင့် စဉ်းစားနေသည်။ ခုကိစ္စကို သိန်းနိုင် ရိပ်မိသွားပြီ။ သိန်းနိုင်သည် သူနှင့်၊ တော်တော်ခင်မင်နေကြပြီ မှန်ပါသည်။ သို့ရာတွင် ယခင်က ဖြစ်ခဲ့သော ရန်စကလေးကို သိန်းနိုင် မေ့ပစ်နိုင်ပါမည်လား။ အို . . ခုလဲ သူသိသွားပြီပဲ။ မထူးတော့ပါဘူး။

စောစောအောင်၏လွယ်အိတ်ကို ထုတ်လိုက်သည်။ လွယ်အိတ်ထဲက ဓာတုဗေဒ ပုံနှိပ်စာအုပ်ကို ယူသည်။ စာမျက်နှာတစ်ရာလေးဆယ့်ခြောက်နှင့် တစ်ရာလေးဆယ့် ခုနစ်ကြားတွင် စာအိတ်ကို ညှပ်ထည့်လိုက်သည်။ ထိုစာမျက်နှာများကြားတွင်မှ ညှပ်ထားရခြင်းမှာ အကြောင်းရှိပါသည်။

သီရိဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဓာတုဗေဒ ဆရာသည် ဒီ^နှ အိမ်မှာတွက်ရန် ပုစ္ဆာများ ပေးလိုက်သည်။ တိုက်ကြေးရှင်း ပုစ္ဆာများသည် စာမျက်နှာ တစ်ရာလေးဆယ့်ခုနစ်မှာ ရှိသည်။ စောစောအောင်သည် အိမ်ရောက်လျှင် ဓာတုဗေဒပုစ္ဆာများတွက်ရန် ထိုစာမျက်နှာကို လှန်ရမည်။ ထိုအခါ သူ့စာကို တွေ့မည်။ ဘယ်လောက် ပိုင်သနည်း။

စွန့်စားတယ်၊ စွန့်စားတယ်ဆိုပြီး တကယ့်တကယ်ကျတော့ ဘာမျှ မခက်ခဲပါကလား။ လောကသည် ဘယ်လိုနည်း။ ခက်ခဲသည်ဟု ထင်မှတ်ထားသော အရာများသည် တခါတရံ လွယ်ကူတတ်သည်။ လွယ်ကူသည်ဟု ထင်မှတ်ထားသော အရာများသည် တစ်ခါတစ်ရံ ခက်ခဲနေတတ်သည်။ တင်ကြို စိတ်ကူးထားသော ကိစ္စများသည် လက်တွေ့တွင် တလွဲတချော် ဖြစ်နေတတ်ခြင်းသည် လောကပါတကား . .။

မည်သို့ပင် ဖြစ်ပါစေ . . ။

'မိစောရေ . . ချစ်ဖို့သာ ပြင်ထားလိုက်ပေတော့'။

* * *

ဟုတ်ပါသတဲ့လား။ ဟုတ်လိုက်ပါလေရဲ့။

လေပြည်ကလေးက ပလွေမှုတ်ပါသည်။

ငှက်ကလေးတွေက သီချင်းဆိုပါသည်။

စွယ်တော်ရွက်ကလေးတွေက လက်ခုပ်တီးပါသည်။

လက်ပံပွင့်ကလေးတွေ လေမှာ ဝဲ၍ ကပါသည်။

ဥဩပျိုသည် မောင်ကျော်စွာနှင့် မစောစောအောင်တို့၏ ဝမ်းမြောက်ဖွယ်သတင်းကို ပြည်လုံးကျွတ်ဖြန့်ချိပါသည်။

အို . . ဘယ်လောက်များ ပျော်စရာကောင်းလိုက်လှပါသလဲကွယ်။

* * *



အစကနေစ၍ ပြောပါသည်။ မဟုတ်သေးပါဘူး။ 'အစ' ဆိုသည်မှာ 'ဘဝအစ' ကို မဆိုလိုပါ။ အချစ်၏အစကိုသာ ဆိုလိုပါသည်။

ကျော်စွာက စောစောအောင်ကို စာပေးပြီး ဖြစ်ကြောင်းကို သိကြပြီး ဖြစ်ပါလိမ့်မည်။ စောစောအောင်ဆီက ပြန်ကြားချက်ကို သိချင်နေကြပြီ ဟုထင်ပါသည်။ ဒီကလည်း ပြောပြချင်လှပါပြီကော။ ဒီလိုပါလေ၊ 'စောစောအောင်ကလည်း ကျော်စွာကို ချစ်ပါသတဲ့'။ ဒါက 'လိုရင်းတိုရှင်း' နည်းနဲ့ပြောတာပါ။ အရှည်ကို ပြောရမည်ဆိုလျှင် 'ကျော်စွာက စောစောအောင်ကို ချစ်နေကြောင်းဖြင့် စောစောအောင်အား စာပေးရာ စောစောအောင်ကလည်း ကျော်စွာကို ချစ်ပါကြောင်းဖြင့် ကျော်စွာ အား စာပြန်ပေးလေသည်' ဟူ၍ ဖြစ်ပါသည်။

ကျော်စွာက စာတစ်စောင်တည်းပေးရုံဖြင့် ကျော်စွာ့အချစ်ကို လက်ခံလိုက်သောကြောင့် စောစောအောင်ကို အထင်မသေးကြစေလိုပါ။ မိန်းကလေးဆိုသည်မှာ မိမိသိက္ခာကို မြှင့်တင်ရမည်။ စာတစ်စောင်တည်း ပေးရုံဖြင့် ချက်ချင်း လက်မခံရ၊ ဈေးကိုင်ထားရမည်။ ဒါမှ ယောကျ်ားတွေက လေးစားမည်ဟူသော အယူအဆများသည် ခေတ်ကုန်သွားပြီ။ 'အောက်' နေပါပြီ။ 'အနှစ် နှစ်ဆယ်အယူအဆများ' ဖြစ်နေပါပြီ။

ကြိုက်လျှင် ကြိုက်တယ်၊ မကြိုက်လျှင် မကြိုက်ဘူး ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ်မှ ဖြစ်ပါမည်။ အချိန်ဆွဲနေလို့ မရပါ။ ခေတ်ကို ကြည့်ပါလေ။ 'လိုရှင်းတိုရှင်း' ခေတ် မဟုတ်ပါလား။ အမယ် . . 'လိုရင်းတိုရှင်း' ဆိုတာတောင် နည်းနည်းရှည်သေးသည်။ 'လို–တို–ရှင်း'ပါ။ ပြီးတော့လည်း 'လယ်–စိုက်–ရှင်း'တဲ့။ 'က–ပ–စ'တဲ့။ 'ပ–လ–န'တဲ့။ 'တ–က–သ'တဲ့။ အို . . ရှုပ်ကုန်ပြီ။

* * *

ဆီရိုဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"မိစော"

"အင်"

"တို့ကို ဘယ်လိုခေါ်မှာလဲ"

"သိဘူး"

"ဟာ . . အဲလိုကြီးတော့ မခေါ်ပါနဲ့ကွာ"

"ခစ် . . ခစ် . . ခစ်"

"ကိုကျော်လို့ ခေါ်ပါလား"

"ခေါ်ချင်ပါဘူး"

"ဒါဖြင့် မောင်လို့ခေါ်"

"ဟင့်အင်း . . မကြိုက်ဘူး"

"ဒီလိုဆိုရင် ကိုကိုလို့ခေါ်ပါလား"

"ခေါ်ဘူး"

"ခေါ်ပါ၊ ကိုကိုလို့"

"မနက်ဖြန်မှ ခေါ်မယ်"

"ဒီနေ့ခေါ်"

"ခေါ်မယ် . . ခေါ်မယ်"

"ကိုကိုကကော ဘယ်လိုခေါ်ရမှာလဲ"

"ခေါ်ချင်သလိုခေါ်"

"ဟော့ . . 'လာဦး' လို့ခေါ်မယ်နော်"

"သွားပါ . . နောက်မနေနဲ့"

"အောင်အောင်လို့ ခေါ်မယ်"

"ခေါ်လေ"

"အောင်အောင်"

"ဘာလဲ"

"အို . . အောင်အောင်ဆိုရင် ကိုကိုလို့ ပြန်ထူးရမယ်"

"ဒါဖြင့် ပြန်ခေါ်လေ"

"အောင်အောင်"



"ကိုကို"

"ချစ်ရဲ့လား"

"ချစ်ဘူး"

"ချစ်ဖူးဆိုတာ ဘယ်သူ့နာမည်လဲ"

* * *

"အောင်အောင်"

"ကိုကို"

"ဘာပြောရမလဲ"

"သိဘူးလေ"

"တစ်ခုခုတော့ ပြောရမှာပေါ့နော်"

"အင်းပေါ့"

"ချစ်တယ်ကွာ"

"အဲဒါက ရိုးနေပြီ"

"ဒါဖြင့် ပုံပြောပြမယ်"

"ပြောလေ"

"ဟိုး တစ်ခါတုန်းကတဲ့"

"အင်း"

"ကောင်လေးတစ်ယောက်နဲ့ လူကြီးတစ်ယောက် တွေ့ကြရောတဲ့"

"အင်း"

"ကောင်းလေးက လူကြီးကို မေးတယ်တဲ့။ ဦးလေး၊ တစ္ဆေဆိုတာ ဦးလေးယုံလားလို့"

"အင်း"

"အဲဒီတော့ လူကြီးက ပြန်ပြောတယ်တဲ့။ သိပ္ပံခေတ်ကြီးမှာ တစ္ဆေဆိုတာမရှိပါဘူးကွာ၊ ငါတော့ မယုံဘူးဟေ့ . . လို့ပြန်ပြောသတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဒီတော့ ကောင်လေးက ကျွန်တော်ကော့ တစ္ဆေရှိတယ်ဆိုတာ ယုံတယ်ဗျာလို့ ပြောပြီး ကောင်လေးက ပျောက်သွားရောတဲ့။ ကောင်လေး ကိုယ်တိုင်က တစ္ဆေဖြစ်နေတာကိုး"

"ဟင်း . . ဟင်း၊ ရယ်ရသားပဲ"

"အောင်အောင် သီချင်းဆိုပြကွာ"

"ဆိုတတ်ဘူးရှင့်"

"ဆိုတတ်ပါတယ်ကွာ၊ ပျော်ပွဲစားထွက်တုန်းက ဆိုတာပဲ"

"အဲဒီတုန်းက ကိုကိုလည်းဆိုတာပဲ၊ ကိုကိုဆိုပြ"

"ကိုကို့အသံက မကောင်းပါဘူး"

"ကောင်းပါတယ်၊ ဆိုပြ . . ဆိုပြ"

"မနက်ဖြန်မှ ဆိုပြမယ်"

* * *

"အောင်အောင် ဟိုနေ့က အောင်အောင်နဲ့ရပ်ပြီး စကားပြောနေတာ ဘယ်ကကောင်လဲ"

"ဘယ်နေ့ကလဲ"

"မသိချင်ယောင် ဆောင်မနေစမ်းပါနဲ့"

"ဩော် . . အဲဒါ အောင်အောင့်အစ်ကို ဝမ်းကွဲလေ"

"ဘဂ်လားအစ်ကိုလား"

"ကိုကို၊ အဲလိုမပြောနဲ့နော်"

"ပြောရမယ်၊ အစ်ကိုဝမ်းကွဲတဲ့။ ပြောနေလိုက်တာ၊ ကြည်လို့ ရယ်လို့။ ပြီးတော့ တွဲလျှောက်သွားလိုက်သေးတယ်"

"ကိုကို သိပ်သဝန်ကြောင်တယ်"

"ကိုကိုက သဝန်ကြောင်တာမဟုတ်ဘူး၊ အောင်အောင်က သစ္စာမဲ့တာ"



"မဟုတ်ဘူး၊ မဟုတ်ဘူး"

. . . . . . . . . . . . .

. . . . . . . . . . . . .

"တိတ်ပါကွာ . . ကိုကိုက တကယ် စိတ်ဆိုးလို့ ပြောတာ မဟုတ်ပါဘူး"

. . . . . . . . . . . . . . . .

"မငိုပါနဲ့တော့နော် . . ကိုကိုတောင်းပန်ပါတယ်"

"ကိုကိုက အောင်အောင့်ကို မယုံကြည်ဘူး"

"ယုံပါတယ်ကွယ် . . ယုံပါတယ်"

. . . . . . . . . . . . . . . .

"ကိုကိုနော် . . အဲလို အရမ်းကြီးမနမ်းနဲ့။ မုန်းတယ်"

"ဒါဆို ဖြည်းဖြည်းလေးနမ်းမယ်နော်"

. . . . . . . . . . . . . . . .

"ဟာဟာ . . . ကိုကို့နှုတ်ခမ်းမှာ နှုတ်ခမ်းနီတွေ ပေကုန်ပြီဟော့"

* * *

"ကိုကိုနဲ့ အောင်အောင်နဲ့ ချစ်နေတာ အဖေတို့ အမေတို့သိသွား

"အို . . ဘာဖြစ်လဲ၊ နောက်လဲသိမှာပဲ"

"ဟုတ်ဘူးကိုကိုရဲ့။ အိမ်က သဘောမတူဘူးတဲ့"

"သဘောမတူဘူး ဟုတ်လား"

"ဟုတ်တယ် ကိုကိုရဲ့။ အဲဒါ ဘယ်လို လုပ်ကြမလဲဟင်"

"ကိုကိုတို့ ထွက်ပြေးကြတာပေါ့"

"ကြောက်တယ်ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုတစ်ယောက်လုံးရှိ သားပဲ"

* * *

"ကိုကို၊ အဖေတို့က ကိုကိုနဲ့ အောင်အောင့်ကို သဘောတူတယ်တဲ့"

"ဟုတ်လား၊ ကောင်းတာပေါ့"

"ကရဝိက်ခန်းမမှာ လက်ထပ်ပေးမယ်တဲ့၊ ကိုကို ဥတ္တရဆောင် ကြိုက်လား၊ ဒက္ခိဏဆောင်ကြိုက်လား"

". . . . . . . . . . . . . ."

* * *

"သူငယ်ချင်း၊ ခဲဖိုးမပေးရင်တော့ ဒီနေ့ည မောင်ရင်တို့ ကောင်းကောင်း အိပ်ရမှာ မဟုတ်ဘူးနော်"

"ဟာကွာ၊ မင်းတို့ကလဲ"

"အေးလေ၊ မပေးချင်လဲနေပေါ့။ ငါတို့ကတော့ တစ်ညလုံးထိုင်စောင့်နေမှာပဲ။ မင်းကိုလည်း မအိပ်ရအောင် ဆွဲထားမှာပဲ"

"မလုပ်ပါနဲ့ကွာ၊ ရော့၊ ရော့ . . . ငါးဆယ်"

"ဟာ၊ ငါးဆယ်မရဘူး၊ တို့လူအုပ်က များတယ်၊ တစ်ရာပေးကွာ"

"ကဲကွာ . . ရော့ တစ်ရာ"

* * *

"ကိုကို ကော်ဖီသောက်မလား၊ ထမင်းစားမလား"

"မွှေးမွှေးပေးမယ်"

"ကိုကိုနော်"

"သားသားကော"

"သားသား အဖေတို့အိမ်က လာခေါ်သွားတယ်လေ၊ ပြီးတော့ သစ္စာဆိုမှုကြ မှာသွားတယ်။ ကိုကို သားသားကို သွားခေါ်လို့ရှိရင် ကားခေ တယ်တဲ့"



"အေးအေး၊ ဩော် . . ကားဆိုလို့ ပြောရအုံးမယ်။ ကိုရိုလာတွေ ဈေးကျလိမ့်မယ်တဲ့။ အဲဒါ ကိုကိုတို့ ကားကို ပြန်ထုတ်ပြီး ဖေါက်ဝေင်ဂေါ့ဖ် တစ်စင်းပြန်ဝယ်ရင် မကောင်းဘူးလား"

"ကိုကို့ သဘောပဲလေ"

* * *

"အောင်အောင်၊ မင်းလုပ်ပုံမဟုတ်သေးဘူး။ လင်မယားနှစ်ယောက်နဲ့ သားလေးတစ်ယောက်တည်းရှိတာ တစ်လခြောက်ရာနဲ့ မလောက်ဘူးလား"

"ခြောက်ရာဆိုတာ ဘာရှိတာလိုက်လို့၊ ခုခေတ်ကုန်ဈေးနှုန်းကိုလဲ ကြည့်ပါဦး"

"ဘယ်လောက်ကြီးကြီး ခြောက်ရာနဲ့ လောက်နိုင်တယ်။ ဒါတောင် အဝတ်အစားဖိုး၊ ကားခတ်ဆီဖိုး မပါသေးဘူး"

"မလောက်တာတော့ ဘယ်တတ်နိုင်မလဲ"

"လောက်အောင် သုံးရမှာပေါ့ကွ"

"အောင်အောင်က ဘာတွေ ဖြုန်းတီးပစ်နေလို့လဲ"

"သူများတွေ လခနှစ်ရာသုံးရာနဲ့ လောက်အောင်သုံးနေတာ မင်းက ခြောက်ရာနဲ့ မလောက်ဘူးဆိုတော့"

"ကိုကိုက အသားနှစ်မျိုးလောက်မပါရင် မစားဘူး မဟုတ်လား။ ပြီးတော့ သားသားကိုလည်း အာဟာရဖြစ်အောင် ကျွေးရသေးတယ်"

"ဘယ်လောက်ပဲကျွေးကျွေး၊ ခြောက်ရာတော့ မကုန်ဘူး။ မလောက်သေးဘူးဆိုတာ မင်းအသုံးမကျလို့"

"ကိုကို၊ အဲလို မပြောနဲ့"

"ပြောဘယ်ကွ၊ ပြောရမယ်။ ဈေးဖိုးတင် အသုံးကြီးတာ မဟုတ်ဘူး၊ မင်း တစ်လကို အဝတ်အစားသုံးစုံလောက် မချုပ်ရရင် မျက်နှာမကောင်းဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ဆိုလဲ ခုနစ်ဆယ် ရှစ်ဆယ်တန် မဟုတ်ရင် မစီးချင်ဘူး။ ပန်းချယ်ရီ ဖိနပ်ဆိုင်ကို မင်းပဲ လုပ်ကျွေးနေတာပဲ။ ရေမွှေးဆိုရင်လဲ ရှယ်နယ်ဖိုက်မှ၊ ပေါင်ဒါဆိုလဲ မက်စ်ဖက်တာ မှ၊ ယာ့ဒလေ မှ"

"ကိုကို၊ ဘီယာ သောက်တာကျတော့ကော"

"ငါရှာတဲ့ပိုက်ဆံနဲ့ ငါသောက်တာ"

"အဲဒါလဲ ဖြုန်းတာပဲ"

"ဟေ . . မင်းငါ့ကို ဘာမှ မပြောနဲ့"

"ပြောတယ်၊ ပြောတယ်"

"မပြောနဲ့"

"ပြောတယ်"

"ပြောဦးကွာ၊ ပြောဦးကွာ"

. . . . ။

* * *

"ဟဲ့ . . သား၊ ဘာတွေ တဖျန်းဖျန်းရိုက်နေတာလဲ၊ ခြင်ကိုက်လို့လား"

မေမေ့ အသံကို ကြားမှ သူ့အတွေးစများကို ရုပ်သိမ်းလိုက်ရသည်။ သူအတွေးလွန်သွားသည်ကို ပြုံးမိသည်။ ဩော် . . စိတ်ကူးထဲမှာတော့ တော်တော်ပျော်စရာကောင်းပါကလား။ စိတ်ကူးထဲမှာဆိုလျှင် ပျော်ရတာလဲ ပျော်စရာပဲ။ ဝမ်းနည်းရတာလဲ ပျော်စရာပဲ။ ရန်ဖြစ်ရတာလဲ ပျော်စရာပဲ။ မည်သို့ပင် ဖြစ်ပါစေ စိတ်ကူးများသည် တကယ်ဖြစ်မလာဘူးဟု မည်သူ ပြောနိုင်ပါသနည်း။ စကားလည်း အရှိသား။

'အိပ်မက်များသည် စိတ်ကူးများ ဖြစ်လာ၍ စိတ်ကူးများသည် လက်တွေ့ဖြစ်လာရမည်'တဲ့ . . ။

●

[၁၁]

ကောင်းသောနံနက်ခင်းပါ။

နံနက်ခင်းတိုင်းသည် ကောင်းတတ်စမြဲပါ။

သို့ရာတွင် ဒီနေ့ပိုကောင်းပါသည်။

တပေါင်းလ၏ နံနက်ခင်းဆိုသော်လည်း အေးမြပါသည်။ လေပြည်ကလေးသည် အပူဓာတ်ကို ယူဆောင်မလာသေးပါ။ ကျော်စွာသည် ပန်းပွင့်ကလေးများနှင့်အတူ အိပ်ရာမှ နိုးခဲ့ပါသည်။

အို . . ဘယ်လောက်လှလိုက်သည့် နံနက်ခင်းကလေးပါလဲ။

နံနက်ခင်းတိုင်းသည် လှတတ်စမြဲပါ။

သို့ရာတွင် ဒီနေ့ပိုလှပါသည်။

မျက်နှာသစ်သည်။ သွားတိုက်ဘာ ခါတိုင်းထက် ပိုကြာသွားသည်။ ပါးစပ်ကိုရေဆေးပြီးနောက် သွားကို လက်ညှိုးဖြင့်တိုက်ကြည့်သည်။ "ကျွိ ကျွိ ကျွိ ကျွိ" မြည်သည်။ 'ကြောင်လှချည်လား' ဟုသူ့ကိုယ်သူ ပြုံးမိသည်။

ထမင်းကြော်စားသည်။ ရေနွေးကြမ်းသောက်သည်။ 'ဂျော်မက်ဆင်ရီ' ဒါးပုဒ်တွက်သည်။ မေမေ့ကို မီးဖိုထဲမှာ ကူညီသည်။ ရေချိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ပြာ နှစ်ခါတိုက်သည်။ ခြေသည်းများကို အုန်းဆံဖြင့်တိုက်သည်။ 'အချစ်'သည်ခြေသည်းများ ပြောင်ခြင်း၊ မပြောင်ခြင်းနှင့် ဆိုင်သလား။ မဆိုင်ဘူးလားတော့ သူ့ကိုယ်သူ မသေချာ။ သို့ရာတွင် 'အချစ်'သည် လူတို့ကို သန့်ရှင်းချင်စိတ် ပေါက်စေသည်မှာတော့ သေချာသည်။

မျက်နှာသုတ်ပဝါဖြင့် ကိုယ်ကို သေချာစွာ သုတ်သည်။ လက်က အမွေးကလေးများထောင်ထလာအောင် ပွတ်တိုက်သည်။ သူသည် ချွေးဘယ်လောက်ထွက်ထွက်၊ ကိုယ်နံ့ မနံတတ်ကြောင်းသိပါသည်။ သို့ရာတွင် ကိုယ်လိမ်းပေါင်ဒါကို အဘယ်ကြောင့် လိမ်းနေမိပြန်ပါသနည်း။

မှန်ကြည့်သည်။ ပါးပေါ်တွင် ဝက်ခြံဖုကလေးတစ်ခု ရှိသည်မှလွဲ၍ သူ့မျက်နှာသည် အပြစ်မရှိပါ။ မှန်ထဲက သူ့ရုပ်ပုံကို သူပြုံးပြလိုက်သည်။ မှန်ထဲကကောင်က ပြန်ပြုံးပြသည်။ သူ မဲ့ပြသည်။ မှန်ထဲက ပြန်မဲ့သည်။ မျက်စိမှိတ်ပြသည်။ ပြန်မှိတ်ပြသည်။ သူ အရှုံးပေးလိုက်သည်။ မှန်ထဲကကောင်ကလည်း ပြန်အရှုံးပေးသည်။ လူ့ဘဝမှာ လိမ်ညာခြင်း ကင်းတာဆိုလို့ မှန်ပဲရှိတယ်ဟု သူ မှတ်ချက်ချလိုက်သည်။ 'မှန်'တဲ့အတိုင်းတုံ့ပြန်တတ်လို့များ 'မှန်'လို့ခေါ်သလားမသိပါ။

ခေါင်းဖြီးသည်။ ဆံပင်ကတော့ နည်းနည်းရှည်နေပြီ။ သို့ရာတွင် သပ်ယပ်စွာ ဖြီးလိုက်လျှင် ဖြစ်ပါသည်။ ဆံပင်ကို ခွဲလိုက်သည်။ ခွဲကြောင်းရာက မညီဘဲ ဖြစ်နေသည်။ ပြန်ခွဲသည်။ နောက်နားက ဆံပင်က နည်းနည်း ထောင်နေသည်။ လက်ဖြင့် ဖိချလိုက်သည်။ ရှေ့နားက ဆံပင်က နည်းနည်းကောက်နေသည်။ နောက်ကို လှန်ဖြီးလိုက်သည်။

ခေါင်းဖြီးပြီးမှ စွပ်ကျယ်အင်္ကျီ မဝတ်ရသေးကြောင်း သတိရသည်။ စွပ်ကျယ်ဝတ်လျှင် ခေါင်းမှ စွပ်ချရမည်။ ဖြီးထားသော ဆံပင် ပျက်ကုန်လိမ့်မည်။ မတတ်နိုင်။ စွပ်ကျယ်ကို ခေါင်းမှစွပ်ချလိုက်သည်။ ဆံပင်ပုံ နည်းနည်းပျက်သွားသည်။ ဒီလို ဆံပင်ဖွာသွားမှ ပို၍ ကြည့်ကောင်းသွားသည်။ သူ ပြုံးမိသည်။ ဆံပင်ကို ထပ်မဖြီးတော့။



လွန်ခဲ့သော ဆယ်ရက်ခန့်ကမှ သမဝါယမဆိုင်က မဲပေါက်သော လုံချည်အသစ်ကို ထုတ်ဝတ်သည်။ ဒီလုံချည်ကို တစ်ခါမျှ မဝတ်ရသေးပါ။ သို့ရာတွင် တစ်ခါလျှော်ပြီးပါပြီ။ လုံချည်အသစ်ဆိုလျှင် ကော်တွေနှင့် တောင့်တောင့်ကြီးဖြစ်နေတတ်သောကြောင့် ရေစိမ်၍ လျှော်ထားခြင်းဖြစ်ပါသည်။ အဖြူစင်ဆုံးသော အင်္ကျီအဖြူကို ဝတ်သည်။ ပင်နီ တိုက်ပုံအင်္ကျီကို ဝတ်သည်။ ဒီတိုက်ပုံကတော့ အမြဲလို ဝတ်နေကျပါ။

ထမင်းစားသည်။ သူ့လက်ကို မည်သူမျှ နမ်းကြည့်လိမ့်မည်မဟုတ်မှန်းသိသော်လည်း လက်ကို ဆပ်ပြာဖြင့် သေချာစွာ ဆေးသည်။ လွယ်အိတ်ကိုလွယ်၊ မေမေ့ကို နှုတ်ဆက်၍ ထွက်လာခဲ့သည်။

ဝင်းအဝနားတွင် သူ့ခွေးကြီး 'ဂေါလီ'က အမြီးနှန့်ပြနေသည်ကို တွေ့ရသည်။ ဂေါလီကို သူ ပြုံးပြနှုတ်ဆက်လိုက်သည်။

"သွားမယ်ဟေ့ . . ဂေါလီ"

ဂေါလီက "အောင်း . . "ဟု အော်လိုက်သည်။ သူကမူ 'အောင်' ဟု ကြားလေသည်။

* * *

"မောင်ကျော်စွာ၊ ဆရာကြီး ခေါ်နေတယ်"

ကျောင်းစာရေး ဦးဝင်းနိုင်က လာခေါ်သည်။ ကျော်စွာ ရင်ထိတ်သွားလေသည်။ ကျောင်းတက်ချိန်ထက် ဆယ်မိနစ်လွန်သည်ထိ ဆရာမလည်း ရောက်မလာ၊ စောစောအောင်လည်း ရောက်မလာသေးကြောင်း သိရကတည်း က သူ စိုးရိမ်နေခဲ့မိသည်။ ဟုတ်မှာပါပဲ။ ပြဿနာစပြီဟု သူသိလိုက် သည်။ တစ်ချိန်တည်းမှာပင် စာပေအဖွဲ့ ကိစ္စဖြစ်မှာပါဟု သူ့စိတ်ကို သူဖြေသည်။ သို့ရာတွင် သူ့ခြေလှမ်းများသည် အမှားမှား။ ရုံးခန်းရှေ့ တံခါးဝနားတွင် သူ့ခြေထောက်က တုံ့ဆိုင်းသွားသည်။ စိတ်ကိုတင်း၍ ရုံးခန်းထဲသို့ ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး၏ စားပွဲရှေ့တွင် ဆရာမဒေါ်ခင်မေမြင့်။ ပြီးတော့လည်း ဆရာမ၏ ဘေးတွင် စောစောအောင်ထိုင်နေသည်။ သူသည် ဆရာကြီး ရှေ့တွင် မတ်တတ်ရပ်လိုက်သည်။

"ထိုင်လေ . . မောင်ကျော်စွာ"

ဆရာကြီးက ပြောသည်။ ဆရာမကို သူကြည့်သည်။ ဆရာမက သူ့ကိုကြည့်သည်။ သူ ဆရာမကို မကြည့်ရဲတော့ပြန်။ ခေါင်းကိုငုံ့ထား လိုက်သည်။ မစစ်ဆေးမီကပင် ဝန်ခံနေသည့် သဘောပါလား။

"ဒါ . . မောင်ကျော်စွာ စာလား"

ဆရာကြီးက စာတစ်စောင်ကို သူ့ရှေ့မှာ ချပြသည်။ အပြာရောင် စာအိတ်ကလေးပါ။ ကမ္ဘာပေါ်တွင် အပြာရောင် စာအိတ်ပေါင်းများစွာ ရှိပါသည်။ သို့ရာတွင် ထိုစာအိတ်သည် သူ့စာအိတ်ဖြစ်ကြောင်း ကျော်စွာ သိလိုက်ပါသည်။ ဆရာကြီးက သူ့ကို ခေါ်ခိုင်းလိုက်ကတည်းက ရင်ထိတ် ခဲ့ရပြီးဖြစ်သောကြောင့် သူ ထပ်မံမတုန်လှုပ်တော့ပါ။ ထိတ်လန့်ရလွန်း သောကြောင့်၊ အစွမ်းကုန် ထိတ်လန့်ပြီးဖြစ်သောကြောင့် ထပ်တိုး၍ မထိတ်လန့်တော့ခြင်းလည်း ဖြစ်ပါမည်။

"ဟုတ် . . ဟုတ်ပါတယ် ခင်ဗျာ"

သူသည် စောစောအောင်ကို ဖျတ်ကနဲကြည့်သည်။ စောစောအောင် ခေါင်းငုံ့ထားပါသည်။ ငိုနေပါသလား မသိပါ။

"ဒီစာကို မောင်ကျော်စွာက စောစောအောင်ကို ပေးတယ်ဆိုတာ ဟုတ်သလား"

သေချာနေပြီးသော အကြောင်းအရာတစ်ခု ဖြစ်ပါလျက် ဆရာကြီး သည် အဘယ်ကြောင့် ထပ်မေးရပြန်ပါသနည်း။ လုပ်ငန်းသဘော ပတ်သက်သော စကားမျိုးများသည် တစ်ခါတစ်ရံ လူမှုရေးဘဝများ မအပ် စပ်ပြန်ပါ။

"ဟုတ်ပါတယ် ဆရာကြီး"



ဒီအဖြေကို ခေါင်းငုံ့လျက်ဖြေသည်။ ဦးခေါင်းကိုမော့၊ ရင်ကို ကော့၍ ရဲဝံ့စွာ ဖြေနိုင်သော အဖြေမျိုးသည် အတန်းထဲမှာ အမေးခံရသည့် အချိန်တွင်သာ ဖြစ်ပါလိမ့်မည်။

"ဆရာကြီးကို စောစောအောင်ကလာတိုင်လို့ ဆရာကြီးက ဆရာမကိုပါ ခေါ်ထားတာပါ။ မော်ကျော်စွာက ဘာများ ပြောစရာရှိသေး သလဲ"

ကျော်စွာက ခေါင်းခါပါသည်။

"စောစောအောင်က ဘာများပြောချင်သေးသလဲ"

စောစောအောင်က ခေါင်းခါပါသည်။

"ဆရာမကကော"

"ကျွန်မတပည့် မောင်ကျော်စွာဟာ အလွန်လိမ္မာတဲ့ ကလေး တစ်ယောက်ဖြစ်ပါတယ် ဆရာကြီး။ ကျွန်မအတန်းကို ရောက်ပြီးမှ အပြစ် တစ်စုံတစ်ရာ မရှိခဲ့ဖူးပါဘူး။ အရင်အတန်းတွေတုန်းကလဲ အပြစ်မရှိခဲ့ဘူး ဆိုတာ ကျွန်မယုံကြည်ပါတယ်။ ခုကိစ္စမှာ မောင်ကျော်စွာ ဒီလို လုပ်မယ်လို့ ကျွန်မ မယုံကြည်ပါဘူး။ တစ်ယောက်ယောက်က မြှောက်ပင့်ပေးလို့ လူငယ်တို့သဘာဝ မခံချင်လို့လုပ်တာလဲ ဖြစ်နိုင်ပါတယ်။ ဒါမှ မဟုတ်ရင်လဲ စောစောအောင်ကို သူ ကြည်စားတာဖြစ်ချင်လဲ ဖြစ်နိုင်ပါတယ်ရှင်။ ဟုတ်တယ်မဟုတ်လား မောင်ကျော်စွာ"

ဆရာမသည် မောင်ကျော်စွာအတွက် ထွက်ပေါက်ကို လမ်းကြောင်း ပေးလိုက်သည်။ နောက်တော့မှ ကျော်စွာကို တစ်ယောက်တည်း ကျိတ်၍ ဆုံးမမည်ဟု အကြံရှိသည်။ တကယ်လည်း ကျော်စွာ ဒီလိုလုပ်လိမ့်မည် ဟု သူ မယုံကြည်။ သို့ရာတွင် ကျော်စွာက ခေါင်းခါပြလိုက်လေသည်။

"ဒါဖြင့် မင်း တကယ် အတည်လုပ်တာပေါ့"

ဆရာကြီးကမေးသည်။ ကျော်စွာက ခေါင်းညိတ်လိုက်ပြသည်။ ဆရာမ၏ မျက်မှန်သည် လက်ခနဲဖြစ်သွားသဖြင့် သူ့ကိုတအံ့တသြ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြောင်း သိလိုက်သည်။

"မင်းကိုယ်တိုင်က ဝန်ခံနေပြီ ဆိုတော့ ဆရာကြီးတို့ ယုံရတော့မှာပေါ့။ ကဲ၊ မောင်ကျော်စွာကို ဆရာကြီး မေးမယ်။ မင်းမှာ အပြစ်ရှိသလား"

"ရှိပါတယ် ခင်ဗျာ"

သူ မငြင်းပါ။ မှန်ရာကို ပြောခြင်းသည် လူငယ်တို့၏အလုပ်ဖြစ်ပါသည်ဟု သူ နားလည်သည်။

"ဆရာမ ပြောစရာရှိပါသေးသလား"

"မရှိပါဘူး . . ဆရာကြီး"

ဆရာမ၏အသံသည် တိမ်ဝင်နေသည်။ ဆရာမ အံ့သြနေသလား မသိပါ။ ကျော်စွာသည် လူငယ်တစ်ယောက်မျှသာ ဖြစ်ကြောင်း သေချာစွာ စဉ်းစားလျှင် ဆရာမ အံ့သြနေမည်မဟုတ်ပါ။ မည်သို့ပင်ဖြစ်ပါစေ၊ ဆရာကြီးသည် အမိန့်တစ်ခုကို ချမှတ်လိုက်ပါသည်။

"မောင်ကျော်စွာဟာ စာပေ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ရဲ့ အတွင်းရေးမှူးတစ်ယောက် ဖြစ်တဲ့ပြင် စံပြကျောင်းသားတစ်ယောက်လည်း ဖြစ်တယ်။ ကျောင်းရဲ့ အဖွဲ့အစည်းတစ်ခုမှာ တာဝန်ရှိတဲ့ လူတစ်ယောက်။ ပြီးတော့ စံနမူနာပြရမယ့် ကျောင်းသားတစ်ယောက်က ဒီလိုလုပ်ရင် ကျန်တဲ့ လူတွေအတွက် ခက်ကုန်လိမ့်မယ်။ ဒါကြောင့် မောင်ကျော်စွာကို အပြစ်ပေးရမယ်။ ဆရာကြီး မင်းကို ရိုက်ရလိမ့်မယ်"

"ခင်ဗျာ"

ကျော်စွာ အလွန်အမင်း တုန်လှုပ်သွားသည်။ အရိုက်ခံရ၍ နာကျင်မည်ကို သူ ကြောက်သောကြောင့် မဟုတ်ပါ။ ရှက်သောကြောင့်သာ ဖြစ်ပါသည်။ လုပ်ရဲလျှင် ခံရဲရမည်ဟု သူ နားလည်ပါသည်။ သို့ရာတွင် 'ရှက်ရဲရမည်' ဟုတော့ သူ နားမလည်ပါ။

"ကဲ . . မောင်ကျော်စွာ၊ မတ်တတ်ရပ် ဟိုဘက်လှည့်"



ကျော်စွာ မတ်တတ်ရပ်လိုက်သည်။ တစ်ဖက်သို့ လှည့်လိုက်သည်။ စောစောအောင်၏ ရှိုက်သံကို ကြားရသည်။ သူ့ကိုသနားသောကြောင့် ငိုရှိုက်နေခြင်း မဟုတ်ကြောင်း ကျော်စွာသိပါသည်။ ရှက်လို့ ငိုတာသာ ဖြစ်ပါစေ စောစောအောင်။

ဆရာကြီးက ကျော်စွာ့ကို သက်သာညှာစွာ ရိုက်သည်။ မနာပါ။ သို့ရာတွင် နာသည်။ အရိုက်ခံရသော နေရာသည် ကိုယ်ခန္ဓာ၏ အောက်ပိုင်း ဖြစ်ပါလျက် သူ့ရင်သည် အဘယ့်ကြောင့် နာရပါသနည်း။ သူ့နှလုံးသည် အရိုးရာများ အဘယ့်ကြောင့် ထင်ရပါသနည်း။

'မိစောရယ် . . ရက်စက်လှချည်လားဟယ်'

စောစောအောင်ကို ဘယ်လိုအကြည့်ဖြင့် ကြည့်ခဲ့မိမှန်း သူမသိ။ ဝမ်းနည်းသော အကြည့်၊ နာကြည်းသော အကြည့်၊ ဒေါသဖြစ်သော အကြည့်၊ ဘယ်အကြည့် ဖြစ်မည်ဟု မည်သူပြောနိုင်ပါမည်နည်း။

အတန်းထဲသို့ ပြန်ရောက်လာသည်။ သူ့မျက်နှာကို မြင်ရကတည်းက သူငယ်ချင်းတွေက အခြေအနေကို သိလိုက်ပြီ။

"ဘယ်လိုဖြစ်တာလဲ။ ဆရာကြီးက ဘာပြောသလဲ၊ ဘာလုပ်လိုက်သလဲ"

သူ ဘာမျှမဖြေ။ ခေါင်းကိုခါသည်။ မျက်နှာကို စားပွဲမှာ အပ်ထားသည်။ မိန်းကလေးတစ်စု၏ 'ဝါးကနဲ' ရယ်သံကို ကြားရသည်။ လှောင်တာလား။ သူ မော့်ကြည့်သည်။ မိန်းကလေးများသည် သူတို့ဖာသာ ဘာကိုသဘောကျနေသည် မသိ။ သို့ရာတွင် သူ့ကို စောင်းပြောနေခြင်းသာဖြစ်သည်ဟု သူထင်သည်။ တကယ်တော့ အတန်းသူ အတန်းသား အများစုသည် သူ့အကြောင်းကို မသိကြသေးပါ။ သို့ရာတွင် သူတို့ရယ်လျှင် သူ့ကိုလှောင်သည်ဟု ထင်သည်။ သူတို့ တီးတိုးစကားပြောလျှင် သူ့အကြောင်းပြောသည်ဟု ထင်သည်။ သူတို့ မျက်လုံးများသည် အခြားကို ကြည့်နေသည်ပင်ဖြစ်စေ၊ သူ့ကို ကြည့်သည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အသက်နှင့် လူလုပ်တာမဟုတ်၊ အရက်နှင့် လူလုပ်တာ' ဟူသော စကားသည်သာ တိကျစွာ မှန်ခဲ့ပါလျှင် ခုအခါ သူ သေနေလောက်ပါပြီ။

ဆရာမနှင့်စောစောအောင်သည် အတန်းထဲသို့ ပြန်မရောက်ကြသေးပါ။ စောစောအောင် အငိုမတိတ်သေးလို့လည်း ဖြစ်ချင်ဖြစ်ပါမည်။ သို့မဟုတ် နီနေသော မျက်လုံးများကြောင့်လည်း ဖြစ်ချင်ဖြစ်ပါမည်။ ဆရာမသာ အတန်းထဲ ဝင်လာခဲ့လျှင် ဆရာမမျက်နှာကို မည်သို့ကြည့်ရပါမည်နည်း။

ထိုအချိန်မှာပင် အချိန်ပြောင်းခေါင်းလောင်း ထိုးသည်။ အတန်းသူ အတန်းသားများ မတ်တတ်ရပ်ကြသည်။ သစ္စာအဓိဋ္ဌာန် ငါးချက်ကို ထုံးစံအတိုင်း ဆိုကြသည်။

"ကျွန်ုပ်တို့သည် မြန်မာနိုင်ငံနှင့် တိုင်းရင်းသား လုပ်သားပြည်သူများအပေါ် သစ္စာရှိပါမည်"

"ကျွန်ုပ်တို့သည် လုပ်အားတန်ဖိုး ချစ်မြတ်နိုးသော စိတ်ကို မွေးမြူ၍ လုပ်သားကောင်းဖြစ်မြောက်အောင် ကြိုးစားပါမည်"

"ကျွန်ုပ်တို့သည် . . ."

"ကျွန်ုပ်တို့သည် . . ."

"ကျွန်ုပ်တို့သည် . . ."

ကျော်စွာသည် လွယ်အိတ်ကို ဆွဲလျက် အတန်းပြင်သို့ ပြေးထွက်ခဲ့ပါသည်။ စာသင်ခန်းများကို မည်သို့ ကျော်ဖြတ်ခဲ့သနည်း။ ကျောင်းရှေ့မြက်ခင်းပြင်ကို မည်သို့ ကျော်ဖြတ်ခဲ့သနည်း။ ဝင်းတံခါးနားသို့ မည်သို့ ရောက်လာခဲ့သနည်း။ သူ ရပ်လိုက်သည်။

ကျောင်းကြီးဆီသို့ လှည့်ကြည့်မိသည်။ အမိကျောင်းတော်ကြီးသည် ငြိမ်သက်လျက်ပါ။ ကျောင်းရှေ့ အလံတိုင်တွင် ပြည်ထောင်စုအလံသည် လေတွင် တဖျပ်ဖျပ် လွင့်လျက်ရှိသည်။ ပြည်ထောင်စု အလံ၏ အောက်တွင် အသင်းလေးသင်းကို ကိုယ်စားပြုသော ဝါ၊စိမ်း၊နီ၊ပြာ အလံငယ်လေးခုတို့သည် သူ့ကို လက်ပြနှုတ်ဆက်နေကြသည်။



လေပြည်ကလေးက ပလွေမမှုတ်ပါ။

ငှက်ကလေးတွေက သီချင်းမဆိုပါ။

စွယ်တော်ရွက်ကလေးတွေ လက်ခုပ်မတီးပါ။

လက်ပံပွင့်လေးတွေ လေမှာဝဲ၍ မလာပါ။

ဥဩငှက်ကလေးက 'ပြန်တော့၊ ပြန်တော့'ဟု အော်သည်။

ကျောင်းရှေ့က ကုက္ကိုပင်ကြီးက သစ်ရွက်တွေ ကြွေကျနေသည်။ အချို့သစ်ရွက်များသည် သစ်ပင်အနီးမှာပင် ကျသည်။ အချို့သည် ခပ်လှမ်းလှမ်းမှာ ကျသည်။ အချို့သည် လေတွင်ဝဲ၍ ဝေးရာ ဝေးရာသို့။

သူသည် ဝေးရာသို့ လွင့်မြောနေသော သစ်ရွက်တွင် သန္ဓေဝင်စားပါတော့မည်လား။

'ဝမ်းနည်းမှတ်တမ်း' စပါပြီ။

●

www.burmeseclassic.com

www.burmeseclassic.com

# [၁၂]

'အမှန်' ဆိုသည်မှာ အဘယ်နည်း။

'အမှား' ဆိုသည်မှာ အဘယ်နည်း။

အချို့က မိမိအတွက် ကောင်းလျှင် မှန်သည်။ မိမိအတွက် မကောင်းလျှင် မှားသည်ဟု ဆိုသည်။

အချို့က လူအများအတွက်ကောင်းလျှင် မှန်သည်။ လူအများအတွက် မကောင်းလျှင် မှားသည်ဟုဆိုသည်။

အချို့က အမှန်တရားသည် တိကျမှုမရှိ။ တစ်ချိန်တစ်ခါတွင်မှားလျှင် မှားမည်ဟု ဆိုပြန်သည်။

'ကမ္ဘာကြီးသည် လုံးပါသည်'ဟု တင်ပြခဲ့သော သိပ္ပံပညာရှင်ကြီးကို အာဏာရှင်များက 'ပြားရမည်'ဟု အတင်းအကျပ်ဆိုနိုင်သည်။ သိပ္ပံပညာရှင်ကြီးကလည်း မတတ်သာသဖြင့် 'ပြား'လိုက်ရလေသည်။ နောက်ပိုင်းတွင် တကယ် 'လုံး' ကြောင်းသိလာရသောအခါတွင် ထိုသိပ္ပံပညာရှင်ကြီးကို ချီးကျူးကြရပြန်သည်။

'အဆိုတခုသည် တပြိုက်နကတည်းတွင် မှန်လည်းမှန်သည်၊ မှားလည်းမှားသည် ဆိုသည်မှာ မဖြစ်နိုင်ပါ' ။ ဒါက သချာသဘောပါ။

အနားပြိုင်တြိဂံဟူ၍ ဘယ်မှာရှိမည်နည်း။ ထောင့်မှန်စက်ဝိုင်းဟူ၍ အဘယ်မှာရှိမည်နည်း။ သို့ရာတွင် တစ်ပေအရှည်ရှိသောမျဉ်းဖြောင့်



တစ်ကြောင်းသည် မိုင်လေးဆယ် အရှည်ရှိသော မျဉ်းကောက်တစ်ကြောင်း ဖြစ်မည်ဟု အိုင်းစတိုင်းက ဆိုပြန်လေသည်။ တြိဂံတစ်ခု၏ အတွင်းထောင့်သုံးခု ပေါင်းခြင်းသည် တစ်ရာရှစ်ဆယ်ရှိသည်ဟု စိန္တိတကထာက ဆိုသော်လည်း တြိဂံကို စက်ဝိုင်းလုံးတစ်ခုပေါ်မှာ ဆွဲလျှင် အတွင်းထောင့်သုံးခုပေါင်းခြင်းသည် တစ်ရာရှစ်ဆယ့် ဒီဂရီထက်ကျော်နေပြန်သည်။

အမှန်တရားသည် ဘယ်လိုပါနည်း။

* * *

ကျော်စွာ ကျောင်းမတက်တာ သုံးရက်ရှိပါပြီ။

ထုံးစံအတိုင်းဆိုလျှင် သုံးရက်ထက်ပိုပြီး ကျောင်းပျက်လျှင် ခွင့်တိုင်စာပို့ရမည် ဖြစ်ပါသည်။ ခါတိုင်းဆိုလျှင် ကျောင်းတစ်ရက်ပျက်ဖို့ တော်တော်ဝန်လေးစွာ စဉ်းစားခဲ့ရသည်။ ကျောင်းသည် သူပျော်မွေ့ရာဌာန၊ သူ့ကို ပညာတွေပေးရာဌာန။

ခုတော့ဖြင့် ဒီလိုမဟုတ်ပါပြီ။ ကျောင်းဘက်သို့ခြေဦးလှည့်ရန် သူ မဝံ့ပါပြီ။ ကျောင်းသည် သူ့ကို မျက်ရည်ကျစေသော ဌာန၊ အရှက်တရားတွေပေးသော ဌာန။

ကျောင်းနှင့်ပတ်သက်သော ကိစ္စဟူသမျှ သူမေ့ချင်သည်။ ပညာမတတ်လျှင် ဘာဖြစ်မည်၊ ညာဖြစ်မည် ဆိုသော စကားမျိုးကို တစ်ယောက်ယောက်က ပြောလာခဲ့လျှင် သူ ရယ်မောပစ်မိပါလိမ့်မည်။ ပညာမတတ်လျှင် တိုးတက်ကြီးပွားဖို့ မလွယ်ကူကြောင်း သူသိပါသည်။ ယခုအခါတွင် သူ့တွင် ကြီးပွားတိုးတက်လိုသောစိတ် မရှိတော့ပါပြီ။ ဒီအယူအဆသည် သူ့ထံတွင် ဘယ်လောက်ကြာကြာ ရှိနေမည်နည်း။ တစ်နှစ်ဖြစ်ချင် ဖြစ်မည်။ နှစ်နှစ် သုံးနှစ် ဖြစ်ချင်ဖြစ်မည်။ တသက်လုံးလည်း ဖြစ်ချင်ဖြစ်မည်။ ထို့အတူ ရက်ပိုင်းအတွင်း ပြောင်းလဲလျှင်လည်း ပြောင်းလဲသွားမည်။



www.burmeseclassic.com

www.burmeseclassic.com


မည်သို့ပင်ဖြစ်ပါစေ၊ ခုအချိန်မှာတော့ ကျောင်းကို သူ မေ့ချင်သည်။ ယုတ်စွအဆုံး ကျောင်းနှင့် ပတ်သက်သော သူငယ်ချင်းများကိုပင် သူမေ့ချင်သည်။ ကြည့်ပါလေ။

အရေးအခင်းဖြစ်သော အချိန်တွင် မေမေအိမ်မှာမရှိပါ။ ပျဉ်းမနားဘက်သို့ ခရီးထွက်သွားသည်။ ထိုမှ မန္တလေးအထိ ဆက်သွားမည်။ ကျော်စွာစာမေးပွဲနီးမှ ပြန်လာမည်။ တကယ်တော့ မေမေသည် ကျော်စွာ့ပညာရေး ခရီးတွင် ပြေပြစ်ချောမောစေရန် အပင်ပန်းခံ၍ စီးပွားရှာနေခြင်းဖြစ်ပါသည်။ သို့ရာတွင် ခုအခါမှာတော့ ကျော်စွာ လွတ်လပ်စွာ တေနိုင် လေနိုင်ရန် ရှောင်ပေးသလိုဖြစ်နေပါသည်။ ဒီအကြောင်းကို ကျော်စွာ တွေးမိရဲ့ပါလား၊ မသိပါ။

ကျော်စွာ အရိုက်ခံရသော နေ့ညနေပိုင်းက အဖြစ်အပျက်။ အိမ်ကို ဘယ်လိုပြန်ရောက်ခဲ့မှန်း သူမသိ။ ခေါင်းအုံးမှာ မျက်နှာအပ်၍ သူငိုသည်။ စဉ်းစားကြည့်ကြပါ။ ကျော်စွာ ဘယ်လောက် ရှက်လိုက်လှမည်ကို စဉ်းစားကြည့်ကြပါ။ သူသည် ပညာရေး ဘဝတစ်လျှောက်လုံး လိမ်မာစွာနေခဲ့သည်။ နာမည်ပျက် မရှိခဲ့ဖူးပါ။ နာမည်ကောင်းသာ ရှိခဲ့ပါသည်။ သူ့ကို ဆရာဆရာမတွေကလည်း ချစ်သည်။ ကျောင်းသားများကလည်း ခင်သည်။ ကျောင်းသူတွေကလည်း လေးစားသည်။ ခုအခါမှာ သူ ဘယ်လောက်ရှက် လိုက်လှမည်ကို စဉ်းစားကြည့်ပါ။ သူ့အရှက်ကို ခွဲသူကို စိတ်နာသည်။ စောစောအောင်ကို သူမုန်းသည်။ မေ့ကောမေ့နိုင်ပါသလား ဟုတော့ သူ့ကိုယ် သူ မသေချာ။

ညနေကျောင်းဆင်းချိန်တွင် သူငယ်ချင်းတွေ သူ့ဆီရောက်လာသည်။ အေးမြင့်သောင်း၊ ဇော်ခင်မော်၊ လှဝင်းဦးနှင့်ချစ်ကိုဝင်းတို့ဖြစ်ကြသည်။ ထိုအချိန်တွင် သူသည် ခေါင်းအုံးတွင် မျက်နှာအပ်ထားဆဲပါ။ ငိုတော့ မငိုတော့ပါ။

"ကျော်စွာ၊ ငါတို့ကို သေသေချာချာပြောပြစမ်းပါဦးကွာ"



ကျော်စွာက ခေါင်းခါသည်။

"ဒီလောက်လဲ ဖြစ်မနေပါနဲ့ကွာ"

"ငါ သိပ်ရှက်တယ်"

သူတို့လည်း သိသင့်သလောက် သိပြီးပါပြီ။ သို့ရာတွင် အသေးစိတ်သိလိုသောကြောင့် မေးရခြင်းဖြစ်ပါသည်။ ပြီးတော့ ကျော်စွာကို နှစ်သိမ့်ဖျောင်းဖျကြရန် လာခြင်းဖြစ်ပါသည်။ သို့ရာတွင် ကျော်စွာက သူတို့ကို နှင်ထုတ်သည်။

"သွားကြစမ်းပါကွာ၊ ငါ့ဖာသာ အေးအေးဆေးဆေးနေပါရစေ"

နောက်တနေ့ ကျောင်းသွားချိန်တွင် သူတို့ ရောက်လာကြပြန်သည်။

"ကျော်စွာ၊ ကျောင်းသွားရအောင်လေကွာ"

ကျော်စွာက မလိုက်ချေ။

"မင်းကလည်းကွာ၊ ချီးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်ပေါ့။ လာပါကွာ။ ကဲ . . အဝတ်အစားလဲ"

"ငါ မလိုက်ဘူး။ ဒါပဲ"

သူတို့က အတင်းခေါ်ကြပြန်သည်။ မရပါ။ သူတို့ လက်လျှော့သွားပြန်သည်။

* * *

စောစောအောင်သည် အိမ်ရောက်ရောက်ချင်း သူ ပထမဦးဆုံးလုပ်ရမည့် အလုပ်ကို သတိရလိုက်သည်။ ငိုဖို့ဖြစ်၏။ ထို့ကြောင့် ငိုလိုက်သည်။

သူသည် ကျော်စွာကို မုန်းသည်ဟု သူ့ကိုယ်သူ မယုံကြည်။ ချစ်သည်ဟုလည်း မဆိုရဲ။ ကျော်စွာသည် မုန်းစရာကောင်းသော လူတစ်ယောက်မဟုတ်ပါ။ ကျော်စွာ၏ အချစ်ကို သူ မငြင်းပယ်လိုပါ။ ကျော်စွာသည် ချစ်နိုင်သူတစ်ယောက်ဖြစ်သည်။ သို့ရာတွင် သူ မချစ်ရဲပြန်။


www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်း သူမသိ။ တစ်ခုတော့ သိပါသည်။ သူ ကြောက်သည်။

ကျော်စွာ၏စာကို ဖတ်ရစဉ်က သူ အံ့ဩခဲ့ရသည်။ အမှန်တော့ သူ မအံ့ဩသင့်။ ကျော်စွာကသူ့ကို ချစ်နေပြီမှန်း သူသိခဲ့ပါသည်။ တစ်နေ့နေ့တွင် ကျော်စွာချစ်ရေးဆိုလာမည်မှန်း သူသိခဲ့ပါသည်။ သို့ရာတွင် ကျော်စွာ့စာကို ဖတ်ရတော့ သူ အံ့ဩခဲ့ရသည်။ ပြီးတော့လည်း ကြည်နူးသာယာသလို ဖြစ်ခဲ့ရသည်။

စိတ်ကူးထဲက ဘဝများသည် ပျော်စရာ။ သို့ရာတွင် စိတ်ကူးတိုင်းသည် အကောင်အထည်များ ဖြစ်မလာနိုင်။ သူသည် မိန်းကလေးပါ။ မိန်းကလေးဆိုသည်မှာ ဣန္ဒြေကိုထိန်းရမည်။ အညာမလွယ်ရ။ အချစ်၏ တန်ဖိုးကို မြှင့်ရမည်။ လွယ်လွယ်နှင့်ရသော အရာများသည် တန်ဖိုးမရှိ။ 'လေ'သည်လွယ်လွယ်နှင့်ရသောကြောင့်တန်ဖိုးမရှိ။ 'ထမင်း'သည် ခက်ခဲစွာရှာဖွေရသောကြောင့် တန်ဖိုးရှိသည်။ သို့ရာတွင် ဆရာကြီးကို သွားတိုင်ရလောက်အောင် တန်ဖိုးမြှင့်ခြင်းသည် မလိုလားအပ်သော ဆိုးကျိုးများဖြစ်ပေါ်လာစေမည်ဟု သူ မသိခဲ့ရိုးအမှန်ပါ။

အမှန်အားဖြင့် စောစောအောင်လုပ်သင့်သည်မှာ ဤသို့ဖြစ်သည်။ ကျော်စွာက အဖြေတောင်းလာလျှင် အချစ်အကြောင်း မစဉ်းစားရျင်သေးဟု ဖြေရမည်။ ထိုအခါ ကျော်စွာက နောက်တစ်ကြိမ်ထပ်ကြိုးစားလိမ့်မည်။ မတင်မကျပြန်ပြောရမည်။ နောက်တစ်ကြိမ် ထပ်ကြိုးစားပြန်လျှင် ဆယ်တန်းစာမေးပွဲ အောင်ပြီးမှ အဖြေပေးမည်ဟု ဆိုရမည်။ စာမေးပွဲအောင်ပြီးမှ ချစ်ပါမည်ဟု အဖြေပေးရမည်။ သို့ရာတွင် စောစောအောင်သည် ဒီလောက်အထိ 'မိန်းကလေး၀ါး' မ၀သေးပါ။ ထို့ကြောင့်ပင် သူသည် ဆရာကြီးကို တိုင်ကြားခဲ့မိသည် မဟုတ်ပါလား။

သူ၏တိုင်ကြားချက်သည် ကျော်စွာကို ထိခိုက်စေသည်ဟု သိရသောအခါ သူ ပြင်းထန်စွာ တုန်လှုပ်ရသည်။ ကျော်စွာ၏ နာကျည်းသော အကြည့်ကိုခံရသည့်အခါ သူ ပြင်းထန်စွာ ငိုခဲ့ရသည်။



ထိုကိစ္စနှင့်ပတ်သက်၍ ကျော်စွာကို သူ တောင်းပန်သင့်သည်ဖြစ်၏ဟု ယူဆသည်။

'ကျော်စွာရယ် . . ငါ့ကို ခွင့်လွှတ်ပါဟယ်'

* * *

*ကျော်စွာရယ်၊ ငါ့ကို ခွင့်လွှတ်ပါဟယ်။*

*နင် ဒီလောက်ဖြစ်သွားလိမ့်မယ် မထင်လို့ ငါ ဆရာကြီးနဲ့ သွားတိုင်တာပါ။*

*ဘာဖြစ်လို့ သွားတိုင်မိတာလဲ ဆိုတာလည်း ငါမသိပါဘူး။ ဒါပေမယ့် နင့်ကိုငါမုန်းလို့ မဟုတ်ပါဘူး။*

"ဟား . . ဟား . . ဟား . . ဟား"

ကျော်စွာဟားတိုက်ရယ်လို သည်။

"ဟာ ဟာ့ . . ဘာတဲ့၊ နင့်ကို ငါ မုန်းလို့ မဟုတ်ပါဘူး တဲ့။ ဒါဖြင့်ရင် ချစ်လို့သွားတိုင်တာပေါ့လေ။ ချစ်ဦးကွာ . . ချစ်ဦးကွာ"

ကျော်စွာသည် စောစောအောင်၏စာကို ဆွဲဆုတ်ပစ်လိုက်သည်။ အေးမြင့်သောင်းတို့သည် ကျော်စွာ့ကို အံ့ဩစွာကြည့်နေကြသည်။ ကျော်စွာသည် ဟားတိုက်ရယ်နေရင်းက မျက်နှာကို ချက်ချင်းပြန်တည်လိုက်သည်။ သူရူးသွားပြီးလားဟု ထင်စရာရှိပါသည်။

"ဟေ့ကောင် . . . သူငယ်ချင်း ကျော်စွာ"

ကျော်စွာသည် အံကိုကြိတ်ရင်း ရပ်နေသည်။ သူ့လက်သီးများက ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

"မင်းကလည်းကွာ၊ သိပ် ဒေါသမကြီးပါနဲ့"

"ဒီမှာ ကျော်စွာ၊ ငါတစ်ခုပြောပြမယ်။ စောစောအောင်က မင်းအတွက် သိပ်စိတ်မကောင်းဖြစ်နေတယ်"

*သိဂိုဆွေစာအုပ်တိုက်*

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ သူက ငါ့ကို သနားနေသလား။ ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါ"

"ပြီးတော့လဲ စောစောအောင်ကို ကြည့်ရတာ ရွှင်ရွှင်ပျပျ မရှိဘူး၊ အမြဲမှိုင်နေတာပဲ။ ပိန်လဲ ပန်သွားတယ်"

"အေးကွာ . . စိတ်မကောင်းစရာပဲ"

"ဟော့ကောင် . . မင်းက ရှိမနေစမ်းပါနဲ့"

"ဒီမှာ သူငယ်ချင်းတို့၊ ခုကိစ္စဟာ စိမ်ပြေးတမ်း ကစားနေတာ မဟုတ်ဘူး။ 'ဘွာ' ခတ်လို့ မရဘူးကွ။ လူတစ်ယောက်ရဲ့ နှလုံးသားကို ပေါက်ကွဲ ပျက်စီးသွားအောင် လုပ်ပြီးမှ 'ဆော့ရီး'ဆိုလို့မရဘူးကွ"

"ဒါပေမယ့် . . မင်း ကျောင်းပြန်တက်ရမယ်"

"ဝမ်းနည်းပါတယ်ကွာ။ ခုအချိန်မှာ ငါ့မျက်နှာကို ကျောင်းမှာ ဘယ်လိုလုပ်ပြရမှာလဲ"

"ဘာဘဲဖြစ်ဖြစ်၊ နက်ဖြန်မနက် ငါတို့ မင်းကိုလာခေါ်မယ်။ မင်းကျောင်းတက်ရမယ်"

"မတက်ဘူး"

"မတက်လို့ မရဘူး။ ဆရာမက မင်းကို ရအောင်ခေါ်ခဲ့ရမယ်လို့ မှာလိုက်တယ်"

ကျော်စွာ၏ မျက်နှာသည် တွေဝေသွားသည်။ ဆရာမသည် သူ့အတွက် ယူကျုံးမရဖြစ်နေမည် အမှန်။ ဆရာမသည် သူ့ကို ဘယ်လောက်ချစ်ကြောင်း သူသိသည်။ သို့ရာတွင် ကျောင်းကိုပြန်မတက်ဘူးဟု သူ ဆုံးဖြတ်ထားသည်။ လှောင်သော အပြုံးများ၊ အထင်သေးသော မျက်လုံးများကို သူကြောက်သည်။

"မင်း မနက်ဖြန်ကျောင်းမတက်ရင် ဆရာမကိုယ်တိုင် မင်းအိမ်ကို လာခေါ်လိမ့်မယ်"

# [၁၃]

အိမ်တံခါးကို သော့ခတ်လိုက်သောအချိန်တွင် နံနက်ခြောက်နာရီပင် မထိုးသေးပါ။ အိမ်ဝင်းအပြင်ကို ထွက်လိုက်သည်။ ဘယ်ကို သွားရမည် မသိ။ အိမ်မှာ သူ ရှိမနေလျှင်ပြီးရော ဆိုသောသဘောဖြင့် ထွက်လာခဲ့ခြင်းဖြစ်ပါသည်။

ကျောင်းသွားချိန်ကျလျှင် သူငယ်ချင်းတွေက သူ့ကို လာခေါ်ကြတော့မည်။ ကျောင်းတက်ဖို့ လာရောက်တိုက်တွန်းကြလိမ့်မည်။ သူ ကျောင်းကို လိုက်မသွားခဲ့လျှင် ဆရာမ ကိုယ်တိုင် သူ့ကို လာခေါ်တော့မည်။ ထို့ကြောင့် အိမ်မှ ရှောင်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ ညလူခြေတိတ်ချိန်မှ အိမ်ကို ပြန်လာတော့မည်။

ဘယ်ကို သွားရမည်မသိ။ ခြေဦးတည့်ရာ လျှောက်လာခဲ့သည်။ ဘူတာရုံသို့ ရောက်လာသည်။ ဘူတာရုံတွင် လူတွေ ပျားပန်းခတ်လျက်။ မြို့ထဲသို့ ကုန်ရောင်းသွားမည့်သူတွေ၊ ရုံးသွားမည့်သူတွေ၊ ကျောင်းသွားမည့်သူတွေ၊ လူအားလုံးမှာ ရည်ရွယ်ချက်တွေနှင့်။ သူ့မှာ ရည်ရွယ်ချက် မရှိ။ အသံတို့သည် ဆူညံနေကြသည်။

"ဘိန်းမုန့် . . ဘိန်းမုန့်"

"ဟဲ့ ဖိုးချို၊ လက်မှတ်ဝယ်ပြီးပြီးလား။ ကောင်လေးကိုကျယောင်တိ

www.burmeseclassic.com

www.burmeseclassic.com



ပေါင်အ။ အရူးလိုလို တောသားလိုလိုနဲ့"

"ဆရာ မျိုးမြင့်ရဲ့ ဗေဒင်ဟောစာတမ်းတွေ၊ သင်္ကြန်စာတွေ"

"ဟော . . . ခေါင်းလှည့်လာပြီ၊ ခေါင်းလှည့်"

ရထားတစ်စင်း ဆိုက်လာသည်။ လူတွေ တိုးဝှေ့တက်ကြသည်။ ကျော်စွာလည်း ရထားပေါ်တက်မိသည်။ သူ့မှာ လက်မှတ် မပါပါ။ ခဏကြာတော့ ရထားထွက်လာသည်။

"တစ်နည်းအားဖြင့် မီးရထားနှင့် ခရီးသွားကြတဲ့ လုပ်သားပြည်သူများခင်ဗျား . . . ကံဆုံလို့ ကြုံကြရတဲ့ မိတ်ဆွေများအတွက် ဆေးစွမ်းကောင်းတစ်လက် ကျွန်တော့ဆီမှာ ပါလာခဲ့ပါတယ်။ ဘာဆေးတဲ့လဲ၊ ကိုးဆယ့်ခြောက်ပါးရောဂါ ပျောက်တယ်လို့တော့ မဆိုလိုပါဘူး။ အဲ . . ဒါပေမယ့် သုံးတတ်ရင်တော့ အဆိပ်တောင် ဆေးဖြစ်သတဲ့၊ အနာသိတော့ ဆေးရှိသတဲ့။ ကဲ . . ဘာဖြစ်သလဲ။ ချောင်းဆိုးသလား၊ သံပုရာရည် ကလေးနဲ့ရောသောက်ပါ။ အားနည်းလို့ မူးဝေထိုင်းမှိုင်းနေပါသလား၊ သကြားနဲ့ ရောသောက်ပါ။ ဝမ်းချုပ်သလား၊ အိပ်ရာဝင်ခါနီး ဆားကလေးနဲ့ ခပ်သောက်ပါ။ သုံးလုံးတောင်ထွတ် ယှဉ်ပြိုင်ကာရယ် . . ဖိုခနောက်ဆိုင် တည်နေပါတယ်ဆိုတဲ့ ပုပ္ပါးတောင်ကြီးက အဖိုးတန် ဆေးမြစ်များနဲ့ စီမံထားခြင်းဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့က ဒီနေ့ရောင်းတာ နောက်ဆုံး နှုတ်ဆက်တဲ့ အနေနဲ့ပါ။ နက်ဖြန်ဆိုရင် ကျွန်တော် ပုပ္ပါးတောင်ကို တစ်ခေါက်ထပ်သွားပြီး ဆေးမြစ် သွားတူးရပါဦးမယ်။ ဟုတ်ကဲ့ . . . တစ်ထုပ်မှ တစ်ကျပ်ပါခင်ဗျာ"

ဆေးရောင်းသူ တစ်ဦး၏ အာဝဇ္ဇန်းရွှင်စွာ ပြောနေပုံများကို ကြားရသည်။ ကျော်စွာနားက လူကြီးတစ်ဦးက

"ဒီလူကတော့ နေ့တိုင်း နှုတ်ဆက်နေတာပဲ။ ဒီနေ့ နောက်ဆုံး ဒီနေ့နောက်ဆုံးနဲ့ သုံးလလောက်ရှိနေပြီ"

ရထားသည် ရန်ကုန်ဘူတာကြီးသို့ ဆိုက်လာသည်။ ကောင်ကလေး တစ်ယောက်သည် ရထားအရှိန်မသေမီ ခုန်ဆင်းလိုက်သည်။ ကိုယ်ကို



ထိန်းနိုင်ဘဲ လဲကျမလို ဖြစ်သွားသည်။ ပြော် . . အရှိန်မသေခင်တော့ ဒီလိုပါပဲ။ အရှိန်သေမှ ဆင်းသောသူများသည် ဘာမျှ မဖြစ်ကြချေ။

ကျော်စွာသည် ရထားပေါ်မှ ဆင်းလိုက်သည်။ စင်္ကြံပေါ်သို့ တက်လျှောက်လာခဲ့သည်။ ခုံးတံတားလေးကို ကျော်သည်။ ပန်းဆိုးတန်းလမ်းအတိုင်း လျှောက်လာခဲ့သည်။ ခုအချိန်အထိ သူဘယ်သွားရမှန်း မသိသေးပါ။ မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းဆုံသို့ ရောက်လာသည်။ လက်ယာဘက်သို့ ကြည့်မိသည်။ ဆူးလေဘုရား။ ဘုရားဘက်သို့ လျှောက်ခဲ့သည်။ ဘုရားပေါ်သို့ သူတက်သည်။ ပန်းသည်တို့၏ ခေါ်သံများကို ကြားရသည်။

ကြေးဆင်းတုတော်တစ်ဆူ ရှေ့တွင် သူထိုင်လိုက်ပါသည်။ သူ ဘုရားရှိမခိုးတာ ဘယ်လောက်ကြာပြီနည်း။ 'သြကာသ'ကို စိတ်ထဲကဆို ကြည့်သည်။ မမှတ်မိတော့။ သို့ရာတွင် . . ဘုရားရှိခိုးသည် သူ့ကို နည်းနည်းအေးချမ်းစေသည်တော့ အမှန်ပါ။ ဘုရားကို သူဝတ်ပြုလိုက်ပါသည်။

ဘုရားပေါ်က ဆင်းလိုက်သည်နှင့် ပူလောင်ခြင်းကို ခံစားရပြန်သည်။ မဟာဗန္ဓုလ ပန်းခြံထဲသို့ ဝင်လာခဲ့သည်။ အင်္ဂတေခုံတန်းကလေး တစ်ခုမှာ ထိုင်သည်။ ခပ်လှမ်းလှမ်းက ခုံတန်းမှာ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ စုံတွဲ ထိုင်နေကြသည်။ လက်ကလေးကိုင်လိုက်၊ ပုခုံးကလေးဖက်လိုက်၊ ခါးကလေးတို့လိုက်။ သူ့ဘယ်ဘက်က ခုံတန်းမှာ လူကြီးတစ်ယောက် နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ ပန်းခြံအမှုထမ်း တစ်ယောက်သည် ရေကန်ထဲက ငါးများကို လိုက်ဖမ်းနေသော ကလေးငယ်များကို ကြိမ်းမောင်းနေသည်။

လွတ်လပ်ရေး ကျောက်တိုင်ကြီးကို ကြည့်မိပြန်သည်။ လွတ်လပ်ရေး ဆိုသည်မှာ အဘယ်နည်း။ ကျောင်းမတက်ဘဲ ခုလိုလျှောက်သွားနေခြင်း သည် လွတ်လပ်ရေးဖြစ်ပါသလား။ သမီးရည်းစားတွေ လွတ်လပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနိုင်ခြင်းသည် လွတ်လပ်ရေးဖြစ်ပါသလား။ ပန်းခြံထဲမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေခြင်းသည် လွတ်လပ်ရေးဖြစ်ပါသလား။ ရေကန်ထဲက ငါးများကို ထင်သလိုဖမ်းနိုင်ခြင်းသည် လွတ်လပ်ရေးဖြစ်ပါသလား။

ဆာလောင်မွတ်သိပ်ခြင်းကို ခံစားရသည်။ မနက်ကတည်းက ဘာမှ မစားရသေးကြောင်း ခုမှ သတိရသည်၊ ပန်းခြံထဲက ထွက်လာခဲ့သည်။ နံပါတ်ကိုးကားမှတ်တိုင်တွင် ဘယာကြော်သုတ်ဆိုင်တစ်ဆိုင် တွေ့ရသည်။ သုံးပွဲကုန်အောင် စားပစ်လိုက်သည်။ စားပြီးတော့လည်း ရေသောက်ချင်လာပြန်သည်။

"ရေခဲရေ . . အေးအေးလေး . . ရေခဲရေ"

ရေခဲရေတစ်ခွက် ဝယ်သောက်သည်။ ရေခဲရေရောင်းသော ကောင်ကလေးသည် သူနှင့် ရွယ်တူလောက်ပင် ရှိပါမည်။ သူကျောင်း မနေဘူးလား။ သူ့မိဘတွေက ဘာလုပ်သလဲ။ အို . . သူ့မှာ မိဘဆိုတာမှ ရှိရဲ့လား။ သူ ဘယ်မှာနေသလဲ။

သုံးဆယ့်နှစ်လမ်းထဲသို့ ရောက်လာပြန်သည်။ စက္ကူထုပ်တွေ မင်ဗူးတွေ ရောင်းသောဆိုင်များ၊ ရာဘာတံဆိပ်တုံးလုပ်သောဆိုင်များ၊ ပုံနှိပ်တိုက်များ။

ခေါင်းတုံးဆံတောက်နှင့် လူတစ်ယောက်သည် ကုလားတစ်ယောက်နှင့် စကားအချီအချ ပြောနေသည်။

"ခင်ဗျားကလည်း လုပ်မနေစမ်းပါနဲ့။ အန်တီကြီးဆီမှာ ကျုပ် မေးပြီးပါပြီ။ နှစ်ရာ့ရှစ်ဆယ်ပါဗျာ"

"ဟာ . . ဆရာကလဲ လုပ်ငန်းရှင်တွေ ပစ္စည်းထုတ်မပေးတာ ကြာပြီမဟုတ်လား၊ ဆရာသိသားပဲ"

"ငါးကျပ်တော့ လျှော့ဗျာ၊ ပြီးရင် ဟိုကို လိုက်ပို့။ လေးနာရီ ပီတိမှာ ဆုံမယ်"

'နာရီလမ်း' ပေါ်သို့ ရောက်ခဲ့ပြန်သည်။ 'နာရီလမ်း'ဆိုသည်မှာ



အနော်ရထာလမ်းကို ဆိုလိုပါသည်။ ပန်းဆိုးတန်းမှ သိမ်ကြီးဈေးအထိ အနော်ရထာလမ်းတစ်လျှောက်သည် နာရီဆိုင်များနှင့် ပြည့်နှက်နေသည်။ အသစ်လည်း ရှိသည်။ အဟောင်းလည်း ရှိသည်။ အစစ်လည်း ရှိသည်။ အတုလည်း ရှိသည်။ တစ်ရာကျော်မှ တစ်သောင်းကျော်တန်အထိ ရှိသည်။

ရွှေဆိုင်လမ်း (ရွှေဘုံသာလမ်း)ထောင့်တွင် ရွှေကြိုးများနှင့် တွေ့ရသည်။

"အစ်ကို၊ ရွှေရောင်းဖို့ပါသလား၊ ထောင့်ရှစ်ရာအထိပေးမယ်။ အထည်လား၊ အခေါက်လား"

သူက လှည့်ကြည့်မိသည်။ သူ့နောက်မှ တကောက်ကောက်လိုက်လာသည်။ သူကြောက်လာသည်။ 'မရောင်းဘူးဗျ' ဟု လှည့်ဟောက်လိုက်မှ ပြန်ထွက်သွားသည်။

သိမ်ကြီးဈေးရှေ့ မှတ်တိုင်မှ အမှတ်တစ်ဆယ်ကားကို တက်စီးမိသည်။ ကားသည် ဘယ်ကိုသွားနေမှန်း သူမသိ။ မှတ်တိုင် တစ်ခုပြီး တစ်ခု ကျော်လာခဲ့သည်။ မှတ်တိုင်တစ်ခုတွင် ကားရပ်လျှင် လက်မှတ်ရောင်းသူက အော်လေသည်။

"ဗိုလ်တထောင်ဘုရား . . ဗိုလ်တထောင်ဘုရား"

သူ ကားပေါ်မှ ဆင်းလိုက်သည်။ ဘုရားကို ဝင်ဖူးဖို့ စိတ်မကူးတော့။ စိတ်ချမ်းသာမှုကို ရမည်စိုးသောကြောင့်တော့ မဟုတ်ပါ။ ဗိုလ်တထောင်ဆိပ်ကမ်းသို့ လာခဲ့သည်။ ဘောတံတားတစ်ခုပေါ်မှာ သူထိုင်သည်။

ဧရာဝတီမြစ် အတွင်းမှာ သင်္ဘောငယ်တွေ၊ သမ္ဗာန်တွေ၊ လှေတွေ သွားလာနေကြသည်။ မြစ်ကို စုန်ဆင်းသူများသည် မပင်ပန်းကြချေ။ မြစ်ကို ဆန်တက်သူများ ပင်ပန်းကြသည်။ သူသည် 'ဇော်ဂျီ'၏ ပုံနှင့်ကဗျာထဲမှ စာပိုဒ်ကို သတိရမိသည်။

'အလို အိုပုံနှင်းရယ်



www.burmeseclassic.com

www.burmeseclassic.com



မင်း လူ လှည့်စား'

ဒီကဗျာကို အတန်းထဲမှာ အဓိပ္ပါယ်ကောက်ကြစဉ်က ကျောင်းသားအများက 'မြစ်သည် လူ့လောကနှင့်တူကြောင်း၊ လှေငယ်သည် လူ့ဘဝနှင့်တူကြောင်း၊ ပဲ့နင်းသည် ကံကြမ္မာနှင့်တူကြောင်း၊ ကံကြမ္မာလှည့်စားသဖြင့် လူ့ဘဝသည် ပြောင်းလဲနေရကြောင်း'။ ကျော်စွာ အဓိပ္ပါယ်ကောက်ပုံက တစ်မျိုး။ 'မြစ်သည် လူ့လောကနှင့်တူကြောင်း၊ လှေငယ်သည် လူ့ဘဝဖြစ်ကြောင်း၊ ပဲ့နင်းသည် လူဖြစ်ကြောင်း၊ လူ့ဘဝကို လူကသာ ထိန်းကျောင်းနိုင်ကြောင်း၊ ကံကြမ္မာကို လူကသာ စေစားနိုင်ကြောင်း၊ လူသာ ပဓာနဖြစ်ကြောင်း'။

ခုချိန်မှာတော့ ကိုယ့်ဘဝကိုကိုယ် ထိန်းကျောင်းပဲ့ကိုင် နိုင်ပါရဲ့လား မောင်ကျော်စွာ။

ကူလီထမ်းနေသူများကို တွေ့ရတော့ ငယ်ငယ်က လူကြီးတွေဆုံးမစကားကို သတိရမိပြန်သည်။

'ပညာမတတ်လျှင် ကူလီထမ်းရမည်'တဲ့။

ပညာတတ်လျှင်တော့ ကူလီမထမ်းရဘူးပေါ့။ ဆိုက်ကားတော့နင်းလို့ရတယ်ပေါ့။ ဒီလိုလည်း မဟုတ်ပါ။ 'ပညာတတ်ထားလျှင် အယုတ်ညံ့ဆုံး အလုပ်လုပ်တာတောင် သူများအောက် မကျဘူး'တဲ့။

ဒီလောက်တောင် တတ်သိ နားလည်နေလျက်သားနဲ့ ဘာဖြစ်လို့များ တေချင် လေချင်ရတာလဲ မောင်ကျော်စွာ။

ဩော် . . . ဆံပင်ညှပ်သမားတွေကို ဘယ်သူက ဆံပင်ညှပ်ပေးသလဲ။

ဆရာဝန်တွေ ဖျားရင် ဘယ်သူက ဆေးကုပေးသလဲ။

အိမ်ကို ညဆယ်နာရီ ထိုးခါနီးမှ ပြန်ရောက်လာသည်။ သော့ခလောက်တွင် ချိတ်ထားသော စာတစ်စောင်က သူ့ကို ဆီးကြိုလေသည်။ ဆရာမ၏ စာ။



သား မောင်ကျော်စွာ

*သားကို ဆရာမ တွေ့တွေ့ထူးထူး ပြောနေစရာမလိုဘူး ထင်တယ်။ ပြောမယ်ဆိုရင်လဲ ဆရာမ ပြောသမျှ စကားတွေ၊ ဆရာမ အကြောင်းပြချက်တွေ အားလုံးကို သား သိနားလည်ပြီးသား ဖြစ်နေမှာပါ။ ဒါကြောင့် ဆရာမ တစ်ခုပဲ ပြောချင်ပါတယ်။ သား ကျောင်းပြန်တက်ပါ။ သား အိမ်သော့ခတ်ထားလို့ ဒီစာကို ရေးခဲ့တယ်။*

ဆရာမ

သူ စိတ်ထိခိုက်ရပြန်သည်။ ဆရာမသည် သူ့ကို ဘယ်လောက် သံယောဇဉ်ကြီးကြောင်း သူသိသည်။ သူကလည်း ဒီကမ္ဘာပေါ်မှာ မေမေနှင့် ဆရာမကို အချစ်ဆုံးဖြစ်ပါသည်။ ဒီထဲမှ စောစောအောင်ကော မပါဘူးလား။ အို . . စောစောအောင်က ဘာဖြစ်လို့ပါရသလဲ။ သူ့ကို မချစ်ချင်ပါဘူး။ မုန်းချင်ပါတယ်။

စောစောအောင်ကို သူမုန်းချင်သည်။ အမှန်ကတော့ ကိုယ့်စိတ်ကို ကိုယ်ပိုင်တာပဲ။ မုန်းချင်လျှင် မုန်းလိုက်ရုံသာ ရှိသည်။ ခုတော့ မုန်းဖို့ ကြိုးစားရဦးမည်။ လူ့စိတ်ဆိုသည်မှာ ဘယ်လိုကြီးမှန်းလဲမသိပါ။ သိစိတ်က မုန်းချင်သော်လည်း မသိစိတ်က မမုန်းချင်လျှင် မုန်းလို့မရပြန်ပါ။

သိစိတ်နှင့်မသိစိတ် လွန်ဆွဲရာတွင် မည်သူ နိုင်မည်နည်း။

* * *

ကျောင်းဝင်းထဲသို့ ဝင်လိုက်သည်။ သူ့ခြေလှမ်းသည် တုံ့သွားပြန်သည်။ ဖြည်းဖြည်းဆက်လျှောက်သည်။ ကျောင်းမှာ ဘယ်သူမှ မရှိပါ။ ကျောင်းပိတ်ရက်ဖြစ်ပါသည်။ ထို့ကြောင့် သူလာရခြင်းဖြစ်သည်။

အမှန်တော့ ကျောင်းကို သူမလာချင်ပါ။ သို့ရာတွင် တစ္ဆေခြောက်နေသူသည် တစ္ဆေရှိမည်ထင်သည့် နေရာကို မကြည့်ဘဲ မနေနိုင်သလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတန်းဘက်သို့ လာခဲ့သည်။ အခန်းထဲကို ဝင်သည်။ သူ့ခုံနေရာမှာ ထိုင်သည်။ အကျင့်ပါနေသောကြောင့်လား မသိပါ။ သူ့မျက်လုံးများသည် အခန်း၏ လက်ဝဲဘက်ရှေ့ဆုံး ခုံတန်းဆီသို့ရောက်သွားသည်။ သူ မျက်နှာကို ချက်ချင်းလွှဲလိုက်သည်။ ကျောက်သင်ပုန်းဆီသို့ ကြည့်မိသည်။ ကျောက်သင်ပုန်း၏အပေါ်ဆုံးထောင့်မှာ ရေးထားသော စာတစ်ကြောင်းကို တွေ့ရသည်။

'စာမေးပွဲဖြေရန် ဆယ့်ရှစ်ရက်သာ လိုတော့သည်'

သူ ဝမ်းနည်းသွားသည်။ ခုချိန်ဆိုလျှင် သင်ခန်းစာတွေ ပြီးပြတ်ကုန်ပြီ။ ပြန်လှန်လေ့ကျင့်ခန်းတွေ လုပ်နေကြတော့မည်။

ဆရာမသည် စာကို တက်ကြွစွာ သင်နေသည်။ ကျောင်းသူကျောင်းသားများသည် စိတ်ပါဝင်စားစွာ နားထောင်နေကြသည်။

"အရေးအကြီးဆုံးကတော့ မေးခွန်းကို သေချာစွာ ဖတ်ဖို့နဲ့ အချိန်ကို လုံလောက်စွာ အသုံးချဖို့ပဲ။ ဘယ်မေးခွန်းဟာ ဘယ်နှစ်မျက်နှာ ဖြေသင့်တယ်။ အချိန်ဘယ်လောက်ယူသင့်တယ်ဆိုတာ တွက်တတ်ဖို့ပဲ"

"ဟား . . ဟား . . ဟား . . ဟား"

သူ အသံထွက်အောင် ရယ်လိုက်သည်။ အခန်းတစ်ခုလုံး မြည်ဟိန်းသွားလေသည်။ သူ့အသံကို သူ့ဖာသာ လန့်သွားသည်။ တကယ်တော့ အခန်းထဲမှာ သူတစ်ယောက်တည်းပါ။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။ တိတ်ဆိတ်ခြင်းသည် ဆူညံခြင်းကို ဖြစ်ပေါ်စေသည်။ တိတ်ဆိတ်လွန်းသောအခါ လေတိုးသံသည်ပင် ဆူညံခြင်းကို ဖြစ်စေသည်။ သူ့နားထဲတွင် ဟားတိုက်ရယ်သံများကို ကြားလာသည်။ လှောင်သော ရယ်သံများ။ အခန်းထဲမှာ ဘယ်သူမှ မရှိပါဘဲလျက် လူအများက သူ့ကို ဝိုင်းကြည့်နေကြသည်ဟု ထင်လာပြန်သည်။ သူ ကြောက်လာပြန်သည်။

သူ့ခုံနေရာကို နှမြောတသစွာ ကြည့်မိသည်။ ဒီနေရာကလေး [illegible]ဘာ ဘယ်လောက်ကြာပြီလဲ။ စောစောအောင်သည် အတန်းထဲ



သို့ ဝင်လာသောအခါ လွတ်နေသော ဒီနေရာကလေးဆီသို့ မျက်လုံးကို တစ်ချက်ခေ့၍ ကြည့်တတ်ပါမည်လား။ အို သူ့အကြောင်း မတွေးချင်ပါဘူး။

* * *

ရုပ်ရှင်ရုံထဲသို့ ဝင်သောအခါ ဇာတ်သတင်းကားပင် ပြီးလုနေပြီ။ သူ့ခုံနေရာမှာ ဝင်ထိုင်လိုက်သည်။ သူထိုင်သောနေရာသည် လူတော်တော်ရှင်းသည့်နေရာ။ ရှေ့နှစ်တန်းကျော်လောက်မှာ လူသုံးလေးယောက်။ နောက်ဆုံးတန်းမှာ လေးငါးယောက်။ လူ ဒီလောက်ရှင်းနေလျှင် ဇာတ်ကားသည် ကောင်းမှကောင်းရဲ့လား။ အို . . ဘာဇာတ်ကားလဲဆိုတာကော သူသိပါရဲ့လား။

မင်းသားနှင့် မင်းသမီး ရန်ဖြစ်ကြသည်။ နောက်တည့်သွားကြသည်။ နောက် ချစ်သွားကြသည်။ မင်းသမီးကို လမ်းသရဲတွေက နှောင့်ယှက်သောကြောင့် မင်းသားနှင့် ထိုးကြကြိတ်ကြသည်။ မင်းသားက နိုင်သွားသည်။ မင်းသားနှင့် မင်းသမီး လျှောက်လည်ကြသည်။

"မောင်လေး . . အလုပ်လုပ်မလား"

သူ့ဘေးကခုံမှာ အမျိုးသမီးတစ်ယောက် ဘယ်အချိန်ကရောက်နေမှန်းမသိ။ သူ့ပခုံးကို လာတို့မှ သိလိုက်ရသည်။

"အလုပ်လုပ်မလားလို့၊ ဟင်လို့"

ဘယ့်နှယ်လဲ၊ ရန်ကုန်မြို့မှာ အလုပ်ရှားပါးတယ်ဆို။ ခုတော့ ရုပ်ရှင်ရုံထဲထိအောင်လိုက်ပြီး အလုပ်ပေးနေပါလား။

"ဘာအလုပ်လဲ၊ ပိုက်ဆံ ဘယ်လောက်ရမှာလဲ"

အမျိုးသမီးက 'ခိကနဲ' ရယ်သည်။

"မောင်လေးက မသိဘူးလား"

"ဘာကို သိရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက သူ့ပေါင်ကို ကိုင်လိုက်သည်။ တိုးတိုးကလေးပြောသည်။

"ငါးကျပ်တည်းပါကွယ်"

သူသည် အမျိုးသမီး၏ လက်ကို ဖယ်ပစ်လိုက်သည်။

"သွားစမ်းပါဗျာ"

"ပျော်စရာ ကောင်းပါတယ်ကွာ"

"သွားဆိုရင် သွားစမ်းဗျာ"

အမျိုးသမီးက တိုးညှင်းစွာရယ်ရင်း ထွက်သွားလေသည်။

ရုပ်ရှင်ကို ဆက်မကြည့်ချင်တော့။ အပြင်ထွက်လာခဲ့သည်။ မှောင်စပျိုးပြီ။ ဘယ်ကိုမှ သွားချင်စိတ် မရှိ။ ခြေဦးတည့်ရာ လျှောက်လာခဲ့သည်။

"ညီလေး၊ ကရဝိက်မှာ ထမင်းစားချင်လို့ ပိုက်ဆံဆယ့်ငါးပြားလောက်ပေးပါ"

သူ့ပခုံးကို နောက်ကတို့၍ လာပြောသည်။ သူလှည့်ကြည့်သည်။ စိတ်ရောဂါ ဝေဒနာသည် တစ်ဦး။

"အစိုးရကို သိန်းလေးဆယ် ချေးထားတာ ပြန်မရသေးလို့ ပိုက်ဆံဆယ်ငါးပြားလောက်"

သူက မတ်စေ့တစ်စေ့ ထုတ်ပေးသည်။ ထိုသူက ပိုက်ဆံဆယ်ပြား ပြန်အမ်းပြီး ထွက်သွားသည်။ သူပြုံးလိုက်သည်။

အမှတ်နှစ်ကားတစ်စင်း ဆိုက်လာသောကြောင့် တက်စီးလိုက်သည်။ ကျောက်မြောင်းဈေးမှာ သူဆင်းသည်။ လမ်းတစ်ခုထဲက ဆိုင်းသံ ပုံသံများ ကြားရသည်။ လမ်းထဲသို့ ဝင်လာခဲ့သည်။ နတ်ကန္နားပွဲ။

"ရွှေလမ်း ငွေလမ်း ခင်းလို့ပေးမယ်၊ ကိုကြီးကျော် . . . ရွှေလမ်း ငွေလမ်း ခင်းလို့ပေးမယ်၊ ကိုကြီးကျော် . . ."

"အသောက်သမားမုန်ရင် တင်ကာသတယ်၊ ကစားသမားမုန်ရင် ... ...ယ်"



နတ်ဝင်သည် သည် မိန်းမလျာဖြစ်သည်။ သူ့ခေါင်းမှာ ပဝါစီးထားသည်။ သူ့ခါးမှာ အချိတ်ပုဆိုး။ သူ့ကိုယ်သည် တစ်ဆတ်ဆတ်တုန်နေသည်။ ယိမ်းထိုးရင်း က,နေသည်။ ဆိုင်းသံသည် မြူးမြူးကြွကြွ။

နတ်ဝင်သည် သည် မီးညှိပြီးသား စီးကရက် တစ်လိပ်ကို ကျော်စွာအား လာပေးသည်။ စီးကရက်ကို ယူ၍ ဖွာလိုက်သည်။ မသောက်တတ်သောကြောင့် မီးခိုးသီးမလို ဖြစ်သွားသည်။

နတ်ဝင်သည်ကို မိန်းမကြီး တစ်ယောက်က အရက်ပုလင်း လာပေးသည်။ နတ်ဝင်သည် သည် အရက်ပုလင်းကို မော့ချလိုက်သည်။ ထိုအချိန်မှာပင် ဆိုင်းက သုတ်လိုက်သည်။ ပုလင်းကို ကိုင်၍ သူ က,လေသည်။ ကျော်စွာ ပြုံးလိုက်ပြန်သည်။

* * *

တဖက်ရပ်တဲငယ်ကလေး ဖြစ်သည်။ သူ တစ်ခါမျှ မရောက်ဖူးသောနေရာ ဖြစ်ပါသည်။ ရေနံဆီမီးခွက်ကလေးသည် မှိတ်တုတ် မှိတ်တုတ်။

ဝါးကွပ်ပျစ်ကလေးပေါ်တွင် စားစရာများရှိသည်။ အမဲခြောက် ကြော်၊ ငါးရှဉ့်၊ ဘဲခြေထောက်။ ပဲခြမ်းကြော်၊ တညင်းသီး၊ ပြီးတော့ ပုလင်းများ။ အရက်ဆိုင်ဘောက အမြည်းဆိုင်ကလေး ဖြစ်သည်။ ငါးခြမ်း တွေကို တန်းရိုက်ထားသော ခုံပေါ်တွင် ထိုင်လိုက်သည်။

"မောင်လေး ဘယ်နှစ်ပက် ယူမလဲ"

သူ မဖြေတတ်။ ဘယ်နှစ်ပက်ဆိုလျှင် မှားမလဲ။

"တစ်ပိုင်းယူပါလား"

"ခင်ဗျာ"

တစ်ပိုင်းဆိုတာ ဘယ်လောက်လဲ သူမသိ။

"တစ်ပိုင်းယူပါလားလို့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ . . . ကျော်စိန်၊ လာစမ်း။ နင့်အစ်ကိုကို တစ်ပိုင်းသွားဝယ်ပေးလိုက်။ မောင်လေး သူ့ကို ပိုက်ဆံပေးလိုက်။ ဆိုင်ကြီးမှာ ရသေးတယ်"

ကောင်လေးကို ပိုက်ဆံပေးလိုက်သည်။ ပုလင်းကိုယူ၍ ထွက်သွားသည်။ ကျော်စိန်ဆိုသော ကောင်ကလေးသည် အသက်ကိုးနှစ်ခန့်သာ ရှိပါဦးမည်။ အရက်ဆိုင်ထဲကို သူ ဝင်လို့ရသလား။ အရက်ဆိုင်၏ အဝတွင် 'မိန်းမနှင့်ကလေးများ မဝင်ရ' ဟု စာဆွဲထားသည် မဟုတ်ပါလား။ သို့ရာတွင် ကျော်စိန်သည် အရက်ပုလင်းကိုဆွဲ၍ ပြန်ရောက်လာပါပြီ။

ပဲခြမ်းကြော်သုတ်တစ်ပွဲ ဝယ်လိုက်သည်။ ဆိုင်ရှင် အမျိုးသမီးကြီးက ဖန်ခွက်ကလေးတစ်ခွက်နှင့် ရေတစ်ခွက်ကို သူ့ရှေ့မှာ ချပေးသည်။ သူသည် ပဲခြမ်းကြော်ကလေးကို တစ်စေ့ချင်းယူ၍ ဝါးနေသည်။ သူ ရှက်နေပြန်သည်။ အရက်ကို တစ်ခါမှ မသောက်ဖူးပါ။ ရေနှင့်ရော၍ သောက်ရမည်လား။ ဒီအတိုင်းသောက်ပြီးမှ ရေသောက်ချရမည်လား။

သူ့ဘေးမှာ ထိုင်နေသော လူကြီးကို ကြည့်မိသည်။ ထိုသူသည် အရောင်လွင့်နေသော အလုပ်သမားအင်္ကျီအပြာကို ဝတ်ထားသည်။ သူ အလုပ်သမားလား။ လူကြီးသည် တစ်ဝက်မျှကျန်နေသော ဖန်ခွက်ကို မော့်ချလိုက်သည်။ ပြီးတော့လည်း ရေမသောက်ချေ။ ဘာအမြည်းမှလည်း မစား။ နှုတ်ခမ်းကို လျှာဖြင့်သပ်လိုက်သည်။ သူ့မျက်လုံးများသည် တောက်ပလာသည်။ ခဏချင်းမှာ ပြန်၍ မှေးမှိန်သွားပြန်သည်။

"အေ့"

လူကြီးက လေချဉ်တက်သလို လုပ်လိုက်သည်။ ဖန်ခွက်ကလေးကို ထောင်ကြည့်သည်။ လက်ကျန် မရှိ။

"ဒေါ်အုန်း၊ တစ်ကျပ်ဖိုးလောက် အကြွေးရောင်းစမ်းပါ"

"မလုပ်ပါနဲ့တော်၊ မနေ့ကလဲ နှစ်ကျပ်ဖိုး အကြွေးသောက်ပြီးပြီ"

"ပေးစမ်းပါဗျာ၊ မကိုက်သေးဘူးဗျ"



"ကျွန်မလည်း အကြွေးပေးရလွန်းလို့ မွဲတော့မယ်၊ ဒီနေ့အရောင်းပါးလို့ပါ"

လူကြီးသည် ကျော်စွာဘက်သို့ လှည့်ကြည့်သည်။ ပြီးတော့ ကျော်စွာ ပုလင်းကို တပ်မက်စွာကြည့်သည်။ ပုလင်းထဲတွင် တစ်စက်မျှ မလျော့သေးပါ။ ကျော်စွာ ကြောက်လာသည်။

"ညီလေးက တစ်ယောက်တည်း တစ်ပိုင်းဆွဲထားတယ်ဆိုတော့ တော်တော်ရင့်နေပြီထင်တယ်။ ဟဲ . . ဟဲ . . အေ့"

ကျော်စွာသည် သူ့ပုလင်းကို ထိုလူကြီးရှေ့မှာ ချပေးလိုက်သည်။ ပြီးတော့ မတ်တတ်ရပ်လိုက်သည်။ လူကြီးကမေးသည်။

"ညီလေးကော . . "

"ခင်ဗျားပဲ သောက်လိုက်ပါတော့ဗျာ"

သူ လှည့်ထွက်လာခဲ့သည်။ သူသည် အရက်မသောက်မိခြင်းအတွက် သူ့ကိုယ်သူ ကျေနပ်နေသည်။ အကြောင်းမှာ မေမေသည် အိမ်သို့ပြန်ရောက်နေသောကြောင့်ဖြစ်ပါသည်။

အိမ်ထဲသို့ ဝင်လိုက်သောအခါ အိမ်အပြင်က ကွပ်ပျစ်ကလေးမှာ ငုတ်တုတ်ကလေးထိုင်နေသော မေမေ့ကို တွေ့ရလေသည်။ သူ စိတ်မကောင်းဖြစ်သွားသည်။ ည ဆယ်နာရီ ရှိပါပြီ။

"မေမေ၊ ရောက်နေတာ ကြာပြီလား"

"သိပ်မကြာသေးပါဘူးကွယ်။ ကိုးနာရီလောက်ကမှ ရောက်တာပါ"

မေမေစောင့်နေတာ တစ်နာရီတောင်ကြာခဲ့ပြီပေါ့။ သူသည် တံခါးကို သော့ခတ်ခဲ့သောကြောင့် မေမေသည် အိမ်အပြင်မှာ ထိုင်စောင့်နေရခြင်းဖြစ်ပါသည်။ သူ ဝမ်းနည်းသွားပြန်သည်။

"ကျွန်တော်လည်း သူငယ်ချင်းတွေအိမ်မှာ စာသွားကူးနေတာနဲ့ နည်းနည်းနောက်ကျသွားတယ်"

မေမေ့ကို သူ လိမ်ပြောသည်။

သာ



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားလည်း မေမေမရှိတော့ စာကျက်ရတာက တစ်ဖက်၊ ထမင်းဟင်းချက်ရတာက တစ်ဖက်နဲ့ တော်တော် ပင်ပန်းနေရှာတော့မှာပဲ"

သူ စိတ်ထိခိုက်သွားရပါသည်။ မေမေ့ကို အမှန်အတိုင်း ဖွင့်ပြောတော့မည်ဟု စိတ်ကူးမိသည်။ သို့ရာတွင် သူ မဝံ့ပြန်။ သူ့အကြောင်းကိုသာ သိသွားလျှင် မေမေသည် ဘယ်မျှ စိတ်ထိခိုက်ရှာမည်နည်း။

ထိုညက အိပ်မပျော်။ နက်ဖြန်အတွက် ပူပန်ရပြီ။ နက်ဖြန်ကျလျှင် သူ ကျောင်းမတက်ကြောင်း မေမေ မသိရအောင် ဘယ်လိုလုပ်ရပါမည်နည်း။ အရင်ကလို မနက်အစောကြီး ထထွက်သွားလို့ မရတော့ပြီ။ မေမေ့ကို လိမ်ညာလို့ရသည်ပင် ထားဦး၊ သူငယ်ချင်းများသည် မေမေ့ကို သူ့အကြောင်း တိုင်ကြားကြပါတော့မည်။

ကျောင်းပြန်တက်လျှင် ကောင်းမလား။ မတက်ချင်။ သို့ဖြစ်လျှင် ဘယ်လိုလုပ်မလဲ။

●

## [၁၄]

နေသည် အရှေ့မှပင် ထွက်လာ၏။
စက္ကန့်များသည် ခါတိုင်းလိုပင် ရွေ့လျား၏။
စက္ကန့်ခြောက်ဆယ်ပြည့်သောအခါ တစ်မိနစ်ဖြစ်၏။
မိနစ်ခြောက်ဆယ်ပြည့်သောအခါ တစ်နာရီဖြစ်၏။
ငှက်ကလေးများသည် အစာရှာထွက်ကြ၏။
ပန်းပွင့်ကလေးများသည် မွှေး၏။
ဒီနေ့သည် ခါတိုင်းနေ့များနှင့် ဘာမျှ မထူးခြားပါ။
သို့ရာတွင် . . .

ဒီနေ့သည် ကျောင်းပြေးနေသော ကျောင်းသားတစ်ယောက်ကို ကျောင်းပြန်တက်စေပြီး အခြားကျောင်းသားတစ်ယောက်ကို ကျောင်းမှ ရာသက်ပန် ထုတ်ပယ်ပစ်စေမည့်နေ့ ဖြစ်မည်ဟု မည်သူ ပြောနိုင်ပါသနည်း။

* * *

ကျော်စွာ အိပ်ရာမှ နိုးလာသောအခါ မေမေသည် ဈေးသို့ ထွက်သွားခဲ့ပြီ။ မျက်နှာသစ်ပြီးသောအခါ မေမေပြောထားခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြော်ကို စားနေသည်။ ထိုအချိန်မှာပင် လူတစ်ယောက်သည် သူ့ဘေးနားသို့ ရောက် ရှိလာလေသည်။

"သိန်းနိုင်"

သူ့နှုတ်မှ အသံထွက်အောင် ရေရွတ်မိပါသည်။ သိန်းနိုင်သည် သူ့ဘေးမှာ ဝင်ထိုင်လိုက်သည်။

"ငါ ဟိုနေ့တွေက သုံးခေါက်တောင် လာတယ်။ အိမ်တံခါး သော့ခတ်သွားလို့ ပြန်ပြန်သွားရတာ။ မင်းဘယ်သွားနေတာလဲ"

ကျော်စွာက ဘာမျှမဖြေ။ သူသည် သိန်းနိုင်ကို သိပ် စကား မပြောချင်။ သိန်းနိုင် ဘာပြောမည်ကို သူသိသည်။

"မင်း ဘာဆက်ပြောမယ်ဆိုတာ ငါသိတယ်။ မင်းဘာမှ မပြောရင် ငါ မင်းကို ကျေးဇူးတင်လိမ့်မယ်"

"ငါ ဘာပြောမယ်ဆိုတာ မင်းသိသလို၊ မင်း ဘာပြန်ပြောမယ်ဆိုတာလည်း ငါသိတယ်။ ဒါပေမဲ့ ငါပြောရမှာပဲ"

"မပြောပါနဲ့ကွာ"

"ပြောမယ်ကွာ။ မင်းကျောင်းပြန်တက်ပါ"

"မတက်ဘူးကွာ"

ကျော်စွာသည် ထမင်းကြော်ပန်းကန်ကို စားပွဲပေါ်သို့ ဆောင့်ချ လိုက်သည်။

"သိပ်ဒေါသမကြီးပါနဲ့ကွာ၊ မင်းကိုငါ စေတနာနဲ့ ပြောတာပါ။ ခုအချိန်မှာ ကျောင်းမှာ စာမေးပွဲအတွက် အရေးကြီးတဲ့ အချက်တွေ သင်နေပြီ။ မင်းအနေနဲ့..."

"မင်း ငါ့ကို ဆရာလာလုပ်နေတာလား"

"ငါ ဆရာလုပ်တာ မဟုတ်ပါဘူး ကျော်စွာ၊ မင်းကသာ ငါ့ကို အမြဲတမ်း ဆရာလုပ်ခဲ့တာပါ။ အခု ငါကမင်းကို သတိပေးတာပါ။ မင်းလို သိပ်တော်တဲ့ သူငယ်ချင်းတစ်ယောက်အတွက် စိုးရိမ်လို့ သတိပေးတာပါ"



"ကျေးဇူးတင်ပါတယ်ကွာ . . မင်းပြန်ပါတော့"

"မပြန်ဘူး သူငယ်ချင်း"

"ကဲ . . မင်းမပြန်ရင်လည်း နေ၊ ငါ အပြင်သွားတော့မယ်"

ကျော်စွာက မတ်တတ်ထရပ်လိုက်သည်။ သိန်းနိုင်ကလည်း တံခါးပေါက်ဝမှာ ပိတ်၍ ရပ်လိုက်သည်။

"ဒီလိုလုပ်လို့ ဘယ်ရမလဲ ကျော်စွာရယ်။ မင်း ငါ့စကားကို နားထောင်ရမယ်။ မင်း ကျောင်းပြန်တက်ရမယ်"

"မင်း ငါ့ကို အမိန့်ပေးလို့ မရဘူး"

"ရတယ်ကွာ၊ မင်း ကျောင်းပြန်တက်ရမယ်"

"မင်း ပြန်ပါတော့ကွာ"

"ကျော်စွာ . . မင်းဟာ ပျော့ညံ့လှချည်လားကွာ။ လူငယ်ဆိုတာ ရဲရင့်ရတယ်ကွ၊ စွန့်စားမှုတစ်ခုကို လုပ်ပြီးရင် အဲဒီ စွန့်စားမှုကြောင့် ဖြစ်လာတဲ့ အကျိုးဆက်တွေကို ရင်ဆိုင်ရဲရတယ်ကွ။ အချစ်အတွက်ကြောင့် ဆိုပြီး ကိုယ့်ရဲ့ တိုးတက်မှုတွေကို လျစ်လျူရှု၊ တေပေလေလွင့်နေတာ လူငယ်တွေရဲ့ အလုပ်မဟုတ်ဘူး"

"ဒီမှာ သူငယ်ချင်း၊ လူငယ်တွေဟာ ရဲရင့်တယ်၊ တက်ကြွတယ်၊ စွန့်စားတယ်။ အဲဒီလိုပဲ . . အသည်းလည်း ကွဲတတ်တယ်ကွ အသည်းကွဲတာလည်း လူငယ်တွေရဲ့ အလုပ်တစ်ခုပဲ"

"ဩော် . . မင်းက အခု အသည်းကွဲနေတာလား"

ကျော်စွာ အငိုက်မိသွားသည်။ ဘာမျှ ပြန်မဖြေပါ။

"အသည်းကွဲတယ်ဆိုတာ လူငယ်တွေရဲ့ အလုပ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် တေပေလေလွင့်နေတာ လူငယ်တွေရဲ့ အလုပ်မဟုတ်ဘူး။ အသည်းကွဲတာနဲ့ တေတာ ပေတာနဲ့ တစ်ခြားစီပဲ"

"ဒီမှာ သိန်းနိုင်၊ ငါအခု ကျောင်းမတက်ဘဲနေတာ စောစောအေး ကြောင့် မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်သူ့ကြောင့်လဲ"

"ငါ မသိဘူး"

"ဒီလိုလိမ်လို့ ဘယ်ရမလဲကွာ၊ အကြောင်းမရှိဘဲနဲ့ အကျိုးဆိုတာ ဖြစ်မလာပါဘူး။ ကဲ . . ငါမေးမယ်။ ခု စောစောအောင်ကို မင်းဘယ်လို သဘောထားသေးသလဲ"

"ငါ သူ့ကို မုန်းချင်တယ်"

"ဒါပေမယ့် မုန်းလို့မရဘူး မဟုတ်လား"

"မင်း ငါ့အိမ်ထဲက အခု ထွက်သွားကွာ"

ကျော်စွာက သိန်းနိုင်၏ ရင်ဘတ်ကို တွန်းလိုက်သည်။ သို့ရာတွင် သိန်းနိုင်သည် နေရာမှ မရွေ့။

"တယ်ခက်ပါလား ကျော်စွာ၊ အေးလေ . . တကယ်တော့ ငါပြောပြနေတာထက် ပိုပြီး မင်းကိုယ်မင်း နားလည်နေမှာပါ။ ဒါပေမဲ့ အသိခေါက်ခက် အဝင်နက်နေတာက ခက်တယ်။ မင်းဟာက ဘုန်းကြီး သေလို့ဖြစ်တဲ့ တစ္ဆေလိုပဲ။ အဲဒီတစ္ဆေမျိုးက ဣတိပိသော ရွတ်လို့မရဘူး"

"ဟော့ကောင်၊ တော်တော့"

"ကျော်စွာ . . ကျော်စွာ . . မင်း စောစော်အောင်ကို မုန်းလို့ မရသေးပါဘူးကွာ"

ကျော်စွာသည် ဘာမျှ ပြန်မပြော။ ဝန်ခံတာလား။ သူ အံကြိတ် ထားသည်။

"ဒီမှာ ကျော်စွာ၊ ကိုယ့်မှာ ဖြစ်ပေါ်နေရတဲ့ ဒုက္ခကိုထုတ်ပြပြီး တစ်ခုခုကိုတောင်းဖို့ ကြိုးစားတာဟာ သူတောင်းစားတွေရဲ့ အလုပ်ပါကွာ"

"ဟော့ကောင် . . မင်း ငါ့ကို စော်ကားနေတာလား"

ကျော်စွာသည် သိန်းနိုင်၏ အင်္ကျီကို ဆုပ်ကိုင်လိုက်သည်။ သူ့မျက်လုံးများသည် ဝင်းဝင်းတောက်လျက်။ သိန်းနိုင်က ပြုံးလိုက်သည်။

"မင်းကော ဘာထူးသလဲ။ တေနေ ပေနေ လေလွင့်နေတဲ့ မင်း ဘဝရဲ့ ဒုက္ခကိုပြပြီး စောစောအောင်ရဲ့အချစ်ကို ရယူဖို့ကြိုးစားနေတာ"



"ဟော့ကောင် "

ကျော်စွာသည် သိန်းနိုင်ကို လက်သီးနှင့်ထိုးသည်။ သိန်းနိုင်သည် ထရံကိုမှီလျက် လဲကျသွားသည်။ သူ့နှုတ်ခမ်းစွန်းမှာ သွေးစများ။ သူ့ မျက်လုံးစွန်းများမှာ မျက်ရည်စများ။ သို့ရာတွင် သူပြုံးလိုက်သည်။

"ကျော်စွာ . . မင်း ငါ့ကို ထိုးခဲ့တာ နှစ်ခါရှိပြီ။ နှစ်ခါစလုံး စောစောအောင် ကိစ္စနဲ့ချည်းပဲ။ ပထမ တစ်ခါတုန်းက မင်းကို ငါစိတ်ဆိုး တယ်။ ခုတစ်ခါတော့ ငါစိတ်မဆိုးပါဘူး။ ဒါပေမယ့် ဝမ်းနည်းတယ်။ ပြီးတော့ မင်းကို ငါသနားတယ်။ မင်းကို ကျောင်းပြန့်တက်လာအောင် ငါမပြောနိုင်ဘူးဆိုတာ ငါသိပါပြီ။ အေး . . ဒါပေမဲ့ မင်းကျောင်းပြန် တက်လာအောင် ပြောပေးနိုင်မယ့်လူတစ်ယောက်ဆီကို ငါသွားမယ်"

သိန်းနိုင် လှည့်ထွက်သွားသည်။ ကျော်စွာသည် ထရံကို လက်သီးနှင့် တအားထိုးချလိုက်သည်။ အိမ်ဝင်းတံခါးမှ ထွက်သွားနေသော သိန်းနိုင် ကို သူ ငေးကြည့်နေသည်။ သူ ဝမ်းနည်းလာသည်။ သူ ငိုသည်။

* * *

နေမင်းကြီးသည် ပူ၏။

ကောင်းကင်သည် ပြာ၏။

ရော်ရွက်တို့သည် ကမ္ဘာ့ဆွဲအား နိယာမအတိုင်း သစ်ပင်ထက်မှ မြေပြင်ပေါ်သို့ ကြွေကျ၏။

ထူးခြားမှု မရှိ။

သို့ရာတွင် . . .

စောစောအောင်သည် လွယ်အိတ်ကို လွယ်လျက် တစ်လှမ်းချင်း လျှောက်လာသည်။ သူ့ခြေလှမ်းများသည် နေးကွေးလွန်းလှသည်။ မိန်းကလေးဆိုတာ ခြေလှမ်းနှေးမှာပါ။ သို့ရာတွင် သူကတော့ နှေးလွန်းလွန်း သည်။ အတွေးလွန်နေသူတို့သည် ခြေလှမ်းနှေးတတ်သည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

သူ တွေးသည်။ တွေးတောခြင်းအလုပ်သည် သူ့အတွက် မဆန်းတော့ပါပြီ။ သူသည် လွန်ခဲ့သော ရက်များစွာကပင် တွေးတောခဲ့ရပါသည်။ ကျောင်းသွားလျှင် သူ တွေးသည်။ ကျောင်းရောက်လျှင် သူ တွေးသည်။ ကျောင်းကပြန်လျှင် သူ တွေးသည်။ ညကျလျှင် သူ တွေးသည်။ အတွေးများသည် သူ့ကို စိတ်ချမ်းသာမှု တစ်ခါမျှ မပေးဖူးပါ။

ကျောင်းသွားရမည်ကို သူ ကြောက်သည်။ ကျောင်းသည် သူ့ကို ဝေဒနာများပေးသည်။ ကျောင်းသား ကျောင်းသူများသည် သူ့ကို 'အသည်းခွဲသူကြီး' အဖြစ်လည်းကောင်း၊ လိမ္မာသော ကျောင်းသားတစ်ယောက်ကို ကျောင်းမှထွက်ခွာသွားစေသူကြီးအဖြစ်လည်းကောင်း ရှုတ်ချနေကြသည်ဟု သူထင်သည်။

ကျောင်းသို့သွားလျှင် သူ့ခြေလှမ်းတို့သည် နှေး၏။ ကျောင်းမှပြန်လျှင် သူ့ခြေလှမ်းတို့သည် မြန်၏။ ကျောင်းသည် သူ့အတွက် ပျော်စရာ မဟုတ်တော့ပါပြီ။ ကျော်စွာ ကျောင်းမှာ မရှိသော့သောကြောင့် မပျော်တော့ခြင်းလည်း ဖြစ်ကောင်းဖြစ်ပါမည်။ ထိုသို့ မဟုတ်ဘဲလည်း ရှိချင်ရှိပါမည်။ သို့ရာတွင် သူသည် ကျော်စွာကို အဘယ်ကြောင့် သတိရနေရပြန်ပါသနည်း။

အတွေးလွန်နေသောကြောင့် စုစုတို့အိမ်ကိုပင် လွန်လာခဲ့သည်။ ပြန်လှည့်ခေါ်မည် ပြင်သည်။ ထိုအခိုက်မှာပင်

"မိစော"

စောစောအောင် လန့်သွားသည်။ ခေါ်သူကို ကြည့်သည်။ သိန်းနိုင်သည် သူ့ရှေ့မှာ ပိတ်၍ ရပ်နေသည်။

"ခဏ နေပါဦး"

စောစောအောင် ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ သူ ရှေ့တစ်လှမ်းတိုးသည်။ သိန်းနိုင်က ကာထားသည်။

"ဖယ်လေ"

သိန်းနိုင်က မဖယ်ချေ။ စောစောအောင်၏ မျက်နှာသည် ခက်ထန်

ဒီလိုအချိန်မျိုးမှာ သူ နှောင့်ယှက်ဖို့ ကောင်းသလား။



"နင် . . ဘာလာနှောင့်ယှက်တာလဲ၊ လမ်းဖယ်ပေးပါ။ ငါသွားတော့မယ်"

"နှောင့်ယှက်တာ မဟုတ်ပါဘူးဟာ၊ ငါ ပြောစရာတစ်ခု ရှိလို့"

"မသိဘူး"

စောစောအောင်သည် နောက်ပြန်လှည့် လျှောက်သည်။ သိန်းနိုင်က လိုက်လာသည်။

"မဟုတ်ပါဘူး ဟာ၊ ငါ ဟိုဥစ္စာ"

စောစောအောင်သည် လမ်းတစ်ဖက်သို့ ဖြတ်ကူးလိုက်သည်။

"မိစော နေဦး၊ ငါပြောမှာက တစ်ခြား မဟုတ်ဘူး။ ကျော်စွာကိစ္စ"

'ကျော်စွာ'ဆိုသော အသံကို ကြားလိုက်ရသဖြင့် စောစောအောင်၏ ခြေလှမ်းသည် တုံ့ရပ်သွားသည်။ 'ကျော်စွာ' ဆိုသော အသံသည် သူ့ခြေလှမ်းများကို သာမက သူ့ သတိတရားများကိုပါ ရပ်စေသည်။ အို . . သူ့နှလုံးသွေးကိုပင် ရပ်တန့်စေပါသည်။ ထို့ကြောင့်ပင် ဟွန်းကို ကျယ်လောင်စွာ တီး၍ လာနေသော ဟီးနိုးကားကြီးကို သူမမြင် မိခြင်း မဟုတ်ပါလား။

"မိစော . . ကား . . ကား"

သိန်းနိုင်က လှမ်းအော်သည်။ သို့ရာတွင် စောစောအောင်သည် ဘာကိုမျှ မကြားတော့ပြီ။ မသိတော့ပြီ။ လမ်းလယ်ကောင်မှာ သူတစ်ယောက်ထဲ။

"မိစော"

သိန်းနိုင်သည် စောစောအောင်ကို ပြေး၍ တွန်းထုတ်လိုက်သည်။ စောစောအောင်သည် လမ်းဘေးသို့ လွင့်စင်ကျသွားသည်။ အရှိန်ပြင်းစွာ ဝင်ရောက်လာသော ဟီးနိုးကားကြီးသည် . . ။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ကြိုးတန်းပေါ်မှာ နားနေသော ငှက်ကလေးများသည် သူတို့မိခင်များ၏ ရင်ခွင်တွင် အကြောက်ပြေ ခိုလှုံကြရန် ထွက်ပြေးသွားကြသည်။

နေမင်းကြီးသည် ထိုမြင်ကွင်းကို မကြည့်ရက်သောကြောင့် တိမ်လက်တို့ဖြင့် သူ့မျက်နှာကို ကာထားသည်။

ဗန်ဒါပင်ကြီးသည် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် သစ်ရွက်တစ်ရွက်ကို ချွေချလိုက်သည်။

လေပြည်ကလေးသည်သာ လူအုပ်ကြားသို့ အတင့်ရဲစွာ တိုးဝင်၍ကြည့်သည်။

မြေကြီးမိခင်၏ ရင်ခွင်ပေါ်မှာ သိန်းနိုင်သည် ပုံ့ပုံ့ကလေးပါ။

စောစောအောင် သတိပြန်ဝင်လာသည်။ မတ်တတ်ထရပ်သည်။ ဝိုင်းအုံကြည့်နေသော လူအုပ်ကြီးကို တိုးဝှေ့၍ ဝင်လိုက်သည်။

"ဟယ် . . သိန်းနိုင်ရယ်"

သိန်းနိုင်သည် လူကြီးတစ်ယောက်၏ ရင်ခွင်ထဲမှာ။ စောစောအောင်သည် သိန်းနိုင်အနီးသို့ ပြေးသွားသည်။ ဒူးထောက်ထိုင်ချလိုက်သည်။ သိန်းနိုင်၏ တစ်ကိုယ်လုံး သွေးတို့ဖြင့် စိုရွှဲနေသည်။ သူသည် မျက်စိကိုဖြည်းလေးစွာ ဖွင့်သည်။ မျက်ရည်များကြောင့် ဝိုးတဝါးဖြစ်နေသည့်ကြားကစောစောအောင်ကို မြင်ရသည်။ စောစောအောင်ကတော့ သိန်းနိုင်ကိုပြတ်သားစွာ မြင်ရပါရဲ့လား။ သူ့မျက်လုံးအိမ်မှာလည်း မျက်ရည်စတွေနဲ့ပါ။

သိန်းနိုင်သည် စောစောအောင်ကို စိုက်၍ ကြည့်နေသည်။ သူသည် စောစောအောင်ကို စကားတွေများစွာ ပြောနေသည်။ သို့ရာတွင် အသံကားထွက်မလာ။ သွေးများသာ ပါးစပ်ထဲမှ ဝေါက်ကနဲ အန်ထွက်လာသည်။ စောစောအောင်သည် သိန်းနိုင်၏ လက်ကိုကိုင်လိုက်သည်။

"သိန်းနိုင် . . သိန်းနိုင်"

သို့ရာတွင် သိန်းနိုင်သည် သတိ မရှိတော့ပါပြီ။ သူ့ခြေထောက်သာ ဆတ်ခနဲ ဆတ်ခနဲ တုန်ခါနေသည်။

"[illegible]ချင်းရယ် . ."



စောစောအောင် ငိုပါသည်။ သိန်းနိုင်၏ ရင်ခွင်မှာ မျက်နှာအပ်၍ ငိုပါသည်။ သိန်းနိုင်၏ သွေးများသည် သူ့မျက်နှာမှာ ပေသည်။ သူ့အင်္ကျီမှာ ပေသည်။ သူ့လွယ်အိတ်မှာ ပေသည်။ သူ့ စာအုပ်တွေမှာ ပေသည်။ ထိုသွေးများသည် ဘယ်သူ့အတွက် ထွက်လာသနည်း။

သိန်းနိုင်၏ စိတ်အာရုံများသည် သူ့အိမ်သို့ ပြန်ပြေးနေကြသည်။ အိပ်မက်ထဲမှာ ပြေးရသလိုပါ။ ခြေတစ်လှမ်းလှမ်းဖို့သည် ခက်ခဲစွ။ မြေကြီးကိုမထိ။ လေထဲမှာ သွားနေရသလိုပါ။

သူ့အိမ်သည် တံခါးပိတ်ထားသည်။ တံခါးဝမှာ ကျောက်ဖရုံသီးတစ်လုံးချိတ်ဆွဲထားသည်။ အိမ်အနားသို့ ရောက်သောအခါ သူ့အိမ်သည် ထန်းပင်နှစ်ပင်လောက် မြင့်နေသည်။ အိမ်တံခါးသည် အကြီးကြီး ဖြစ်နေသည်။ တံခါးကို တွန်း၍ဖွင့်သည်။ မရ။ အားစိုက်၍ တွန်းသည်။ မရ။

"မေမေ . . မေမေ"

သူ ခေါ်သည်။ အသံ ထွက်မလာ။

ကျော်စွာနှင့် စောစောအောင်သည် လက်တွဲ၍ လျှောက်လာသည်။ သူက လှမ်းခေါ်သော်လည်း သူတို့ မကြားကြ။ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ရယ်မောရင်း ဆက်လျှောက်သွားကြသည်။

သူ ငိုသည်။ မျက်လုံးထဲမှ မျက်ရည်များ ထွက်မလာဘဲ သွေးတွေ ထွက်လာသည်။ သူ့နားထဲမှာ ငိုသံများကို ကြားလာသည်။ 'ဗျိုင်းတောင်' ဆိုင်းတီးသံကို ကြားလာသည်။

သူ မောလာသည်။

အသံများသည် တဖြည်းဖြည်း ဝေး၍ ဝေး၍ . . ။

သူ့ အာရုံများသည် မှောင်၍ မှောင်၍ . . ။

သူတစ်ပါး ထိခိုက်မှု အာမခံဌာနမှ ငွေစက္ကူ တစ်ထပ်သည် အပြင် ထွက်ရန် အလုပြင်နေကြလေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## [၁၅]

ရန်ကုန်ဆေးရုံကြီး ရေခဲတိုက် အောက်ဆုံးထပ်ရှိ အခန်းကလေးထဲက ကျောက်စတင်ကြီးသည် အေးစက်နေသည်။ သူ့အပေါ်မှာ လှဲနေသော လူတစ်ယောက်၏ ကိုယ်ခန္ဓာသည်လည်း အေးစက်နေသည်။ ကျောက်စတင်က အေးစက်နေသောကြောင့် လူက အေးစက်နေတာလား၊ လူက အေးစက်နေသောကြောင့် ကျောက်စတင်က အေးစက်နေတာလား ဒီပြဿနာသည် ခုအချိန်မှာ အရေးမကြီးပါ။

"သားကြီးရေ . . သားကြီးရဲ့"

သူ့မိခင်သည် ငိုကြွေးမြည်တမ်း၏။ သို့ရာတွင် သိန်းနိုင်သည် သိနိုင် ကြားနိုင်လိမ့်မည်မဟုတ်ပါ။ သိန်းနိုင်သာ မဟုတ်ပါ။ သူ၏ ဟိုဘက် ကျောက်စတင်များမှ လူများသည်လည်း ဘာကိုမျှ ကြားသိကြလိမ့်မည် မဟုတ်ပါ။

သိန်းနိုင်၏ ဟိုဘက်စတင်မှာ အဘိုးကြီးတစ်ယောက်၏ အလောင်းရှိသည်။ ငိုမည့်သူ မရှိ။ သူ၏ ဟိုဘက်မှာ ကုလားမတစ်ယောက်၏ အလောင်း။ ကုလားကြီးတစ်ယောက်နှင့် ကုလားမကလေးတစ်ယောက်တို့က ကုလားလိုပြော၍ ငိုနေသည်။ ကုလားလိုပဲ ပြောပြော၊ မြန်မာလိုပဲ ပြောပြော အင်္ဂလိပ်လိုပဲ ပြောပြော ဝမ်းနည်းစရာ ကောင်းတာချင်းကတော့ အတူတူပင် ဖြစ်ပါသည်။



သေခြင်းတရားသည် လူမျိုးကို မရွေး၊ မိန်းမ ယောကျ်ားကို မရွေး၊ အသက် ကြီးငယ်ကို မရွေး၊ ဆင်းရဲ ချမ်းသာကို မရွေး။ မည်သူ၏ မျက်နှာကိုမျှ မထောက်၊ မည်သူ၏ အာဏာကိုမျှ မကြောက်။ လောကတွင် တရားအမျှတဆုံးသည် သေခြင်းတရားပင်ဖြစ်ပါသည်။

သိန်းနိုင်သည် အင်္ကျီအဖြူနှင့် တက်ထရွန်လုံချည် ကျောင်းစိမ်းရောင်ကို ဝတ်ထားသည်။ သူ့ခြေမနှစ်ဖက်နှင့် လက်မနှစ်ဖက်တို့ကို ပုး၍ အပ်ချည်ကြိုးအနက်ဖြင့် ချည်ထားသည်။ သူ့လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်မှာ တင်ထားသည်။ မျက်နှာနှင့် ကိုယ်အထက်ပိုင်းကိုမူ ဒဏ်ရာများရှိနေသောကြောင့် ဇာပဝါ ပါးပါးကလေးဖြင့် အုပ်ထားသည်။

စောစောအောင်သည် သိန်းနိုင်၏ ခြေရင်းတွင် ရပ်နေသည်။ သူ မငိုပါ။ သို့ရာတွင် မျက်ရည်များဝဲနေသည်။ ပြီးတော့ သူကြောက်နေသည်။ သိန်းနိုင် သေရခြင်းသည် သူ့ကြောင့်ဖြစ်သည်ဟု လူအများက ထင်နေကြပါမည်။

လူတစ်ယောက်သည် သူ့ကြောင့် ကျောင်းမှ ထွက်ပြေးသွားခဲ့သည်။ လူတစ်ယောက်သည် သူ့ကြောင့် သေဆုံးခဲ့ရပြန်သည်။ အမှန်တော့ သူသည် ဤသို့ဖြစ်စေရန်အတွက် မရည်ရွယ်ခဲ့ရိုးအမှန်ပါ။ သို့ရာတွင် ခုအချိန်မှာ သူ့ကို လူအများက မုန်းတီးသော အကြည့်များဖြင့် ကြည့်နေကြပါမည်လား မသိပါ။

ကျော်စွာ ရောက်ရှိလာသည်။ အမှန်အားဖြင့် ရက်အတန်ကြာပျောက်ကွယ်နေသော ကျော်စွာကိုတွေ့ရလျှင် လူတို့ အံ့ဩသင့်ကြသည် ဖြစ်၏။ သို့ရာတွင် မည်သူမျှ မအံ့ဩနိုင်ကြပါ။ ခုအချိန်မှာ သူသည် အရေးကြီးသော လူတစ်ယောက်မဟုတ်ပါ။ သိန်းနိုင်၏ အမေကမူ ကျော်စွာကို မြင်သောအခါ ငိုပြန်လေသည်။

"သားကြီးရေ . . မင်းချစ်တယ်ဆိုတဲ့ သူငယ်ချင်း လာပြီလေ၊ ထကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သိန်းနိုင်က ထ.မကြည့်ချေ။ စောစောအောင်သည် ကျော်စွာကို လှမ်းကြည့်သည်။ သူသည် ကျော်စွာ့ရင်ခွင်ထဲသို့ ပြေးဝင်၍ ငိုလိုက်ချင်သည်။ သို့ရာတွင် ကျော်စွာက သူ့ကို လုံးဝမကြည့်။ သိန်းနိုင်၏ မျက်နှာကိုသာ စိုက်ကြည့်နေသည်။ သိန်းနိုင်၏ လက်ကို ဆုပ်ကိုင်ထားသည်။ မျက်ရည်တို့သည် ဝဲလျက်။ သူ့နှုတ်ခမ်းများသည် တလှုပ်လှုပ် တရွရွ ဖြစ်နေသည်။ စကားသံကား ထွက်မလာ။ သူသည် စောစောအောင်ကို ရှိသည်ဟုပင် ထင်ပုံမရ။ စောစောအောင် ဝမ်းနည်းလာသည်။ သူငိုသည်။ စုစုသည် သူ့ပခုံးကို လာ၍ ဖက်သည်။

ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်၏ဟိုဘက်မှ လဟာပြင်ဈေးရှိသည်။ ဈေးထဲမှာ လူတို့သည် ပျော်ရွှင်စွာ စားသောက်နေကြသည်။ ပျော်ရွှင်စွာ ရောင်းဝယ်နေကြသည်။ သိန်းနိုင် ဝတ်ထားသော လုံချည်အစိမ်းကလေးသည် လည်း ဒီဈေးထဲက ပျော်ရွှင်စွာဝယ်ခဲ့ခြင်း ဖြစ်ကောင်းဖြစ်ပါမည်။

ဟိုဘက်မှာ ပျော်ရွှင်ခြင်းရှိသည်။ ဒီဘက်မှာ ငိုကြွေးခြင်းရှိသည်။ ပျော်ရွှင်ခြင်း နှင့် ငိုကြွေးခြင်းတို့ကို ရွှေတိဂုံဘုရားလမ်းက ခြားနားထားလေသည်။

ပျော်ရွှင်ခြင်း နှင့် ငိုကြွေးခြင်း။ နှစ်နေရာစလုံးမှာ လူစည်ကားနေသည်။ ဘယ်နေရာသည် လူစည်ကားအပ်သော နေရာဖြစ်ပါသလဲ။

အလောင်းကို ပလပ်စတစ်စဖြင့် ပတ်သည်။

ထို့နောက် ခေါင်းသွင်းသည်။

အသုဘကားဆီသို့ သယ်သွားသည်။

ရေအိုးကို ခွဲသည်။

ကြေးစည်ထုသည်။ ဆေးရုံကြီးကို နှုတ်ဆက်ထွက်ခွာသည်။

ဒီတစ်လောင်းထွက်သွားလို့ ဆေးရုံကြီးက ဝမ်းမနည်းသေးပါ။

နောက်ထပ် လာကြဦးမှာပဲ။

ကျိုက္ကဆံသင်းချိုင်း အဝင်ဝတွင် အသုဘကား [illegible] ရပ်သည်။ [illegible] ခေါင်းကို သူငယ်ချင်းများက ထမ်းလာကြသည်။ ခေါင်း



ရှေ့မှ အရင်ဦးအောင် သွားနှင့်ကြသူတို့က ခေါင်းဘက်သို့လှည့်၍ မြေကြီးခဲများဖြင့် ပေါက်ကြသည်။ သေသူ၏ဝိညာဉ်သည် သင်္ချိုင်းအထိ လိုက်မလာနိုင်အောင် ခြောက်လှန့်ကြခြင်းဖြစ်ပါသည်။ ခေါင်းကို ဇရပ်ဆီသို့ သယ်သွားကြသည်။

သရဏဂုံတင်နေသောအချိန်တွင် ကျော်စွာသည် ဇရပ်အပြင်သို့ ထွက်လာခဲ့သည်။

တစ်ချိန်တုန်းက သူနှင့်သိန်းနိုင်တို့သည် ဒီသင်္ချိုင်းထဲမှာ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြဖူးပါသည်။ သိန်းနိုင် ခါးထောက်၍ ရပ်နေပုံ။ သူနှင့်ထိုးသတ်ကြပုံ၊ သိန်းနိုင်လဲကျသွားပုံ၊ သူ့ကို ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်နေပုံတို့ကို မြင်ယောင်လာသည်။ ထိုအချိန်က သိန်းနိုင်သည် လှုပ်ရှား နေသူ။ ခုအချိန်မှာတော့ ဝိညာဉ်ကင်းမဲ့လျက် ငြိမ်သက်နေသူပါ။ ခပ်လှမ်းလှမ်းမှာ သိန်းနိုင်အတွက် တူးထားသောကျင်းကို တွေ့ရသောအခါ 'နောက်တစ်ခါ မင်းငါ့ကို စော်ကားရင် ဟောဟိုက ကျင်းဟာ မင်းအတွက်ပဲ' ဟု သူကြုံးဝါးခဲ့ပုံကို ကြားယောင်လာသည်။

"မောင်သိန်းနိုင်ရေ . . အမျှ . . အမျှ"

သိန်းနိုင်အဖေ၏ အက်ကွဲတုန်ရီသော အမျှဝေသံကို ကြားရသည်။ သာဓုခေါ်သံများကို ကြားရသည်။ ကြေးစည်သံများကို ကြားရသည်။

"သူငယ်ချင်းရေ . . အမျှ . . အမျှ . . အမျှ"

ကျင်းနားမှာ ခေါင်းကို ချသည်။ ဆရာကြီးသည် အမိန့်စာကို ပြန်လေသည်။ ဆရာကြီး၏အသံသည် ခါတိုင်း အလွန်အောင်မြင်ခန့်ငြား ခဲ့ပါသည်။ ခုတော့ တုန်ရီနေသည်။ တိမ်ဝင်နေသည်။

"အထက ( . . . . ) သယ်နှံးကျွန်း၊ ဒသမတန်း (င) မှ ခုံအမှတ် နှစ်ဆယ့်ခုနစ် မောင်သိန်းနိုင် နာခံလော့။ သင်သည် ကျွန်ုပ်၏ ကျောင်းရှိ ဒသမတန်း (င) တွင် ပညာသင်ကြားနေဆဲ . . ၁၉၇၅ ခု မတ်လ ၂၃ ရက်နေ့ နံနက် ဆယ့်တစ်နာရီ လေးဆယ့်ခုနစ်မိနစ်



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် မတော်တဆ ထိနိုက်မှုကြောင့် ကွယ်လွန် အနိစ္စရောက်ခဲ့ရပါသည်။

ထို့ကြောင့် ယနေ့အချိန်မှ စ၍ သင့်အား ကျွန်ုပ်တို့၏ ကျောင်းမှ ကျောင်းသားအဖြစ်မှ ဝမ်းနည်းစွာ ထုတ်ပယ်လိုက်ရပါသည်။ သင်သွားလိုရာသို့ သွားနိုင်ပြီ။ သင် ကောင်းရာသုဂတိ လားပါစေ . . ပုံ . . သူတော် . . ကျောင်းအုပ်ဆရာကြီး"

လိပ်ပြာကလေးတစ်ကောင်သည် လွမ်းသူ့ပန်းခွေပေါ်မှာ နားနေသည်။ ဒီပန်းခွေမှာ ဝတ်ရည် ရှိပါဦးမည်လား။ နေသည် ခြစ်ခြစ်တောက်ပူနေသည်။ သို့ရာတွင် သူတို့၏ ရင်ထဲက အပူထက် ပိုမိုနိုင်ပါမည်လား။

သိန်းနိုင်၏ အမေသည် ငိုကြွေးရင်က တက်သွားသောကြောင့် ဝိုင်းဝန်းပြုစုကြရသည်။

မိန်းကလေးတွေက ငိုကြသည်။

ယောကျ်ားလေးတွေက မျက်ရည်ဝဲကြသည်။

ကျော်စွာသည် အံကိုကြိတ်ထားသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ သူသည် ဘယ်သူ့ကိုမျှ စကားမပြော။ တစ်ခုခုသာ ပြောခဲ့လျှင် သူ့အသံသည် ငိုသံပါနေပါလိမ့်မည်။

သိန်းနိုင်၏ ခေါင်းကို နောက်ဆုံးအနေဖြင့် ဖွင့်ကြည့်ကြသည်။ သိန်းနိုင်၏ အမေသည် သိန်းနိုင်၏ပါးကို နမ်းသည်။ မခွာတော့။ သိန်းနိုင်၏ အဖေက ပခုံးကိုဆွဲ၍ မသည်။ သိန်းနိုင်၏ အမေသည် သိန်းနိုင်ကို အတင်းဖက်ထားသည်။ သူ သတိမေ့မြော သွားသည်။ သူ့ ကိုမ၍ ကားဆီ သို့ သယ်သွားကြရသည်။

အခေါင်းကို မြေချသည်။ မြေကြီးဖို့သည်။ သူငယ်ချင်းများသည် မြေကြီး ခဲကလေးများကို ကျင်းထဲသို့ ပစ်ချကြသည်။

လူအနည်းငယ်သာ ကျန်တော့သည်။ ကျော်စွာသည် သိန်းနိုင်၏ မြေပုံအနားမှာ ရပ်နေသည်။ သိန်းနိုင်၏ အမည်နှင့်အသက်ရေးထားသော



မှတ်တိုင်ကို စိုက်ကြည့်သည်။ သူ့နှုတ်မှ တိုးတိုး ကလေးရေရွတ်လိုက်ပါသည်။

"မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရပါစေ့မယ် သူငယ်ချင်းရယ် . ."

စောစောအောင်သည် ကျော်စွာနားမှာ လာရပ်သည်။ ကျော်စွာသည် စောစောအောင်ကို ငုံ့ကြည့်သည်။ စောစောအောင်က ကျော်စွာကို မော့်ကြည့်သည်။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သဲကွဲစွာ မမြင်ရပါ။ မြင်ကွင်းတို့၏ အကြားတွင် မျက်ရည်များရှိနေသည်။ စောစောအောင်၏ နှုတ်ခမ်းကလေးသည် တလှုပ်လှုပ်တရွရွ။

" ကျော် . . စွာ"

ငိုသံဖြင့် ခေါ်သည်။ ကျော်စွာသည် နှုတ်ခမ်းကို ကိုက်လိုက်သည်။ သူ့မျက်လုံးများမှ မျက်ရည်များ စီးကျလာသည်။ သူ လှည့်ထွက်သွားသည်။

စောစောအောင်သည် မြေပုံနားမှာ ဒူးထောက်လျက် ကျသွားသည်။ သူ ငိုသည်။

လွမ်းသူ့ ပန်းခွေမှ ပန်းကလေးတစ်ပွင့် ကြွေကျနေသည်။ မြေကြီးပေါ်က ပန်းကလေးဟာ ဝတ်ရည်မရှိတော့ပါ။ မကြာမီ အချိန်အတွင်းမှာ ထိုပန်းကလေးသည် နွမ်းရော်သွေ့ခြောက်၍ သွားပါလိမ့်မည်။ သို့ရာတွင် ကိစ္စမရှိပါ။ ပန်းခင်းထဲမှာ ဖူးပွင့်စပန်းတွေ အများကြီး ကျန်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

# [၁၆]

"ဖေဖေ မေမေ မသင်အားလို့
သားသား ကျောင်းကို လာရတယ်"
"ဖိုးသာထူး ဖိုးသာထူး
အလွန်ဝတဲ့ ဖိုးသာထူး။
ဖိုးသာထူးက ဝမ်းပူပူ
ဖိုးဝကြီးနဲ့တူ။
တူပါသကွဲ့ မယုံပြား
ဒီမှာ ကြည့်ပါလား"

အရှိန်ဖြင့်သွားနေသော မော်တော်ကားပေါ်မှ ခုန်ချလျှင် လဲကျတတ်ပါသည်။ အရှိန်သေသွားသော မော်တော်ကားပေါ်မှ ခုန်ချလျှင် ဘာမှမဖြစ်နိုင်ပါ။

ကျော်စွာ၏ စိတ်သည် တည်ငြိမ်မှုကို ရခဲ့ပြီ။ ဆယ်တန်းစာမေးပွဲကို ဝင်ဖြေဖြစ်ခဲ့သည်။ ဂုဏ်ထူးနှစ်ခုဖြင့် အောင်ခဲ့သည်။ စာမေးပွဲအောင်ပြီးနောက် မူလတန်းကျောင်းကလေးမှာ လုပ်အားပေးနေခဲ့သည်။

ဒီကျောင်းကလေးသည် သူ့အတွက် အားသစ်မွေးရာ သို့မဟုတ် အားသစ်များကို ဖြန့်ဖြူးပေးရာ ဌာနပါ။



ကလေးများကို သင်ပေးရသည့်မှာ ပျော်စရာပါ။ သူ ပထမဆုံးအတန်းဝင်သည့်နေ့က သူ ရောက်လျှင်ရောက်ချင်း ကျောင်းသူကလေးများ သူ့စားပွဲနား ရောက်လာကြသည်။ သူတို့လက်ထဲမှာ ပန်းတွေ။

"ဆရာကြီးဖို့ ယူလာတာ"

အစကတော့ သူကြောင်သွားသည်။ အမှန်က ဒီလိုပါ။ သူကလေးတို့၏ မူလအတန်းပိုင်သည် ဆရာမ ဖြစ်သည်။ သူကလေးတို့သည် ဆရာမကို နေ့စဉ် ပေးနေကျ။ ခု သူရောက်လာတော့လည်း သူ့ကို ပန်းပေးကြပြန်သည်။ ယောကျ်ားဆရာသည် ပန်းမပန်ကြောင်း သူတို့သိချင်မှ သိကြမည်။ ဒါက အရေးမကြီးပါ။ ဆရာကို ချစ်ခင်ရှိသေရမည်ဟူသော စိတ်ကလေးများသည်သာ အရေးကြီးပါသည်။

ခုဆိုလျှင် သူသည် ကလေးတို့ဆီမှ ပန်းကလေးများကို နေ့စဉ်ရနေကျ။ ပန်းကလေးတွေ မျိုးစုံ။ နှင်းဆီပန်းလည်း ပါသည်။ စပယ်ပန်းလည်း ပါသည်။ စက္ကူပန်းလည်း ပါသည်။ ဟောပန်းကလေးတွေလည်း ပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ သူ့စာပွဲပေါ်မှာ ပန်းတွေနဲ့ဝေ။ တကယ်တော့လည်း ကလေးများသည် ပန်းကလေးများပင် မဟုတ်ပါလား။ သူတို့၏ ကျောင်းသည် ပန်းကလေးတို့၏ ကျောင်းပင် မဟုတ်ပါလား။ 'ပန်းကျောင်း' မှာ သူပျော်သည်။

ကြည့်ပါလေ . . .။

"အောင်ဇေယျာမြင့်၊ မတ်တတ်ရပ်ပါဦး၊ သားသားက ဘာအရောင်အကြိုက်ဆုံးလဲ"

"အပြာရောင်ပါ ဆရာကြီး"

"အပြာရောင်ကို ဘာဖြစ်လို့ ကြိုက်တာလဲကွာ"

"လှလို့ . . ."

"မှန်လိုက်လေကွာ၊ ကဲ . . . စိမ်းလဲ့လဲ့ကကော၊ ဘာအရောင်အကြိုက်ဆုံးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အနီရောင်"

"ဘာဖြစ်လို့ ကြိုက်တာလဲ"

"ချစ်လို့ . . ."

"တော်လိုက်တာဟော၊ ကဲ : . ကဲ . . ကိုကိုနိုင်က ပြောပါဦး။ ဘာအရောင် အကြိုက်ဆုံးလဲ"

"ဖက်ဖူးရောင် ကြိုက်တယ်"

"ဟ . . တယ်ဟုတ်ပါလား၊ ဘာဖြစ်လို့ကြိုက်တာလဲကွယ်"

"ဖက်ဖူးက ရောင်လို့"

* * *

သူ့ဘဝသည် တည်ငြိမ်မှုကို ရခဲ့ပြီ။

တည်ငြိမ်ခြင်းနှင့် အရှုံးပေးခြင်းသည် တခြားစီပါ။

ရိုးသားခြင်းနှင့် နုံအခြင်းသည် တခြားစီပါ။

ကြိုးစားခြင်းနှင့် ကောက်ကျစ်ခြင်းသည် တခြားစီပါ။

ရဲရင့်ခြင်းနှင့် ရမ်းကားခြင်းသည် တခြားစီပါ။

စွန့်စားခြင်းနှင့် လမ်းမှားခြင်းသည် တခြားစီပါ။

လွတ်လပ်ခြင်းနှင့် စည်းကမ်းမဲ့ခြင်းသည် တခြားစီပါ။

တို့အတူ . . .

ချစ်ကြိုက်ခြင်း၊ အသည်းကွဲခြင်း၊ အနစ်နာခံခြင်းတို့နှင့် တေပေလေလွင့်ခြင်းသည်လည်း တခြားစီဖြစ်ကြောင်း သူ နားလည်ခဲ့ပြီ။

နွေသစ်ရွက်ဘဝမှ သူလွတ်မြောက်ခဲ့ပြီ။ မိုးကြိုးမုန်တိုင်းတို့သည် လွင့်ပျောက်ကုန်ကြရပြီ။ ဆောင်းအိပ်မက်ဆိုးတို့သည် သူ့ကို မခြောက်လှန့်တော့ပြီ။ ဝမ်းနည်းမှတ်တမ်းများကို သူ မေ့လိုက်နိုင်ပြီ။

စောစောအောင်ဆိုသော ကောင်မကလေး တစ်ယောက်ကိုကော သူ မေ့နိုင်ခဲ့ပါပြီလား။



"ဆရာကြီး . . ဧည့်သည်လာတယ်"

"အားလုံး မတ်တတ်ထ၊ ဆရာမကို နှုတ်ဆက်။ မင်္ဂလာပါ ဆရာမ"

ကျောင်းသားကျောင်းသူကလေးများ၏ နှုတ်ဆက်သံကို ကြားရသည်။ ဧည့်သည် ဆရာမကို ကြည့်လိုက်သည်။

"မိစော . . ."

စောစောအောင်သည် အပေါက်ဝမှာ ရပ်နေသည်။ ကျော်စွာသည် စောစောအောင်ဆီသို့ ပြေးသွားသည်။

စောစောအောင်သည် ကျော်စွာဆီသို့ ပြေးလာသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လိုက်ကြသည်။ စောစောအောင်သည် ကျော်စွာရင်ခွင်တွင် မျက်နှာအပ်၍ ငိုသည်။ ကျော်စွာသည် စောစောအောင်ကို တင်းကျပ်စွာ ဖက်ထားလိုက်သည်။

တကယ်တော့ ကျော်စွာသည် သူ့နေရာမှာ မတ်တတ်ရပ်နေဆဲပါ။ စောစောအောင်သည်လည်း အပေါက်ဝမှာ မတ်တတ်ရပ်နေဆဲပါ။ သူတို့၏ စိတ်များသည်သာ တစ်ယောက်ကိုတစ်ယောက်ပြေး၍ ပွေ့ဖက်လိုက်ကြခြင်း ဖြစ်ပါသည်။

ကျော်စွာက စောစောအောင်ကို လှမ်းကြည့်သည်။ စောစောအောင်ကလည်း ကျော်စွာကို လှမ်းကြည့်သည်။ ကျော်စွာသည် စောစောအောင်ဆီသို့ တစ်လှမ်းချင်းလျှောက်သွားသည်။

စောစောအောင်သည် သူ့ကို မျက်နှာငယ်လေးနှင့်ကြည့်နေပါသည်။ တောင်းပန်သောအကြည့်၊ တိုးလျှိုးသောအကြည့်၊ ခယသောအကြည့်၊ ကျော်စွာ သနားသွားသည်။ စောစောအောင်ကို ပြုံးပြနှုတ်ဆက်လိုက်ပါသည်။

"နှင်း ဒီအတန်းမှာ ရှိတယ်ဆိုလို့ တို့လာခဲ့တာ၊ ငါလည်း ဒီကျောင်းမှာ လုပ်အားပေးမလို့"

"ဟုတ်လား . . ဒီနေ့လုပ်အားပေးဆရာမ အသင့်တစ်ယောက် ရောက်မယ်လို့တော့ သတင်းကြားသားပဲ။ နှင်မှန်း မသိလို့"

www.burmeseclassic.com



ကျော်စွာသည် စောစောအောင်ကို စိုက်ကြည့်လိုက်သည်။ စောစောအောင်သည် ခေါင်းငုံ့သွားသည်။

"နင်တို့ကို စိတ်ဆိုးနေတုန်းပဲလား ကျော်စွာ"

"မဆိုးတော့ပါဘူး၊ နင်ကကော တို့ကို မုန်းနေတုန်းဘဲလား . ."

"အစကတည်းက မုန်းမှ မမုန်းပဲ"

"ဒါဖြင့်ရင် . ."

တစ်စုံတစ်ခုသော ရည်မှန်းချက်ဖြင့် လုပ်အားပေးခြင်းဟူသည် အထင်လွဲနေကြသော သူငယ်ချင်းများကို ပြန်လည်သင့်မြတ်စေခြင်းပါတကား။ နီးလျက်နဲ့ဝေးနေကြရသော ချစ်သူများကို ပြန်လည် ဆုံဆည်းစေသော အရာပါတကား။

"တို့လေ . . တို့ ဆယ်တန်းမအောင်မချင်း အချစ်ရေးကို မစဉ်းစားဘူးလို့ ဆုံးဖြတ်ထားတယ်"

"ဒါဖြင့် ခု ဆယ်တန်းအောင်ပြီးတော့ စဉ်းစားတော့မယ်ပေါ့"

"ဒါတော့ . . နင် စဉ်းစားကြည့်ပေါ့"

ကျော်စွာ စဉ်းစားကြည့်သည်။ စဉ်းစားကြည့်တော့ ပျဉ်းမနားအထိတောင် သွားနေစရာမလို။ ဒဂုံးဇေယျာ အဝိုင်းကလေးပါပဲ။ သူငယ်ချင်းတွေနှင့် နောက်ပြောင်ခဲ့သည်ကို သတိရမိသည်။

"စဉ်းစားကြည့်တော့ ပျဉ်းမနားအထိ . . အဲ မဟုတ်ပါဘူး"

စောစောအောင်က ရယ်လေသည်။

"စဉ်းစားကြည့်တော့ . . "

ကျော်စွာသည် စကားကို ဆက်မပြောရဲ။ စောစောအောင်သည် လက်ကိုင်ပဝါကလေးကို သူ့လက်သိုးမှာ ရစ်ပတ်နေသည်။ ကျော်စွာကို သူ မကြည့်ရဲ။ သူ ရှက်နေသလား။ ကျော်စွာက မရဲတရဲ ပြောလိုက်သည်။

"တို့ကို . . တို့ကို ချစ်တော့မယ် မဟုတ်လား"

"အဲဒီလိုတော့ မဟုတ်သေးပါဘူး"



"ဒါဖြင့် မချစ်ဘူးလား"

စောစောအောင်က ခေါင်းခါသည်။

"ဘယ်လိုလဲဟာ"

"တို့ ဘွဲ့ရပြီးတဲ့အခါကျရင် နင့်ကို အဖြေပေးမယ်လေ"

"ဟင် . . အကြာကြီး"

"ဘာလဲ . . မစောင့်နိုင်လို့လား . . . ဒါဖြင့်"

"ဟာ . . ဟာ . . မဟုတ်ပါဘူး၊ စောင့်နိုင်ပါတယ်၊ စောင့်ပါမယ် . . ။ တို့ပြောတာက ဘွဲ့ရပြီးရင် ပေးမယ့်အဖြေက ဘယ်လိုမှန်းမှ မသိပဲ"

"တို့ကို မယုံလို့လား"

"ယုံတော့ ယုံပါတယ်။ ဒါပေမယ့် တို့ကို ကတိတစ်ခုပေးလေ။ ဘွဲ့ရပြီးတဲ့အခါကျရင် ချစ်ပါတယ်လို့ အဖြေပေးမယ်လို့"

"နင်က ဒီကြားထဲမှာ ကောင်းကောင်းနေပေါ့"

"အေး . . ဟုတ်ပြီ၊ တို့က ကောင်းကောင်းနေလို့ရှိရင် ဘွဲ့ရပြီးတဲ့အခါ ချစ်ပါတယ်လို့ အဖြေပေးမယ် မဟုတ်လား"

စောစောအောင်က ဘာမျှ ပြန်မဖြေ။

ကလေးများသည် ကျော်စွာပေးထားသော ဂဏန်းသင်္ချာပုစ္ဆာများကို ကြိုးစား တွက်ချက်နေကြသည်။ အဖြေမှန်ရရန် မဝေးတော့ပါ။

"ပြောလေဟာ"

စောစောအောင်က ခေါင်းညိတ်သည်။ ကျော်စွာ ပျော်သွားသည်။ သူ့လက်ထဲက မြေဖြူခဲကို အထက်သို့ မြှောက်ပစ်လိုက်သည်။ မြေဖြူခဲသည် သူ့နားက အမှိုက်ပုံးပေါ်သို့ ကျသည်။ 'ဒေါင်' ဟုမြည်သွားသည်။ သူကမူ 'အောင်' ဟု ကြားလိုက်လေသည်။

"တို့ကတော့ ပိုင်သွားပြီနော်။ အေးလေ . . တစ်နေ့ထဲ အပြေးပြိုင်ရတာဆိုတော့ တို့ပဲ ပထမရမှာပါ"

သိရိုဇွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ပြေးနေရင်းနဲ့ လမ်းမှာ လဲကျသွားရင် ဘယ်လိုလုပ်မလဲ"

"လဲကျသွားတော့ ဒိုင်လူကြီးက လာထူပေးမှာပေါ့"

"တို့ . . . ဒိုင်လူကြီး မလုပ်ချင်ဘူး"

"ဒါဖြင့် ဘာလုပ်မလဲ"

"ဆုပေးတဲ့လူ လုပ်မယ်"

ကလေးများသည် ဂဏန်းသင်္ချာပုစ္ဆာ၏ အဖြေမှန်ကို ရရှိသွားကြသည်။

ကျော်စွာနှင့် စောစောအောင်တို့သည် ကလေးများ၏ ကျောက်သင်ပုန်းများမှာ 'အမှန်' အမှတ်အသားများ ရေးခြစ်ပေးကြလေသည်။

ကျောင်းဆင်းခေါင်းလောင်း ထိုးသည်။ ကလေးများ မတ်တတ်ရပ်ကြသည်။ နိုင်ငံတော်သီချင်းကို ဆိုကြလေသည်။

"ကမ္ဘာမကြေ မြန်မာပြည်
ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ။
ကမ္ဘာမကြေ မြန်မာပြည်
ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ။
ပြည်ထောင်စုကို အသက်ပေးလို့
ဒို့ကာကွယ်မလေ။
ဒါ ဒို့ပြည် ဒါဒို့မြေ ဒို့ပိုင်တဲ့မြေ
ဒို့ပြည်၊ ဒို့မြေ
အကျိုးကို ညီညာစွာ ဒို့တစ်တွေ
ထမ်းဆောင်ပါစို့လေ
ဒို့ဝတ္တရားပေ . . အဖိုးတန်မြေ . . ."

သူတို့၏ အသံကလေးများသည် စူးစူးရှရှကလေးတွေ ဖြစ်သည်။ အောင်မြင်ခန့်ညားမှု မရှိကြပါ။ သူတို့ မတ်တတ်ရပ်နေကြပုံများသည် ... မရှိကြပါ။



သို့ရာတွင် . . .

တစ်နေ့သောအခါ သူတို့သည် တိုင်းပြည်၏ တာဝန်ကို ညီညာခန့်ညားစွာ ထမ်းဆောင်ကြလိမ့်မည် ဖြစ်ပါသတည်း။

မင်းလူ

(၂၈၊ ၂၊ ၇၇)

www.burmeseclassic.com